


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကြည်လင်အေးမြသော ရေအလျင်က တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိသည်။ မျက်စိတစ်ဆုံး မြင်တွေ့နေရသော စိမ်းညို့ပြာမှိုင်းသော သစ်ကြီးဝါးကြီးတို့ ဝေမှောင်လျက်ရှိသော တောင်တန်းပြာတို့၏ အဆုံးအောက်ခြေတွင် မေးတင်လျက်ရှိသော သောင်စပ်သဲပြင်သို့ ရေလှိုင်းတို့ ရိုက်ခတ်သွားပုံက လှပအသက်ဝင်လွန်းလှပါဘိ။

နှစ်ပေါင်းအတော်ကြာအောင် ကွဲကွာခဲ့ရသော ဤတောဤတောင် ဤရေမြေသဘာဝ ပင်ကိုယ်အလှအပတို့မှာ မမြင်မတွေ့ရသည်မှာ ကြာမြင့်ဝေးကွာလှပြီဖြစ်သည့်အတိုင်း ယိမ့်အတွက် ထူးခြားဆန်းကြယ်လှသော အံ့သြမှုနှင့်အတူ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ခံစားချက်များကို ရင်တနင့်နင့် ဖြစ်ပေါ်ခံစားစေပြန်ပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု အေးမြချမ်းစိမ့်မှုကို အ... သူမကိုယ်ပေါ်ရှိ သားမွေးအနွေးထည် အင်္ကျီလေးကို လည်ပင်းလုံသည့်အထိ ဆွဲစေ့လိုက်သည့်တိုင် အချမ်းဒဏ်မှာ လျော့ပါးသက်သာသွားခြင်း အလျှင်းမရှိချေ။

သို့စဉ်လျက် ယိမ့်သည် ချမ်းအေးသည့် ရာသီဥတုကို ကြိုက်နှစ်သက်တတ်သော တောင်ပေါ်သူ တောင်ပေါ်သားတို့၏ ထုံးစံအတိုင်း ဤမျှသော ချမ်းအေးမှုကို အထူးဂရုမပြုချေ။

နှစ်သက်ခြင်းပီတိဖြင့် ရေပြင်ကို ငုံ့ကြည့်လိုက်ရာ ငွေရည်လူးထားသော ငါးလေးများမှာ အုပ်စုလိုက် စုန်ချည်ဆန်ချည် မြူးလျက် ဟိုတစ်စု ဒီတစ်စု ကူးခတ်နေရာမှ ရေပြင်ကို ဖွဖွထိကိုင်လာသော ယိမ့်၏ ဖြူနုဝင်းဝါသော လက်ကလေးကြောင့် ထိတ်လန့်တကြား ဆန့်ကျင်ရာသို့ ကူးခတ်ပြေးလွှားသွားကြတာကို မြင်ရသည်။

မြူထန်သောလေ ဖြစ်သောကြောင့် အဝေးတွင် မြင်နေရသော တောတန်းဝန်းကျင်တို့သည် ဆွတ်ဆွတ်ဖြူသော မြူနှင်းပဝါပါးတို့ ရေးရေးအုပ်ဆိုင်းထားသကဲ့သို့ ရှိလေသည်။

ဟိုးအဝေးဆီမှ ကျေးငှက်အော်သံတချို့ကို ကြားရသောအခါ ယိမ့်၏ မည်းနက်ကော့ညွတ်သော လှပဝိုင်းစက်သည့် မျက်ဝန်းအစုံသည် ဖြည်းဖြည်းညင်သာ အသံကြားရာသို့ ရွေ့လျားရောက်ရှိသွားရပြန်သည်။





စိမ်းစိမ်းညိုညို သစ်ပင်စောက်ကြီးများကို ရီဝေမှုန်မှိုင်းသော မျက်ဝန်းပြာကြီးများဖြင့် ငေးမောစူးစိုက်ကြည့်ရင်း ယိမ့် ရင်မှာ အလိုလို ဝမ်းနည်းလာလေသည်။

သစ်ပင်များကြားရှိ လူသွားလမ်းငယ်လေးသည် တွန့်လိမ်လူးလွန့်လျက် တောင်ကုန်းမြင့်များကြား ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဤနေရာလေးကို ယိမ့် မမေ့ချေ။ တောင်ကုန်းမြင့်ရှိ သစ်ပင်ကြီးမှာ အခုချိန်ထိ စိမ်းမြသော သစ်ရွက်သစ်ခက်တို့ဖြင့် အေးရိပ်ကို ပေးမြဲ။ ငယ်စဉ်ကလေးဘဝ ထိုသစ်ပင်ခြေပိုင်းတွင် စိတ်ရှိတိုင်း ပြေးလွှားဆော့ကစားခဲ့သော ကလေးမအား အခုလို ပျိုမျစ်လှပသော မိန်းမချော မိန်းမလှလေးတစ်ယောက်အဖြစ် ဤနေရာ ဤဒေသသို့ ပြန်ရောက်လာတာကို အံ့ဩဟန်ဖြင့် ငုံ့မိုးကြည့်နေဘိသကဲ့သို့တည်း။

တောပန်းဝါဝါတို့ကို မြင်ရသောအခါ ယိမ့်၏ စိတ်တို့သည် တစ်ဖန် မြူးပျော်လာ၏။ သူမ ငယ်စဉ်ဘဝက သူငယ်ချင်း မင်ဝမ်းနှင့်အတူ အလုအယက် ပန်းတွေခူးကြ၊ ပန်းတွေ မပန်တတ်ပန်တတ်နှင့် ပန်ခဲ့ကြပုံများကို မြင်ယောင်မိလျက် နှုတ်ခမ်းနှစ်မွှာ ပြုံးယောင်ယောင်သန်းလေသည်။

အခုချိန်ဆို မင်ဝမ်းတစ်ယောက် အိမ်ထောင်များကျနေပြီလား မပြောတတ်ချေ။ အေးမြသောလေများကြောင့် အဝါရောင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ယပ်ပါးနှင့်လှုပ်ရှားလျက်ရှိသည်။ ရုတ်တရက် ယိမ့်စိတ်အစဉ်တို့ လွင့်မောပေးမှိုင်သွား၏။ ပြာမှိုင်းသော တောတန်းကြီးများမှာ မြူနှင်းလွှင်ပြင်ကျယ်အတွင်းသို့ သက်ဆင်း၍ ဘာတစ်ခုမှ သည်းကွဲစွာ မမြင်မတွေ့နိုင်တော့ဘိသကဲ့သို့ ယိမ့်၏စိတ်အစဉ်တို့မှာလည်း ဘာတစ်ခုမှ ဖမ်းဆုပ်လို့မရအောင် ပြင်းထန်လှသော လှိုင်းတံပိုးအောက်တွင် စုံးစုံးမြုပ်ကွယ်နစ်ဝင်သွားလေပြီ။

ကြိတ်လျက် ရှိုက်ငင်နေသော ငိုသံသဲ့သဲ့လေးမှာ တကယ်တော့ အင်အားမဲ့လွန်းလှချေသည်။ မှုန်ပျပျ မသည်းကွဲသော အလင်းရောင်က ယိမ့်တစ်ကိုယ်လုံးကို တင်းကျပ်စွာ ဝါးမျိုဆုပ်ချေနေသလား ထင်ရသည်။ ယိမ့်သည် ညအမှောင်ထု၏ စူးရှနက်ရှိုင်းမှုအောက်မှ ရုန်းထွက်နိုင်စွမ်းမရှိတော့ဘဲ အဝတ်စတစ်ခုလို ပျော့ပျောင်းညွတ်ခွေစွာ မှီနွဲ့နေ၏။

ဖြစ်နိုင်လျှင် ယိမ့်သည် ထိုနေရာက ထွက်ပြေးလွတ်မြောက်လိုလှသည့်တိုင် လက်တွေ့တွင်တော့ ယိမ့်မှာ ရှိက်၍သာ ငိုရုံမျှသာ တတ်နိုင်လေသည်။

ယိမ့်သည် ရုတ်တရက် အပြောင်းအလဲကြီးတစ်ခုကို ရင်ဆိုင်လိုက်ရသည့်အတွက် လက်မခံနိုင်ရှာသော်လည်း ယိမ့်အပေါ်တွင် စာနာသနားပေးမည့်သူ မရှိချေ။

အရာအားလုံးသည် တမင်ဖန်တီးထားသကဲ့သို့ပင် တိုက်ဆိုင်လွန်းသောအဖြစ်က ယိမ့်ကို အလစ်ဝင်ရောက်တိုက်ခိုက်လိုက်





သလို ထင်ရသည်။ လေပြင်းအဟပ်တွင် ဆတ်ဆတ်ခါသွားရသော မြစိမ်းရောင်သစ်ရွက်များသဖွယ် ဖြစ်လေသည်။

"မငိုပါနဲ့ ယိမ့်ရယ်၊ မောင် တောင်းပန်ပါတယ်၊ တိတ်ပါနော်"

နုနယ်လှပလွန်းသော ယိမ့်မျက်နှာလေးပေါ်သို့ ကျရောက်လာသည့် လက်ချောင်းများက နွေးထွေးခိုင်မာစွာပင် ယိမ့် ပါးပြင်ပေါ်မှ မျက်ရည်များကို ပိုင်နိုင်စွာ ဖယ်ရှားလာခြင်းကို ယိမ့်သည် ငြင်းဆန်ခြင်းမပြုမိချေ။

သို့ပါသော်လည်း တိုးသဲ့သော ငိုရှိုက်သံက လျော့ပါးသွားသည်ဟူ၍ မရှိသဖြင့် တစ်ဖက်မှ သက်ပြင်းရှိုက်သံသဲ့သဲ့က ယိမ့်ပါးပြင်ကို ပူနွေးစွာ ကိုးဝေ့သွားလေသည်။

"မောင့်ကို စိတ်ဆိုးသွားပြီလားဟင်"

ယိမ့်ထံမှ မည်သည့်အသံမှ ထွက်ပေါ်လာခြင်းမရှိပါ။ သို့သော် ယိမ့်ရင်ခုန်သံသည် တရှိုက်မက်မက် လှိုက်ဖိုနေဆဲဖြစ်သည်။

"မောင့်ကိုတောင် စကားမပြောချင်တော့ဘူးလား ယိမ့်ရယ်၊ မောင့်ကို သိပ်မုန်းသွားပြီပေါ့ ဟုတ်လား"

"ပြောလေ ...ယိမ့်၊ မောင်မှားတာပါလေ၊ ယိမ့်စိတ်ဆိုးရင် မောင့်ကို ကြိုက်သလိုအပြစ်ပေးပါ၊ မောင်ခံပါ့မယ်၊ ယိမ့်ကြိုက်သလို ထုရိုက်အပြစ်ပေး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်ထံမှ ဘာသံမှထွက်မလာဘဲ ရှိုက်သံလေးများကိုသာ ကြားနေရသည့်အဆုံး ဘယ်လိုမှ သည်းမခံနိုင်တော့သလို ဆိုလာသော ချစ်သူမျက်နှာကို မျက်ရည်ရောင် တောက်နေသော မျက်ဝန်းအစုံဖြင့် ယိမ့် မော့ကြည့်လိုက်မိသည့်အခါ ရွှန်းလက်စိုတောက်သော မျက်ဝန်းအစုံဖြင့် အားပြင်းစွာ ဆုံမိလေသည်။

"ယိမ့်"

"မောင့်ကိုအပြစ်ပေးပါ အချစ်ရယ်၊ မောင့်လို လူဆိုးတစ်ယောက်ကို ဟောဒီလို ထုစမ်း၊ ရိုက်စမ်းပါဗျာ"

"ကဲ...ကဲ"

"အို ...မောင်"

ယိမ့်၏ ဖြူနုဝင်းဝါသော လက်ကလေးများကို ကိုယ်တိုင် ဆွဲယူပြီး မောင်က သူ့ရင်ဘတ်ကြီးများကို ထုရိုက်စေသောအခါ ယိမ့်သည် သူမလက်ကလေးများကို ချစ်သူ၏လက်များကြားမှ အလန့်တကြားလေး ရုန်းဖယ်လိုက်မိပါသည်။

"မောင့်ကို မမုန်းဘူးလား ယိမ့်ရယ်၊ တကယ်တော့ မောင်က လူညံ့တစ်ယောက်ပါ၊ ယိမ့် မောင့်ကို အရမ်းစိတ်ဆိုးနေတယ်မဟုတ်လား၊ ယိမ့် စိတ်ကျေနပ်တဲ့အထိ မောင့်ကိုအပြစ်ပေးလိုက်စမ်းပါ ယိမ့်ရယ်"

"ဟင့်အင်း ...ဟင့်အင်း"

သူ့ကိုယ်သူ အပြစ်ရှိနေသူတစ်ယောက် အပြစ်ပြောရင်း





ယိမ့်ထံမှ ငြိမ်သက်တိတ်ဆိတ်လွန်းနေတာကို မခံစားနိုင်ဟန်ဖြင့် ဆိုလာသူက ယိမ့်လက်လေးကို ဆွဲယူထုရိုက်ခိုင်းနေပြန်သောကြောင့် ယိမ့်မှာ သူမလက်ကလေးများကို ရုပ်သိမ်းရင်း ဦးခေါင်းလေးကိုပါ ခါယမ်းငြင်းဆန်လိုက်ခြင်း ဖြစ်ပါသည်။

ငိုရှိုက်နေသော ယိမ့်မျက်ရည်တို့မှာ ရုတ်တရက် ခမ်းခြောက်သွားသလို ထင်ရသည်။ ယိမ့်သည် မောင့်ကို တစ်ခုခုပြောချင်နေသည့်တိုင် ဘာကိုပြောရမှန်းမသိဘဲ မောင့်မျက်နှာချောချောကိုသာ လှပဝိုင်းစက်သော မျက်ဝန်းရွှဲကြီးများဖြင့် တွေတွေကြီးစူးစိုက်ကြည့်ငေးနေမိသည်။

ညသည် တိတ်ဆိတ်လျက်ရှိသလို ညမွှေးပန်းရနံ့တို့သည် ပတ်ဝန်းကျင်တစ်ခုလုံးကို သင်းပျံ့ထုံကဲလျက် ရှိသည်။ ညလေပြည်သည် ချစ်သူနှစ်ဦးအပါးမှ ညင်သာစွာ တိုးဝှေ့ဖြတ်သန်းလျက် ကျီစယ်သမှု ပြုလိုက်သည်။

ပူနွေးလျက်ရှိသော နှလုံးသားအစုံတို့မှာ အေးမြသော လေနုအေး ပက်ဖြန်းပါသော်လည်း ငြိမ်းအေးသွားခြင်းမရှိကြချေ။

"ယိမ့်"

"မောင်"

တိုးတိတ်သော သဲ့သဲ့မျှလေသံသည် နှစ်သက်မြတ်နိုးဖွယ် ညင်သာတိုးတိုးစွာ ထွက်ပေါ်လာ၏။

"ပြောပါဦး ...မောင့်ကို သိပ်စိတ်ဆိုးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်ထံမှ သက်ပြင်းရှိုက်သံသည် ဝေးလံသောခရီးကြမ်း တစ်ခုကို ဖြတ်ပြေးလာရဘိသို့ ထင်မှတ်ရပေသည်။ ယိမ့်သည် အရင်ဦးအောင် မျက်လွှာချအကြည့်လွှဲလိုက်သည့်တိုင် နွေးသော အာငွေ့သည် ယိမ့်ပါးပြင်နှင့် လည်တိုင်ကို တိုးဝှေ့ဖြတ်သန်းမြဲဖြစ်သည်။

"မောင့်ကို တစ်ခုခုပြောပါဦး"

ယိမ့်သည် သူ့မဦးခေါင်းလေးကို ညင်သာစွာ ခါယမ်းပြလိုက်သည့်အခါ မောင်သည် ယိမ့်ကိုယ်လေးကို တင်းကျပ်စွာ ဆွဲယူလိုက်ပြီးလျှင် ရင်မှထွက်ပေါ်လာသော လှိုက်လှဲသောလေသံဖြင့် စကားဆိုပါသည်။

"ယိမ့် ...အချစ်ရယ်"

"မောင်လေ ...ယိမ့်ကို သိပ်ချစ်လွန်းလို့ဆိုတာ သိရဲ့လား"

ယိမ့်သည် မောင့်ရင်ခွင်ထဲကနေ ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလားဆိုတာ ကောင်းစွာမမှတ်မိတော့ချေ။

"ယိမ့်"

"မောင့်အသက်ရယ်"

"အိုကွယ်"

တိတ်ဆိတ်နေသော ညတွင် ချစ်သူနှစ်ဦး၏ ရင်ခုန်သံမှာ ပို၍ပြင်းထန်ကျယ်လောင်နေသလို ထင်မှတ်ရလေသည်။





တစ်ယောက်၏မျက်နှာကို တစ်ယောက်က ကြည့်မဝနိုင်သလို မျက်လုံးချင်း စိမ်းစိမ်းစူးစူး ကြည့်မိကြပြန်သည်။

ယိမ့်သည် ညို့ချက်ပြင်းလှသော မြွေတစ်ကောင်၏ ညှတ်ကွင်းအတွင်းသို့ ဒုတိယအကြိမ် ဆင်းသက်ရတော့မည်ဟု စိတ်က သိနေသည့်တိုင် ထိုအခြေအနေကို ရုန်းဖယ်ရန် မစွမ်းနိုင်ချေ။

မဟူရာကောင်းကင်ထက်ဝယ် ကြယ်ရောင်တို့မှ တဖျပ်ဖျပ် လင်းလက်တောက်ပနေရာမှ မှေးမှိန်ဝေဝါးသွားသလိုထင်ရသည်။ အဆုံးအစမရှိသော မိုးကောင်းကင်ဝယ် အသည်းတအေးအေးဖြင့် ဖိုလှိုက်စွာ ပြေးလွှားရင်း အလွန်တရာနက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုထဲသို့ အရှိန်ပြင်းစွာ ထိုးကျသွားသူတစ်ယောက်လို နှုတ်မှ ထိတ်လန့်တကြား သဲ့သဲ့ညည်းလိုက်မိသည်။

ရုတ်တရက် ယိမ့်တစ်ကိုယ်လုံး လှုပ်ရှားသွားကာ အသက်ရှူရပ်တန့်သွားသလို ထင်လိုက်မိသည်။ ပြာရှိုင်းသော ကောင်းကင်ပြင်ကြီးသည် ယိမ့်ကိုယ်ပေါ်သို့ ပြိုဆင်းကျလာသည်။

"မောင်ရယ်"

ယိမ့်သည် ဤမျှသာ တတ်နိုင်လေသည်။

ထိုထက်ပို၍ ဘာကိုမျှ မစွမ်းဆောင်နိုင်ခဲ့ပါ။ မောင့်ထံမှ ချော့မော့နှစ်သိမ့်စကားတို့သည် ယိမ့်နားထဲတွင် လှိုလျက် ဘာကိုမှ မမှတ်မိနိုင်အောင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယိမ့်ကို မရက်စက်ပါနဲ့ မောင်ရယ်၊ ယိမ့်ကို သနားပါနော်"

"ယိမ့်ရယ် ...ဘာလို့ မောင့်ကို ဒီစကားတွေ ပြောနေရတာလဲ အချစ်ရယ်၊ ဘာလဲ ယိမ့်က မောင့်အချစ်ကို အထင်သေးလို့ပေါ့ ဟုတ်လား"

"ဟင့်အင်း ...မောင့်အချစ်ကို ယိမ့် အထင်မသေးပါဘူးရှင်ရယ်၊ ဒါပေမဲ့ ယိမ့်က ..."

"တော်ပါတော့ အချစ်ရယ်၊ မောင်က ယောကျ်ားပါ၊ မောင့်ကို ယုံစမ်းပါအချစ်ရယ်၊ ယိမ့်ကို မောင်ချစ်တယ်"

"မောင့်မာမီက ယိမ့်နဲ့ သဘောမတူဘူးပဲထားဦး မောင့်မှာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးရှိပါသေးတယ်ဗျာ၊ ယိမ့်ကို မောင် လက်ထပ်မယ်သိလား"

"မောင် ...မောင်ရယ်"

အရိုးခံမလေး ယိမ့်သည် မောင့်ရင်ခွင်မှာ မျက်ရည်တို့ ရွှဲရွှဲစိုသည့်အထိ ငိုမိရပြန်ပါသည်။

ချစ်မိမှကိုး ...။

အခြေအနေ အဆင့်အတန်းချင်း ကွာခြားလှသည့် ဘဝမှာ သိပ်လှသည့် ယိမ့်၏အချစ်ကိုမှ မောင်က လိုချင်ခဲ့သည်။ လိုတရ ချမ်းသာပြည့်စုံကြွယ်ဝသော မောင်က တစ်ဦးတည်းသောသား။ အဖေမရှိ။ မိခင်မုဆိုးမကြီးက ဖူးဖူးမှုတ်အလိုလိုက်ထားခံရသူ။





မဖြစ်နိုင်မှန်းသိ၍ အဝေးကြီးဝေးအောင် ရှောင်ပြေးဖို့ ကြိုးစားသူကိုမှ အချစ်လူဆိုးမောင်က ပိုင်စိုးမှုရဲတင်းဝံ့စားလွန်းမှုတွေနှင့် ယိမ့်အချစ်ကို ရယူဖို့ ကြိုးစားသူဖြစ်သည်။

နောက်ဆုံးတော့ အချစ်ရေးမှာ ဘာတစ်ခုမှ အတွေ့အကြုံမရှိသော ယိမ့်ကပဲ မိန်းကလေးတစ်ယောက်၏ နှလုံးသားကို ဘယ်လိုအတတ်ပညာတွေနှင့် စိုးမိုးရယူပိုင်ဆိုင်ရမလဲဆိုတာ ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သော မောင့်ကို အရှုံးပေးလိုက်ရသည်။

ယိမ့်သည် မောင့်ကို ယုံကြည်ခဲ့သည်။ မောင်ကိုယ်တိုင်ကလည်း ယိမ့်ကို ယုံကြည်မှုတွေ ပေးအပ်ခဲ့သည်။ မောင့်အလိုဆန္ဒအတိုင်း သူ့မာမီအိမ်ကို လိုက်ပါစေခဲ့သည်။

နောက်ဆုံးပေါ် အဖိုးတန်အသုံးအဆောင်ပစ္စည်းတွေနှင့် ခမ်းနားလှပသော မောင့်အိမ်က မြန်မာမှုထက် အနောက်တိုင်းဆန်လှသည်။

ကျယ်ဝန်းသော ဧည့်ခန်းကျယ်ကြီးကို တွေ့ရသည်။ ဧည့်ခန်းအပြည့် မွေးပွကော်ဇောကြီးများ ခန်းလုံးပြည့်ခင်းထားသည်။ ဖိတ်ဖိတ်တောက်နေသော အိမ်ထောင်ပရိဘောဂများကို သပ်ရပ်စွာ ခင်းကျင်းထားသည်။

မျိုးရိုးအစဉ်အဆက်နှင့် တူသော အဖိုးတန်ပန်းချီကားကြီးများ ချိတ်ဆွဲထား၏။ အခန်းကြီးမှာ လူသူမရှိဘဲ ကျယ်ဝန်းသလောက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ ယိမ့်မှာ မောင့်နောက်[illegible]



www.burmeseclassic.com

မှ အသာကင်လိုက်ရင်း ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားနေရသည့် အထိ သိမ်ငယ်ထိတ်လန့်နေမိသည်။

မောင်သည် ဖိနပ်မချွတ်ဘဲ မွေးပွကော်ဇောကြီးများကို နင်းလျက် ဧည့်ခန်းကျယ်ကြီးအတွင်းသို့ ဝင်ရောက်သွားသည်။ ယိမ့်မှာသာ သူမဖိနပ်လေးကို ဧည့်ခန်းအပြင်တွင် ချွတ်ထားခဲ့ပြီး မောင့်နောက်မှ ခြေဖလာဖြင့် မရဲတရဲနင်းလျက် လျှောက်လာခဲ့သည်။

ထိုနေ့က မောင့်မာမီနှင့်လည်း တွေ့သည်။ မောင့်အစ်မ အပျိုကြီးနှင့်လည်း တွေ့သည်။ မောင့်မာမီမှာ ယိမ့်အပေါ်တွင် အနည်းငယ်မှ လိုလားခြင်းမရှိသော်လည်း သားဖြစ်သူ၏ရှေ့တွင် သား စိတ်ချမ်းသာစေရန် ရည်ရွယ်ပုံဖြင့် ယိမ့်ကို ရင်းနှီးသလို ဟန်ဆောင်ပြုံးရယ်လျက် စကားဆိုနေပါသော်လည်း ယိမ့်ကို ကြည့်ရှုနေသော မျက်ဝန်းအစုံကဖြင့် ဘင်းမာအေးစက်လွန်းလှပေသည်။

မောင့်အစ်မ အပျိုကြီးဆိုသူကဖြင့် ယိမ့်ကို စကားပင်မဆို။ အင်းအဲလည်း မလှုပ်။ မျက်လုံးစိမ်းကြီးများဖြင့်သာ ဝင့်ခနဲ ဝင့်ခနဲ ကြည့်လေသည်။ ထိုအကြည့်မှာလည်း မနှစ်မြို့ခြင်း၊ အထင်သေး ခြင်းတို့ဖြင့်သာ ထုံမွှန်းနေလေသည်။

နောက်ဆုံးတော့ ယိမ့်သည် ကိုယ့်အခြေအနေ ကိုယ်သိ လိုက်ရပြီမို့ မောင့်မျက်နှာကိုသာ အားကိုးရာတစ်ခုလို လှမ်းမျှော်





ကြည့်လိုက်မိသည်။

မောင့်ထံမှ အပြုံးတစ်စုံမှာ ယိမ့်အတွက် အားဆေးတစ်ခွက် ဖြစ်သော်လည်း မောင့်ကို တုံ့ပြန်မိသော ယိမ့်အပြုံးမှာ အားငယ် ဖျော့တော့လွန်းလှသည်။

သို့ပါသော်လည်း မောင့်ကို ကြည်ညိုပြီး မြတ်နိုးယုံစား အားကိုးလွန်းသူဖြစ်သည့်အတိုင်း ယိမ့်အပေါ်တွင် နစ်နာအောင် မောင် မလုပ်တန်ကောင်းပါ ကိုယ့်ဘာသာကိုယ် စိတ်ချယုံကြည် ပစ်လိုက်မိသည်။

"မောင်ရယ်. ယိမ့်ကို မရက်စက်ပါနဲ့"ဟု အထပ်ထပ် တောင်းပန်ဖို့ စိတ်ကူးသည် နောက်ဆုံးအချိန်အထိ မအောင်မြင်ခဲ့ ချေ။

ယိမ့်သည် အားမလိုအားမရဖြစ်လာရခြင်းကြောင့် ဦးခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်သည်နှင့် ယိမ့်မျက်စိရှေ့မှောက် သို့ နှင်းလွှင်ပြင်ကြီးမှာ ပြန်လည်ရောက်ရှိလာလေသည်။

ထိုအခါ ယိမ့်သည် ကိုယ့်အဖြစ်ကို ကြေကွဲရှက်ရွံ့စွာ ပြုံးလိုက်မိရင်း မျက်ဝန်းတွင် ဝေ့သီအိုင်ဖွဲ့လာသော မျက်ရည်များ ကို ရှည်လျားမည်းနက်သော မျက်တောင်ကော့များဖြင့် ပုတ်ထုတ် ဖယ်ရှားလိုက်သည်။

"ဟေး ...ယိမ့်"

"ယိမ့် မဟုတ်လား၊ နင်ပြန်လာပြီလားဟေ့"

www.burmeseclassic.com



ရုဝ်တရက် သူမအမည်ကို ဟစ်အော်၍ နှုတ်ဆက်သံကို ကြားလိုက်ရသဖြင့် ယိမ့်မှာ အသံလာရာသို့ ကမန်းကတန်းလေး လှမ်းကြည့်လိုက်ရာ ပါးချိုင့်ရှည်ကြီးများပေါ်အောင် အားပါးတရ ပြုံးရယ်လျက် သူမကို နှုတ်ဆက်နေသော သားသည်ကလေးအမေ တစ်ယောက်ကို ခပ်စမ်းစိမ်းပြန်လည်စူးစိုက်ကြည့်နေမိရာမှ ချက်ချင်း လိုပင် ထိုမျက်နှာလေးကို မှတ်မိလာသဖြင့် …

"အေး …လု ငါပြန်လာပြီ၊ နင် ယောကျ်ားရနေပြီပေါ့ ဟုတ်လား"

"ကလေးတောင် နှစ်ယောက်ရနေပြီလေ၊ ဒါ ငါ့သား အငယ်ကောင်ပေါ့"

"နာခါး …နာခါးရော"

ယိမ့်သည် သားသည်အမေ ငယ်သူငယ်ချင်းကို အမြုံး ဖြင့် တုံ့ပြန်နှုတ်ဆက်ရင်း သူမအနေချစ်ဆုံးသူငယ်ချင်းလည်းဖြစ် ညီမ သည်းတော်စပ်သော မင်းဝမ်အကြောင်းကို သိလိုစိတ်ပြင်းစွာ မအောင့်အီးနိုင်ဘဲ မေးလိုက်ခြင်းဖြစ်သည်။

"နင့် နာခါးမှာ ယောကျ်ားမရှိဘူး ယိမ့်ရေ၊ နင်ပြန်လာ တာသိရင် အားကြီးဝမ်းသာမှာပဲ"

"ငါတို့အိမ်ကိုလည်း လာလည်ဦးလေ"

"အေးပါ …လာမှာပေါ့၊ နင့်ယောကျ်ားနဲ့ ကလေးတွေ နေကောင်းကြတယ်မဟုတ်လား"





"ကောင်းတယ် ယိမ့်၊ နင်ကတော့ မြို့ကြီးသူပီပီ သိပ်လှ နေတာပဲဟော့၊ ပုံပြင်ထဲက နတ်သမီးနဲ့တူတယ်"

လုထံမှ အားပါးတရ ချီးကျူးလိုက်သော စကားသံက ယိမ့်နားထဲတွင် မချိုမြိန်နိုင်ခဲ့ပါ။ လုံတို့လို တိုင်းရင်းသူတိုင်းရင်း သားတွေအတွက် ယိမ့်မှာ နတ်သမီးတမျှ လှကောင်းလှနေနိုင်သော် လည်း ယိမ့်၏ ထိုအလှအပတို့သည် မြို့ကြီးပြကြီးလိုနေရာတစ်ခု မှာ လူရာမဝင်ဆန့်နိုင်ကြောင်း သူတို့နားလည်လာအောင် ဘယ်လို ရှင်းပြရမှန်း မသိချေ။

"သွားပြီဟော့ …နောက်မှ မင်းဝမ်နဲ့ လာခဲ့မယ်"

"အေး …နင်လာရင် အခါးရေကောင်းကောင်း လုပ် ထားမယ်"

လုံ့ကို လက်ဖော့ယမ်းနှုတ်ဆက်ရင်း ယိမ့် စီးနင်းလိုက်ပါ လာသော လှေလေးမှာ ရေစီးကြောင်းအတိုင်း မျောပါစီးဆင်းရင်း တဖြည်းဖြည်းဝေးကွာလာခဲ့ပြီဖြစ်သည်။

မြို့ကြီးသူပီသစွာ နေထိုင်ခဲ့စဉ်တုန်းကဖြင့် ယိမ့်သည် အခုလို ကမ်းပေါ်နှင့်လှေ အပြန်အလှန် ဝမ်းသာအားရ အော်ကြီး ဟစ်ကျယ် စကားမျိုး မဆိုခဲ့ဘူးချေ။ တိုးတိုးညင်ညင် သိမ်မွေ့ ကြည်သာစွာ ပြောဆိုပြုမူလှုပ်ရှားနေထိုင်ခဲ့သူတည်း။

သောင်ခြေတွင် ရေဖောင်စီးနေကြသော တင်ကျီးတစ်အုပ် မှာ မြစ်ရိုးအတိုင်း တောင်မှမြောက်သို့ ဝေါခနဲ ပျံသန်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

နှင်းထုသည် ပို၍သိပ်သည်းလာ၏။ အအေးဓာတ်မှာ ယိမ့်ခန္ဓာကိုယ်အတွင်းပိုင်းသို့ စိမ့်ဝင်လျက် ထိုးဖောက်ဝင်ရောက်လာ၏။

ယိမ့်၏ ခရီးအဆုံးကို မကြာမီမှာပင် ရောက်ရှိတော့မည် ဖြစ်ကြောင်း ကျယ်ပြန့်သော သဲသောင်ပြင်ကြီးက ဆီးကြိုနှုတ်ဆက်လိုက်ခြင်းဖြင့် သိလိုက်ရပေသည်။

ထိုနေရာမှာ ယိမ့်၏ယော်ဘဝကို သူ့အလိုလို ထင်ဟပ်မြင်ယောင်စေသော နေရာလည်းဖြစ်သည်။ ဤနေရာတွင် ယိမ့်ကို အနိုင်လိုချင်သော ယွပ်နှင့် ရန်ဖြစ်သတ်ပုတ်ရင်း နာခါးက တုတ်ချောင်းတစ်ခုကို ကောက်ယူလျက် ယွပ်ကို နေရာမှာ အလဲရိုက်ကာ ယိမ့်၏လက်ကိုဆွဲပြီး သောင်စပ်သို့ အရောက် အမောတကော ပြေးဆင်းခဲ့ကြပုံကို အခုချိန်ပြန်တွေးမိသောအခါ ယိမ့်နှုတ်ခမ်းနီထွေးထွေးအစုံမှာ ပြုံးမိန့်သွားလေသည်။

သူငယ်ချင်းများထဲတွင် နာခါးမှာ မာနခဲကလေးဖြစ်သည်။ ဒါကြောင့်လည်း နာခါးတစ်ယောက် အိမ်ထောင်မပြုဘဲ ကျန်ရစ်နေတာ ဖြစ်မည်ထင်သည်။

ယိမ့် လိုက်ပါလာသော၊ လှေသည် ရောင်စုံကျောက်စရစ်ခဲများ ဖြန့်ကျဲထားသော သောင်ဦးကို ချိုးကွေ့ကာ ကမ်းစပ်တွင် ညင်သာစွာ ထိုးစိုက်သွားသည်နှင့် ယိမ့်သည်လည်း ဖျတ်လတ်





ပျော့ပါးစွာပင် လှေငယ်ထက်မှ သဲမြေသောင်စပ်သို့ ခုန်ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကမ်းစပ်သည့် မှိုင်းမှုန်တိတ်ဆိတ်လျက်ရှိသည်။ လှေသမားမှာ ယိမ့်၏ပစ္စည်းများကို ကမ်းစပ်တွင် စုပုံပေးနေသည်။ ယိမ့်သည် ကမ်းပါးထိပ်စွန်းရှိရာသို့ ငေးမျှော်ကြည့်လိုက်သည်။

ညို့မှိုင်းသော သစ်ပင်အိုကြီးများသည် ညိုပြာသော မျက်နှာထားဖြင့် ယိမ့်ကို စိမ်းကားစွာ ငုံ့ကြည့်လျက်ရှိသည်။ နှင်းမြူတုတ်ခြင်း ဖော့ဝါးသည်းကွဲခြင်းမရှိသော ဤနေရာလေးတွင် လှုပ်ရှားနေသော သတ္တဝါဟူ၍ ဘာတစ်ခုမျှမတွေ့ရ။ ကြိုဆိုမည့်သူလည်း မရှိ။ လူသံသူသံဟူ၍ မကြားရ။

ယိမ့်သည် ပစ္စည်းများကို လှေထက်မှ ကူညီသယ်ချပေးရင်း အလိုလိုဝမ်းနည်းလာ၏။

"ဟေး ···ကောင်မလေး နင့်ပစ္စည်းတွေသယ်ဖို့





နင့်မိသားစုတွေ ခေါ်ချည်ဦးလေ"

"ဟုတ်ကဲ့ ···ဘကြီး"

ယိမ့်သည် လှေသမားအဘိုးအိုကို ကျေးဇူးတင်စကားချီးပြီးနောက် ကျသင့်ငွေကို ရှင်းပေးလိုက်ရာ လှေမှာ လာရာလမ်းအတိုင်း တရွေ့ရွေ့ လှော်ခတ်ထွက်ခွာသွားလေသည်။

ယိမ့်သည် နေရာမှာ တွေဝေစွာရပ်တန့်ငေးမောရင်း လှေကလေးထွက်ခွာသွားရာကို ကြည့်ငေးနေရာမှ သက်ပြင်းတစ်ချက်ရှိုက်ကာ နေရာမှ ပခုံးလွယ်အိတ်တစ်ခုကို ဆွဲပြီး သဲလမ်းအတိုင်း တက်ခဲ့သည်။

အရာရာသည် ယိမ့်မျက်လုံးထဲတွင် ထူးခြားလျက် စိမ်းစိမ်းကားကားနိုင်လှသည်။ တကယ်လည်း ယိမ့်အတွက် ရင်းနှီးနွေးထွေးမှုတစ်စုံတစ်ရာ ရှာမတွေ့နိုင်သေးချေ။

ကုန်းဆင်းလေးအတိုင်း ဆင်းတက်လာရင်း ဖရိုဖရဲ ပြန့်ကျဲစွာ တည်ဆောက်ထားသော အိမ်လေးများကို ဖုံးသဲကျောက်အမျိုးမျိုးဖြင့် မသည်းကွဲသော နှင်းမှုံများကြားမှာ ဘွားခနဲ တွေ့ရလေသည်။

သူမ မျှော်လင့်ထားသည်နှင့် ခြားနားလျက်ရှိသော ဖွဲ့စည်းပုံနှင့် အပြောင်းအလဲများကြောင့် ယိမ့်၏ခြေအစုံမှာ သူ့အလိုလိုရပ်တန့်သွားရကာ ဟိုဟိုဒီဒီမျှော်ကြည့်ရင်း ရှုတ်တရက် မဝေခွဲနိုင်ဘဲ ဖြစ်နေသည်။

များပြားလာသော အိမ်ကလေးများနှင့် တခြားအဆောက်



www.burmeseclassic.com

www.burmeseclassic.com



အဦးများက သူမအိမ်ရှိရာနေရာကိုပင် မမှန်းဆနိုင်ဘဲရှိလေသည်။

ယိမ့်သည် လေးကန်လှသော ခြေလှမ်းများဖြင့် တရွေ့ရွေ့ သွားနေမိသည်။ ရုတ်တရက် နှစ်ခြိုက်စွာရယ်လိုက်သော အသံများကြားမှ တစ်မူကွဲထွက်နေသော ရယ်သံစူးလေးကြောင့် ယိမ့်ခြေလှမ်းလေးများ တန့်သွားသည်။

ထိုအသံပိုင်ရှင်ကို ယိမ့် တစ်သက် ဘယ်တော့မှ မေ့လို့ရနိုင်မည်မဟုတ်ချေ။ ထိုအသံပိုင်ရှင်က တခြားသူမဟုတ်။ ယိမ့်၏အချစ်ဆုံးသူငယ်ချင်း နှာခါး၏အသံ ဖြစ်လေသည်။

ကျားမလူရွယ်တစ်စုသည် ယိမ့် ရပ်နေသည့်လမ်းအတိုင်း လျှောက်လာနေကြရာမှ ယိမ့်ကိုတွေ့သောအခါ ရယ်မောသံစကားပြောသံများ တိတ်ဆိတ်ငြိမ်သက်သွားကြပြီး မြူးကြောင်ကြောင်အံ့ဩမင်သက်သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေကြသည်။

ထိုလူစုထဲတွင် ယိမ့်သည် သူမတွေ့မြင်လိုသော သူကိုလှပပိုင်းစက်သော မျက်ဝန်းအစုံဖြင့် လျင်မြန်စွာ ရှာဖွေလိုက်ရာ ညာဘက်ပါးပြင်ပေါ်တွင် ထင်ရှားစွာရှိနေသော စံပယ်တင်မှဲ့က လေးပိုင်ရှင် နှာခါး၏ လှပသောမျက်နှာလေးမှာ တာန်းခနဲ ဝင်ရောက်လာလေသည်။

"နှာခါး"

ယိမ့်အသံမှာ ဝမ်းသာခြင်းဖြင့် တုန်ရီလှိုက်လှဲနေသလောက် နှာခါးမှာ ယိမ့်ကို ကောင်းစွာမမှတ်မိဘဲ ရုတ်တရက်





ကြောင်ငေးကြည့်နေပြီးမှ ယိမ့်ကို တဖြည်းဖြည်း မှတ်မိလာဟန်ဖြင့် ယိမ့်ရှေ့ကို တိုးလာ၏။

"ယိမ့်"

"နင် ...ယိမ့်မဟုတ်လား၊ အမလေး...ငါ မှတ်တောင်မမှတ်မိဘူး၊ ဘယ်က ရုပ်ရှင်မင်းသမီးလည်းလို့ထင်နေတာ၊ လှလိုက်တာ ယိမ့်ရယ်၊ နင်သိပ်လှတာပဲနော်"

နှာခါးသည် ယိမ့်တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းပြန် အထပ်ထပ်ကြည့်ရင်း အံ့ဩဝမ်းသာသော မျက်နှာဖြင့် စကားဆိုရင်း ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးများ စီးကျလာလေသည်။

"နှာခါး"

"ယိမ့်"

သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည်။ အတန်ကြာမှ တစ်ယောက်နှင့်တစ်ယောက် ခွာလိုက်ကြပြီးနောက် နှာခါးက သူမနှင့်အတူပါလာသော အဖော်များဘက်လှည့်ကာ ...

"ဟဲ့ ...နင်တို့ပဲသွားကြတော့ ဒီမှာ ငါ့သူငယ်ချင်း ရောက်လာလို့ ငါမလိုက်တော့ဘူး၊ ယိမ့် ...လာလေ နင်ဘယ်တုန်းက ရောက်တာလဲ၊ ငါ့အိမ်ကိုလိုက်ခဲ့"

နှာခါး၏အဖော်အုပ်စုမှာ ယိမ့်နှင့်နှာခါးကို တစ်ချက်ကြည့်ပြီး နေရာမှ ထွက်ခွာသွားကြရာ နှာခါးက ယိမ့်လက်ကို အားဓါး



www.burmeseclassic.com

www.burmeseclassic.com



တရ ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ခေါ်ခြင်းဖြစ်သည်။

"ငါ ...အခုပဲရောက်တာ မင်ဝမ်းရဲ့၊ အိမ်ကိုတောင် မသွားရသေးဘူး၊ နင့်အသံကြားလို့ ဝမ်းသာသွားတာ"

"လာပါယ် ...ငါနဲ့လိုက်ခဲ့ဦး၊ ဟိုမှာ ငါ့ပစ္စည်းတွေ ကျန်သေးတယ်"

"ဟုတ်လား ...ဒါဖြင့် ငါတို့သွားသယ်ကြမယ်လေ၊ နင်က ဒီကို အလည်ပြန်လာတာလား"

ရုတ်တရက် ယိမ့်သည် နှာခါးကို ဘယ်လိုပြန်ဖြေရမှန်း မသိသဖြင့် ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်ရသည်။

"အင်း"

"ဒါနဲ့ အပါနဲ့အမေရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်၊ နင်ပြန်လာမှာ သူတို့သိတယ်မဟုတ်လား"

"ဟင့်အင်း"

"အေးပါလေ ...သူတို့သမီးအချောအလှလေး ပြန်လာတာကို ရုတ်တရက်ကြီး မြင်လိုက်ရရင် သိပ်ပျော်သွားကြမှာပါ"

နှာခါးက ယိမ့်မျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း ဖြည်းလေးစွာပြောသည်။ယိမ့်ကတော့ နှာခါးကို မကြည့်ဘဲ အဝေး တစ်နေရာသို့ တစ်ချက်မျှ မျှော်ငေးကြည့်လိုက်ပြီး ရှေ့က ဦးဆောင် ဆင်းခဲ့သည်။





"နေဦး ...ဟိုမှာလာနေတဲ့လူကို နင်မှတ်မိလား ယိမ့်"

ယိမ့်လက်ကို တုန့်ဆွဲပြီး နှာခါးက ယိမ့်ကို ဖောလမ်း တစ်နေရာမှ တစ်စိုက်မတ်မတ်လာနေသူတစ်ယောက်ကို လှမ်းပြရင်း မေးလိုက်ခြင်းဖြစ်သည်။

အသားညိုညို၊ ဗလတောင့်တောင့်နှင့် လူကို ယိမ့် သေချာ ကြည့်သော်လည်း မမှတ်မိချေ။ ရုပ်ရည်မှာ ကြည့်ပျော်ရှုပျော်မျှသာ ဖြစ်သော်လည်း မျက်နှာမှာ အမွေးအမျှင်များဖြင့် ပြည့်နေ၍ ဆံပင်မှာလည်း ဆီနှင့်ဝေးသလို နီကြောင်မကြောင်ဖြစ်နေ၏။

"ဟင့်အင်း ...သူဘယ်သူလဲ"

"လှိုင်လေ ...ငါနဲ့ ငယ်ငယ်တုန်းက ရန်ဘက်လူဆိုးပေါ့"

ပြောရင်း နှာခါးက ရယ်သည်။

ချိုလွင်လှပသော မျက်ဝန်းအကြည့်များက လှိုင်ရှိရာမှာ ရောက်နေသည်။

ယိမ့်သည် လှိုင်ကို မမေ့ ...။

စကားနည်း၍ အေးစက်လှသော ထိုကောင်လေးမှာ မင်ဝမ်းနှင့် ဘယ်တော့မှမတည့်ဘဲ အမြဲရန်ချည်းဖြစ်နေတာကို ပြန်သတိရလာသည်။

အခုတော့ ထိုကောင်လေးလှိုင်မှာ တည်ငြိမ်ရင့်ကျက်လှသော ယောကျ်ားကြီးလုံးလုံး ဖြစ်နေရုံမက ရှိရင်းအသက်ထက်



www.burmeseclassic.com

www.burmeseclassic.com



များစွာရင့်ရော်လျက်ရှိပေသည်။

နာခါးက လှိုင်ဟု ပြော၍သာ ယိမ့်မှာ သူမ၏ ငယ်သူငယ်ချင်းမှန်း သိလိုက်ရသည်။ တခြားနေရာမှာသာ လှိုင်ကိုတွေ့လျှင် ဘယ်လိုမှ မှတ်မိနိုင်စရာမရှိပေ။

"ဟေး …လှိုင် ဒီမှာ ဘယ်သူလဲကြည့်စမ်း"

နာခါး၏အသံကြောင့် စိုက်နေသောဦးခေါင်းမှာ ဆတ်ခနဲထောင်မတ်လာပြီး မင်ဝမ်းနှင့် ယိမ့်ရှိရာသို့ လှမ်းကြည့်လာသည်။

နာခါး၏ မျက်နှာမှာ ပြုံးရွှင်နေသလောက် လှိုင်၏မျက်နှာမှာ မပြုံးပေ။ နာခါးနှင့် ယိမ့်ကို တစ်လှည့်စီကြည့်နေသည်။ မင်ဝမ်းသည် လှိုင်အတွက် မထူးဆန်း။ မင်ဝမ်းနှင့် အတူရပ်နေသော ယိမ့်ကို ကြည့်နေသောအကြည့်သာလျှင် အံ့သြမှုများဖြင့် ပြည့်လျက်ရှိသည်။

"ယိမ့်လေ …လှိုင်၊ နင်မမှတ်မိတော့ဘူး မဟုတ်လား"

"ယိမ့်"

"နင်က …ယိမ့်လား"

အံ့သြနေရာမှ ဝမ်းသာခြင်းအသွင် ပြောင်းလဲသွားသော လှိုင်ကို ယိမ့် ပြုံးပြလိုက်သည်။

"အေး …ငါ ယိမ့်ပဲ"

"မြို့ကြီးသူဖြစ်သွားလို့ထင်တယ် နင်က သိပ်လှနေတော့ ငါတို့မမှတ်မိဘူး၊ မင်ဝမ်းပြောလို့သာပဲ မဟုတ်ရင် နင့်ကို ယိမ့်လို့





ပြောရင်တောင် ငါ ယုံမှာမဟုတ်ဘူး"

တုန်ရီလှိုက်လှဲစွာ ပြောလာသော လှိုင်စကားလုံးတိုင်းတွင် ဟန်ဆောင်မှုတစ်ခုမှမပါကြောင်း ယိမ့် ယုံကြည်လျက် ပြုံးနေမိသည်။

"အမလေး …လှိုင်ရယ် ငါတောင် ယိမ့်ကို မှတ်မိတာမဟုတ်ဘူး၊ ကြည့်ပါဦး …ယိမ့် မလှဘူးလား၊ ကြွေရုပ်လေးကျနေတာပဲနော့"

"ဒီလောက်လည်း မဟုတ်ပါဘူး နာခါးရယ်၊ နင်တို့ပြောတာနဲ့ ငါတောင် ဘဝင်မြင့်ချင်လာပြီသိလား"

"ကဲပါ …ပစ္စည်းတွေ ကူသယ်ပေးဦး၊ ရွာက အရမ်းပြောင်းလဲသွားတော့ ငါ့အိမ်ကိုတောင် မသွားတတ်တော့ဘူး"

ယိမ့်စကားကြောင့် နာခါးနှင့် လှိုင်က ရယ်မောကြပြီးနောက် ယိမ့် ပစ္စည်းများကို ပေါ့ပါးဖျတ်လတ်စွာ သယ်ယူကြသည်။

"လှိုင် …နင့်မှာ ပစ္စည်းတွေများနေပြီ၊ ငါ့ကိုပေးလေ"

"လာခမ်းပါဟာ …ဒီလောက်တော့ ငါ့အတွက် အသေးအဖွဲပါ၊ လာ …လာ သွားကြမယ်"

လှိုင်က ယိမ့် ကူညီသယ်ပေးမည်ဆိုတာကို လက်မခံဘဲ ရှေ့မှဦးဆောင်ပြီး နာခါးနှင့်အတူ ခြေလှမ်းကျဲကြီးများဖြင့် စလျှောက်သွားရာ ယိမ့်သည်လည်း သူတို့ခြေလှမ်းများကို မှီအောင် အပြေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါရလေသည်။

နာခါးက ယိမ့်လက်ကို တွဲယူဆုပ်ကိုင်ရင်း စကားများစွာ ပြောလာသော်လည်း ယိမ့်မှာ ဘာကိုမှ ကောင်းစွာ စိတ်မဝင်စားနိုင်ဘဲ သူမမိဘများနှင့်တွေ့လျှင် ပြောရမည့်စကားများကိုသာ စဉ်းစားတွေးတောနေမိသည်။

အိမ်တချို့မှာ မီးရောင့်များကိုမြင်ရသည်။မီးခိုးငွေ့တွေ ဖြာထွက်နေသည့် အိမ်တချို့ကို ဖြတ်ကျော်လာစဉ် ယိမ့်တို့ရှိရာသို့ လှမ်းမျှော်ကြည့်နေကြသူတချို့ကို မြင်တွေ့ရလေသည်။

ထိုမျက်နှာများမှာ မျက်နှာစိမ်းများဖြစ်ပြီး ယိမ့်သိသူ တစ်ယောက်မှ မပါချေ။ ယိမ့်၏ဇာတိရွာလေးမှာ ယိမ့်အတွက် စိမ်းကားအေးစက်လွန်းသည်ဟု ထင်မြင်မိသည့်တိုင် ယိမ့်တွင် တခြားရွေးချယ်စရာ လမ်းမရှိသူဖြစ်သည့်အတိုင်း နာခါးနောက်မှသာ တိတ်ဆိတ်စွာ လိုက်ပါလာမိသည်။

"ရောက်ပြီ ... ယိမ့် ဟိုရှေ့ကဟာ နင်တို့အိမ်ပဲ"

လှိုင်အသံကြောင့် ယိမ့် ခြေလှမ်းများ ရပ်တန့်သွားပြီး လှိုင် ညွှန်ပြရာသို့ ယိမ့် လှမ်းမျှော်ကြည့်လိုက်သောအခါ ယိမ့်မှာ ရင်စို့သွားလေသည်။

မီးခိုးတလူလူထွက်နေသော တဲအိမ်လေးမှာ မြူနှင်းမှုန်များအောက်မှာ အသီးကျန့်တိတ်ဆိတ်ငြိမ်သက်စွာ ယောင်းမြေ့လျက် ရှိသည်။





"နင့်အစ်ကိုမိသားစုလည်း မနှစ်ကမှ တောင်ပေါ်က သူ့မိန်းမဇာတိရွာကို ပြောင်းသွားကြတယ်၊ ယောက္ခမ်တွေက ဆုံးကုန်ကြပြီဆိုတော့ သူတို့လင်မယားပဲ တောင်ယာတွေကို ဦးစီးကြရမှာ မဟုတ်လား"

ယိမ့်သည် မတုန်မလှုပ် ငေးငေးကြီး နားထောင်လျက် ငြိမ်သက်နေ၏။ ချီသည်ခါးသည်ဟု ဘာတစ်ခုမှ မပြောဘဲ မိဘနှစ်ပါးရှိသည့် အိမ်အိုယောင်းလေးကိုသာ ကြေကွဲစိုနင့်စွာ ငုံးခိုက်ကြည့်ရင်း ခြေလှမ်းအစုံမှာ ဟစ်လှမ်းချင်း ဖြည်းညှင်းလေးကန်စွာ ရွေ့လျားသွားသည်။

လှိုင်နှင့် နာခါးမှာ ယိမ့်ကို တစ်ချက်မျှ ကြည့်လိုက်ကြပြီးနောက် မည်သည့်စကားမှမဆိုနိုင်ဘဲ အတွေးကိုယ်စီဖြင့် ငေးငိုင်တွေဝေစွာ ရပ်တန့်ကျန်ရစ်ခဲ့သည်။

ယိမ့်သည် အိပ်မက်ထဲက လမ်းလျှောက်နေသူ တစ်ယောက်လို ဝေဝေဝါးဝါးပင် သူ့မမိဘများနေထိုင်ရာ အိမ်လေးရှေ့သို့ ရောက်လာသည်။

ထိုအိမ်လေးမှာ ယိမ့် ငယ်စဉ်ကလေးဘဝကနေခဲ့ဘူးသော အိမ်မဟုတ်ကြောင်း ယိမ့် တွေးမိလေသည်။ ထို့အတူ ယိမ့်မိဘများ နေထိုင်ရာဒေသသည်လည်း ရွာ၏အစွန်အဖျားကျလှသော နေရာ ဖြစ်သည်။

ယိမ့်သည် အိုမင်းယောင်းမြေ့နေပြီဖြစ်သော တဲအိမ်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ဝရှေ့မှာ ခြေစုံရပ်တန့်လိုက်ပြီးနောက် တံခါးချပ်များကို ဖြည်းဖြည်းချင်း တွန်းဖွင့်လိုက်သည်နှင့် စေ့ရုံမျှသာရှိသော တံခါးချပ်တို့မှာ လွယ်ကူစွာ ပွင့်အံသွားလေသည်။

"ကျွီး"

အမှောင်ထုသည် တဲအိမ်လေးအတွင်းဝယ် ကြီးစိုးမင်းမူနေဆဲဖြစ်သည်။ အိမ်၏ အလယ်တည့်တည့်တွင်ရှိသော မီးလင်းဖိုမှာ အငွေ့တလူလူလွင့်လျက်ရှိပြီး တခြားလှုပ်ရှားနေသည့် အရာဟူ၍ ဘာတစ်ခုမှ မတွေ့ရ။

ယိမ့်သည် တဲအိမ်လေးအတွင်းသို့ မျက်ဝန်းအကြည့်ကို ဖြည်းဖြည်းညင်သာ ရွေ့လျားလျက် သူမတွေ့မြင်လိုသူတို့ကို အာရုံစူးစိုက်၍ ရှာဖွေလိုက်ရာ မီးလင်းဖို၏ တခြားဘေးတစ်ဖက်တွင် ငြိမ်သက်စွာလဲလျောင်းနေသော သဏ္ဍာန်နှစ်ခုရှိရာတွင် ယိမ့်မျက်ဝန်းအစုံမှာ စူးစိုက်ငြိမ်သက်သွားသည်။

ထိုသူနှစ်ယောက်က တခြားသူများမဟုတ်။ ယိမ့်ကို လူ့လောကကြီးထဲ အရောက်ပို့ဆောင်ပေးခဲ့ကြသော ယိမ့်၏ ကျေးဇူးရှင် မိဘနှစ်ပါးကိုယ်တိုင်သာ ဖြစ်တော့သည်။





# အခန်း (၃)

နာခါးသည် အိမ်ငယ်ခပ်ကုတ်ကုတ်၏ အမှောင်ရိပ်အတွင်းသို့ ယိမ့်ကို ဖြတ်ကျော်လျက် ဝင်ရောက်သွား၏။ အိမ်မျက်နှာစာ အမှောင်ရိပ်တစ်ခုအတွင်း၌ သစ်တုံးတစ်တုံးကို အထစ်ပြုလုပ်ထားသော လှေကားမှ တက်သွားသော နာခါးနောက်မှ ယိမ့်လည်း အတူလိုက်ပါလာခဲ့သည်။

ရှည်လျားလျားရှိသော အိမ်တွင်းသို့ ရောက်လာကြသူများ၏ လှုပ်ရှားမှုက ညင်သာသွက်လက်သလောက် မည်သည့်အသံပလံမှ မထွက်။

အိမ်အလယ်တည့်တည့်ရှိ မီးဖိုမှ မီးအလင်းရောင်မရသဖြင့် အိမ်အတွင်းမှာ ခပ်ဝါးဝါးမျှသာ ရှိလေသည်။ မြင်ရသလောက်သော အိမ်တွင်းပိုင်းတစ်လျှောက်လုံးမှာလည်း မည်းညစ်



www.burmeseclassic.com

www.burmeseclassic.com



သော ကြပ်ခိုးတို့ဖြင့် ကြီးစိုးမင်းမူလျက်ရှိသည်။

ယိမ့်သည် တွေ့သမျှ မြင်သမျှကို အံ့ဩရှုံးစမ်းသော မျက်လုံးအစုံဖြင့် ကြည့်ငေးနေမိသည်။ နာခါးသည် ယိမ့်လက်ကို ဆွဲပြီး သစ်သားခုံဟောင်းလေးတစ်ခုမှာ ထိုင်စေသည်။

သူကိုယ်တိုင်ကမူ မီးဖိုဘေးတွင် ထိုင်လိုက်ပြီး ထင်းတစ်ချောင်းကိုယူလျက် မီးတောက်လာအောင် ထိုးဆွပြုပြင်နေ၏။

နှစ်ပေါင်းများစွာ ကွဲကွာနေသော တစ်ဦးတည်းသော သမီးလေးမှာ အိမ်ခင်းရင့်ရော်လှပြီဖြစ်သော မိအိုဖအိုတို့ကိုကြည့်ရင်း လှပသော မျက်ဝန်းအစုံမှာ မျက်ရည်တို့ ပြည့်အိုင်လာ၏။

"ယိမ့် …ငါပြန်တော့မယ်နော့၊ နောက်မှ နာခါးနဲ့လာခဲ့မယ်"

လှိုင်၏ နှုတ်ဆက်စကားကို ယိမ့်မှာ ခေါင်းညိတ်ပြရုံသာ တတ်နိုင်လေသည်။ လှိုင်သည် ယိမ့်ကို သနားကရုဏာအပြည့်ပါသော မျက်နှာဖြင့် တစ်ချက်မျှကြည့်ပြီး ယိမ့်၏ အိမ်ကလေး အဝွင်းမှ ထွက်ခွာသွား၏။

"ဘယ်သူလဲ"

ပထမဆုံး ပျုပျုမျှထွက်လာသော ယိမ့်မိခင်ကြီး၏အသံဖြစ်သလို မင်ဝမ်း၏ မီးဖိုမှာလည်း မီးအလင်းရောင်ရလာပြီဖြစ်သည်။

"အကြီး …နာခါးပါ၊ ဒီမှာ အကြီးသမီး ယိမ့် ပြန်လာ





ပြီလေ"

"ယိမ့်"

အဘွားအိုသည် နာခါးစကားကို သံယောင်ပြုလျက် ရေရွတ်ရင်း သမီးဖြစ်သူကို ရီမှိုင်းမှုန်သီလှသော မျက်ဝန်းအစုံဖြင့် အပြေးအလွှား ရှာဖွေကြည့်ရှုရာ မင်ဝမ်း၏နောက်နားတွင် ကပ်လျက်ရှိသော မျက်ရည်ဝေသော ယိမ့်၏ မျက်ဝန်းများဖြင့် ဆုံစည်းမိလေသည်။

ထို့နောက် အိပ်ရာမှ ဖြေးညှင်းစွာထရင်း မီးဖိုမှ မီးတောက်ကို လက်ဖြင့်ကွယ်၍ ရှေ့သို့အားယူကြည့်၏။

"ယိမ့် ပြန်လာပြီကိုး၊ ကိုဇပေါင် ယိမ့် ပြန်လာပြီလေ၊ ထစမ်းပါဦး"

အဘွားအိုသည် တစ်ဖက်သို့လှည့်ပြီး ယိမ့်၏အဖေဖြစ်သူကို ပိန်သွယ်သော လက်ချောင်းလေးများဖြင့် လှုပ်နှိုးလိုက်၏။

"အင်း"

ညည်းညူသံသဲ့သဲ့ဖြင့် အဘိုးအိုသည် လှုပ်ရှားလူးလွန့်လျက် အိပ်ရာမှ ထလာသည်။ ထို့နောက် ယိမ့်ရှိရာဘက်သို့ မျက်မှောင်ကျုံ့လျက် တစ်ချက်လှမ်းကြည့်ပြီးနောက် အနားတွင် ..သင့်ရှိနေသော အကြမ်းအိုးထဲမှ ရေကို တစ်ရှိုက်မော့လိုက်၏။

"အိမ်း …ယိမ့် ပြန်လာတာကောင်းတာပေါ့၊ တို့မှာ ..ည်း အသက်ကြီးလို့ ဘာမှမလုပ်နိုင်တော့ဘူး၊ သမီးကိုပဲ အားကိုး



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ''

''အခု ...ဒီကိုပြန်လာတာဆိုတော့ ပိုက်ဆံတွေ အတော် ရမိလာမှာပဲထင်တယ်၊ အားကျီကလည်း မိဘတွေကို ပြန်မကြည့်နိုင်တော့ဘူး၊ သမီးမှာ ပိုက်ဆံဘယ်လောက်ပါလာလဲ''

''ကိုဇပေါင်''

ယိမ့်သည် မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူကို မျက်တောင်မခတ် တစိမ့်စိမ့်စူးစိုက်ကြည့်နေရာမှ မျက်လုံးအိမ်မှတစ်ဆင့် မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။ နီရဲစိုစွတ်နေသော နှုတ်ခမ်းလေးများသည်လည်း တဆတ်ဆတ်တုန်လာသည်။

ယိမ့်၏ ခန္ဓာကိုယ်လေးမှာ သိမ့်ခနဲဖြစ်သွားပြီး ငိုရှိုက်သံကျယ်လောင်စွာ ထွက်မလာစေရန် သူမ ပါးစပ်ကို လက်ဖဝါးနှစ်ဖက်ဖြင့် တင်းကျပ်စွာ အုပ်လျက် အိမ်နောက်ဖက်ရှိရာသို့ အတင်းဖြတ်ပြေးထွက်လာခဲ့သည်။

''ယိမ့်''

''ယိမ့်''

နာခါးသည် ယိမ့်အမည်ကိုခေါ်ရင်း သူမနောက်သို့ လိုက်ပါလာ၏။ ယိမ့်သည် အသံမထွက်ဘဲ သိမ့်သိမ့်တုန်အောင် ရှိုက်ငင်မိသည်။

လောကကြီးသည် ယိမ့်အတွက် ဘာတစ်ခုမှ တရားမျှတမှုမရှိတော့ဟု စိတ်ဝယ်ထင်မြင်လာ၏။ ယိမ့်လို မိဘနှစ်ပါး၏





မေတ္တာအေးရိပ်မှ နှစ်ပေါင်းများစွာ ဝေးကွာနေသော သမီးလေးတစ်ယောက်ကို တွေ့လိုက်ရသော မိဘများအနေဖြင့် ပသမဆုံးပြောကြားအပ်သော မိဘများ၏ စကားမှာ အခု ယိမ့် ကြားလိုက်ရသော စကားများ မဖြစ်သင့်ချေ။

တစ်ဦးတည်းသော သမီးလေးဘဝကို ယိမ့် မိဘများမှာ စိတ်မဝင်စားတော့ပြီလားဟု တွေးစရာဖြစ်လာသည်။ အနည်းဆုံးယိမ့်တစ်ယောက် ဤမျှ ဝေးလံသီခေါင်လှသော ခရီးရှည်ကြီးကို အပြင်းနှင်ပြီး ရောက်ရှိလာရခြင်းအကြောင်းကို ရှေးဦးစွာ မေးမြန်းစူးစမ်းသင့်သည်။

ယိမ့် နေထိုင်ဖြတ်သန်းလာခဲ့ရသည့် ဘဝအနေအထား၊ အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး။ ယိမ့်နှင့် ပတ်သက်သည့် အရာအားလုံးမှာ ယိမ့်တွင် ပါရှိစုဆောင်းလာရသော ငွေကြေးထက် ပို၍ စိတ်ဝင်စားစရာမရှိတော့ဟု ထင်သလားမသိပါ။

ဒါမှမဟုတ် ...ယိမ့်ကို သူတို့သမီးလေးအဖြစ် သံယောဇဉ်ဖြတ်တောက်ထားခဲ့ပြီလား။ ယိမ့်သည် တွေးရင်း ပို၍ ဝမ်းနည်းကြေကွဲစွာ လှိုက်လှဲစွာ ငိုမိပြန်သည်။

''မငိုပါနဲ့ ယိမ့်ရယ်၊ အကြီးနဲ့အဘကိုလည်း စိတ်မဆိုးပါနဲ့ဟယ်၊ သူတို့ စကားအပိုမဆိုတတ်တာ နင်လည်းအသိသားနဲ့၊ စိတ်ထဲမှာ နင်ပြန်ရောက်လာလို့ ဝမ်းသာနေကြမှာပါ''

''အားလုံးက ...အကြီးနဲ့အဘတို့ကို အရေးမလုပ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေလာကြတာ ကြာပြီဆိုပေမယ့် အခုလိုသိပ်လှတဲ့ သူတို့သမီးလေး ပြန်ရောက်လာတဲ့အချိန်ကစပြီး နင့်မိဘတွေ မျက်နှာပွင့် အရေးလုပ်ခံရတော့မှာပါလေ”

ယိမ့်သည် နာခါးစကားကို ရုတ်တရက် နားမလည်နိုင်သေးသော်လည်း ငိုရှိုက်ခြင်းမှာ အနည်းငယ် တုံ့နှေးသွားလေသည်။

“နောက်တော့ နင့်မိဘတွေအကြောင်းကို နင်တဖြည်းဖြည်း သိလာရင် နင်အခုလို ငိုရတော့မှာမဟုတ်ပါဘူး ယိမ့်ရယ်၊ လူတွေမှာ ငွေမရှိရင် ဘယ်သူမှ ဂရုမစိုက်ဘူး၊ အားလုံးက ပြစ်ပယ်စွန့်ပစ်ကြတာချည်းပဲ၊ နင်က မြို့ကြီးသူဆိုတော့ ငါ့ထက်ပိုသိမှာပေါ့”

နာခါး၏မျက်နှာကို မျက်ရည်များကြားမှ ဝေဝါးစွာ ယိမ့်ကြည့်လိုက်သည်။ တည်ငြိမ်လေးနက်လှသော မင်ဝမ်း၏ မျက်နှာလေးမှာ ခံစားချက်တစ်စုံတစ်ရာကြောင့် ပြုံးမဲ့နေ၏။

ယိမ့်သည် နာခါးမျက်နှာကိုကြည့်ရင်း တစ်စုံတစ်ခုကို တွေးနေသည်။ နာခါးစကားအရ ယိမ့်၏ အိုမင်းမစွမ်းမိဘများမှာ ငွေကြေးမချမ်းသာသလို ဘာအလုပ်မှ မယ်မယ်ရရ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ အဆင်မပြေလှသော သားနှင့်ချွေးမကို မှီတွယ်ခိုကပ်နေရခြင်းဖြင့် အားလုံး၏ ပစ်ပယ်စွန့်ထားခြင်း ခံရသည်ဟု ဆိုလိုသည်လား ...။

ယိမ့်၏မိဘများမှာ အမှန်ပင် ဆင်းရဲလှပေသည်။ ထို





အတွက် ယိမ့်တွင် တာဝန်မကင်းသလို စိတ်မှာထင်မှတ်လာ၏။ ယိမ့်သည် သိတတ်စအရွယ်မှပင် မိဘနှစ်ပါးနှင့် ဇာတိရွာလေးကို ခွဲခွာလာခဲ့ရသူဖြစ်သည်။ ယိမ့်၏ ဘဝတစ်စိတ်တစ်ပိုင်းမျှဖြစ်သော ဤနေရာလေးမှာ ဝေးလံသီခေါင်လွန်းလှသဖြင့် အဆက်အသွယ်ကင်းသလောက်ဖြစ်ခဲ့သည်။

ယိမ့်ဘဝ၏ တိုက်ပွဲအဖွင့်မျက်နှာစာသစ်ကို ယိမ့်မိဘများမှ ဘာတစ်ခုမှ မကူညီမထောက်ပံ့နိုင်ခဲ့သလို ယိမ့်မှာလည်း မိဘများကို မယ်မယ်ရရ ကူညီမှုမပြုနိုင်ခဲ့ပါ။

မြို့ကြီးပြကြီးသူတစ်ယောက် ဖြစ်လာအောင် ယိမ့်ကို တာဝန်ယူစောင့်ရှောက်ခေါ်ယူလာသော ဒေါ်ကြီးနန်မားမှာလည်း စေတနာမေတ္တာကြီးမားသလောက် ငွေကြေးချို့တဲ့သူဖြစ်သည်။

ဒေါ်ကြီးနန်မား၏ ကျေးဇူးဖြင့် ယိမ့်သည်လည်း ဒေါ်ကြီးလို သူနာပြုဆရာမလေးတစ်ယောက် ဖြစ်ခွင့်ရခဲ့သည့်အချိန်မှာပင် ဒေါ်ကြီးနန်မားကို စွန့်လွှတ်ဆုံးရှုံးခဲ့ရသည်။

ကင်ဆာရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားသော ဒေါ်ကြီးမရှိသည့်နောက် ယိမ့်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရှင်သန်ခဲ့သူဖြစ်သည်။

ဘဝနာခဲ့ရသော ယိမ့်သည် အလုပ်ကိုကြိုးစားပြီး မနိုမကပ်လုပ်သည်။ လူနာတွေအပေါ်မှာ စိတ်ရှည်သည်းခံသည်။ ယိမ့်နှင့် အလုပ်အတူတွဲလုပ်ဖူးသူတိုင်းက ယိမ့်ကို ချီးကျူးသော



www.burmeseclassic.com

www.burmeseclassic.com



ကျကြသလို လှပလွန်းသော ယိမ့်ကိုလည်း စိတ်ဝင်စားကြသူများလည်း ရှိလာသည်။

ယိမ့်မှာ အားလုံးကို အပြုံးလှလှဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ငြင်းပယ်ပြီး အလိမ္မာသုံး၍ ရှောင်ရှားနိုင်ခဲ့သလောက် ဒေါက်တာ သက်ခိုင်ဆိုသည့် လူတစ်ယောက်ကိုဖြင့် ယိမ့် အရှုံးပေးလက်မြှောက်ခဲ့ရသည်။

ကျွမ်းကျင်ပိုင်နိုင်လှသော နည်းပရိယာယ်များ ထင်မှတ်မထားသော တိုက်ဆိုင်မှုများကို တမင်ဖန်တီးယူခဲ့သော ဒေါက်တာ သက်ခိုင်လို အချစ်ရေးမှာ ကျွမ်းကြနေသူကြောင့် အရိုးခံမလေး ယိမ့်မှာ အစိမ်းသက်သက်မျှသာဖြစ်သော အချစ်ရေးကို သူနှင့်အတူ ကောင်းစွာသိမြင်ခံစားရသူတည်း။

ဘယ်လိုမှ ရှောင်လွှဲတိမ်းဖယ်ခွင့် မသာ၍ အမိခံလိုက်ရသော ယုန်သူငယ်လေးလို ဒေါက်တာသက်ခိုင်အချစ်ကို လက်ခံလိုက်သော်လည်း ယိမ့်မှာ စိတ်လွတ်လက်လွတ် ပျော်ရွှင်နိုင်ခြင်းမရှိဘဲ နေ့ရှိသ၍ မွန်းကြပ်မှုကို ခံစားခဲ့ရသူဖြစ်သည်။

မိုးနှင့်မြေပမာ ကွာခြားလှသော ယိမ့်တို့အချစ်ရေးမှာ စိတ်ကူးယဉ်၍ကောင်းရုံမျှသာဖြစ်ကြောင်း ထိုစဉ်ထဲက ယိမ့် ကောင်းစွာ သိရှိနားလည်ထားခဲ့သည်။

ထို့ကြောင့်လည်း ခွဲကြီးစွာ ယိမ့်အချစ်ကို ရယူဖို့ ကြိုးစားခဲ့သူကို ဘယ်လိုမှ မဖြစ်နိုင်ပါကြောင်း အကြိမ်ကြိမ်တောင်းပန်





အသနားခံခဲ့ပါသော်လည်း တစ်ဖက်က ဘာတစ်ခုမှနားမဝင်။

ယိမ့်အချစ်ကိုမှ ရရင် မဖြစ်တော့သည့်အတိုင်း ဇွတ်တိုးကြိုးစားရယူရာ ယိမ့်မှာ သူ့အလိုကျ ခေါင်းညိတ်ခဲ့ရသည့်နေ့မှာပင် သက်ပြင်းအကြိမ်ကြိမ် ရှိုက်ငင်ခဲ့ရလေသည်။

မောင်သည် ယိမ့်ကို ချစ်ခဲ့သည်ဟု ယုံကြည်ခဲ့သည်။ သို့ပါသော်လည်း ချစ်ခြင်းတစ်ခုတည်းဖြင့် ဘဝတစ်ခုကို ပေါင်းစပ်တည်ဆောက်ခွင့်မရှိ။ မိဘအသိုင်းအဝိုင်း ဂုဏ်တံတိုင်း၊ ငွေတံတိုင်းများ စည်းခြားထားသည့်အတိုင်း ယိမ့်သည် မည်သည့်တံတိုင်းကိုမှ ဖိုင်းဖြတ်နိုင်ခြင်း မရှိသူတည်း။

နောက်ဆုံးမှာ ယိမ့်သည် ထားရစ်စွန့်ပစ်ခြင်း ခံရသူဖြစ်ခဲ့ရသည်။ ငွေကြေးချမ်းသာကြွယ်ဝမှုမရှိသဖြင့် ယိမ့်မှာ အချစ်ရေးကို ဆုံးရှုံးခဲ့ရသည်။

စွန့်ပယ်ခြင်း ခံခဲ့ရသည်။

မင်ဝမ်း၏ စကားက ယိမ့်နှလုံးသားကို ထုနှက်လိုက်သကဲ့သို့ နာကျင်ခါးရှသွားလေသည်။ ယိမ့်မိဘများ၏ အဖြစ်မှာလည်း ယိမ့်ဘဝနှင့် အဖြစ်ချင်းအတူတူဖြစ်သည်။

ငွေသည် လောက၏ ဖန်တီးရှင်တန်ခိုးရှင်ဆိုသော စကားက ယိမ့်တို့ မိသားစုလေးကို နင်းခြေရိုက်ခတ်လိုက်သော ပမာဏထုနှုန်းဖြင့် သိနိုင်ပေသည်။

ယိမ့်၏ပါးပြင်ပေါ်၌ လိမ့်ဆင်းတွဲခိုလျက်ရှိသော မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



များကို ဖြေသိပ့်ပေးမည့်သူ တစ်စုံတစ်ယောက်သည် ယိမ့်အတွက် မရှိချေ။

အေးမြသောလေပြေကြောင့် သစ်ရွက်ချင်း ရိုက်ခတ်သံသဲ့သဲ့က ယိမ့်ကို ပြက်ရယ်ပြုလျက် ဖြတ်ကျော်သွား၏။

ဒါ ...ယိမ့် ရင်ဆိုင်ရမည့် ဘဝအစစ်အမှန်ပင်ဖြစ်သည် ပေါ့ရဲ့။ ထို့အတွက် ယိမ့်ကို သနားမည့်သူမရှိ။ စာနာသူကင်းမဲ့ လွှန်းလှချည်ရဲ့ကွယ်။

ယိမ့်သည် ဘယ်လိုမှ ဖြေသည်ရာမရသည့်အဆုံး နာခါးကို ဖက်တွယ်လျက် ကိုယ်လေးသိမ့်သိမ့်တုန်အောင် အသံမထွက်ဘဲ ရှိုက်ငင်မိ၏။





## အခန်း (၄)

ချိုလွင်သာယာသော ကျေးငှက်တို့၏ တွန်ကျူးအော်မြည်သံက ယိမ့်၏နားထဲသို့ ညင်သာစွာ ဝင်ရောက်လာသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ယိမ့်၏ မျက်လုံးလေးများမှာ ဖြေးညှင်းစွာ ပွင့်လာ၏။

ထိုအခါ မျက်ရည်စီးကြောင်းများ ခမ်းခြောက်ပြီဖြစ်၍ တင်းကြပ်နေသော ပါးပြင်ကို သတိထားမိကာ ဖြူနုသွယ်လျသော လက်ကလေးများဖြင့် ဖွဖွညင်ညင် စမ်းသပ်ရင်း ယိမ့်ရင်မှာ စို့နင့်နေ၏။

ယိမ့်သည် ကိုယ့်ကိုယ်ကို သတိမထားမိနိုင်ခင်မှာပင် သူ့အလိုလို တစ်ချက်ရှိုက်ပြီးမှ သူမစိတ်ကို အတတ်နိုင်ဆုံး စုစည်းတင်းမာစေလျက် သူမဘဝဖြစ်ကြောင်းကုန်စင်ကို အပြန်ပြန်အလှန်လှန်



www.burmeseclassic.com

www.burmeseclassic.com



တောစဉ်းစားလျက် သက်ပြင်းကစ်ချက်ကို ဟင်းခနဲချလိုက်သည်။

လို့နောက် ဖြစ်လာသည့်ဘဝကို အကောင်းဆုံး ရင်ဆိုင်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်မှ တင်းကြပ်မှုတို့ အနည်းငယ်ပြေလျော့သက်သာသွားလျက် အိပ်ရာမှ ထလိုက်၏။

တစ်ငွေ့ငွေ့ရှိသော မီးလင်းဖိုကြီးဘေးတွင် ငြိမ်သက်တိတ်ဆိတ်စွာ လဲလျောင်းနေသော မိအိုဖအိုများရှိရာ တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်ပြီးနောက် ကိုယ်လက်သန့်စင်ခြင်းဖြင့် မီးဆွခြင်း ရေနွေးအိုးတည်ခြင်းများကို ဇယ်ဆက်သလို လုပ်လိုက်သည်။

ရေစည်တွင် ရေခမ်းခြောက်လျက် အိုးတွင် ရေမရှိသည့်အဖြစ်ကို အမှတ်ရကာ အနားက ဝါးကျည်တောက်လွတ်များကို ကော်ပိုးခြင်း၊ တောင်းထဲသို့ထည့်လျက် ခေါင်းတွင် လွယ်ချိတ်လျက် ရေဆိပ်သို့ဆင်း၏။

တစ်ပြိုင်နက်ထဲမှာပင် ကက်ဖြူဖြူလေး ဦးခေါင်းမှာဆောင်းပြီး လှပသေသပ်မွေးကြိုင်လန်းဆန်း တက်ကြွနေသော သူနာပြုဆရာမလေး ယိမ့်၏ မြို့ကြီးသူဘဝကို မျက်ဝန်းမှ ဖျတ်ခနဲပြေးမြင်လျက် ငေးငိုင်ငေ့ဝေသွားသည်။

ယိမ့်ရင်သည် လှုပ်ရှားလာ၏။

ပြင်းစွာ ရှိုက်ငိုချင်စိတ်ကို ကျိတ်မြိုရင်း အခုလို ရေဆိပ်ကိုဆင်းပြီး ရေခပ်ရမည်ကို ရှက်သလိုလို ရွံ့သလိုလို သိမ်ငယ်ဝမ်းနည်းနေမိ၏။





ယိမ့်ကိုယ်တိုင် စွန့်ခွာခဲ့သော ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါင်းအဖော် သူငယ်ချင်းများနှင့်အတူ မောင့်ကို သတိရလာ၏။

"အိုလေ ...ဒါတွေကို ယိမ့်ဘာလို့ သတိရနေရဦးမှာလဲ၊ အားလုံးကို ယိမ့်ဘဝထဲက ထုတ်ဖယ်ပစ်လိုက်ပြီ"

"ယိမ့်ဘဝထဲမှာ ဘာတစ်ခုမှ မရှိတော့ဘူး"

ယိမ့်က ဘာကိုသတိရပြီး တမ်းတနေရဦးမှာလဲ။

ယိမ့်သည် ကိုယ့်ဘာသာ တစ်ကိုယ်တည်း အားပေးလျက် ခြေလှမ်းကို ခပ်သွက်သွက် လျှောက်နေမိ၏။ ကွေ့ကောက်သော လူသွားလမ်းလေးတစ်လျှောက်တွင် ကျေးငှက်တို့၏ တီတီတာတာ အော်မြည်သံ ရောင်စုံတောပန်းတို့၏ မွှေးရနံ့တို့ သင်းတုံပျံ့လွင့်နေ၏။

လှပသော ယိမ့်၏ မျက်နှာလေးမှာ စိတ်ဖိစီးနှိပ်စက်ခံရခြင်းဖြင့် နွမ်းနယ်နေသော်လည်း မိုးသောက်ပန်းနှင့်အတူ လှပချိုမြိန်နုပျိုလျက်ရှိသည်။

ကမ်းပါးစွန်းအရောက်တွင် ယိမ့် ခြေလှမ်းလေးများ တုန့်နှေးရပ်တန့်လျက် သဲခြေသောင်စပ် မြင်ကွင်းရှိရာသို့ မျှော်ငေးကြည့်လိုက်သည်။

ပြာညိုညိုတောင်တန်းကြီးများသည် ဖြူလွသော နှင်းမှုန်များကို မလုံတလုံ လွှမ်းခြုံလျက်ရှိသလို နှင်းဆုပ်နှင်းခဲများကြားမှ ခေါင်းပြူတွက်နေသော တောင်တန်းပြာကြီးများကို ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရေဆိပ်သို့ တဖြည်းဖြည်းဆင်းခဲ့သည်။

ငြိမ်းချမ်းခြင်း၊ အေးမြခြင်းသည် ဒီလိုနေရာမျိုးကို ဆိုလိုဟန်တူပေသည်။ လူသူမနီး တောကြီးတောင်ကြီးများသည် ယိမ်မှတို့လို သာမန်လူတွေနှင့် မဆိုင်ချေ။

သူတော်စင်၊ သူတော်မြတ်များအတွက်သာ ဖြစ်ပေသည်။ ယိမ်မှတို့လို လူသားတွေမှာ အလိုလောဘဟူသည် ပြည့်စုံသည်မရှိ။ တစ်မျိုးမဟုတ် တစ်မျိုး ပူပင်ကြောင့်ကြသောင်းတာလျက် အစဉ်တစိုက်ပင် အပူကြီးပူနေကြသူများပီပီ ငြိမ်းအေးမှု အဖက်အမှန်ကို ရှာဖွေရန် ခက်ခဲရယူလိုသူမှာ ရှာမှရှားကြသူများ ဖြစ်ပေသည်။

ထိုအထဲမှာ တစ်ယောက်အပါအဝင်ဖြစ်သော ယိမ်မှသည်လည်း ချစ်သူ၏ ရက်စက်စိမ်းကားမှု အနှစ်ကို နှလုံးသား မခံမရပ်နိုင်စွာ ခံစားကြေကွဲလျက် ထိုနေရာနှင့် အဝေးဆုံးအရပ်သို့ စွန့်ခွာကျောခိုင်းထွက်ပြေးလာခဲ့ရသော အပူသည်သောကသူငွေးမလေးဖြစ်သည်။

"ယိမ်မှ"

"နာခါး"

သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ငေးလျက် ကြည့်နေမိကြသည်။ နာခါးသည် ယိမ်မှတဲ့သို့ပင် ဝါးပိုးကျည်တောက်များကို ခြင်းတောင်းဖြင့် ခေါင်းမှာလွယ်လျက် ကျောပိုးထား၏။





သူ၏မျက်နှာတွင် အပြုံးကိုမြင်ရသော်လည်း လှပသောမျက်နှာလေးမှာ ယိမ်မှထင်သလောက် ရွှင်လန်းခြင်းမရှိချေ။

"အဘောကြီးနိုးနေလား ယိမ်မှ"

"အေး …အိမ်မှာရေမရှိဘူးလေ"

နာခါးသည် ပိုးထားသော ခြင်းတောင်းကို ရေစပ်၌ချ၏။ ထို့နောက် လုံချည်ကို ခပ်တိုတိုပြင်ဝတ်ပြီးလျှင် ရေထဲသို့ဆင်း၍ မျက်နှာကို ငုံ့သစ်၏။

နာခါးမှာ ယိမ်မှနှင့် သက်တူရွယ်တူမျှသာ ဖြစ်သော်လည်း ယိမ်မှခန္ဓာကိုယ်ကဲ့သို့ ပြည့်တင်းကျစ်လစ်ခြင်း မရှိဘဲ ပါးလေးများ ခပ်လျော့လျော့ကျဆင်းစပြုလျက်ရှိ၏။

မျက်နှာကို အရောင်လွှင့်ပြယ်စပြုလျက်ရှိသော တဘက်နွမ်းလေးဖြင့် ပွတ်သုတ်ပြီး ခေါင်းကိုမော့လိုက်သောအခါ ရေစပ်တွင်ရပ်လျက် အဝေး၌ တောင်ပြာတန်းများရှိရာတွင် တိတ်ဆိတ်စွာ အာရုံနှစ်မျောလျက်ရှိသော ယိမ်မှကို အချိုးအစားပြေပြစ်လှပစွာ တည့်နှက်ထားသော ရုပ်ပုံမှာ တွေ့မြင်လိုက်ရသဖြင့် ဘုရင်မတစ်ပါးပမာ တင့်တယ်လှသော ယိမ်မှရုပ်သွင်ကို နာခါးသည် အံ့ဩစိတ်ဖြင့် ငေးစိုက်ကြည့်နေမိသည်။

လှလိုက်တာ …။

လှပခင်းဂါနနယ်သော မျက်နှာလေးမှသည် ကျော့ရှင်းသော လည်တိုင်၊ ဖြူနုဖွေးအုနေသည့် အသားအရေအဆုံး



www.burmeseclassic.com

www.burmeseclassic.com



လှပခြင်း၊ အရိုးပြေပြစ်ညီညွတ်လျက် ခါးသေးရင်ချီ၊ ပဒုမ္မာ မိန်းကလေးမှာ လူ့သာယန်တို့တွင် တွေ့မြင်ရခဲ့သော အလှမျိုးဖြစ်ပြီး တစ်ခါမြင်တွေ့ဖူးရုံနှင့် တစ်သက်မမေ့နိုင်စရာ။

နံနက်အလင်းမှာ ပွင့်သစ်လာသော မိုးသောက်ပန်း၏အလှကဲ့သို့ လန်းဆန်းပြည့်ဝလှသော ယိမ့်ကိုကြည့်ကာ နာခါး၏ရင်ထဲတွင် ကြည်နူးနှစ်သိမ့်အားကျမိခြင်းနှင့်အတူ စိုးရိမ်ပူပင်သောကဖြင့် ပူလောင်ရပြန်သည်။

ယိမ့် ဘာကြောင့် ဇာတိရွာလေးကို ပြန်လာခဲ့ရသည်ကို သေချာရေရာစွာ မသိရသော်လည်း လှပလွန်းသော ယိမ့်အတွက် အန္တရာယ်အချိန်မရွေး ကျရောက်လာနိုင်ကြောင်းကိုဖြင့် ယိမ့်ကိုယ်စား နာခါး တွေးမြင်သိရှိနေနိုင်ခဲ့ပေသည်။

"ယိမ့်"

"ဟင် …ဘာလဲ နာခါး"

နာခါးသည် ယိမ့်ကို ဘာတစ်ခွန်းမှ စကားမဆိုဘဲ မျက်လုံးပြူးကြီးဖြင့် မျက်တောင်မခတ်ဘဲ စူးစူးဝါးဝါးကြည့်လျက်ရှိရာ ယိမ့်သည် နာခါး၏ ထူးဆန်းသောအမူအရာကိုကြည့်လျက် အံ့သြသွားသည်။

"ဘာလဲ …နာခါး ဘာဖြစ်လို့လဲ"

"နင် …ဒီမှာ အကြာကြီးနေလို့မဖြစ်ဘူး ယိမ့်၊ဒီနေရာက နင် အမြန်ဆုံးပြန်မှဖြစ်မယ်"





"ဟင်"

နာခါးက ယိမ့်မျက်နှာလေးကိုကြည့်လျက် ရယ်ပြုံးခြင်းကင်းစွာ အေးစက်စက်ကြီး ဆိုလာသဖြင့် ယိမ့်မှာ ရုတ်တရက်ကြီး ပြောင်းလဲသွားသော နာခါး၏ စကားကို နားမလည်နိုင်ချေ။

ယိမ့်ကို စူးစိုက်ကြည့်နေသော နာခါး၏ မျက်နှာမှာ အမျိုးအမည်ခွဲခြားရခက်လှသော ခံစားမှုဖြင့် တစ်မျိုးကြီးဖြစ်နေတာကဖြင့် ထိတ်လန့်ချင်စရာ။

"နင် …ဘာလို့ တို့ဆီကို ပြန်လာချင်ရတာလဲယိမ့်ရယ်၊ ကိုယ့်ဘာသာ မြို့ကြီးသူလုပ်ပြီး ဟိုမှာပဲ လှလှပပ ချမ်းချမ်းသာသာလေး နေလိုက်ပါလား"

"ဒီနေရာက နင့်အလှနဲ့ မတန်ပါဘူး ယိမ့်ရယ်"

နာခါး၏ မျက်နှာမှာ တည်တန့်လျက်ရှိသည်။နာခါး၏စကားသံမှာ လေးနက်သောအသွင်ကို ဆောင်လျက် ကြေကွဲဆွေးမြေ့ဖွယ် အက်သံမျိုး ဖြစ်သည်။

ယိမ့်သည် နာခါး၏ မျက်နှာကို ငေးငေးကြီး စူးစိုက်ကြည့်နေရာမှ ဖြည်းလေးတုံ့နှေးစွာပင် အကြည့်လွှဲလိုက်သည်။

ကိုယ့်ဝမ်းနာကိုယ်သာသိသည့် အဖြစ်ကို မည်သူ့ကို ရင်ဖွင့်ပြောပြရမည်နည်း။ ယိမ့်သည် ရေကျည်တောက်ခြင်းရှိရာသို့သွားပြီးလျှင် ခြင်းတောင်းကိုလွယ်လျက် ရေထဲသို့ဆင်းကာ ရေကျည်တောက်များကို နှစ်၍ ဆေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နာခါး၊ ယိမ့်မှာ တခြားရွေးစရာလမ်းမ
တော့ဘူး"

ယိမ့်အသံက အေးစက်စက်နှင်းမြူများကြား ပီသကြည်
ပြတ်သာ တစ်လုံးခြင်း ထွက်ပေါ်လာခြင်းဖြစ်သည့်အတိုင်း နာခါးမှ
ဂုတ်တရက် ယိမ့်ရှိရာဘက်သို့ ဆတ်ခနဲ လှည့်လာပြီး စူးစူးစိုက်
စိုက်ကြည့်လျက် မျက်နှာချင်းဆိုင်လိုက်သည်။

"နင့်မှာ ရွေးစရာလမ်းမရှိတော့ဘူးဆိုလို့ နင့်ကို င
ဘာဆက်ပြောရမှန်းမသိဘူး ယိမ့်၊ ဒါပေမယ့် ငါ နင့်ကို နှမြေ
တယ် ယိမ့်"

"နင် ဒီကလူတွေအကြောင်း ဘယ်လောက်များ သိ
လဲဟင်၊ သိပ်လှတဲ့နင့်ကို သူတို့က တစ်နည်းမဟုတ်တစ်နည်း
အန္တရာယ်ပြု ဒုက္ခပေးကြမှာပဲ"

"သူတို့ဆိုတာ ဘယ်သူလဲ"

"ငါပြောပြတော့ရော နင်ကသိမှာမို့လား၊ အကောင်း
က နင် ဒီမှာမနေပါနဲ့ ယိမ့်ရယ်၊ နင့်နေရာကို နင်ပြန်ပါ၊ နင်
ငါ့ပြောစကား နားမထောင်ဘဲ ဒီမှာဆက်နေမယ်ဆိုရင်"

နာခါးသည် အဖြူရောင် မြူနှင်းပြင်ကြီးကို ကြည့်လျ
ပြောနေရာမှ အသံမှာ တုန်ရီနှင့်စို့လျက် ရပ်တန့်သွား၏။ ထို့နေ
တွေတွေကြီး ငေးငိုင်နေရှာသော ယိမ့်ဘက်သို့ လှည့်၍ ခြော
ကပ်ကပ်နှင့် ရယ်လိုက်ပြန်သည်။





"နင် ငါ့ကိုခြိမ်းတယ်မဟုတ်လား ယိမ့်၊ ငါတစ်ကိုယ်လုံး
နင့် သေချာကြည့်စမ်းပါဦး၊ တို့နှစ်ယောက် သက်တူရွယ်တူဖြစ်ပြီး
ဘယ်လောက်များ ကွာခြားနေသလဲဆိုတာ"

ယိမ့်သည် နာခါးစကားကြောင့် စိတ်မကောင်းဖြစ်သွားရ
လျက် ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နေသော နှလုံးသားကို ခေတ္တ
မေ့ထားကာ နာခါးကို စိတ်မကောင်းစွာကြည့်နေရင်း ထိခိုက်သွား
ရသည့်အတိုင်း သူငယ်ချင်းဖြစ်သူကို နှစ်သိမ့်မှုတစ်စုံတစ်ရာ ပေးနိုင်
ဖို့ ကြိုးစားမိသည်။

"အဲဒါတွေ မပြောစမ်းပါနဲ့ နာခါးရယ်၊ နင် အခုလို ခံစား
နေရတာကိုကြည့်ပြီး ယိမ့် စိတ်မကောင်းပါဘူး၊ နင်ဟာ ယိမ့်
အတွက် အမြဲတမ်း သူငယ်ချင်းကောင်းတစ်ယောက်ဆိုတာ ဘယ်
တုန်းကမှ မမေ့ခဲ့ပါဘူးလေ၊ နင် မှတ်မိဘယ်မဟုတ်လား နာခါး
ယိမ့်ကို ယောဒီသောင်ပြင်ပေါ်မှာပဲ လူဆိုးဖွပ်လက်က နင်ကယ်
ခဲ့တာလေ"

"အေး ...အဲဒါ အရင်တုန်းက၊ အခုချိန် နင့်မှာ အန္တရာယ်
ရှိလာရင် ငါကယ်နိုင်တော့မယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့"

"တော်ပါတော့ နာခါးရယ်၊ ယိမ့်ကလည်း နင့်ကိုချည်း
အပြစ်အားကိုးမယ့်သူမဟုတ်ပါဘူး၊ ဒီကိုပြန်လာပြီးကတည်းက ယိမ့်
ကိုတာ အရာရာကို ရင်ဆိုင်ဖို့ သတ္တိတွေမွေးခဲ့ပါပြီ"

"ဟင်း ...နင့်ကို ငါဘယ်လိုပြောရမှန်း မသိဘူး ယိမ့်၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပုပဲ အေးအေးဆေးဆေး ပြောပြရတော့မှာပဲ”

စိတ်မချမ်းမြေ့လှသော နာခါး၏ မျက်နှာကို နားမလည် နိုင်စွာ ကြည့်လျက် ယိမ့် ငြိမ်သက်နေမိသည်။ ရေကျည်တောက် များကို တိတ်ဆိတ်စွာ ရေဖြည့်ရင်း ခြင်းတောင်းထဲ ထည့်လိုက် ၏။

ယိမ့်သည် ညထဲက သူမရင်ဆိုင်ဖြတ်သန်းရမည့် ဘ ခရီးကို အကြိမ်ကြိမ် စဉ်းစားတွေးတောခဲ့ပြီးပြီ ဖြစ်သည့်အတိုင် လာမယ့်ဘေး ပြေးတွေ့ရုံသာ ရှိလေသည်။ ခါးကို ဆန့်လိုက်သော အခါ ယိမ့်ရှေ့၌ ရေမှန်ကြည့်နေသော တောင်ပြာပြာကြီးကို မြင် ၏။

တောင်ပြာပြာကြီး၏ ခါးတွင် ဖြူသော မြူပဝါပါး မလုံ့မလဲ ရစ်ပတ်ထား၏။ နာခါးသည် ယိမ့်ဘက်သို့ လှည့်လိုက် ၏။

“နင် ...ဟောဟိုတောင်ပေါ်နေတဲ့ ရှန်လွန်း သိလား”

“ဟင့်အင်း ...ဘယ်သိမလဲ၊ ယိမ့်က ဒီမှာနေတဲ့သူ မဟုတ်ဘဲ”

“အေး ...အဲဒီကောင်အကြောင်း ပြောပြရင် နင့် ရန်ကုန်မြို့ကြီးကနေပြီး ကျောင်းတက်၊ အလုပ်လုပ်လာတဲ့ မိန်း လေးတစ်ယောက်အနေနဲ့ သိပ်အံ့ဩမယ်သိလား၊ ပြီးတော့





သိပ်ပြီး ကြောက်လန့်သွားမှာပဲ”

“ဘာလဲ ...အဲဒီလူက လူဆိုးလူမိုက်ကြီးမို့လား၊ အဲဒါမျိုး တွေ ယိမ့် ကြားဖူးသားပဲ”

“အမလေး ...လူဆိုးလူမိုက်ဆိုတာ ဘာဆန်းလဲ၊ လူတိုင်း သိတာပဲ၊ အခု ရှန်လွန်းက မိန်းမလှလှလေးတွေမြင်ရင် မနေနိုင် မထိုင်နိုင် ဇွတ်သိမ်းပိုက်တာကိုပြောတာ”

“ဟင်”

“သူလိုချင်ပြီဆိုရင် ဘယ်လောက်ခက်ခဲပါစေ မရရ အောင် ဇွတ်အတင်း ကြိုးစားပြီး ရယူတတ်တာ အားလုံးအသိ”

“အို”

ယိမ့်သည် နာခါးစကားကို အမှန်ပင် ထိတ်လန့်တုန်လှုပ် သွားသည်။ လှပသော ယိမ့်၏ ရုပ်ရည်မှာ ဖုံးဖိ၍မရနိုင်ချေ။ ထိုအလှကြောင့်ပင် မောင်က ယိမ့်ထံမှ အချစ်ကို နည်းအမျိုးမျိုး ဖြင့် ရယူဖို့ ကြိုးစားခဲ့ကြောင်း ပြန်တွေးမိလာခြင်းက ယိမ့်ရင်ကို တစ်ခဏအတွင်း မွန်းကျပ်ရှုပ်ထွေးသွားစေသည်။

“ပြီးတော့ ...သူက ဒီမှာ ပိုက်ဆံအရှိဆုံး၊ သိပ်ပြီး ချမ်းသာတယ်၊ သူပိုင်ပစ္စည်းနဲ့ ဥယျာဉ်ခြံမြေတွေဆိုတာ လက်ညှိုး ထိုးမလွဲ နေရာတိုင်းမှာရှိတာပဲ”

လေးပင်စွာ အဆုံးသတ်လိုက်သော နာခါး၏စကားမှာ ယိမ့်အတွက် ဘယ်လိုမှ စိတ်သက်သာနိုင်ဖွယ်ရာမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်သည် အခုမှ နာခါး ဘာကြောင့် သူမကို ဒီမှာ မနေစေချင်တာလည်းဆိုတာကို သဘောပေါက်နားလည်လာရခြင်းကြောင့် သူငယ်ချင်းဖြစ်သူကို ကျေးဇူးတင်သောမျက်လုံးများဖြင့် တုံ့ပြန်ကြေးကြည့်ရင်း ထိတ်လန့်တုန်လှုပ်နေသောစိတ်ကို ဇွတ်အတင်းချုပ်တည်းမျိုသိပ်လိုက်၏။

ထို့နောက် ရေခြင်းတောင်းကြီးကို ကျောတွင်ပိုးကာ ခေါင်းတွင် ရစ်သိုင်းလျက် သဲလမ်းလေးအတိုင်း ရှေ့မှဦးဆောင်တက်ခဲ့ရာ နာခါးလည်း တိတ်ဆိတ်စွာပင် ယိမ့်နောက်ပါးမှ အတူလိုက်ပါလာသည်။

တိတ်ဆိတ်ခြင်း၏အဓိပ္ပာယ်ကို သူတို့နှစ်ဦးစလုံး နားလည်သဘောပေါက်လျက်ရှိရာ စကားများစွာပြောသည်ထက်ပင် ပို၍ထိရောက်လျက်ရှိသည်။

ကုန်းဆင်းလေးထိပ်သို့ ရောက်သော် ကျည်တောက်များကိုယ်စီကျောပိုးလျက် ရေခပ်ဆင်းလာသော မိန်းကလေးတစ်အုပ်နှင့် ရင်ဆိုင်တိုးမိကြလေသည်။

အားလုံး၏အကြည့်က ယိမ့်ထံမှာ စုပြုံရောက်လာကြသလို တစ်ယောက်တစ်ခွန်း ပြောလာသော စကားသံတို့မှာလည်း သူ့အလိုလို တိတ်ဆိတ်သွား၏။

မိန်းမအုပ်စုတွင် အသက်အရွယ်အမျိုးမျိုး ပါဝင်သလို ယိမ့်တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းပြန့် စူးစူးရှရှကြည့်နေရာမှ ယိမ့်ကို





မှတ်မိလာပုံရသော တစ်ယောက်မှ ရှေ့ထွက်လာပြီး ...

"ဟေး ...နင် ယိမ့်မဟုတ်လား၊ဘယ်တုန်းက ပြန်လာတာတုန်း၊ တို့ဖြင့် ညည်းငယ်ငယ်က ဒီလောက် လှလာလိမ့်မယ်လို့ မထင်မိဘူး"

"အာ ...လို့ အခုတော့ တစ်သွေးတစ်မွေးကြီး လှလိုက်တာများ ဝင်းစက်နေတာပဲ၊ ဟဲ့ ...နင့်မိဘတွေတော့ သမီးချောရလို့ ကြီးပွားချမ်းသာဦးတော့မယ်ဟေ့"

မိန်းကလေးအုပ်စုနှင့် အဒေါ်ကြီးတို့ကြားမှာ ယိမ့်သည် ငိုရခက်၊ ရယ်ရခက်လှသော မျက်နှာဖြင့် ပြောသိုမေးမြန်းနှုတ်ဆက်သမျှ တုံ့ပြန်ဖြေကြားရင်း ငိုချင်စိတ်ပြင်းလျက်ရှိသည်။

"ငါ ...သွားမယ် ယိမ့်၊ နင့်ဘာသာ ဉာဏ်ရှိသလောက်စဉ်းစားပါ"

နာခါးသည် ယိမ့်ကို ဘာတစ်ခုမှ အပြောမခံတော့ဘဲ နေရာမှ ချာခနဲလှည့်ထွက်သွားရာ ယိမ့်မှာ နာခါး၏ စေတနာပါလှသော စကားကို နားထောင်ကာ ရင်နင့်လျက် ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ယိမ့်သည် လူကသာ တိတ်ဆိတ်ငြိမ်သက်နေသော်လည်း လှုပ်ရှားနေသော စိတ်အစဉ်မှာဖြင့် တစ်စက္ကန့်ကလေးမှ အနားမရဘဲ ယောက်ယက်ခတ်အောင် လှုပ်ရှားပြေးလွှားရင်း ဟင်းခနဲ သက်ပြင်းချလိုက်လေသည်။

ယိမ့်အဖြစ်က တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်လှပေသည်။ ဆုတ်လည်းစူး စားလည်းရူး အခုမှလာရာလမ်းအတိုင်း ပြန်ရမည်ဆိုလျှင်ကောင်း လမ်းခရီးတစ်လျှောက် သုံးစွဲရမည့် ခရီးစရိတ်သုံးစွဲရန် ငွေနှင့် ယိမ့်လက်ထဲမှာ ကျန်ရှိသော ငွေပမာဏမှာ ရင်လေးစရာဖြစ်၏။

အလုပ်က အပြီးတိုင်နှုတ်ထွက်လာခဲ့ပြီဖြစ်သလို သူမပိုင်ပစ္စည်းလေးများကို ထုခွဲရောင်းချခဲ့ရပြီးနောက် ယိမ့်တွင် တခြားမျှော်





လင့်စရာ မရှိသည့်အတိုင်း ခြေရာလည်းပျောက် ရေလည်း နောက်ခဲ့ပြီဖြစ်သည်။

မောင့်မျက်နှာ၊ မောင့်အကြောင်းကို ပြန်တွေးမိတိုင်း ထိုအရပ်နှင့် အဝေးဆုံးသို့သာ ထွက်ပြေးရှောင်ပုန်းလိုသူဖြစ်သည့်အတိုင်း သူမ အသည်းနှလုံးကို မွမွကြေနင်းခြေရက်သော နေရာသို့ နောက်ထပ်တစ်ဖန်သွားရန် စိတ်ကူးပင် မယဉ်မိနိုင်အောင် ဆတ်ဆတ်ခါ နာကျင်မဆုံးသေးချေ။

ဟိုကိုပြန်သွားချင်သလို၊ ဒီမှာနေပြန်တော့ လှပသော သူမအတွက် အန္တရာယ်မကင်းကြောင်း သိလျက်နှင့် တခြားရွေးချယ်စရာလည်း မရှိ။

သူမ၏ မိဘများမှာလည်း အိုမင်းရင့်ရော်လှပြီဖြစ်ရာ ယိမ့်ကို ကောင်းမွန်သောအကြံဉာဏ် ပေးနိုင်ဖို့ထက် မှီခိုအားထားရာတစ်ခုအဖြစ် ဝမ်းမြောက်နှစ်သိမ့်လျက်နေကြသည်မှာ သူမ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

ယိမ့်သည် သူမ မြို့မှယူဆောင်လာသော စားကောင်းသောက်ဖွယ်ပစ္စည်းများကို မိဘနှစ်ပါးအား သူမကိုယ်တိုင် အထူးပြင်ဆင်ကျွေးမွေးပြုစုကာ မိဘနှစ်ပါးနှင့် သူမဘဝ နေထိုင်ရပ်တည်ရေးကို စဉ်းစားတွေးတောနေမိသည်။

ယိမ့်၏အစ်ကိုဖြစ်သူမှာ သင့်တင့်သောစပါးနှင့် ရိက္ခာအခြောက်အခြမ်းလေးများကို မိအိုဖအိုများအတွက် ထားရစ်ခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုဂျလောက်သော အရေအတွက်မှာ သေချာတွက်စစ် ကြည့်မည်ဆိုလျှင် မပြောပလောက်ချေ။

ရာသီဥတုမှာ အေးမြလွန်းလှသဖြင့် ထိုအချမ်းဒဏ်ကို အံတုဖက်ပြိုင်ရန် လုံလောက်သော ထင်း၊ မီးသွေးများ အသင့်ရှိနေ၍ မီးလင်းဖိုကို မပြတ်မီးထည့်ပေးနိုင်သဖြင့် တော်ပေသေးသည်။

အဘိုးကြီး၊ အဘွားကြီးများမှာ အချိန်ပြည့် ထိုမီးလင်းဖိုဘေးမှာသာ ထိုင်လျက် တစ်ဖုံ၊ လဲလျောင်းလျက်တစ်မျိုး အခါးရေသောက်ရင်း ဆေးလိပ်လိပ်ရင်း၊ ဖွာရှိုက်ရင်း တီးတိုးစကားဆိုလျက် ယိမ့် လှုပ်ရှားသမျှကို ကျေနပ်နှစ်သိမ့်သော အပြုံးကိုယ်စီဖြင့် ကြည့်ရှုငြိမ်သက်နေတတ်ကြပြီး ယိမ့်ကို စကားများများမဆိုကြပေ။

ယိမ့် ဖြစ်စေလိုသည်မှာ ထိုသို့မဟုတ်သော်လည်း ကိုယ်ဖြစ်ချင်တိုင်း ဘာတစ်ခုမှ လိုက်၍မဖြစ်နိုင်သော သဘာဝတရားကြီးအတိုင်း ယိမ့်သည် စိတ်တိုင်းမကျသော်လည်း ကြိုးစားလျက်နေတတ်သလို နေမှဖြစ်တော့မည်ဆိုသည့်အတွေးကို နှလုံးသားဖြင့်ရင်းလျက် ရခဲ့သူဖြစ်သည်။

အိုလေ …ဘာပဲဖြစ်ဖြစ်ပါ။ သူတို့ဟာ ယိမ့်ရဲ့ မိဘတွေပဲ။ ဖွယ်ဖွယ်ရာရာ စကားမဆိုတတ်ပေမယ့် သူတို့ရဲ့သမီးလေးဖြစ်တဲ့ ယိမ့်ကိုတော့ ရင်ထဲက ချစ်နေရှာမှာပါပဲ။

အလိုမကျသောအတွေးတို့ကို မောင်းထုတ်ပြီး နေရာမှ





ဝုန်းခနဲထလိုက်သည်။ မီးဖိုခွင်ပေါ်ရှိ ပွက်ပွက်ဆူနေသော ရေနွေးကို ကရားထဲသို့ သွန်ထည့်ဖြည့်ဆည်းပေးလိုက်ပြီး ရေအသစ်ထပ်ထည့်လိုက်သည်။

ထို့နောက် ညစ်ပတ်ရှုပ်ထွေးလျက်ရှိသော တစ်အိမ်လုံးကို လှုပ်လှုပ်ရှားရှားနှင့်ပင် သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းလိုက်သည်။

သူမရောက်ကတည်းက အမြဲပိတ်ထားသော ပြတင်းပေါက်များကိုလည်း ခပ်ကြမ်းကြမ်း ဆွဲဖွင့်၏။ စိတ်မှာအလိုမကျတိုင်း ကြေကွဲဝမ်းနည်းရတိုင်း သူမအာရုံအားလုံးကို အလုပ်ထဲမှာ နှစ်မြှုပ်ပစ်လိုက်သည်။

ဒေါသမပြေသေးမီ လုပ်စရာကုန်သွားလေပြီ။ တစ်အိမ်လုံး နေသားတကျဖြစ်ကာ ရှင်းလင်းသပ်ရပ်သွား၏။ ဘာများဆက်လုပ်ရပါ့ဟုတွေးရင်း ငယ်စဉ်ကနေ့တိုင်းလုပ်ခဲ့ရသော အလုပ်ကို သတိရ၏။

ထို့ကြောင့်ပင် လုံဖတ်ဟုခေါ်သော ရှုတ်ခမ်းတစ်ဖက်သာ ရှိသော ဆန်ကောတစ်ချပ်ကို ယူကာ အိမ်ရှေ့သို့ ဆင်းခဲ့သည်။ အိမ်၏နံရံထောင့်တစ်နေရာရှိ ပုတ်ငယ်အတွင်းမှ စပါးတချို့ကို လောင်းထည့်ယူပြီးနောက် ဆုံတွင်ထည့်၍ ထောင်းလိုက်သည်။

သူတို့အရပ်တွင် ထမင်းချက်ရန် အဆင်သင့် ဆန်မရှိပေ။ ယနေ့ချက်ရန် ဆန်အတွက် ယခုလိုပင် ပုတ်တွင်းရှိစပါးကိုထုတ်ယူ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းထောင်းကုချက်ပြုတ်ကြသည်မှာ ခလေ့ဖြစ်သည်။

ယိမ့်သည် ငယ်စဉ်က ပြုလုပ်ခဲ့သော ထိုဓလေ့ကို အခု ထိမမေ့။ လက်ဆုံကျည်ပွေ့နှင့် နှစ်ပေါင်းများစွာ ကင်းကွာခဲ့ရပြီ ဖြစ်သော ယိမ့်သည် စိတ်ရှိလက်ရှိ ထုထောင်းရင်း မကြာမီပင် ဖြူနုဝင်းဝါသွယ်လျသော လက်အစုံမှာ အဖုဖုထကုန်၏။

စိတ်တွင် မကျေမချမ်းဖြစ်တိုင်း ဒေါသနှင့် ပြုလုပ်နေမိ ခြင်းကြောင့်လည်း ထိုအဖုလေးများမှာ ပေါက်ပြဲကုန်ကြလေသည်။

လှပသော ယိမ့်မျက်နှာလေးမှာ ချွေးစို့လျက် နီမြန်းနေ ရုံသာမက ဆံယဉ်နုလေးများမှာလည်း စိုသောချွေးဖြင့်ကပ်လျက် ကပိုကရိုနှင့် တစ်မျိုးအလှတိုးကာ ချစ်မြတ်နိုးဖွယ် ဖြစ်လေသည်။

ယိမ့်သည် လက်ဆုံကျည်ပွေ့ကို ပစ်ချလိုက်ပြီး သူမ လက်ကလေးများကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

ဘဝဆိုတာ ဒါပဲထင်ရဲ့ဟု တွေးရင်း နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်သည်။ ရင်လှိုက်စို့လာသော်လည်း မျက်ရည် ကျဖို့ သူမ မစဉ်းစားတော့ပေ။

ယိမ့်တွင် နောက်ထပ်ငိုစရာ မျက်ရည်မကျန်တော့တာ လည်း ဖြစ်နိုင်သည်။ ထို့နောက် လုံဖတ်ကိုယူလျက် ဖွဲကြမ်းရော နေသော ဆန်များကို ပြာပစ်လိုက်သည်။

ယိမ့်၏ အစိမ်းနုရောင် မွေးညှင်းနုလေးများတွင် ဖွဲမှုန့် ကပ်ငြိလျက် ယိမ့်သည် တကယ်တောင်ပေါ်သူလေးတစ်ယောက်





ပမာ လှုပ်ရှားလျက်ရှိသည်။

ပြာပြီးဆန်များကို လက်ဆုံတွင်ထည့်ကာ နောက်တစ်ကြိမ် ထောင်းပြန်သည်။ စပ်ဖျင်းသော လက်အနာကို ဂရုမစိုက်။

လောကကြီး၏ အဆင်မပြေမှုများ၊ ဘဝ၏နာကြည်းမှု များ၊ ခါးသီးကြေကွဲဖွယ် အချစ်ရေး၊ ငွေမရှိလျှင်၊ ဂုဏ်မရှိလျှင် မည်မျှပင် ချောမောလှပသူဖြစ်ပါစေ ဂုဏ်တံတိုင်း၊ ငွေတံတိုင်း ပိုင်းခြားသမျှ လည်စင်းခံရမည့်အချစ်ရေး။

အားလုံးသော ခံစားချက်များကို တပေါင်းတည်း စုဝေး ကာ စိတ်ရှိလက်ရှိ ထုနှက်ရိုက်ခွဲပစ်နေပုံပေါက်နေသော ယိမ့်ရင် တွင်း ခံစားချက်ကိုဖြင့် မည်သူမျှ အလုံးစုံ နားလည်နိုင်ကြမည် မဟုတ်ပေ။

လုပ်ငန်းခွင်ကို သွားမည့် မိန်းကလေးတချို့က ယိမ့်ကို အထူးအဆန်းသဖွယ် ရပ်ကြည့်နေကြသည်။ တစ်ဖက်မှ လျှောက် လာကြသော လူ-ရွယ်နှစ်ယောက်မှာလည်း ထိုမိန်းကလေးများနှင့် အတူ ရောနှောကာ ယိမ့်ကို ကြည့်ကြပြန်သည်။

ယိမ့်သည် ထိုအခြေအနေကို သတိထားမိခြင်း မရှိသေး ဘဲ ချက်ပြီးသားထမင်းကို လက်ဆေးပြီး ဆန်ကို စပါးမှနေ၍ ဖက်ခဲမောပန်းစွာ ထုနှက်ထောင်းပြာကာ အမောတကော လုပ်ယူ နေရသည့် အဖြစ်များကို မတွေးပါဘဲနှင့် သူ့အလိုလို ခေါင်းထဲ ကို ရောက်လာကာ အသည်းနှလုံးအစုံမှာ ဆတ်ဆတ်ခါနာလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။

ချစ်ခြင်းမေတ္တာဟူသည် ငွေဆိုသောအရာလောက် အသုံးမဝင်ကြောင်း သူမ သိခဲ့ရပေပြီ။ ဂုဏ်မရှိသော၊ ငွေမရှိသော မိန်းကလေးသည် အခု ယိမ့် ခံစားရသလို တစ်ဘဝလုံး နလန်မထူနိုင်အောင် ခံစားရမည်ဖြစ်သည်။

စစ်မှန်သော ချစ်ခြင်းမေတ္တာမှာ တစ်ထောင့်တစ်နေရာတွင် ရှိကောင်းရှိနေနိုင်မည်ဖြစ်သော်လည်း အတုအယောင်များလှသော ဤကမ္ဘာမြေပေါ်တွင် အစစ်အမှန်ကို ရှာဖွေရန် အင်မတန် ခက်ခဲရှည်ကြာမည်ဟု ယိမ့် ထင်သည်။

အတွေးကွန်ချာထဲမှာ ချာချာလည်နေစဉ်မှာပင် ဆန်များဖြူဖွေးသွား၏။ လုံဖက်တွင်းသို့ ဆန်များထည့်ပြီးနောက် ဆန်ကောကို ဘေးသို့ချပြီး လုံချည်ကို ခပ်တိုတိုပြင်ဝတ်လိုက်ချိန်ကျမှပင် သူမကို အထူးအဆန်းသဖွယ် ကြည့်ရှုနေသော လူစုကို မြင်လေသည်။

ဒေါသလည်းထွက်၊ မောကလည်းမော၊ ကြေကွဲဝမ်းနည်းဖြင့် ထိထိခိုက်ခိုက်ကြီး ဖြစ်နေသော ယိမ့်မျက်နှာမှာ ရှုပ်ထွေးရောမွှေလှည့်လည်နေသော ခံစားချက်ပေါင်းစုံဖြင့် တင်းမာခက်ထန်လျက် စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်ရာ လူစုမှ ယိမ့်အကြည့်ကြောင့် သူ့အလိုလို အစုကွဲသွားပြီး ခြေဦးတည့်ရာသို့ ထွက်သွားကြ၏။





သူတို့အတွက် သိပ်လှသည့် ယိမ့်ကို အခုမှမြင်တွေ့ဖူးကြသဖြင့် အထူးအဆန်းဖြစ်ကာ တောစောင့်နတ်သမီးတစ်ယောက်ကိုယ်ထင်ပြပြီး အဘိုးအိုလင်မယားထံ ရောက်နေသကဲ့သို့ မှတ်ထင်နေကြမည်လား မဆိုနိုင်။

ယိမ့်သည် လုံဖက်ကို ခါးထက်တင်ကာ မပြောင်းလဲသော မျက်နှာနှင့်ပင် အိမ်ထဲသို့ဝင်ခဲ့သည်။ထိုအခါ ယိမ့်၏ဖခင်ကို အပြင်သွားတော့မည့်အသွင်ဖြင့် တွေ့လိုက်ရပြီး ခြင်းပလိုင်းတစ်ခုကိုလွယ်လျက် အိမ်ထဲသို့ဝင်လာသော သမီးဖြစ်သူကို တစ်ချက်မျှ လှမ်းကြည့်ပြီး အိမ်ပြင်သို့ ထွက်သွားတာကို မြင်လိုက်ရသည်။

အိမ်ပြင်ဘက်သို့ ရောက်လျှင်ရောက်ချင်း ယိမ့်ဖခင်ဖြစ်သူနှင့် တခြားမိန်းမတစ်ယောက် နှုတ်ဆက်ကြသံ၊ မေးသံဖြေသံများကို ကြားရသည်။

အစိက ပြောဆိုသည့် အကြောင်းများမှာ ယိမ့်ကို သိပ်လှသည့် နတ်သမီးတစ်ယောက် မိုးပေါ်ကကျလာသလို ရုတ်တရက်ရောက်ရှိလာသည့်အတွက် အံ့ဩဝမ်းသာကြောင်းနှင့် မကြာမီပင် ယိမ့်မိဘများ ချမ်းသာကြွယ်ဝတော့မည်ဖြစ်ကြောင်း ချီးမွမ်းပြောဆိုကြခြင်းတည်း။

ယိမ့်ကို ရောင်းကုန်တစ်ခုလို သဘောထားကာ မင်္ဂလာကြေးအများဆုံးပေးနိုင်မည့်သူလက်ထဲ ထိုးအပ်တော့မည့်အသံများ



www.burmeseclassic.com

www.burmeseclassic.com



က ယိမ့်၏ အသင်မပြေလှသော စိတ်ကို ပိုဆွပေးသကဲ့သို့ ရှိလေသည်။

ယိမ့်သည် ဒေါ်သနှင့်ပင် ထောင်းပြီးဆန်များကို အိုးထဲသို့ထည့်လျက် ထမင်းချက်ရန် ပြင်ဆင်လိုက်သောအခါ အရေပြားလန်လျက်ရှိသော ယိမ့်လက်အစုံမှာ ရေထိသဖြင့် တွန့်ခနဲဖြစ်သည်အထိ အလွန်စပ်လာ၏။

ရေကို စင်အောင်သုတ်ပြီးနောက် ယိမ့်သည် ကိုယ့်အဖြစ်ကို ဝမ်းနည်းထိခိုက်စွာ ဘယ်လိုမှ ချုပ်တည်းမထားနိုင်ဘဲ အင့်ခနဲရှိုက်ငိုလိုက်မိပြန်သည်။

ယိမ့်အတွက် အသက်ရှင်သန်ခြင်း၏ အဓိပ္ပာယ်မှာ ဘာပါနည်း …။

ယိမ့်တွင် ပျော်ရွှင်စရာ၊ စိတ်ကျေနပ်ကြည်နူးစရာ ဘဝ၏ပျော်လင့်ချက်မှန်သမျှ မြူတစ်မှုန်စာမျှပင် မရှိချေ။

ဒုက္ခပင်လယ်ဝေနေသည့်ဘဝမှာ အရာအားလုံးသည် စိတ်ပျက်ညည်းငွေ့ဖွယ်ရာတွေချည်း ဖြစ်ရုံမက အခန့်မသင့်လျှင် အန္တရာယ်ဆိုးနှင့် ကြုံနိုင်သည့်ဘဝမှာ ယိမ့် မည်သို့မည်ပုံ နေထိုင်အသက်ရှင်ရမှန်းမသိနိုင်ဘဲ ဖြစ်နေ၏။

"ယိမ့် …သမီး"

"ဟင်"

ယိမ့်သည် သူမနှင့် အလွန်နီးကပ်စွာ မျက်နှာချင်းဆိုင်





လှသော မိခင်ကြီးကို အံ့အားသင့်လှစွာဖြင့် ငိုရှိုက်နေရာမှ မော့ကြည့်လိုက်၏။

ပြုံးနေသော မိခင်ကြီးမှာ မျက်နှာပေါ်တွင် အရေးကြောင်းများထလျက် ခေါင်းတွင် အနက်ရောင်အဝတ်တစ်ခုဖြင့် ရစ်ပတ်ပုံးဖွဲ့ထားပြီး တွဲလွဲကျနေသော နားတွင် နားကပ်မရှိချေ။

ကွမ်းသွေးတို့ကြောင့် မည်းရောင်သန်းနေသော နှုတ်ခမ်းကိုကို အစွမ်းကုန်ဖွင့်လျက် ခပ်ပြုံးပြုံးအမူအရာ၊ အလွန်စိတ်ရှည်ဟန်အကြည့်များဖြင့် ယိမ့်၏ လှပသော မျက်နှာကို နူးညံ့သိမ်မွေ့စွာ ငေးလျက်ကြည့်နေ၏။

နှုတ်ခမ်းသာပြုံးသည်မဟုတ်၊ ရီဝေဝေ ဖျော့တော့တော့ပုံမှေးမှေး မျက်ဝန်းအစုံမှာလည်း ပြုံးလျက် ဖြစ်ချင်သလို ဖြစ်လာသမျှအာဝကို မျက်စေ့စုံမှိတ်၍ ကြံ့ကြံ့ခံတတ်လျက် အလွန်သဘောကောင်းဟန် ရိုးစင်းလှသော အမေတစ်ယောက်၏ ခံစားချက်ကို ပြင်တွေ့လိုက်ရသဖြင့် ယိမ့်ရင်မှာ လှိုက်ခနဲ နင့်စို့သွားသည်။

"ထမင်းချက်ရတာ သိပ်များပင်ပန်းနေသလား ယိမ့်၊ မိုးလက်တွေနာရင် မလုပ်ပါနဲ့၊ အမေပဲလုပ်ပါ့မယ်ကွယ်၊ သမီး ငြိမ်လေးထိုင်နေပါ"

ယိမ့်အမေသည် အလွန်ညင်သာစွာမေးရင်း ယိမ့်၏ ပေါက်ပြဲနေသော လက်ကလေးများကို သနားကြင်နာစွာ ငုံ့ကြည့်၏။

ယိမ့်သည် မိခင်ကြီး၏မျက်နှာကို ငေးစိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားကာ အော်ဟစ်ငိုယိုချင်လာသည်။ သူမရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်ပေါက်ကွဲပစ်ချင်လာ၏။

နောက်ဆုံး နေရာမှ လှစ်ခနဲပြေးထွက်ကာ ချောင်ကျလှသော နောက်ဖေးထင်းများထားရာနေရာမှာ ချုံးပွဲချငိုပစ်လိုက်သည်။

သူမတို့မိသားစုဘဝသည် အလွန်ပင် သနားစရာကောင်းလှသည်။ ဆွေမျိုးသားချင်းလည်း မရှိ။ မိမိကိုယ်သာ အားကိုးရာဘဝဖြစ်သည့်အတိုင်း ဖြစ်သည့်ဘဝကို ရဲရဲရင်ဆိုင် ရှင်သန်ကြိုးပြင်းနေထိုင်ခဲ့ကြရသူများ ဖြစ်သည်။

တသိမ့်သိမ့်ရှိုက်ငိုနေသော ယိမ့်ပခုံးပေါ်သို့ အလွန်ညင်သာစွာ လက်တစ်ဖက် ကျလာ၏။ ထိုလက်ပိုင်ရှင်က တခြားသူမဟုတ်။ ယိမ့်၏ မိခင်ကြီးဖြစ်သည်။

"မငိုပါနဲ့ကလေးရယ် ...သမီး ကြာကြာအခင်းရဲပါဘူးနော်၊ အခုပဲ သမီးကို ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာထားနိုင်ဖို့ စီစဉ်နေပါပြီ"

ယိမ့်သည် ရုတ်တရက် မိခင်ကြီး၏ ဆိုလိုရင်းကို နားမလည်နိုင်သေးချေ။

"သမီးအပါက ဉာဏ်ရှိဘာပဲလေ၊ အမေတို့ မိသားစုတစ်ခုလုံးကို သူပဲ ဦးဆောင်လုပ်ကျွေးလာတယ်မဟုတ်လား၊ ခုပဲကြည့်လေ အမေတို့ရွာကလူတွေ ဘယ်သူမှမပို့နိုင်တဲ့နေရာရောက်အောင် သူ့သမီးကို ပို့ပေးခဲ့ပြီးပြီမဟုတ်လား"





"အေး ...အခု သမီးပြန်လာတယ်လေ၊ သူ ဘာလုပ်ရမယ်ဆိုတာ တခြားလူတွေထက် ပိုသိပါတယ်ကွယ်၊ သမီး စိတ်ကောင်းကောင်းထားပါလေနော်"

အလွန်နူးညံ့သက်သော အသံဖြင့် တယုတယ ကြင်နာစွာ ချော့မော့နှစ်သိမ့်လျက် ယိမ့်ကို အငိုတိတ်ဖို့ ကြိုးစားနေသော မိခင်ကြီး၏ စကားလုံးတိုင်းကို ယိမ့်ကိုယ်တိုင် လုံးစေ့ပတ်စေ့ နားမလည်ချေ။

သို့သော်လည်း မိခင်ကြီးပြောသမျှ စကားတို့ကို ယိမ့်တွင် ဆက်လက်နားထောင်လိုစိတ်လည်း မရှိ။ မျက်ရည်ကိုသာ ကြိုးစားသုတ်ပြီး အငိုကို ရပ်တန့်ပစ်လိုက်သည်။

ယိမ့်၏ မိခင်ကြီးမှာ သမီးဖြစ်သူ၏ စိတ်သဘောထားကို ကောင်းစွာနားမလည်။ သမီးဖြစ်သူ အားရှိစိတ်ပျော်လာစေရန် မိမိတို့၏ ကြံရွယ်ထားချက်ကို အဖေကြီးပြန်မပြောပြမီ မိမိကပင် ရှေ့ဦးဆုံး ပြောပြနိုင်၍ ဤမျှ ချစ်လိုစဖွယ်လှပလွန်းသော သမီးကလေး စိတ်ပျက်အားငယ်ဝမ်းနည်းနေသမျှ အမြန်ဆုံး ပျောက်ကင်းပျော်ရွှင်စိမ့်သောငှာ တတ်စွမ်းသမျှ ကြိုးစားလျက်ရှိသည်။

"အခုပဲကြည့်ပါဦးလေ ...သမီးလေး ရန်ကုန်က ပြန်လာပြီဆို အားလုံးက သိပ်လှလို့ အံ့သြဝမ်းသာနေတယ်မဟုတ်လား၊ အခုနေ့သမီး အပျိုမလှလှဆို တော်ရုံနဲ့မဖြစ်ဘူးနော်၊ လူချမ်းသာလပိုင်လလို လူမျိုးနဲ့မှဖြစ်မှာ၊ ဒီကောင်း အားကြီးချမ်းသာတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ပ''

''သူသာ …သမီးကိုမြင်ရင် အမေတို့ အပါးတို့ ပြောစရာပလိုဘူးပလေ''

ယိမ့်သည် အခုမှ မိဘနှစ်ပါး၏ စိတ်ကူးအကြံဉာဏ်ကို သိရှိရိပ်မိကာ ပို၍ရှက်ငင်လာပြီး နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ထားလိုက်သည့်တိုင် သမီး၏ အရိပ်အခြေကို မသိသော အမေဖြစ်သူမှာ ယိမ့်လက်ကို တယုတယ ဆွဲကိုင်ရင်း ယိမ့် စိတ်ချမ်းသာစေရန် ဆက်ချော့နေ၏။

''တိတ်ပါကလေးရယ် …သမီးပူစရာမရှိပါဘူးလေ၊ ငါ့သမီးလေးမို့ ပြောတာမဟုတ်ဘူးနော့ သမီးရုပ်ရည်နဲ့ ဒီတစ်သက်ဘယ်တော့မှ မဆင်းရဲနိုင်ဘူး၊ လဖိုင်လလို လူချမ်းသာနှင့်မယူခင်အလို …ရလိုက်မယ့် ပစ္စည်းတွေဆိုတာ''

ယိမ့်သည် မပီသသော အသံနှင့် မခံမရပ်နိုင်စွာ ဟာစ်အော်ပစ်လိုက်၏။ ထို့နောက် သူမ အိပ်ခန်းရှိရာသို့ အပြေးသွားကာ အိပ်ရာမှာ ကိုယ်ကိုမှောက်ချလိုက်သည်။

ထို့နောက် သူမပါးစပ်ကို လက်ဖြင့်ထပ်ပိတ်ကာ အသံမထွက်အောင် ကျိတ်မှိတ်ရှိုက်ငိုပစ်လိုက်မိတော့သည်။





## အခန်း (၆)

ခြောက်ပေနီးပါးခန့် အရပ်အမောင်းနှင့် လိုက်ဖက်ညီသော တောင်ပေါ်သားတစ်ယောက်၏ သန်မာတောင့်တင်းမှုအပြည့်ရှိသလို အသားညိုညိုနှင့် လဖိုင်လ၏ ရုပ်ရည်က တိုင်းရင်းသားချောချောသူတစ်ယောက်ဖြစ်သည်။

ယောကျ်ားပီသ၍ ကြည့်ကောင်းသော ရုပ်ရည်ရှိရုံမက တောင်ပေါ်ရွာကြီးတစ်ခု၏ အချမ်းသာဆုံး သူဌေးကြီး၏ တစ်ဦးတည်းသောသားဖြစ်သည့်အတိုင်း သူဆက်ခံရရှိမည့် အမွေအနှစ်စုစုပေါင်း၏တန်ဖိုးမှာလည်း မနည်းလှချေ။

တောင်ပေါ်သူ မိန်းမပျိုလေးများနှင့် သမီးရှင်မိဘများအတွက် လဖိုင်လမှာ အိပ်မက်မင်းသားတစ်ပါးဖြစ်သည်။

လဖိုင်လ၏ မေတ္တာပန်းကုံးကို အပျိုမတိုင်း လိုချင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အပြိုင်အဆိုင် အလုအယက်ပင် ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရင်း အချိန်ကုန်လူယန်းဖြစ်နေကြသူများစွာကြားမှာ အချစ်ဆိုတာကို မခွဲခြားတတ်နိုင်အောင်ပင် ပျော်သလို တော်သလိုနေရင်း ရောက်လေရာအရပ်မှာ ရှုပ်ထွေးပွေလီလှသော လဖိုင်လသတင်းမှာလည်း တောမီးပမာ ပျံ့နှံ့လျက်ရှိသည်။

သို့စဉ်လျက် လဖိုင်လ လှုပ်ရှားသွားသော ကိုကျဲ့ပေါက်၏ မေတ္တာစက်ကွင်းကို ဘယ်အပိုမှ ရှောင်လွှဲမသွားလိုကြဘဲ နည်းအမျိုးမျိုးဖြင့်သာ တိုးဝင်ဖို့ ကြိုးစားနေသော မိန်းကလေးများကြောင့် လဖိုင်လကိုယ်တိုင် ဟိုလူယူကကောင်းနိုး၊ ဒီလူယူကကောင်းနိုးနှင့် ဘာကိုမှ ခွဲခြားမရနိုင်ဘဲ တွဲလာခဲ့ရာ လဖိုင်လနှင့် လွတ်သည်ဆိုသော အပျိုမရှိသလောက် ဖြစ်လေသည်။

မည်သည့် မိန်းမငယ်လေးမှာ သူလိုလူတစ်ယောက်အတွက် အသင့်တော်ဆုံး ဘဝကြင်ဖော် ဖြစ်နိုင်မလဲဆိုတာ တွေးရင်းရွေးရင်း မြည်းကောင်းတုန်း ဖြစ်၏။

အပြိုင်အဆိုင်ဖြစ်သောကြောင့် သူ့ထက်ငါ ပါအောင် ဆွဲဆောင်စည်းရုံးရင်း နောက်ဆုံး လဖိုင်လ သူ့နှလုံးသွန်း မှောက်လို မှောက် ဖြစ်နေကြရသူတွေလည်း မနည်းလှချေ။

အားလုံးကို လဖိုင်လက ငွေကြေးပေးကာမ်းထောက်ပံ့ခြင်း ကြိုက်နှစ်သက်ရာ လက်ဆောင်ပစ္စည်းများ မပြတ်ပေးပို့ခြင်းဖြင့် မဟာသီဒေဝီဖြစ်မည့်ရက်ကို လက်ညှိုးရေတွက် စောင့်စားနေကြ





သူ မည်မျှရှိသည်ကိုက လဖိုင်လသာ သိလေသည်။

လဖိုင်လ၏ ပြည့်စုံကြွယ်ဝချမ်းသာခြင်းကို ယိမ့် မိဘများ သိပင်သိကြသော်လည်း ဟိုးတုန်းက အရေးလုပ်ပြီး စိတ်ဝင်စားခြင်း မရှိသော်လည်း မြို့ကြီးပြကြီးမှ သိပ်လှသော သမီးဖြစ်သူ ယိမ့် ရောက်လာသောအခါတွင် သမီးဖြစ်သူ၏ အချောအလှနှင့် ထိုက်တန်သော သတို့သားမှာ တခြားသူမရှိ။

လဖိုင်လကိုသာ တန်းခနဲ မြင်ကြသည်။ ဤမျှ နုနယ်လှပသော ယိမ့်သည် ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းလာသူတို့နှင့် လုံးဝမတူ။ တရွကွဲပြားခြားနားနေပုံနှင့် ဆင်းရဲတွင်းနက်လှသော သူတို့အိမ်ဂေဟာနှင့် သမီးဖြစ်သူ မလိုက်ဖက် မတင့်တယ်ပုံ၊ ကြာရှည်နေထိုင်ရန် အဆင်မပြေပုံတို့ကို ရှေးရှု၍ ယိမ့်ကို သူဌေးဖြစ်သူ လဖိုင်လနှင့် အမြန်ဆုံး လက်ထပ်ပေးစားနိုင်မှ တော်မည်ဟု မိဘနှစ်ဦးစလုံး တိုးတိုးကြိတ်ကြိတ် တိုင်ပင်ဆွေးနွေး အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

သမီးဖြစ်သူ၏ အလှကိုသာ လဖိုင်လ မြင်တွေ့မိရုံနှင့်ပင် တခြားသမီးရှင်တွေလို မျက်နှာငယ်ခံပြီး ကြိုးစားနေရန်မလို။ ဤနေရာက သွားပါဆိုလျှင်တောင် မောင်းထုတ်၍မရဟု ကြိုတင်တွေးသိထားပြီးဖြစ်သည်။

လဖိုင်လလိုလူနှင့်သာ လက်တွဲခွင့်ရမည်ဆိုလျှင် ယိမ့် ဘဝတစ်လျှောက်လုံး ဘာတစ်ခုမှ မပူမပင် မကြောင့်မကြ ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နေထိုင်သွားရမည့်အရေးကို သမီးဖြစ်သူ ဘာကြောင့် ဝမ်းပသာနိုင်မှန်း ယိမ့်မိခင်ကြီးမှာ တွေးမရနိုင်ဘဲ ရှိလေသည်။

ရုတ်ခြည်း ရူးသွပ်သွားဘိသကဲ့သို့ သံကုန်အော်ကာ အိပ်ရာထက်မှာ လူးလိမ့်ငိုယိုနေသည့်အဖြစ်မှာ မကြုံစဖူး ထူးကဲလှချည်ဟု အောက်မေ့ပြီး ယိမ့် ပစ်ထားသော ထမင်းအိုးကို ဆက်ချက်နေ၏။

ယိမ့်သည် ထိုနေ့တစ်နေ့လုံး မိုးစုန်းစုန်းချုပ်နက်သည့်အထိ မိဘနှစ်ပါးစလုံးကို စကားတစ်လုံးမှ မပြောသလို အစားလည်းမစား၊ အခန်းထဲမှာ တုတ်တုတ်မလှုပ် ငြိမ်သက်နေရာ သမီးဖြစ်သူ အကဲမရလှသော အခြေအနေကို အကဲခတ်ရင်း လင်မယားနှစ်ယောက် တိုးကျိတ်စွာ တိုင်ပင်စကားဆိုနေမိကြသည်။

နောက်ဆုံးရလာသည့်အဖြေက ယိမ့်ကို သူတို့ရည်မှန်းထားသည့် လဖိုင်လနှင့် အမြန်ဆုံး အိမ်ထောင်ချပေးရေးပင်တည်း။

ယိမ့်အတွက် ကံကောင်းချင်၍ပဲလား၊ ကံဆိုးချင်၍ပဲလား မသိ လဖိုင်လကိုယ်တိုင် သူ့ဇာတိရွာမှာ ရှိမနေဘဲ ခရီးလွန်နေခြင်းက လှပသော ယိမ့်၏အလှသတင်းစကားကို မကြားသိနိုင်ဘဲ ဖြစ်နေသည်။

အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးသွား၏။ ယိမ့်သည် စိတ်ကို ဘယ်လိုပင် အေးဆေးငြိမ်သက်မှုရှိအောင် ကြိုးစားသော်လည်း မရ။ ဆောက်တည်ရာမဲ့ ထူထူပူပူကြီး ဖြစ်နေ၏။ ငါပြန်





လာမိတာ မှားလေခြင်းဆိုသည့် နောင်တတရားမှာ ယိမ့် အတွေးအာရုံကို မပြတ်စိုးမိုးနှိပ်စက်နေသည်။

နီးရာမြို့ကို အမြန်သွားပြီး မောင့်ကို ဖုန်းဆက်ခေါ်ရလျှင် ကောင်းမည်လား။ သို့တည်းမဟုတ် ငွေပို့ပေးရန် အမြန်ဆုံး မှာယူရမည်လားဟု အတွေးပေါင်းစုံဖြင့် ယောက်ယက်ခတ်နေ၏။

ဤသို့ပြုလုပ်လိုက်လျှင် မောင်က ယိမ့်ကို မည်သို့ထင်မြင်ယူဆလေမည်နည်း။ မောင်သည် ယိမ့်ကို အမှန်တကယ်ပင် ချစ်မြတ်နိုးသည်ဟု ယုံကြည်သော်လည်း မောင်နှင့် ယိမ့်သည် တကယ်တန်း မည်သို့မျှ တရားဝင်ပိုင်ဆိုင်ပတ်သက်မှု တစ်စုံတစ်ရာ မရှိသေးပါ။

ဤသို့သော အခြေအနေမှာ ယိမ့်ကို မောင့်ကွယ်ရာမှာ မောင့်မာမီနှင့် အစ်မအပျိုကြီးတို့က သူတို့သား၊ သူတို့မောင်နှင့် လုံးဝသဘောမတူနိုင်ပါကြောင်း သားသမီးချင်း ကိုယ်ချင်းမစာနာ ပစ်ပစ်ခါခါ ပြောဆိုကြသဖြင့် အခုလို မောင်နှင့်ဝေးရာကို ထွက်ပြေးလာခဲ့သူဖြစ်သည်။

မောင့်မာမီကိုယ်တိုင် ပေးအပ်လာသော ငွေကို တစ်ပြားတစ်ချပ် မယူခဲ့သည့် ယိမ့်က အခုမှ မောင့်ထံကို ငွေပို့ပေးပါရန် ပြောဆိုတောင်းခံမည်ဆိုလျှင် မောင့်မာမီ ပြောဆိုစွပ်စွဲသလိုပင် ယိမ့်မှာ ငွေမက်သော မိန်းကလေးသာ ဖြစ်ပေတော့မည်။

ထိုအခါ မောင်အပါအဝင် မောင့်မိသားစု အသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



က ယိမ့်ကို အဝင်အမြင်သေး စက်ဆုပ်ကြမှာ သေချာပါသည်။

ယိမ့်သည် စိတ်ကူးဖြင့်ပင် မဖြေနိုင်သော ထိုအကြံအစည်ကို ချက်ချင်း ပယ်ဖျက်ပစ်လိုက်သည်။ မောင်မသိအောင် ခြေရာဖျောက်ခဲ့ပြီးမှ အသစ်တစ်ဖန်ပြန်ပြီး အဆမဖော်လိုတော့ပါဟု စိတ်နှလုံးကို ခိုးခိုးချလိုက်သော်လည်း သူမအပေါ် ကျရောက်လာမည့် အန္တရာယ်အရေးကို မည်သို့မည်ပုံ ကာကွယ်ရမှန်း မတွေးတတ်နိုင်ချေ။

ယိမ့်၏ ချစ်မြတ်နိုးတတ်သော နှလုံးသားနှင့်ဘဝကို သူမ၏ အသည်းအသက်နှင့်တူလှသော ချစ်ရသူထံမှာ အပြီးတိုင် ပေးဆက်အပ်နှင်းထားပြီ ဖြစ်သည့်အတိုင်း တခြားသည့်သူတစ်ဦးတစ်ယောက်ကိုမှ လက်ခံတုံ့ပြန်ရန် မဖြစ်နိုင်ပါ။

မောင်က ယိမ့်၏အချစ်၊ ယိမ့်၏ ဘဝ။ ယိမ့်အတွက် မြတ်နိုးအားထားယုံကြည်ရာ။ မောင့်မှာ တစ်ပါးတခြားသူလက်ထဲမှာ သူမဘဝကို ညှိုးနွမ်းအောင် အသုံးပြုခွင့်မပေးနိုင်။

ချစ်သောမောင့်အတွက် ထိုအရာမှာ ယိမ့်၏ သစ္စာတရားဖြစ်သည်။ ယိမ့်၏ အချစ်ဖြစ်သည်။ မောင်နှင့် မဆုံစည်းနိုင်သ၍ ယိမ့်သည် သူမဘဝကို စောင့်စည်းထိန်းသိမ်းရမည်။

ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ယိမ့်သည် မျက်ရည်များကို စင်အောင်သုတ်ပြီးလျှင် အိပ်ရာမှ လူးလဲထလိုက်သည်။

ထို့နောက် နာခါးရှိရာသို့ အရေးတကြီးထွက်ခဲ့သည်။





မှောင်သော အိမ်ငယ်ထဲမှ ထွက်လိုက်သည်နှင့် အပြင်မှာ လသာနေသည်ကို တွေ့ရသည်။

လဖိုင်လသည် ယိမ့်၏ အလှသတင်းကြောင့် မကြာမီ ယိမ့်ရှိရာသို့ ရောက်ရှိလာပေတော့မည်။

ထိုအခါ ယိမ့်တွင် ပြေးစရာမြေ ရှိချင်မှရှိပေလိမ့်မည်။ ထိုအတွက် အခုထဲက သူမဘက်က တတ်စွမ်းသမျှ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်လှပေသည်။

ယိမ့်ကို အကောင်းဆုံး အကြံပေးကူညီမည့်သူမှာ နာခါးမှလွဲ၍ တခြားသူမရှိကြောင်း ယိမ့် ကောင်းစွာ နားလည်သဘောပေါက်ထား၏။

စိမ်းစိုသော သစ်တောသည် တောင်ပြာတန်းကြီးများကို နောက်ခံပြုလျက် လှချင်တိုင်းလှနေ၏။ တောင်ပြာပြာကြီးများအပေါ်တွင် အဖြူရောင် တိမ်စိုင်တိမ်လိပ် တိမ်ခဲကြီးများမှာ ကောင်းကင်ပြင်ထက်တွင် ခန့်ညားစွာ နေရာယူထားကြသည်။

ဤတိမ်ဖြူကြီးများကို စီးလျက် ပုံပြင်တွေထဲကလို မောင်ရှိရာကို လိုက်ပါသွားခွင့်ရလျှင် အဘယ်မျှ ကောင်းလိုက်မည်နည်းဟု စိတ်ကူးယဉ်ကြည့်မိ၏။

ထိုအခါ မောင့်မာမိနှင့် အစ်မဖြစ်သူတို့ကို လွမ်းဆန်ပြီး မောင်က ယိမ့်ကို ဝမ်းသာအားရ လက်တွဲခေါ်ယူနိုင်ပါမည်လားဟု တွေးရင်း ဝမ်းနည်းလာကာ ထိုနေရာမှာပင် သူမအတွေးကို အဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်၏။

တကယ်တော့ မောင်က ယိမ့်ကို ချစ်ပါတယ်ဟု ကိုယ့်ကိုယ်ကို အားပေးနေမိသည်။ တစ်ဖြည်းဖြည်း မြင့်တက်သွားသော ကုန်းမြေကို နင်းဖြတ်ရင်း နာခါး အိမ်ကလေးကို လှမ်းမျှော်ကြည့်လိုက်သည်။

ယိမ့်ထက် နှိုင်းစာလျှင် နာခါး၏ဘဝက ပို၍အေးငြိမ်းပေလိမ့်မည်။ နာခါး၏ အိမ်ဘက်သို့ ချိုးကွေ့လိုက်သောအခါ အိမ်ပေါ်သို့မရောက်မီမှာပင် သီချင်းညည်းသံသဲ့သဲ့ကို အဦးဆုံးကြားရသဖြင့် သူမအထင်မှာ မှန်ကန်ကြောင်း အတည်ပြုလိုက်သည်။

ပွင့်နေသည့်တံခါးအတိုင်း လှမ်းတက်ခဲ့ရာ နာခါး၏ သီချင်းသံမှာ ရုတ်တရက်တိတ်သွားပြီး ချိုသာကြည်မြစွာ ရယ်မောလိုက်သော ယောကျာ်းနှင့် မိန်းမတစ်ယောက်၏ အသံကြောင့် လှမ်းလက်စ ယိမ့် ခြေလှမ်းအစုံမှာ ရပ်တန့်လျက် အံ့သြမင်သက်သွားသည်။

ယိမ့်သည် နာခါးကို မမြင်ရသေး။

အတွင်းပိုင်းတစ်နေရာဆီမှ တီးတိုးစကားပြောသံ လှုပ်ရှားသံနှင့်အတူ နာခါးကို ယိမ့် တစ်ခါမှမမြင်ဖူးသော လူတစ်ယောက်နှင့် ယှဉ်တွဲလျက် ထွက်လာတာကို မြင်လိုက်ရသည်။

“ယိမ့်ပါလား ...ခဏလေးနော်”





ယိမ့်ထက် အသက်ကြီးပုံရသော ဧည့်သည်ယောကျာ်းမှာ အံနားမှာ နာခါးနှင့်အတူ ရှိနေပုံကိုပင် သတိရဟန်မတူတော့ဘဲ ယိမ့်၏ လှပသော မျက်နှာလေးကိုသာမက တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းပြန် စူးရဲစွာ ကြည့်လျက်ရှိရာ ယိမ့်အပါးမှ ထိုလူကို နာခါးက လျင်မြန်စွာ ခေါ်ယူသွား၍သာ တော်တော့သည်။

နှုတ်ဆက်စကားပြောသံနှင့် တဖြည်းဖြည်း ဝေးသွားသော ဧည့်သည်ပျောက်သွားမှ နာခါးတစ်ယောက် ယိမ့်ရှေ့သို့ ရောက်လာပြီး ယိမ့်ကို စေ့စေ့ကြည့်လေသည်။

“အမလေး ...မျက်နှာကလည်း ငိုထားလိုက်တာ နီရဲပို့အစ်နေတာပဲ၊ ပြောစမ်းပါဦး ...အိမ်မှာ ဘာဖြစ်လာတာတုန်း”

နာခါးသည် ယိမ့်လက်ကိုဆွဲပြီး အတူထိုင်စေလျက် မေးလိုက်ခြင်းဖြစ်သည်။ စိတ်ညစ်ညူးရှုပ်ထွေးလျက်ရှိသော ယိမ့်သည် နာခါးကိုပင် ကောင်းစွာ မကြည့်နိုင်ဘဲ သူမအတွက် အရေးတကြီး လိုအပ်လျက်ရှိသော အကူအညီကို နာခါးထံမှ လျင်မြန်စွာပင် ပြောဆိုတောင်းခံလိုက်မိပေသည်။

“နာခါး ...ယိမ့်တော့ ဒီမှာနေလို့မဖြစ်တော့ဘူး၊ အဲဒါ နင် ငါ့ကို ဒီနေရာက အနီးဆုံးမြို့ကို လိုက်ပို့ပေးစမ်းပါ၊ ဟိုရောက်ရင် ငါ့အသိမိတ်ဆွေတစ်ယောက်ဆီကို ကြေးနန်းလည်းပို့မယ်၊ ဖုန်းလည်းဆက်မယ်၊ အဲဒီက ငွေလာတာနဲ့ ရန်ကုန်ကိုပြန်မယ်၊ နောက်ပြီး ယိမ့် ရန်ကုန်ကို မပြန်မချင်း နင် ယိမ့်နဲ့အတူလာနေပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ နင့်ကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ပါဘူး နှာခါးရယ်၊ ယိမ့်ကို ကူညီပါနော်သူငယ်ချင်း"

ပြောရင်း စို့နင့်လာကာ ယိမ့်မျက်ဝန်းအစုံမှာ မျက်ရည်များ ပြည့်အိုင်လာသလို အသံမှာလည်း တုန်ရီတိုးဝင်ဖျော့တော့သွားလေသည်။

နှာခါးသည် ယိမ့်ကို မတုန့်မလှုပ် တွေတွေကြီး စူးစိုက်ကြည့်လျက် ငြိမ်သက်နေ၏။

"နှာခါး ...နင် ယိမ့်ကို ကူညီမယ်မဟုတ်လားဟင်။ အခု ယိမ့်ကို အိမ်က လဖိုင်လဆိုတဲ့ လူနဲ့ ပေးစားဖို့ ပြောနေကြပြီ"

"လဖိုင်လနဲ့လား ...သူ့ကို နင် တွေ့ပြီးပြီပေါ့"

"ဟင့်အင်း ...မတွေ့ဖူးပါဘူး။ ဟိုတစ်နေ့က အဖေ သူ့ဆီသွားတယ်ပြောတယ်၊ အဲဒါ နင်သိလားဟင်၊ သမီးရှင်တစ်ယောက်အနေနဲ့ ဘယ်လောက်ရှက်စရာကောင်းတယ်ဆိုတာ သူတို့မတွေးဘူး"

နှာခါးက ယိမ့်ကို ဘာမှမသိနားမလည်သော ကလေးငယ်တစ်ယောက်ကို မြင်တွေ့ရသလို သနားကရုဏာသက်စွာ ငေးလျက်ကြည့်နေ၏။

မြို့ကြီးသူ ယိမ့်သည် အရာရာကို မြို့သူတစ်ယောက်၏ အတွေးအမြင်ဖြင့်သာ နှိုင်းယှဉ်လျက် သူ့အဖြစ်ကို ကြေကွဲဝမ်းနည်းမဆုံးစွာ သိမ်ငယ်ရှက်ရွံ့လျက်ရှိကြောင်း နှာခါး ကောင်းစွာနား





လည်သဘောပေါက်ပါသည်။

"လဖိုင်လကို နင် တွေ့ကြည့်ပါဦးလေ၊ ပြီးတော့မှ စိစဉ်ရာရှိတာ စီစဉ်ကြတာပေါ့"

"ဘယ်လို ...ယိမ့်က အဲဒီလူကို ဘာကိစ္စ တွေ့ကြည့်ရမှာလဲ နှာခါးရဲ့"

မခံချင်စိတ်ဒေါသလေးဖြင့် ကဲကဲဆတ်ဆတ် တုံ့ပြန်လာသော ယိမ့်ကို နှာခါးက ဂရုမစိုက်လှချေ။

"သူ့လိုလူတစ်ယောက်နဲ့ တွေ့ကြည့်လို့ နင် မရှုံးပါဘူး ယိမ့်ရဲ့၊ ဒီလိုနေရာမှာ နင်သာ သူ့ကိုအပိုင်ရရင် တစ်သက်လုံး ခေါင်းမော့ရင်ကော့နေနိုင်ပြီ"

"ဒီအတွက်နဲ့တော့ ပြန်ပြောချင်စရာ မဟုတ်သေးပါဘူး ဟယ်၊ လဖိုင်လကို"

"အို ...တော်ပါတော့ နင့်လူကို နင်ပဲယူ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ"

"ဟဲ့ ...ယိမ့်ရဲ့ ငါတို့မရှုလို့ပေါ့၊ အဲ ...နင့်ကိုမြင်ရင်တော့ ဒီကောင် တခြားဘယ်ကိုမှ မပြေးနိုင်ပါဘူးလေ၊ ဒါကိုကပ်းသာဂုဏ်ယူစရာပါ ယိမ့်ရယ်၊ တခြားအန္တရာယ်တွေလည်း သူ့ကလိုလို ကာကွယ်ပြီးသား ဖြစ်သွားတာ ဘယ်လောက်ကောင်းလဲ"

"ယိမ့်တော့ သေချင်တာပဲ နှာခါးရယ်၊ နင်ကပါ ယိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုစကားတွေပြောရင် ဒီနေရာက ထွက်ပြေးလို့ရပါဦးတော့မလား၊ ယိမ့်တော့ ဒီကိုပြန်လာမိတာ သိပ်မှားသွားပြီထင်တယ်"

အားကိုးအားထားရာဟု ထင်မှတ်ထားသော တစ်ဦးတည်းသော အချစ်ဆုံးသူငယ်ချင်းမှာ ယိမ့်၏ ဘက်တော်သားလုံးလုံး ဖြစ်မလာ၍ စိတ်ဆင်းရဲခြင်းကြီးစွာ ညည်းညူရင်း ယိမ့်သည် တွေတွေကြီး ငိုင်နေ၏။

နာခါးသည် သူတို့နှင့် လုံးဝမတူတော့ပြီဖြစ်သော မြို့ကြီးသူလှလှလေးကို ကြည့်လျက် သက်ပြင်းရှိုက်လိုက်သည်။

ယိမ့်နေရာမှာ တခြားသူတစ်ယောက်သာဆိုလျှင် လဖိုင်လလို လူမျိုးနှင့် အမြန်ဆုံး ဆုံတွေ့ရန် ဆုတောင်းနေပေလိမ့်မည်။ ထို့အတူ လှပသော သူမအရည်အချင်းအတွက် မာန်တက်ဂုဏ်ယူလျက် စိတ်ကြိုက်မင်္ဂလာကြေးကို အဖိုးတန်ဆုံး၊ ကြေးအကြီးဆုံး တောင်းဆိုရန်မှတစ်ပါး တခြားစဉ်းစားမည် မဟုတ်ပါ။

"နေစမ်းပါဦးလေ ...ဒီလောက်ကြီးလည်း စိတ်ညစ်မနေစမ်းပါနဲ့၊ ငါက ကိုယ်ချင်းစာပြီးပြောလိုက်မိတာပါ၊ ဒီကောင်က ငါတို့တောင်ပေါ်သူလေးတွေကို သူ့စိတ်ကြိုက်တွေ့ပြီး မယူချင်ဘူးလေ၊ ဒီမှာက သူနဲ့ ကင်းလွတ်တဲ့ မိန်းကလေးရယ်လို့တောင် သိပ်မရှိတော့ဘူး၊ ငါ့လို မိန်းကလေးကိုလည်း ဘယ်အလွတ်ပေးလိမ့်မလဲ၊ သူနဲ့ငါ ဆယ်ကြိမ်လောက် တွေ့ဖူးကြပြီးပြီ"

"အို"





ယိမ့်သည် နာခါး၏မျက်နှာကို ခပ်ကြောင်ကြောင် ကြည့်...မှ ဆတ်ခနဲ ထရပ်လိုက်၏။ ထို့နောက် နာခါး၏ လှပသော ...နှာလေးကိုကြည့်တာ အသည်းနှလုံးတွေ လှိုက်ဖို့မောကျင်ခြင်း၊ ...လန့်တုန်လှုပ်ခြင်းများနှင့်အတူ ထွက်ပြေးတော့မည်ကဲ့သို့ ...ိုက်ရာ နာခါးက ယိမ့်၏ လက်ကလေးတစ်ဖက်ကို တင်းကျပ် ...ုပ်ယူဆွဲကိုင်ဟန့်တားထားလိုက်လေသည်။

"ယိမ့်ရယ် ...နင့်ကိုကြည့်ရတာ ထိတ်ထိတ်ပြာပြာနဲ့ ...းရှေ့ရောက်နေတဲ့ သမင်လေးလိုပါလား၊ ငါ နင့်ကို အများကြီး ...းမိတယ် ယိမ့်ရယ်၊ ငါ...နင့်ကိုကူညီမှာပါ၊ ဒါပေမယ့် ...တင်းကို သူတို့လည်း ကြားပြီးပြီဆိုတော့ လဖိုင်လ နင့်ဆီ ...အမြန်ဆုံး ရောက်လာလိမ့်မယ်ပ"

"ဟင်"

"နင့်ကို သူတွေ့သွားပြီဆိုရင် ရှောင်ပြေးဖို့ခက်လိမ့်မယ်၊ ...သတို့နေမှ ဖြစ်မယ်နော်"

"ဒါဖြင့်လည်း အဲဒီလူနဲ့ မတွေ့ခင် ယိမ့်တို့ ဒီနေရာက ...သွားကြရအောင်လား နာခါးရယ်ဟင်"

"ယိမ့် အိမ်ကိုလည်း မပြန်ချင်တော့ဘူးသိလား"

"ဟော့ ...နာခါး"

ယိမ့်ပြောသမျှကို ငြိမ်သက်စွာ နားထောင်နေသော နာခါး ...အိန်ပေါက်ဝမှ သူမအမည်ခေါ်ရင်း တက်လာသော လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို မြင်လိုက်သည်နှင့် ဆုပ်ကိုင်ထားသော ယိမ့်လက်ကလေးကို ညင်သာစွာ ဖြေလွှတ်လိုက်၏။

"နင် …အိမ်ကပဲစောင့်နေ ယိမ့်၊ ငါ နင့်အိမ်ကို လိုက်လာခဲ့မယ်၊ သွားတော့"

နာခါးသည် ယိမ့်ကို ကျော်ပြီး ဧည့်သည်ကို ဆီးကြိုနှုတ်ဆက်လိုက်ရာ ယိမ့်သည်လည်း သူ့တစ်ကိုယ်လုံး စားမတာတ်ဝါးမတာတ် စူးစိုက်ကြည့်နေသော ဧည့်လုစိမ်းရှေ့မှ အပြေးလေး ထွက်လာခဲ့ရပေတော့သည်။

## အခန်း (၇)

လေးလံသောခြေလှမ်းများက ဘယ်ဆီကို ဦးတည်နေနိုး ယိမ့်ကိုယ်တိုင် မသိတော့ပေ။ အိမ်ကိုပြန်လျှင် မိတနှစ်ပါးနှင့် မျက်နှာချင်းဆိုင်ရမည့်အရေးကိုလည်း စိတ်မှာလေးနေ၏။

ထို့ကြောင့်ပင် သူမအိမ်လေးနှင့် အတော်အလှမ်းဝေးသော နေရာသို့ ဦးတည်လျှောက်ရင်း ကညင်ပင်ကြီးအောက်မှာ သူမကိုယ်လေးကို ပြေလျော့စွာမှီလျက် သူမလာရာလမ်းကို မှန်းမျှော်ကြည့်ငေးနေမိသည်။

မျက်စိရှေ့တွင် ပြာလွင်သော တောတန်းကြီးများက တံတိုင်းသဖွယ် ဆီးကာထားလျက်ရှိ၏။တောင်၏အထွတ်အဖျားတွင် အပြာရောင် မိုးကောင်းကင်ပြင်က ဂူနွေ့ကြီးရင့်စွာ ယိမ့်တို့ကိုငုံ့လျက် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောတောတုန်းက ယိမ့် မြင်တွေ့ခဲ့ရသော တိမ်တော
တိမ်တောများလည်း မရှိတော့ပြီ။ အဝေးဆီတွင် မှုန်ရီရီ မြူခြည်ဆိုင်းနေ
ယိမ့်သည် ဝေးမိဝေးရာဝေးရင်း အတွေးများ ပျံ့လွင့်လျ
ရှိရာ သူမရှိရာသို့လျှောက်လာသော ခြေသံကိုပင် မကြားမိလို
ပေ။

မျက်စိတည်ရာ စူးစူးဝေးဝေးကြီး စိုက်လျက်ရှိနေသော
ယိမ့်မျက်စိရှေ့သို့ အသားညိုညို ထောင်ထောင်မောင်းမောင်း
ပေါက်တစ်ကောင်နှင့်တူသော လူတစ်ယောက် ဘွားခနဲရောက်လာ
မှ ယိမ့်သည် ထိတ်လန့်တုန်လှုပ်သွားရလျက် ပျော့ပျောင်းစွာ
နေသော သဏ္ဍာန်မှာ ဆတ်ခနဲဖြစ်သွား၏။

“မင်းက ယိမ့်လား”

“ဟင်”

“ရှင် ...ရှင်က ဘယ်သူလဲ”

ယိမ့်သည် သူမအမည်ကို ရဲဝံ့ပိုင်စိုးစွာ မေးလာသ
ကျွဲပေါက်တစ်ကောင်လို သန်မာလှသော လူကို ကြည့်ရင်း ထစ်
တုန်ရီစွာ မေးလိုက်ရာ ထိုလူက ယိမ့်၏ ကြောက်ရွံ့နေသော
အမူအရာကိုပင် ကျေနပ်သဘောကျစွာ ကြည့်လျက် ဖြူဖွေးညီ
သည့် သွားများပေါ်သည့်အထိ အသံထွက်၍ ရယ်လေသည်။

“ကျုပ်နာမည် လဖိုင်လလေ”

“အို”





လဖိုင်လ ...။

ထိုအမည်က ယိမ့်နားထဲမှာ မိုးကြိုးပစ်ချလိုက်သကဲ့သို့ ကျယ်လောင်စွာ မြည်ဟီးသွားသလို လဖိုင်လ၏ မျက်နှာကို မော့ အကြည့်မှာ ကျဉ်းမြောင်းသော မျက်ဝန်းတောက်တောက်များဖြင့် ပြုံးယောင်သန်းနေသော တိုင်းရင်းသားတစ်ယောက်၏မျက်နှာကို မြင်လိုက်ရလေသည်။

ယိမ့်သည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ နေရာမှ သမင် မလေးပမာ လှစ်လှစ်ပါအောင် ပြေးထွက်ခဲ့သည်။

“ဟေး ...နေဦးလေ၊ ဘာလို့ပြေးတာလဲ၊ ရပ်ပါဦး”

နောက်ပါးဆီမှ လဖိုင်လ၏ ဟစ်အော်တားမြစ်သံကို ကြား သော်လည်း ယိမ့် လှည့်မကြည့်။ သူမနောက်မှ ပြေးလိုက်လာ သော ခြေသံကြောင့် ခြေလှမ်းကို ပိုတိုး၍သာပြေးမိသည်။

“ယိမ့်”

“မပြေးနဲ့လေ”

လဖိုင်လထံမှ တားမြစ်သံကို ကြားလေ ယိမ့်က ပိုတိုး ပြေးလေဖြစ်ရာ အိမ်ကို ရောက်မှန်းမသိ ရောက်လာ၏။ အရေး ကြုံတော့ပြီဖြစ်ရာ မျက်နှာချင်းမဆိုင်လို၍ ရှောင်နေမိသော မိခင်ကြီး ကို အိမ်အနှံ့ အသည်းအသန် ရှာဖွေကြည့်မိသည်။

သို့သော်လည်း ယိမ့် ရှာဖွေနေသော မိခင်ကြီးကိုကား မတွေ့ရ။ အိမ်ထောင့်တစ်နေရာတွင် သူမ တစ်ခါမှမတွေ့မြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သော ရပ်နေသည့် လက်ဆောင်ပစ္စည်းများကသာ ယိမ့်ကို လှောင်ပြောင်သရော်လျက်ရှိ၏။

နောက်မှ ပြေးလိုက်လာသူက ယိမ့်ကိုမှီလာ၏။ အိမ်လေးထဲတွင် ယိမ့်တစ်ယောက်တည်းသာ ရှိနေပါပြီကော ...။

ယိမ့်သည် ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ လူတစ်ကိုယ်လုံး တုန်ရီကူပူလျက်ကပင် လုံချည်ကို ခပ်တိုတိုပြင်ဝတ်လိုက်သည်။ ပို့နောက် နေရာမှာ ဆက်ရပ်နေရကောင်းနိုး၊ ဆက်ပြေးရကောင်းနိုး ရှိနေစဉ်မှာပင် အိမ်ရှေ့ဆီမှ ယောကျ်ားတစ်ယောက်၏ ခြေသံဝပ်ကြမ်းကြမ်းဖြင့် နင်းဝင်လာသံကို ကြားလိုက်ရသဖြင့် မီးဖိုဘေးရှိ ဓားဦးချွန်တစ်ခုကို အမှတ်မထင် ကောက်ယူလိုက်သည်။

နောက်ဖေးစင်မြင့်မှ ယိမ့်နှင့် မလှမ်းမကမ်းကို ရောက်လာပြီး ယိမ့်ကို စေ့စေ့စူးစူးကြီး ရဲတင်းစွာစိုက်လျက်ကြည့်နေပုံမှာ ကျောချမ်းဖွယ်ရာဖြစ်သည်။

"ဘာလို့ ဒီလောက်တောင် ကြောက်နေရတာလဲ မိန်းကလေးရယ်၊ ကျုပ်က မင်းလေးအတွက် ဒီလောက်တောင် ကြောက်စရာကောင်းနေလို့လား"

သူ့အမေးကို ယိမ့် မဖြေပါ။ သူမကို မတရားသဖြင့် တစ်ခုခုလုပ်လာလို့ကတော့ နေရာမှာတင် အသက်ချင်းလဲပစ်မည်ဟု စိတ်က ပိုင်းဖြတ်ထားနှင့်ပြီးဖြစ်ရာ ယိမ့်ပုံစံမှာ ကျားမလေးလို မာန်ဖီလျက်ရှိနေမည်ထင်သည်။





"မင်း ...သိပ်လှပါလား ယိမ့်၊ ကျုပ် မင်းကို သိပ်သဘောကျသွားပြီ၊ မင်းကို ကျုပ် လက်ထပ်မယ်"

"ဘယ်သတို့သမီးမှ မရဘူးသေးတဲ့ မင်္ဂလာကြေးနဲ့ မင်းကို အများကြီးပေးပြီး လက်ထပ်မှာပေါ့၊ ကျေနပ်ရဲ့လား"

"ရှင် ...ရှေ့မတိုးနဲ့နော်"

သူက ယိမ့်စကားကို မကြားသလိုပင် ယိမ့်ရှိရာသို့ ခပ်တည်တည်ပင် တိုးကပ်လာရာ ယိမ့်တစ်ကိုယ်လုံး ဇောချွေးများပျံလျက် ခြေလှမ်းများကို နောက်သို့ ဖြည်းဖြည်းချင်း ဆုတ်ခွာလာမိသည်။

"မင်း ...အဖေ ပြောတာ သိပ်မှန်ပါလား ယိမ့်ရယ်၊ မင်းက သိပ်ချစ်စရာကောင်းပါလား"

"ရှင် ...ကျွန်မနားမလာနဲ့နော်"

"ဟေး"

"အမလေး"

ယိမ့်လက်ထဲက ဓားလေး ကြမ်းပြင်ပေါ် ဒေါက်ခနဲကျသွားသည်။ လက်ကြမ်းကြီးနှစ်ဖက်က ယိမ့်ကို အားဖြင့်ဆွဲယူလိုက်ရာ အရှိန်လွန်လျက် လဖိုင်လ၏ရင်ခွင်ထဲ လဲပြိုကျသွား၏။ ချက်ချင်းလိုပင် ယိမ့်တစ်ကိုယ်လုံးကို လက်ဖြင့်ပွေ့ပိုက် ဖျစ်ညှစ်ထားရုံမက လှပသော ယိမ့်မျက်နှာနှင့် သူ့မျက်နှာကို ဇွတ်အတင်းတိုးဝှေ့ပူးကပ်ဖို့ ကြိုးစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်အားရှိသမျှ တွန်းထိုးရုန်းကန်ရင်း နှစ်ယောက်သားလဲ ပြိုကျသွားရာ ယိမ့်သည် သူမအားကို လက်ဖြင့် လျှင်မြန်စွာ စမ်းသပ် ရှာဖွေပြီးသည်နှင့် ဗလအားကိုးဖြင့် ဖက်ပွေ့လာသူ၏ ကျောပြင်ကို အတော်ခနဲ ထိုးချလိုက်သည်။

"အား"

ပင်ကိုယ်က သန်မာသူဖြစ်သည့်အတိုင်း လဖိုင်လလက် မှ လျှင်မြန်စွာ ရုန်းထွက်လိုက်၏။ ယိမ့်သည် နေရာမှ လူးလဲထ ရင်း အနားက ထင်းချောင်းဖြင့် လဖိုင်လကို ဆင့်ကာဆင့်ကာ ရိုက်ပြီး အိမ်ပေါ်မှ လွှားခနဲပြေးဆင်းခဲ့သည်။

"ဟေ့ ...မပြေးနဲ့၊ ရပ်စမ်း"

"မင်း ...ငါ့လက်က ပြေးလို့မလွတ်ပါဘူး ယိမ့်၊ ငါက အဲလိုမိန်းကလေးမျိုးကိုမှ ပိုကြိုက်တာသိလား"

ယိမ့်သည် နောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ အော် ဟစ်ကြိမ်းမောင်းသံနှင့်အတူ ကျောပြင်က ဒဏ်ရာကို လက်ဖြင့် ဖိအုပ်လျက် ယိမ့်နောက်ကို လိုက်ပါလာသော လဖိုင်လ၏ မျက်နှာ ကြီးကို ကြောက်မက်ဖွယ် မြင်လိုက်ရ၏။ ဆောက်တည်ရာမရ သော ယိမ့်သည် တောလမ်းကလေးတစ်ခုရှိရာဘက်သို့ စွတ်ခနဲ ပြေးဝင်ခဲ့သည်။

ပြေးရင်း ...ပြေးရင်း ကြောက်လာ၏။ ကြောက်သည့် အတွက်လည်း ပိုတိုး၍ပြေးမိပြန်သည်။ ယိမ့်၏ ပတ်ဝန်းကျင်တွင်





ဘာတစ်ခုမှမကျန်တော့သလို တရိပ်ရိပ်ကျန်ခဲ့၏။

ဝါးတောကြီးသည် မှိုင်းညို့တိတ်ဆိတ်နေ၏။ လေတိုက် သဖြင့် ပင်ချင်းခတ်သံနှင့် ပိုးမွှားအော်သံတို့သာ ကြားရသည်။

ထိုအထဲတွင် ယိမ့်၏ခြေသံသည် အကျယ်ဆုံး။ တစ်တော လုံး လွှမ်းမိုးနေသလို ထင်ရသည်။ ယိမ့်ကို ကယ်ဆယ်မည့်သူ မရှိတော့ပြီဟု တွေးရင်း ဝမ်းနည်းလာကာ ရင်စို့လာသည်။

ပြေးရင်း အမောစို့လာ၏။ မျက်လုံးများကလည်း ပြာလာ ၏။ ဝါးတောကြီးကို ဖြတ်သန်းစီးနေသော စမ်းချောင်းငယ်တစ်ခု ဘေးသို့ ရောက်သောအခါ ကျောက်တုံးတစ်တုံးကို ခလုတ်တိုက် လဲကျ၏။

မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားတာကိုသာ နောက်ဆုံး သိလိုက်ပြီးနောက် လောကကြီးနှင့် ယိမ့် အဆက်ပြတ်သွားသည်။

ယိမ့်၏ နဖူးပေါ်တွင် အေး၍အေး၍လာသည်။ ထို့နောက် တစ်စုံတစ်ယောက်သည် ယိမ့်၏ ပါးစပ်ထဲသို့ ရေစက်ကလေးများ ချပေးနေသဖြင့် မျိုချလိုက်သောအခါ ပူသောရင်သည် အေးငြိမ်းစ ပြုလာ၏။

ယိမ့်သည် သတိရလာပြီဖြစ်သည်။ မျက်လုံးကိုမှိတ်ထား သော်လည်း ရုတ်တရက် မဖွင့်ရဲ။

မကြာမီ ယိမ့်လက်ကို သွေးစမ်းသလို လာစမ်းပြန်သည်။ ထို့နောက် မိန်းကလေး ...မိန်းကလေးဟု အလွန်ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပေါ်သံကို ကြားလိုက်ရသည်။

အသံမှာ ယောကျ်ားတစ်ယောက်၏ အသံဖြစ်ပြီး ဗမာသံ ပီသလျက် အောင်မြင်ကြည်ရှနေသည်။ ယိမ့်ရင်ထဲတွင် ထိုအသံကြောင့် ဒိတ်ခနဲဖြစ်သွားကာ မျက်လုံးအစုံကို ဖျတ်ခနဲဖွင့်လိုက်၏။

ကျွဲပေါက်တစ်ကောင်နှင့် ဆင်ဆင်တူလှသော လဖိုင်လ၏ မျက်နှာကို ယိမ့်မျက်နှာပေါ်၌ မိုးလျက် နီးကပ်စွာ တွေ့လိုက်ရခြင်းကြောင့် ယိမ့်သည် ရူးရူးဝါးဝါး တစ်ချက်အော်ဟစ်လိုက်ကာ လှဲလျောင်းနေရာမှ အတင်းထပြေးဖို့ ကြိုးစားလိုက်သည်။

"ဟော့ …ကျုပ် လူကောင်းပါ၊ မကြောက်ပါနဲ့၊ သတိထားဦးလေ"

"ကျုပ် …မင်းကို ကူညီတာပါ၊ မကြောက်နဲ့ ဟုတ်လား၊ ကျုပ်က လူကောင်းပါ၊ သတိရပြီမဟုတ်လားဟင်"

ဒေါက်တာမင်းထင်သည် သူ့ကိုမြင်သည်နှင့် ကြောက်လန့်တကြား ရူးရူးဝါးဝါး အော်ဟစ်၍ ထွက်ပြေးမည်ပြုနေသော မိန်းမလှလေး၏ ပခုံးနှစ်ဖက်ကို တင်းကြပ်စွာ ဆွဲယူဆုပ်ကိုင်လှုပ်ရမ်းရင်း နှုတ်မှမပြတ် သတိပေးစကားဆိုနေမိသည်။

ကြောက်ရိပ်ဖြင့် ထိတ်လန့်တုန်လှုပ်လျက်ရှိသော မိန်းမလှလေး၏ လှပဝိုင်းစက်သော မျက်ဝန်းကြီးများသည်လည်းကောင်း၊ ကြောက်စိတ်ဖြင့် ဖြူဖွေးသွားသော နှုတ်ခမ်းအစုံသည်လည်းကောင်း၊ ဒေါက်တာမင်းထင်အတွက် စိုးရိမ်ဖွယ်ရာချည်းဖြစ်နေ၏။





"မင်းစိတ်ထဲမှာ တစ်ခုခုကို သိပ်ကြောက်နေပုံရတယ်၊ စိတ်ကို နည်းနည်းတင်းပြီး ထိန်းထားလိုပ်၊ ပြီးတော့ ဘာအကူအညီလိုအပ်တယ်ဆိုတာ ကျုပ်ကိုပြောပါ၊ ကျုပ် တတ်အားသမျှ မင်းကို ကူညီပေးပါ့မယ်"

ငြိမ်သက်တိတ်ဆိတ်သွားသော မိန်းကလေးကိုကြည့်လျက် ဒေါက်တာ မင်းထင်သည် သူ၏ကျောပိုးအိတ်တွင်းမှ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်၏။ ထို့နောက် ခွက်ငယ်တစ်ခုထဲသို့ အနည်းငယ်လောင်းထည့်လိုက်ပြီးနောက် ယိမ့်ကို လှမ်းပေးလိုက်သည်။

"ရော့…ဒါကိုသောက်လိုက်"

ယိမ့်သည် ဒေါက်တာမင်းထင်၏ မျက်နှာကိုတစ်လှည့် ပယင်းရောင်သန်းနေသော ခွက်ငယ်ကိုတစ်လှည့်ကြည့်ကာ လှမ်းမယူဘဲရှိနေ၏။

"သောက်လိုက် မိန်းကလေး မင်း နှုတ်ခမ်းတွေပြာနေတုန်းရှိသေးတယ်၊ ဒါကိုသောက်လိုက်မှ ပုံမှန်ဖြစ်ပြီး မင်းနေလို့ထိုင်လို့ ကောင်းသွားမယ်"

"ကျုပ်ပြောတာ နားလည်တယ်မဟုတ်လား"

ပီသကြည်မြသောအသံ …။

မပြုံမပြင် နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ဂန့်ညားတည်ကြည်သော ဥပဓိရုပ်ရှိသော လူကြီး၏မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



ကာကိညိုရောင် ဖပ်ဖျော့ဖျော့ ရှပ်အင်္ကျီထူဖြင့် ယောကျ်ားပီသစွာ အလွန်လိုက်ဖက်ပထာရလျက် ရှိသည်။

လှပသော ယိမ့်ကို ကြည့်ရှုသောမျက်ဝန်းအစုံမှာလည်း ရည်သည့်အလိုတပ်မက်မှုမျိုးကို မတွေ့ရ။ ပကတိတည်ငြိမ်လေး နက်မှုဖြင့် ယိမ့်ကို သနားကြင်နာစွာ ကြည့်နေခြင်းဖြစ်သည်။

လဖိုင်လ၏ အလိုရမ္မက်ကြီးသော မျက်နှာနှင့် တခြားစီ ဖြစ်၏။

ယိမ့်၏နှလုံးအစုံသည် တဖြည်းဖြည်း တည်ငြိမ်မှန်ကန် လာသည်။ ဆောက်တည်ရာမဲ့သောစိတ်တို့လည်း ငြိမ်သက်လာ၏။

"သောက်လိုက်လေ"

ယိမ့်သည် ဆရာကို ကျိုးနွံသည့် တပည့်ကဲ့သို့ ဒေါက်တာမင်းထင်၏ လက်ထဲမှ ခွက်ငယ်ကို ယူမော့လိုက်၏။ ထို့နောက် သီးဝင်ချောင်းဆိုးရင်း ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် အလွန်အံ့သြစွာ သူမရှေ့တည့်တည့်ရှိ လူချောကြီးကို လှမ်းကြည့်လိုက်မိသည်။

စူးရှရှသင်းသော ရနံ့နှင့်အတူ ရင်တစ်ခုလုံး ပူဆင်းသွား သည့်အရသာ။

မောင်နဲ့ ချစ်ခဲ့ကြစဉ်က နှုတ်ခမ်းမှ ဤစူးရှရှသင်း သော အနံ့မျိုးကို ယိမ့် မှတ်မိနေ၍ ...ဖိုးရှိသော နိုင်ငံခြားအရက် တစ်မျိုးဖြစ်သည်။

ယိမ့်စိတ်ထဲမှာ သူမမျက်စိရှေ့တွင်ရှိနေသောသူမှာ ဤ





အရပ်ဒေသမှမဟုတ်ဟု ချက်ချင်းတွေးလိုက်မိသည်။

ဒေါက်တာမင်းထင်သည် ယိမ့်လက်ထဲမှ ခွက်ငယ်ကို လှမ်းယူပြီးလျှင် မတ်ခွက်နှင့် သောက်ရေကို ပေးပြန်သည်။ တစ်စုံ တစ်ရာ ငြင်းဆန်ခြင်းမပြုဘဲ ဒေါက်တာမင်းထင်လက်ထဲမှ ရေခွက် ကို လှမ်းယူမော့သောက်လိုက်သည်။

ဒေါက်တာမင်းထင်သည် ယိမ့်လက်ထဲမှ သောက်ပြီးသား ရေခွက်ကို ပြန်ယူလျက် ကျောပိုးအိတ်ထဲသို့ ထည့်လိုက်၏။ ပြီးလျှင် သူ၏ခါး၌ ပါသောရေဘူးငယ်ကို စမ်းချောင်းကလေးအတွင်းသို့ ငင်း၍ ရေဖြည့်၏။

ထို့နောက် ယိမ့်ရှေ့ခပ်လှမ်းလှမ်းသို့ လာရပ်လျက် ယိမ့်၏ ပမနုနယ်အပြစ်ကင်းလှသော မျက်နှာလေးကို ငုံ့လျက်ကြည့်၏။

"ကဲ ...ကျုပ် မင်းကို ဘယ်ပို့ပေးရမလဲ၊ မင်း ဘယ် ကိုသွားမှာလဲ မိန်းကလေး"

ယိမ့်သည် ဒေါက်တာမင်းထင်၏ မျက်နှာကို မယုံကြည် သလို မော့ကြည့်ရင်း ကိုယ့်ကိုယ်ကို အိပ်မက်မက်နေသလို ထင်နေ သည်။

မာန်ထနေသော သတ္တဝါ၏ သားကောင်ဖြစ်ရမည့် အခြေ နေမှ ခုခံရုန်းကန်ထွက်ပြေးခဲ့ရသည့် ချစ်သူကွဲမလေး၏ဘဝ။

သောကပင်လယ်ဝေနေသော ခံစားချက်များကြားမှာ ယုံသာမလှူးသာ ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန် သူမထံပါး



www.burmeseclassic.com

www.burmeseclassic.com



သို့ ကယ်တင်ရှင်အဖြစ် ရောက်ရှိလာသူ၏ မျက်နှာကလည်း ပကတိ တည်ငြိမ်ခန့်ညားလွန်းပါဘိ။

ထိုသူနှင့်အတူရှိနေရခြင်းဖြင့် ပူလောင်ခါးသီးမှု မဖြစ်မိ ရုံသာမက အေးငြိမ်းသော မေတ္တာစိတ်က ယိမ့်နှလုံးသားအစုံအထိ ငြိမ်းချမ်းမှုကို ပေးစွမ်းခံစားစေဟန်တူပေသည်။

"ကျုပ်နာမည် မင်းထင်၊ ဒေါက်တာမင်းထင်လို့လည်း ခေါ်တယ်"

ဒေါက်တာမင်းထင် ...။

ယိမ့်စိတ်ထဲက ခပ်တိုးတိုး ရေရွတ်ကြည့်မိသည်။ လူတွေကို ဆေးဝါးကုသပေးသော ဒေါက်တာတစ်ယောက်နဲ့လည်း မတူပါလားဟု တွေးရင်း သူ့ထံမှ သနားကရုဏာမှာ ဆရာဝန် တစ်ယောက် လူသားတစ်ယောက်တွင် ရှိသင့်ရှိအပ်သော မေတ္တာ တရားပဲဟု တိတ်ဆိတ်စွာ မှတ်ချက်ချလိုက်သည်။

"ကျုပ်က အခုဆေးကုတဲ့အလုပ် မလုပ်ဘူး၊ လိပ်ပြာ တွေ၊ ပန်းတွေကို ဝါသနာအရ သုတေသနပြုနေတဲ့ လူတစ်ယောက် ဆိုရင် မင်းနားလည်မလား"

ယိမ့်သည် မလှုပ်မယှက် ရပ်နေရာမှ ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်တော့ တင်းတင်းစေ့သွားသော နှုတ်ခမ်းပါးအစုံက ပြုံးယောင်ယောင် ကော့ညွတ်သွားသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"





"ယိမ့်"

"ယိမ့် ...ဟုတ်လား"

"ဟုတ်ကဲ့"

ဒေါက်တာမင်းထင်သည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်လျက် အဝေးတစ်နေရာကို တစ်ချက်လှမ်းမျှော်လျက် ကြည့် လိုက်သည်။

ယိမ့်သည် တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်နေ၏။ ထို့ပြင် သူမကိုယ်သူမ ဘယ်ကိုသွားရမှန်းမသိဘဲ မျက်ရည် လည်လာသည်။

နေရာမှမရွေ့ဘဲ အတန်ကြာအောင် ငူငူကြီး ရပ်နေမိ၏။

"သွားလေ ...ရွာဘက်ကိုသွားရင် အဲဒီကိုပြန်သွားရ မယ်"

ဒေါက်တာမင်းထင်က ယိမ့်သွားရမည့်ဘက်ဆီသို့ လမ်းညွှန်လျက် ပြောဆိုသတိပေးလျက်ရှိသည်။

ယိမ့်သည် ဆက်လက်ရပ်တည်နေ၍ မဖြစ်တော့သည့် အဆုံး သူမ ခြေလှမ်းများကို ခက်ခဲလေးလံပင်ပန်းစွာ သယ်ယူ လျက် ခေါင်းငိုက်စိုက်ဖြင့် ရှေ့က လျှောက်ခဲ့သည်။

စိတ်ထဲကမူ ရွာထဲကိုရောက်ရင် ဘယ်ကိုသွားရမလဲ၊ အိမ်ကိုပဲပြန်ရမလား။ နာခါးဆီကိုပဲ သွားရမည်လား ခွဲခြားမရဘဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ဆိုရင် လဖိုင်လတစ်ယောက် ဘယ်လိုပုံစံနှင့် ဖြစ်ကျန်ရစ်ခဲ့ပလဲဆိုတာ သိချင်လာ၏။ သူမလက်ချက်ဖြင့် ရသွားသောသဖော်ရာ အတိမ်အနက် ဘယ်သို့ရှိလည်း မပြောတတ်။

သူတစ်ခုခုဖြစ်ခဲ့လျှင် ယိမ့်ကို မည်သို့မည်ပုံ အရေးယူလက်တုံ့ပြန်ကြမလဲဆိုတာ သိချင်စိတ်နှင့်အတူ ကြောက်ရွံ့လာ၏။

ယိမ့် ရင်သည် လှိုက်ဖိုလာ၏။

လမ်းလျှောက်ရင်း တွေးရင်းတောရင်း စိတ်မောလူမောဖြစ်လာရခြင်းကြောင့် နဖူး၌ ချွေးများစို့လာ၏။

"ကျုပ်ဘာသာကျုပ် ကမ်းနားက တက်လာပြီး တောတန်းလေးအတိုင်း ဖြတ်အလာမှာ မင်းက အလိုလိုလန့်ပြီး ကျုပ်ကို တွန်းပစ်သွားတယ်လေ၊ ပြီးတော့ နောက်ပြန်မကြည့်ဘဲ တောက်လျှောက်ပြေးတယ်၊ ကျုပ်က ကျုပ်ရဲ့ မလှမပရုပ်ကြီးကို ဖြန်းခနဲမြင်ရပြီး လန့်ပြေးတယ်ထင်လို့ ပြုံးမိသေးတယ်"

"နောက်တော့ မင်းပြေးနေပုံကို ကြည့်ပြီး တစ်ခုခုကိုသိပ် ထိတ်လန့်နေကြောင်း ကျုပ် သတိထားမိတယ်"

ဒေါက်တာမင်းထင်သည် ယိမ့်နှင့်အတူ လိုက်ပါလာရင်း ယိမ့်နှင့်သူ ဆုံတွေ့ပုံကို ပြောပြနေခြင်းဖြစ်သည်။

"ကျုပ်ကြည့်နေတုံးမှာပဲ ကျောက်တုံးတစ်ခုကို ဝင်တိုက်ပြီး အဲဒီနေရာမှာ လဲကျသတိလစ်သွားတာ ကျုပ်မြင်လိုက်ရတာ"

လဲပြိုထားသဖြင့် ရွှံ့မြေများပေရေလျက် ကပိုကရိုနှင့်





ရှုအဆင်းလို ဝင်းဝါကာ လှချင်တိုင်းလှနေသော တိုင်းရင်းသူပန်းမပျိုလှလှလေး၏ပုံစံက မြင်ရသူ ဘဝင်ကို ရင်ခိုက်တုန်ရီစေနိုင်စွမ်းသူ ဖြစ်လေသည်။

အချိုးအစား ကျနပြေပြစ်လှသော ခန္ဓာကိုယ်မှာ ပန်းပုဆရာ စိတ်ကြိုက်ထုနုက်ခြယ်မှုန်းထားဘိသကဲ့သို့ ထင်မှတ်ရ၏။

နက်မှောင်သော ဖားလျားဝေနေသည့် ဆံညွှန့်တွေကဖားလျားဝေလျက် တရွှေ့ရွှေ့ ညင်သာလှုပ်ရှားသွားလာနေပုံကသနားကြင်နာဖွယ်အတိဖြစ်သည်။

ဒေါက်တာမင်းထင်သည် ယိမ့်ထံမှ စကားတုံ့ပြန်ဆိုသံမကြားရသဖြင့် လှပသော ယိမ့်မျက်နှာလေးကို ငုံ့လျက်ကြည့်၏။

ဤမျှလှပသော မိန်းကလေးကို ဒီလိုနေရာမျိုးမှာ တွေ့ရခြင်းကို အံ့သြလျက်ရှိသည်။ ယိမ့်၏အလှသည် သာမန်အလှမျိုးမဟုတ်။ တော်ဝင်နန်းထိုက်လှသော အလှမျိုးပိုင်ရှင်ဖြစ်သည်။

"ဒါနဲ့ ...အရင်က ယိမ့်ကို ကျုပ် တစ်ခါမှမတွေ့မိပါဘူး၊ မနှစ်က ကျုပ် ဒီဘက်မှာ အတော်ကြာကြာနေသွားသေးတယ်၊ ဒီနှစ်လည်း ကျုပ် ဒီကို သီတင်းကျွတ်ထဲကရောက်နေတာ"

ဒေါက်တာမင်းထင်၏စကားများက ယိမ့်နားထဲသို့ မဝင်တစ်ချက် ဝင်တစ်ချက် ဘာကိုမှ သည်းကွဲစွာ မကြားချေ။

သို့သော် တည်ငြိမ်အေးချမ်းသည့်အသံကိုမူ တသွင်သွင်စီးနေသော စမ်းရေပေါက်၏အသံကို ကြားနေရဘိသို့ နားမှာ ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရင်း …

"ကျုပ်က …ကျုပ်တို့တိုင်းပြည်ရဲ့ လူမျိုးရဲ့ဓလေ့ထုံးစံ သိုင်းစည်တွေ၊ ပြီးတော့ အဲဒီအရပ်ဒေသက ရာသီဥတုပိုးမွှား တိရစ္ဆာန်နဲ့ လုပ်ငန်းကိုင်ငန်းတွေအားလုံး ကိုယ့်သဘောနဲ့ကိုယ် စိတ်ဝင်စားစုဆောင်းလေ့လာတဲ့သူ တစ်ယောက်ပဲဆိုပါတော့"

"လွန်ခဲ့တဲ့ နှစ်တွေတုန်းကဆိုရင် ဗန်းမော်နဲ့ မြစ်ကြီးနားဖက်မှာ ခြောက်နှစ်ကြာတယ်၊ ပူတာအိုမှာ နှစ်နှစ်၊ ဒီဘက်ကို ရောက်လာတာ မနှစ်ကနဲ့ ဒီနှစ်ပဲ"

ခပ်မှန်မှန် ခပ်ဖြည်းဖြည်း အဆက်မပြတ်ပြောနေသော ဒေါက်တာမင်းထင်၏ စကားက ရိုးသားလှပေသည်။ သူ့အလုပ်မှလွဲ၍ ဘာကိုမှလည်း စိတ်ဝင်စားပုံမရ။

ယိမ့်၏အာရုံထဲသို့ ဒေါက်တာမင်းထင်၏ စကားသံများက တစ်စထက်တစ်စ တိုးဝင်လာကာ နားစိုက်လာမိ၏။

"အခု …ကျုပ်ရှက်ထည်တဲက ယိမ့်တို့ရွာလေးနဲ့ သိပ်မဝေးတဲ့ သဲသောင်ပြင်ပေါ်မှာ ရှိနေတယ်၊ လိုအပ်တဲ့အကူအညီရှိရင် ကျုပ်ဆီကို ဘာမဆိုလာပြောပါ၊ ယိမ့်အတွက် ကျုပ် တတ်နိုင်သမျှ ကူညီပေးမယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"အဟွန်း …ဟွန်း …ဟွန်း"

"ယိမ့်ရဲ့ ကျေးဇူးတင်စကားက ကျုပ်အတွက် သိပ်ကို





စော့လွန်းပါသေးတယ်လေ၊ ယိမ့်ကို ထိရောက်တဲ့ကူညီမှု ဘာတစ်ခုမှ ကျုပ်ဘက်က လုပ်မပေးခဲ့ရသေးပါဘူးဗျာ"

ယိမ့်သည် ဒေါက်တာမင်းထင်ကို ဘာဆက်ပြောရမှန်း မသိဘဲ ငြိမ်သက်နေစဉ်မှာပင် သူမတို့ရှိရာသို့ အပြေးရောက်လာသည့် နာခါးကို တွေ့လိုက်ရတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"နှင်နဲ့သူ ဘယ်တုန်းက အသိမိတ်ဆွေဖြစ်ခဲ့ကြတာလဲ ယိမ့်၊ ရန်ကုန်မှာ နှင်အလုပ်လုပ်တုန်းကလား၊ ဟုတ်လား"

နာခါးသည် တရွေ့ရွေ့ကျောခိုင်းထွက်ခွာသွားသော ဒေါက်တာမင်းထင်၏ နောက်ကျောပြင်မြင့်မြင့်ကြီးကို အံ့သြမယုံကြည်နိုင်စွာ ငေးကြည့်လျက် ဆိုလိုက်ခြင်းဖြစ်သည်။

"ဟင့်အင်း ...သူနဲ့ယိမ့် စောစောတုန်းကမှ သိခဲ့ကြတာပါ"

"ဩော်"

"နှင်ကံကောင်းတာပဲ ယိမ့်၊ အဲဒီလူကြီးက စိတ်ကောင်းရှိတယ်၊ မနှစ်တုန်းကလည်း ဒီကိုလာတာပဲ၊ ဘာလုပ်တယ်မသိပါဘူး၊ ပိုးကောင်တွေဖမ်း ပုလင်းထဲထည့်၊ လိပ်ပြာတွေဖမ်း အပ်နဲ့





စိုက်ပြီး မှန်ဘောင်ကြီးနဲ့ထည့်၊ သစ်ရွက်သစ်ပင်တွေစုပြီး တစ်ယောက်တည်း အမြဲအလုပ်ရှုပ်နေတာပဲလေ"

"လိပ်ပြာတွေ၊ ပိုးကောင်တွေ၊ ငှက်အရှင်တွေဖမ်းပြီး သူ့ကိုသွားရောင်းရင်လည်း သူကဝယ်တယ်၊ ပြီးတော့ တောင်ပေါ်ရွာတွေကိုသွားပြီး လူမမာတွေကိုလည်း ဆေးကုတယ်၊ ပိုက်ဆံတွေ စားစရာတွေလည်း သူကပေးတယ်၊ သူ့ကိုဆို ငါတို့မိန်းမတွေက အံ့သြလွန်းလို့၊ ဘယ်မိန်းမကိုမှလည်း စိတ်မဝင်စားဘူး၊ သောင်ပေါ်မှာပဲ သူက ..."

"တော်ပါတော့ နာခါးရယ်၊ နှင် သူ့အကြောင်းတွေချည်း ပြောမနေစမ်းပါနဲ့"

ဝမ်းနည်းထိခိုက်စွာ ဟစ်အော်လိုက်သော ယိမ့်အသံကြောင့် နာခါးမှာ အံ့သြထိတ်လန့်လျက် စကားတစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ကြောင်အစွာ လှပသော ယိမ့်မျက်နှာလေးကို ကြည့်နေ၏။

ယိမ့်မှာ နာခါးကိုသာလျှင် သူမဘဝအတွက် အားကိုးရာ တိုင်ပင်ဖော်အဖြစ် တစ်ဦးတည်းသတ်မှတ်ယုံကြည်ထားခဲ့ရာ အခုသူမဘာဖြစ်လာသည်ကိုပင် မေးမြန်းခြင်းမပြု၊ ဘာမဟုတ်သည့် အခုမှတွေ့ရသော လူတစ်ယောက်အကြောင်းကိုသာ တဖွဖွချီးကျူးလျက် အရေးတယူပြောနေရာ ယိမ့်ရင်မှာ ဘယ်လိုမှ မခံနိုင်ဘဲ ဝမ်းနည်းထိခိုက်လာရခြင်းကြောင့် အခုလို ဟစ်အော်လိုက်ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပူနွေးသော မျက်ရည်ပေါက်ကြီးများသည် ယိမ့်၏ ပါးမို့မို့တစ်လျှောက် လျှင်မြန်စွာ စီးဆင်းလာလျက် ယိမ့်သည် ဝမ်းနည်းစွာ ရှိုက်ငင်လိုက်၏။

"အမလေး ...ယိမ့်ရယ်၊ နင့်ကို သူ ဘယ်နှယ့်လုပ်လိုက်သလဲ၊ ငါ့ကိုပြောစမ်းပါ၊ နင်တစ်ခုခုဖြစ်လာသလား၊ နင့်ကို ဘယ်လိုလုပ်လဲ၊ ဖြစ်လာလဲ မပူပါနဲ့လေ၊ နင်လျှော်ကြေးတွေ အများကြီးရမှာပါ၊ အဲဒီလူကြီးကလည်း တော်တော်များများလျော်နိုင်မယ်"

"နာခါး ...နင်...နင်"

ယိမ့်သည် နာခါး၏ပါးကို အားပါးတရ ရိုက်လိုက်တော့မည်ကဲ့သို့ လက်ဖြင့်ရွယ်လိုက်ပြီးမှ နာခါး၏ ပြုံးကြောင်စွာ အံ့အားသင့်ကြည့်ပုံကြောင့် မြောက်တက်သွားသည့်လက်ကို ပြန်ရုပ်လိုက်ပြီး သူမမျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် ဖုံးအုပ်ကာ တစ်ဖက်သို့လှည့်၍ အားရအောင်ငိုချလိုက်၏။

ယိမ့်သည် ဗမာမလေးဖြစ်လျက် ပညာတတ်လူယဉ်ကျေးတို့ အတွေးအသိဉာဏ်များရှိနေနှင့်သူ ဖြစ်သော်လည်း စာတစ်လုံးမတတ်၍ ဗဟုသုတ နည်းပါးလှသော နာခါးလို တိုင်းရင်းသူရိုးရိုးအအချော ယိမ့်ကို သူမ ဉာဏ်မှီသလောက် အသိလေးဖြင့် ပြောလာသော အားပေးစကားမှာ တစ်ဖက်သား မခံသာစရာ အင်မတန်ရိုင်းပျစော်ကားရာကျမှန်း မတွေးတတ်၊ မသိတတ်နိုင်ခဲ့သူသာ





ဖြစ်လေသည်။

သို့ပါသော်လည်း ယိမ့်တစ်ယောက် သူမ၏စေတနာစကားကြောင့် အထင်မြင်လွဲ ထိခိုက်ကြေကွဲဝမ်းနည်းသွားရခြင်းကို ရိပ်မိသိရှိသွားသူဖြစ်သည့်အတိုင်း သူငယ်ချင်းမလေး စိတ်ပြေရန် သူမ တတ်သမျှ မှတ်သမျှလေးဖြင့် ကြိုးစားချော့မော့ရန် ယိမ့်အနားသို့ ချဉ်းကပ်ကာ ပခုံးလေးကို ညင်သာစွာ ကိုင်လိုက်လေ၏။

"ယိမ့်ရေ ...နင်ငိုတာ ငါစိတ်မကောင်းပါဘူးလေ၊ နင်က ပညာတတ်မြို့သူကြီးဖြစ်လာတော့ နင်ဘာမကြိုက်ဘူးဆိုတာ ငါလည်းမသိဘူးလေနော့၊ ငါမကောင်းတာပြောမိရင် နင်စိတ်ကျေနပ်အောင် ငါ့ကိုရိုက်ပါလား၊ ပြီးတော့ ဘယ်ဟာတွေမကောင်းဘူး မပြောရဘူးလို့ ငါ့ကိုသင်ပေးပါလား"

"နင် မငိုပါနဲ့၊ ငါ့ကိုရိုက်ပါ၊ နင် စိတ်ကောင်းသွားရင် ငါ ကျေနပ်ပါပြီ၊ ငါ့ကိုရိုက်ပါလား ယိမ့်ရယ်၊ ငါ စိတ်မဆိုးပါဘူး၊ ရိုက်ပါအေ"

နာခါးသည် ပြောရင်း အသံလေးများ တုန်ရီလာကာ ယိမ့် လက်ဖျားလေးများကို ဆွဲယူလျက် သူမပါးကို အတင်းရိုက်စေရန် ပြုလုပ်၏။

ယိမ့်သည် နာခါးလက်တွင်းမှ သူမလက်ကိုပြန်ဆွဲယူရင်း သူမအပေါ် ဤမျှစေတနာထားသော သူငယ်ချင်းအပေါ် စိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မာန်ပါ ကျူးလွန်ပါတော့မည်ကဲ့သို့ ဖြစ်ရခြင်းအတွက် ဝမ်းနည်းလာပြန်သည်။

"နာခါးရယ် ...ယိမ့်ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်၊ ယိမ့်လေ"

"မပြောပါနဲ့ ယိမ့်ရယ်၊ နင့်ကို ငါ သိပ်သနားတယ် သိလား"

"နာခါးရယ်"

နုနယ်လှပသော မိန်းကလေးနှစ်ယောက်သည် တစ်ယောက်စေတနာကို တစ်ယောက် နားလည်စွာ အတူဖက်ငိုမိကြသည်။

ကြီးမားသော မေတ္တာစိတ်အဟုန်ဖြင့် စီမ့်ထွက်လာသော မျက်ရည်တို့မှာ မစဲနိုင်ချေ။ နှလုံးသားဖြင့် ရှိုက်ငင်ကြရခြင်းကြောင့် နှစ်ယောက်သား၏ ရင်တွင်းမှာလည်း ပေါ့ပါးရှင်းလင်းသွားကြသည်။

ယိမ့်သည် သူမပါးပြင်ပေါ်က မျက်ရည်များကို အရှင်ဦးအောင် ဖယ်ရှားလိုက်ပြီးနောက် နာခါး၏ မျက်ရည်များကိုလည်း သူမကိုယ်တိုင် ဖယ်ရှားပေးလိုက်သည်။

ထို့နောက် သူမ ဖြစ်ပျက်ရပုံအလုံးစုံကိုလည်း အစအဆုံး ပြောပြ၏။ နာခါးသည် ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ ယိမ့်ကို မည်သို့ပြန်ပြောရမည်ကို အပြေးအလွှား စဉ်းစားလျက်ရှိ





သည်။

သူမ အပြောမတတ်၍ ယိမ့် စိတ်ဆိုးသွားမှာ ဝမ်းနည်း ထိခိုက်သွားမှာကို အထူးပင် တွေးလျက် စိုးရွံ့ထိတ်လန့်နေ၏။

"ယိမ့်ရေ ...နင်အခုလိုဖြစ်နေတာကို ငါ ဘာမှမပြော ဝံ့တော့ဘူးလေနော်၊ ပြောရင်လည်း နင်စိတ်ဆိုးပြီး ဝမ်းနည်းမှာ ငါကြောက်တယ်"

နာခါး၏ ပွင့်လင်းရိုးသားစွာ ပြောလိုက်သောစကားက ယိမ့်ကို နားလည်သဘောပေါက်သွားစေပါသည်။

သူမ၏မိဘများမှာ အင်မတန်ရိုးသားသော တောင်ပေါ်သူ တောင်ပေါ်သားများ ဖြစ်ရုံမက မည်သည့်ဗဟုသုတ အတွေးအမြင်မျှမရှိကြသူများ ဖြစ်ပေသည်။

သူတို့တတ်သိသမျှ ဉာဏ်စွမ်းဉာဏ်စလေးများ အစွမ်းကုန်သုံး၍ သူတို့သမီးလေး ကောင်းစားဖို့ ကြိုးစားအားထုတ်သမှု ပြုကြသမျှမှာ ယိမ့်အတွက်မူ ရှုးလုလုဖြစ်အောင် စိတ်မချမ်းမြေ့ ဖြစ်ရသော အခြေအနေကို တွန်းပို့သကဲ့သို့ ရှိနေခြင်းဖြစ်သည်။

စောစောတုန်းကလည်း နာခါးမှာ သူမကို ဒေါက်တာမင်းထင်မှ တစ်စုံတစ်ခု ကျူးလွန်စော်ကားလိုက်ပြီအထင်နှင့် သူမ ဉာဏ်မှီသမျှသော အတွေးအခေါ်လေးနှင့် အကောင်းဆုံး အကြံဉာဏ်ပေးလိုက်ရာ ယိမ့်အတွက် ဒေါသကို နှိုးဆွသကဲ့သို့ ဖြစ်ရခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



"နာခါးရယ် …ငါ စိတ်မဆိုးပါဘူးကွယ်၊ နင်မှ ငါ့ကို မပြောရင် ငါ့ကိုဘယ်သူမှပြောပြမယ့်လူ မရှိပါဘူး"

ယိမ့်အသံသည် ဆို့နင့်လျက်နေ၏။ အားငယ်ခြင်း၊ ကြေကွဲရှက်ရွံ့ရခြင်းတို့မှာ ယိမ့်၏ ခိုကိုးရာမဲ့သော မျက်နှာလေးတွင် ထင်းထင်းကြီးပေါ်လျက် ရှိသည်။

"အေး …နင့်ကို ငါပြောမယ်၊ တို့ တောင်ပေါ်သူအမျိုးသမီး ရိုးရိုးအအတွေအတွက်တော့ အခု နင်ကိုယ်တိုင် တွေ့ကြုံရတဲ့အတိုင်း ဘဝမှာ ဘာတစ်ခုမှ အာမခံချက်မရှိသလို လုံခြုံမှုလည်း မရှိဘူးဆိုတာ နင်သိပြီပဲ"

"တကယ်တော့ ငါကိုယ်တိုင်လည်း လင်မရှိတဲ့ အမည်ခံအပျိုပါပဲ ယိမ့်ရေ"

ခြောက်ကပ်လှသော နာခါးလေသံသည် နာကြည်းခြင်းဒဏ်ရာများဖြင့် ပြည့်နှက်နေမှန်း သိသဖြင့် ယိမ့်ရင်မှာ ထိခိုက်သွားလေသည်။

ယိမ့်သည် သူမကိုယ်တိုင် ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီဖြစ်သော ဖြစ်ရပ်ကို အကြောင်းပြုလျက် တစိမ့်စိမ့်တွေးကြောက်လာမိရာမှ ကြက်သီးဖြန်းဖြန်း ထလာ၏။

နာခါးကိုယ်တိုင် ဤဖြစ်ရပ်မျိုးနှင့် အကြိမ်ပေါင်းမည်မျှ ကြုံကြိုက်ခဲ့ရဘူးပါသနည်းဟု တွေး၏။ ဤအတိုင်းသာ တကယ်ဖြစ်ကြရမည်ဆိုလျှင် ယိမ့်တို့ တောင်ပေါ်သူလေးများ၏အဖြစ်မှာ





မတွေးဝံ့စရာတည်း။

"ငါ မြို့ကိုပြန်မှဖြစ်တော့မယ် နာခါး၊ ငါ့ကို ကူညီပါနော်"

"အေးပါ ယိမ့်ရယ်၊ နင့်ကို ငါကူညီမှာပါ"

မျက်ရည်ရစ်ဝိုင်းနေသော ယိမ့် မျက်နှာကို ကြည့်ရင်း ထိတ်ပြာစွာ ခေါင်းညိတ်မိသူက နာခါးဖြစ်သည်။

"အခု …ငါတို့ ဘာဆက်လုပ်ကြမလဲ ယိမ့်၊ လဖိုင်လက နင့်ကို ဘယ်လိုနည်းနဲ့မှ အလွတ်ပေးမှာမဟုတ်ဘူး"

ယိမ့်စိတ်မှာ နာခါးစကားကြောင့် တင်းကျပ်သွား၏။ ယိမ့်သည် မောင့်ကို သတိရလာသည်။ ဤဖြစ်ပျက်ရသော ဒုက္ခကြီးကို ရင်ဆိုင်ရာ၌ မောင်သာ သူမနားတွင် ရှိနေမည်ဆိုလျှင် အဘယ်မျှကောင်းလိုက်မည်နည်းဟု တွေးနေမိ၏။

မောင်သည် ယိမ့် ကြည့်ဖူးသော ရုပ်ရှင်တွေထဲက လူစွမ်းကောင်းတွေလို ချစ်ရသူနောက်ကို စွန့်စားမှုအပြည့်နှင့် လိုက်ပါလာလျက် တစ်ထောင့်တစ်နေရာမှ ဘွားခနဲပေါ်လာလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

သို့သော် စိတ်ကူးသည် လက်တွေ့ဘဝနှင့် တခြားစီဖြစ်သည်။ မောင့်ထံမှ ချိုသောစကားသည် ယိမ့်၏ စိတ်ဆင်းရဲမှုကို ချမ်းသာစေလိမ့်မည်။ ထို့အတူ မောင်၏နွေးထွေးသော ပိုက်ပွေ့မှုသည် ယိမ့်၏ ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သိတာရေနှင့်တူသော ခောင့်မျက်နှာသည် ချမ်းချမ်းမြေ့မြေ့ရှိလှသည်ဖြစ်ရာ ယိမ့်ရင်၌ လောင်မြိုက်သော ပူပင်မှုကို ငြိမ်းချမ်းမှုပေးမည်အမှန်တည်း။

ဟောင့်ရင်ခွင်နှင့် ဝေးရာသို့ ထွက်ခွာလာခဲ့သော ယိမ့်အဖြစ်မှာ ပူလောင်မှုတို့နှင့် ရင်ဆိုင်နေရပြီဖြစ်သည့်အတိုင်း ယိမ့်သည် မျက်ရည်မထွက်ဘဲ ရှိုက်ငင်လိုက်မိပြန်သည်။

ယိမ့်၏မျက်လုံး၌ မျက်ရည်ခမ်းခြောက်နေ၏။ ယိမ့် နှလုံးသားနှင့် ဘဝကို နာကြည်းနေရခြင်းကြောင့် မခံချည့်ဖြစ်နေသော ယိမ့်မျက်နှာကိုကြည့်လျက် နာခါးရင်မှာ ပို၍မချမ်းမမြေ့ဖြစ်လာသည်။

"လဖိုင်လတို့လူစု တစ်ခုခုမလုပ်ခင် ငါတို့ တစ်ခုခုလုပ်မှဖြစ်မယ် ယိမ့်၊ ဒီရွာမှာ နင်ဆက်နေလို့မဖြစ်တော့ဘူးလေ"

"နင် အိမ်ပြန်ပြီး ယူသင့်တာတွေကို ယူထားမှဖြစ်မယ် ယိမ့်၊ မြန်မြန်သွား ...ငါလည်း အိမ်ကိုပြန်ပြီး စုထားတဲ့ငွေနဲ့ အဝတ်အစားတွေ အသင့်ပြင်လိုက်ဦးမယ်"

"သွား ...သွား ပြီးရင် ငါ့အိမ်ကို နင်လိုက်ခဲ့နော် သိလား"

"အေးပါ ...ယိမ့် အခုပဲ ပြန်လာခဲ့ပါမယ်"

နှစ်ယောက်သား ခပ်သုတ်သုတ် လမ်းခွဲလိုက်ကြသည့်နောက် ယိမ့်တစ်ယောက် မဝံ့မရဲလှသော ခြေလှမ်းများဖြင့် အိမ်ရှိရာကို ပြန်ခဲ့သည်။





တိတ်ဆိတ်ငြိမ်သက်လှသော ဗတ်ဝန်းကျင်တွင် မည်သူမှ ရှိမနေချေ။ လဖိုင်လကိုသော်လည်းကောင်း၊ တခြား လူရိပ်ကိုသော်လည်းကောင်း ဘာတစ်ခုမှ မတွေ့ရမှ ယိမ့်သည် သက်ပြင်းတစ်ချက်ရှိုက်ကာ အိမ်ဆီသို့ ချဉ်းကပ်လာ၏။

ရုတ်တရက် အိမ်ထဲသို့မဝင်ရဲသဖြင့် အပြင်မှာ အတန်ကြာရပ်နေသည်။ အိမ်ထဲမှာ တစ်စုံတစ်ယောက် ထွက်လာမည်လား၊ သို့တည်းမဟုတ် အထဲကနေ မည်သူကများ စောင့်နေမည်လည်းဟု တွေးထင်လျက် ထိတ်လန့်နေ၏။

"အမေ"

"အမေ"

"အပါး"

အပြင်မှ လှမ်းအသံပြုသော်လည်း အိမ်တွင်းမှ တုံ့ပြန်သံကို မကြားရ။ အိမ်ပြင်၌လည်း ကြာရှည်မနေရဲသည့်အလျောက် အိမ်တွင်းသို့ အရဲစွန့်ဝင်လိုက်၏။

အိမ်တွင်းမှာ မည်သူမှမရှိ။

သူမယူရမည့်ပစ္စည်းများကို သိမ်းဆည်းရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် စေးထန်းသော သွေးစက်တို့ကို နင်းမိခြင်းဖြစ်သည့်အတွက် ထိတ်လန့်ခြင်းနှင့်အတူ မျက်နှာပါ ပျက်သွား၏။

လဖိုင်လ၏ မျက်နှာကို ကွက်ခနဲမြေးမြင်မိသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ပန္နည်းများကို လျင်မြန်စွာ ထုပ်ပိုးသိမ်းယူပြီး နေရာမှ အလျင်စလို ထွက်ခွာမှုဖြစ်တော့မည်ဟု သိလိုက်သည်။

လူတစ်စု၏ စကားပြောသံသဲ့သဲ့ကို ကြားရလျှင် ယိမ့် တစ်ယောက် ကိုယ်လုံးတောင့်တင်းအေးစက်သွားပြီး သူမတစ်နိုင် စာ အဝတ်ထည့်ထားသည့်အိတ်၊ မှတ်ပုံတင်၊ ပိုက်ဆံတို့ကို ဆွဲယူ ပြီး အိမ်ထဲမှ အပြေးထွက်ခဲ့မိသည်။

အိမ်နှင့် ခပ်လှမ်းလှမ်းအရောက်မှာ လဖိုင်လင်ကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် လန့်မအော်မိစေရန် နှုတ်ခမ်းကို လက်ဖဝါးဖြင့် မနည်းဖိအုပ်လိုက်ရသည်။

သူတစ်ယောက်တည်းမဟုတ်။ ဘေးမှာ အဖော်နှစ် ယောက်သုံးယောက်နှင့် အတူလာကြခြင်းဖြစ်သည်။ လက်ထဲမှ အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ နာခါးရှိရာသို့ ခြေလှမ်းကို အသွက်ဆုံးလျှောက်ရင်း ဒီနေရာက အဝေးဆုံးကိုသွားမှ ဖြစ်မည် ဟု တွေးလာသည်။

"ယိမ့်"

"ဟင် …နာခါး"

"ရှူး"

"လာ …လာ လဖိုင်လတို့လူစုကို နင်မြင်လိုက်တယ် မဟုတ်လား၊ ဒီကောင်တွေ့သွားရင် မလွယ်ဘူး၊ ဒီဘက်က ပြေး ကြမယ်"





နာခါးသည် ယိမ့်လက်ကိုဆွဲကာ ရှေ့မှဦးဆောင်၍ ခြေလှမ်းကျဲကြီးများဖြင့် ခပ်ပြေးပြေးတမယ် လျှောက်နေရာ နာခါးနောက် မှ ယိမ့်သည်လည်း ဒရောသောပါး လိုက်ပါလာခဲ့ရသည်။

နှစ်ယောက်သား မောရပန်းရမှန်းမသိ။

နာခါး၏လက်ထဲတွင် ယိမ့်ကဲ့သို့ပင် အထုပ်တစ်ထုပ် ပါလာသည်။ နာခါး ဦးဆောင်သွားနေသောလမ်းမှာ ယိမ့် မသိ သော တောလမ်းတစ်ခုဖြစ်သဖြင့် ဘယ်နေရာကို ဦးတည်နေမှန်း မသိသော်လည်း ဘေးလွတ်ရာမှန်း သိလိုက်၏။

"သေချာကြည့်ပါကွ …ဝေးဝေးရောက်နိုင်သေးပါဘူး၊ ဒီနားပတ်ဝန်းကျင့်မှာပဲ နေမှာပါ"

"ဟင် …သူတို့လိုက်လာကြပြီထင်တယ် နာခါး"

ယိမ့်သည် တောင်ပေါ်သူဖြစ်၍ သူမ၏တိုင်းရင်းသား ဘာသာစကားဖြင့် ဝေးကွာပြီး လုံးစေ့ပတ်စေ့ ပြန်မပြောနိုင်တော့ သော်လည်း တစ်ဖက်မှပြောသမျှစကားကို ကောင်းစွာတတ်ကျွမ်း နားလည်လျက်ရှိရာ လူစုထံမှ စကားကို ကြားသည်နှင့် အခုလို ဆိုမြည်လိုက်ခြင်းဖြစ်သည်။

နာခါးကတော့ ယိမ့်စကားကို မည်သို့မျှ မတုံ့ပြန်။ ခြေလှမ်းကို ပိုတိုးသွက်လျက် နှုတ်ပိတ်လျက် မပြတ်လှမ်းလျှောက် နေမြဲဖြစ်သည့်အတိုင်း ယိမ့်လည်း အတူလိုက်ပါလာခဲ့ရသည်။

"ယော …ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ယိမ့် ...ပြေး ...ပြေး"

"ဟော့ ...ရပ်လိုက်"

ယိမ့်တို့ကို တွေ့မြင်သွားပြီဖြစ်သော လဖိုင်လ၏လူများမှာ သူပတို့သူငယ်ချင်းနှစ်ယောက်ပြေးရာနောက်သို့ ထပ်ကြပ်လိုက်ပါလာကြရာ နာခါးနှင့် ယိမ့်မှာလည်း တစ်ယောက်လက်ကို တစ်ယောက်ဆွဲလျက် ခြေဦးတည့်ရာ စွတ်ပြေးကြသည်။

"အမလေး"

"ဝုန်း"

"ဟယ် ...နာခါး"

ယိမ့်မျက်စိရှေ့မှာပင် နာခါးသည် သစ်ငုတ်တစ်ခုကို တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လဲကျသွားရာ အတူတွဲဆက်ထားသော လက်များသည် သူ့အလိုလို ပြေလျော့ပြုတ်ထွက်သွားရလျက် ယိမ့်သည် နာခါးကို အပြေးထူမရန် ကြိုးစားလိုက်သည်နှင့် နာခါးက ယိမ့်လက်များကို ခပ်ကြမ်းကြမ်း ပုတ်ထုတ်လျက် ...

"ပြေး ...ပြေး ယိမ့် နင် ငါ့ကိုမစောင့်နဲ့၊ ဒီလမ်းအတိုင်းသာ ထွက်ပြေးပေတော့"

"နာခါး"

"သွားလေ ...ဟိုမှာ လိုက်လာနေကြပြီ၊ သွား ...သွား"

နာခါးသည် ယိမ့်ကို လွတ်ရာ ဖွတ်အတင်းနှင့်လွှတ်ရင်း





သူကိုယ်တိုင် လဲနေရာမှ လူးလဲထရန် ကြိုးစားလျက်ရှိသည်။

ယိမ့်သည် နာခါးကို တစ်ချက်မျှငုံ့ကြည့်ပြီး သူမတို့နှင့် နီးကပ်လာပြီဖြစ်သော လူစုဘက်ကို တစ်ချက်မျှငဲ့ကြည့်ကာ နေရာမှ လျင်မြန်စွာ ပြေးထွက်ခဲ့သည်။

"ပြေးပြီ ...လိုက် ...လိုက်"

ညာသံပေး၍ ဟစ်အော်လိုက်သံက တိတ်ဆိတ်သော ဝန်းကျင်အနှံ့ ပဲ့တင်ထပ်သွားသလို ယိမ့်အသည်းနှလုံးအစုံကိုလည်း အေးစက်တုန်ရီသွားစေသည်။

ယိမ့်သည် နာခါးညွှန်ပြသည့် လမ်းအတိုင်း ခြေဦးတည့်ရာ စွတ်ပြေးလျက်ရှိသည်။ သူမ၏ဘဝတစ်သက်တာတွင် ဤအဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ဟု ယောင်၍မျှပင် အိပ်မက်ပင် မမက်ခဲ့ဘူးသော်လည်း လက်ရှိဘဝမှာမူ ယိမ့်သည် မနုဿမုဆိုးတို့ရန်မှ ကင်းလွတ်ရန် အစွမ်းကုန် ကြိုးစားနေရပြီဖြစ်သည်။

ရုတ်တရက် ယိမ့် မျက်ဝန်းအစုံရှေ့ရှိ မြင်ကွင်းမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ မြစ်ကွေ့တောင်စွန်းဖြစ်သော ကမ်းရိုးတန်းအလွန် ဖြူလွှသော သဲသောင်ပြင်ကြီး ဘွားခနဲပေါ်လာပြီးနောက် ယိမ့်၏ ခြေလှမ်းပြေးနှုန်းသည်လည်း လျော့ကျလာ၏။

ယိမ့်၏ ခြေအစုံတို့သည် လှမ်းလိုက်တိုင်း သဲသောင်ပြင်မှာ နစ်မြုပ်သွားပြီး တော်ရုံနှင့် ရုန်းမထွက်နိုင်ဘဲဖြစ်နေ၏။ ယိမ့်



www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်လေးကန်စွာပြေးရင်း သောင်ပြင်ပေါ် လဲကျသွားသည်။

"ယိမ့်"

နာခါးသည် ယိမ့်အမည်ကို စိုးရိမ်တကြီး လှမ်းခေါ်လိုက်ရင်း ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။

နောက်မှလိုက်ပါလာသော လူနှစ်ယောက်သည် ထိုအခြေအနေကို အခွင့်ကောင်းယူကာ ယိမ့်ကို ဖမ်းဆီးချုပ်နှောင်ရန် ကြိုးစားအားထုတ်ကြသည်နှင့် နာခါးသည် ကျားသစ်မလေးပမာ အော်ဟစ်မာန်ဖီလျက် ထိုနေရာသို့ ရှိသမျှအင်အားကို သုံးလျက် အပြေးရောက်သွားသည်။

တစ်ခဏအတွင်းမှာပင် သဲသောင်ပြင်တွင် သားကောင်များ တိုက်ခိုက်နေကြသကဲ့သို့ သဲမှုန်များ လွင့်စင်နေ၏။

"ယိမ့် …ပြေး …ပြေး"

နာခါး၏အသံသည် ယိမ့်ကို အင်အားဖြစ်စေသည့်အတိုင်း ယိမ့်သည် သူမကိုချုပ်နှောင်ရန် ပြုနေသူအား အစွမ်းကုန်တွန်းဖယ်လိုက်ကာ နေရာမှ ချက်ချင်းလူးလဲထပြေးလိုက်သည်နှင့် …

"ဗြိ"

"ဟင်"

"အို"

ယိမ့်အင်္ကျီသည် တစ်ဖက်လူ၏ ကြမ်းတမ်းစွာ ဆောင့်ယူဆွဲခါလိုက်ခြင်းကြောင့် ကြယ်သီးများ ပြုတ်သွားရုံမက အင်္ကျီလက်မောင်းရှိ ချုပ်ရိုးတို့ပါ ပြုတ်ထွက်သွားသည်။





ယိမ့်၏ ဖြူဖွေးသောအသားစိုင်မှာ နေရောင်အောက်မှာ ရွှေရောင်အဆင်း ဝင်းလက်တောက်ပသွား၍ လျှင်မြန်စွာ ဖုံးဖိဖို့ ကြိုးစားသော်လည်း မမီတော့ချေ။

လက်တစ်ဖက်က အင်္ကျီကိုဆွဲကိုင်ထားလျက် အဝတ်ထည့်ထားသည့်အိတ်ကို ကျစ်ကျစ်ပါပါအောင် ဆုပ်လျက် ယိမ့်သည် ပြေးမြဲပြေးထွက်ခဲ့ရာ မမျှော်လင့်ဘဲ သူမမျက်စိရှေ့တည့်တည့်မှာ လူတစ်ယောက် အပြေးလာနေသည်ကို လှမ်းမြင်တွေ့လိုက်ရသဖြင့် ယိမ့်လက်ထဲမှ အဝတ်အိတ်ကလေးသည် သောင်ပြင်ပေါ်သို့ ဘုတ်ခနဲပြုတ်ကျသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ယိမ့်"

"ဒေါက်တာ"

စိုးရိမ်တကြီးခေါ်လိုက်သော ဒေါက်တာအသံနှင့် အားကိုးတကြီးခေါ်လိုက်မိသော ယိမ့်အသံတို့မှာ လမ်းခုလတ်တွင် ပေါင်းဆုံသွားကြသလို တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် ဆူးနှစ်စွာ ကြည့်လိုက်မိကြသည်။

"ဘာဖြစ်တာလဲ ယိမ့်၊ ကျုပ် ဘာကူညီရမလဲ"

ယိမ့်နောက်နားသို့ ရောက်လာကြသော ကြမ်းတမ်းသော ရုပ်ရည်ရှိသော လဖိုင်လ၏ တပည့်နောက်လိုက်နှစ်ယောက်ကို လှမ်းကြည့်ရင်း ဒေါက်တာမင်းထင်က ဆိုလိုက်ခြင်းဖြစ်သည်။

မနုဿမှာပိုးလိုက်ပွဲကို စောစောထဲက ဒေါက်တာမင်းထင်





အမှတ်မထင် လှမ်းမြင်တွေ့ခဲ့ရတုန်းက အံ့သြခြင်းသက်နေမိသေးသည်။

မည်သူ့ခည်ဝါဟု တတ်အပ်သေချာမသိသော်လည်း သူ့ဘက်က တတ်နွမ်းသ၍ ကူညီရန်ပိုင်းဖြတ်ထားနှင့်ပြီးသည့်အတိုင်း ထိုနေရာကို အပြေးရောက်လာရင်း သူမြင်တွေ့လိုက်ရသူမှာ ဒေါက်တာမင်းထင်နှင့် တစ်ကြိမ်ဆုံတွေ့ဘူးသော မိန်းမလှလေး ယိမ့်ကိုယ်တိုင် ဖြစ်နေခြင်းက သူ့အတွက် ပို၍ အံ့သြထူးခြားသွားစေခဲ့သည်။

ပထမအကြိမ်ဆုံပြီး အခုလိုအဖြစ်မျိုးနှင့် ဒုတိယအကြိမ်ပြန်ဆုံတွေ့ရလိမ့်မည်ဟု ဒေါက်တာမင်းထင်ကိုယ်တိုင်လည်း ထင်မှတ်မထားခဲ့ပါ။

အခုတော့ အင်မတန်လှပသော ရွှေမင်းသမီးလေးသည် သူမျက်စိရှေ့မှောက်တွင် နာကျင်ခါးသီးမှုတွေ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့် လူတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေအပြည့်နှင့် ရောက်ရှိလို့နေခဲ့ပါပြီ။

"ယိမ့်ကိုကယ်ပါ ဒေါက်တာ၊ သူတို့ ...သူတို့ ယိမ့်ကို မတရားအနိုင်ကျင့်ဖို့လိုက်လာနေပါတယ်ရှင်"

"ဟာ ...ယိမ့်"

ပြောရင်း ယိမ့်သည် ဘယ်လိုမှ မဟန့်နိုင်ဘဲ သဲသောင်ပေါ်သို့ ဒူးညွှတ်ခွေကျသွားရာ ဒေါက်တာမင်းထင် အချိန်မီ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း မမှီတော့ချေ။

"ဒေါက်တာကြီး …ဒေါက်တာကြီး ငါ့သူငယ်ချင်းကို ကယ်ပါ၊ နေတဲ့ရန်ကုန်မြို့ကို ဒေါက်တာကြီးပဲ ပြန်ပို့ပေးပါနော်"

"မင်းက"

"ငါက …ယိမ့်သူငယ်ချင်း နာခါးပ၊ သူတို့က လဖိုင်လ လူတွေလေ၊ ယိမ့်ကို သူတို့ဆရာ လဖိုင်လအတွက် ဖမ်းခေါ်သွားကြမှာ"

"ဒီမှာ …ဒီကိစ္စ ခင်ဗျားနဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ"

လဖိုင်လ၏ လူနှစ်ယောက်မှ တစ်ယောက်က ဒေါက်တာမင်းထင်ကို မိုက်ကန်းရန့်လိုသောအကြည့်ဖြင့် မာကျောစွာ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်သည် သူ့ကိုယ်ပေါ်မှ အနွေးအင်္ကျီကို ချွတ်လိုက်ပြီး ယိမ့်ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။

"ဘာမှမကြောက်နဲ့ ယိမ့်၊ မင်းရှေ့မှာ ကျုပ်ရှိတယ်၊ မင်းကို ကျုပ်ကူညီမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ခင်ဗျားသူငယ်ချင်းကို ကျုပ်တဲ့ကို ခေါ်သွားပြီး ဂရုစိုက်လိုက်ပါ နာခါး"

"ဟိတ် …နင် သူ့ကို ဘယ်ခေါ်သွားမလို့လဲ၊ ခုရပ်





စမ်း"

"မင်းက သူတို့ကို အနိုင်လာပေးနေရအောင် မင်းကိုယ် မင်း ဘာထင်နေလဲ"

"ဘာဗျာ"

"ကြားထဲက ခင်ဗျား အချောင်နှာပြီထင်တယ်၊ ဟုတ်လား"

"သတ္တိရှိရင် စမ်းကြည့်လိုက်လေကွာ"

"ဩော် …ခင်ဗျားကဒီလိုလား"

"တဲကွာ"

"ဟိတ်"

"ခွပ်"

"အား"

တစ်ခဏအတွင်း သဲသောင်ပြင်ပေါ်မှာ ရန်ပွဲလေးတစ်ခု ဖြစ်သွားသည်။ ဒေါက်တာမင်းထင်လို လူတစ်ယောက်ကို အထင်သေးသူနှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီဖြင့် နေရာမှ အလဲလဲအပြိုပြို။

"ခင်ဗျားကိုယ်ခင်ဗျား …လူစွမ်းကောင်းကြီး လုပ်နေတာလား ဒေါက်တာကြီး၊ လဖိုင်လဆိုတဲ့ ကျုပ်တို့ဆရာအကြောင်း ခင်ဗျား မကြားဖူးဘူးထင်တယ်"

"ကြားဖူးလည်း ဂရုမစိုက်ဘူး၊ လဖိုင်လမကလို့ ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် အဟုန်တရားဘက်ကပဲ ကျုပ်က အမြဲရပ်တည်မယ့်လူဆိုတာ ပင်းတို့အသည်းထဲမှာ စွဲနေအောင်မှတ်ထား''

''တောက်''

''ကျုပ်တို့အကြောင်း မကြာခင် ခင်ဗျားသိရစေ့မယ်ပေါ့ဗျာ''

''လာ…ဘရမ် ငါတို့သွားမယ်''

ပေစောင်းစောင်းအကြည့်၊ ရန်ပြုလိုသော ခကျေမချမ်းမျက်နှာမှာ ဒဏ်ရာကိုယ်စီဖြင့် ထွက်ခွာသွားသူနှစ်ယောက်ကို ကြည့်နေရာမှ ဒေါက်တာမင်းထင် ကျောခိုင်းလိုက်တော့ သူ့ကို အားကိုးတကြီး လှမ်းကြည့်နေကြသော မျက်နှာလေးနှင့် လာမ်းခုလတ်မှာ ဆုံမိကြသည်။

ဒေါက်တာမင်းထင်သည် နာခါးကိုကြည့်လိုက်၏။ နာခါးသည် ယိမ့်ကိုယ်လေးကို ပွေ့ဖက်ထားရသော်လည်း ယိမ့်ကိုယ်အလေးချိန် တာရှည်ပွေ့ချီထားနိုင်ပုံမရ။

ထို့ကြောင့်ပင် နာခါးလက်ထဲမှာ ယိမ့်ကိုယ်လေးကို ကလေးငယ်တစ်ယောက်ကို ပွေ့ချီလိုက်ဘိသကဲ့သို့ ဒေါက်တာမင်းထင်ကပဲ ပြောင်းယူမချီလိုက်သည်။

ထို့နောက် သူ့အနွေးအင်္ကျီဖြင့် လုံခြုံနွေးထွေးစွာရှိနေပြီဖြစ်သော ယိမ့်ကို သူ့အိပ်ရာပေါ်သို့ ညင်သာစွာ ချသိပ်လိုက်သည်။

ယိမ့်မျက်နှာမှာ သွေးစုတ်သလို ဖြူဖျော့နေရုံမက ဖြူဖွေး





နုနယ်သော မျက်နှာမှာလည်း သွေးစအချို့ ပေစွန်းလျက် ညိုမည်းသော ဒဏ်ရာများကို ထင်းထင်းကြီး မြင်တွေ့နေရသည့်အဖြစ်ကို စိတ်မချမ်းမြေ့စွာ တစ်ချက်ချုင့်ကြည့်လိုက်ပြီးနောက် သက်ပြင်းရှိုက်လိုက်မိ၏။

''ဘယ်လိုဖြစ်ကြတာလဲ၊ မင်းတို့ ဘာတွေဖြစ်လာကြတာတုန်း''

နာခါးသည် ရင်တထိတ်ထိတ်နှင့်ပင် သူမကြားမြင်တွေ့သိရသမျှ ယိမ့်အကြောင်းကို အစမှအဆုံး တုန်ရီထစ်ငေါ့စွာ ရှင်းပြနေမိသည်။

ဒေါက်တာမင်းထင်သည် နာခါးပြောသမျှကို နားစိုက်ထောင်ရင်း ယိမ့်မျက်နှာပေါ်က ဒဏ်ရာများကို ရေနွေးဖြင့် ညင်သာစွာ ဆေးကြောသန့်စင်ပေးလျက် လှပသော ယိမ့်မျက်နှာလေးကို သူနားကြင်နာစွာ ငေးခနဲစိုက်ကြည့်မိလျက်သား ဖြစ်သွားသည်။

အကြောင်းမသိလျှင် ယိမ့်ကဲ့သို့ ချောမောလှပသော မိန်းကလေးကို တောင်ပေါ်သူတိုင်းရင်းသားမျိုးနွယ်စုထဲက မိန်းကလေးတစ်ယောက်အဖြစ် ထင်မြင်ယူဆကြမည်မဟုတ်ပါ။

တကယ်တော့ ယိမ့်သည် ကချင်မျိုးနွယ်စုထဲက လီဆူးမလေးတစ်ယောက်ဖြစ်ပြားသော်လည်း နူးညံ့သိမ်မွေ့၍ အထက်တန်းကျလှသော အမူအရာ အပြုအမူအပြောအဆိုတို့မှာ မြန်မာမလေးတစ်ယောက်နှင့် ထပ်တူဘာမှမကွာခြားလှပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး၊ တော်ကြာ လဖိုင်လတို့ ပြန်လာကြလိမ့်မယ်"

"ယိမ့်ကို …ကယ်ပါဦးနော့၊ သူက သိပ်ပြီးသနားစရာကောင်းလို့ပါ၊ သူ့မိဘတွေကလည်း လဖိုင်လကို လက်ခံလိုက်ပြီလို့ပြောတယ်"

"ဟင်"

"အို"

ဒီတစ်ခါ ထိတ်လန့်တုန်လှုပ်ရသည်က ဒေါက်တာမင်းထင်တစ်ယောက်တည်းမဟုတ်။ ကာယကံရှင်ဖြစ်သော ယိမ့်ကိုယ်တိုင်မှာ အခုမှ ထိုသတင်းကို ကြားပြီး အသည်းနှလုံးတို့ အေးစက်တုန်ရီသွားရလျက် သူမကံကြမ္မာကို ရွံ့ကြောက်သွားသည်။

"နင် ဘာပြောတယ် နာခါး၊ ယိမ့်မိဘတွေက လဖိုင်လကို လက်ခံလိုက်ပြီဟုတ်လား"

"ယိမ့်ရယ် …သူတို့မှာ ဒီထက်ကောင်းတဲ့ အစီအစဉ်မျိုး ဘာများရှိဦးမှာလဲ၊ လဖိုင်လဆိုတာ ဘယ်လိုလူလဲဆိုတာ နင့်ကိုငါ ပြောပြီးပြီပဲ"

ယိမ့်မျက်နှာသည် ပြိုတော့မည့်မိုးကဲ့သို့ အုံ့ဆိုင်းညို့မှိုင်းသွားလျက် မျက်ဝန်းအိမ်မှာ မျက်ရည်များ ချက်ချင်းပြည့်လျှံလာ၏။

ဒေါက်တာမင်းထင်သည် ကိုယ်လေးသိမ့်သိမ့်တုန်နေအောင်





ရှိုက်ငင်နေသော ယိမ့်ကို ငေးကြည့်ရင်း အထူးပင် စိတ်မချမ်းမမြေ့နိုင်ဘဲ ဖြစ်လာ၏။

သူ့ဘဝတစ်သက်တာတွင် အခုလို လှပ၍ သနားစရာကောင်းလှသော မိန်းမပျိုလေးတစ်ယောက် ဤမျှဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေပုံမျိုး ဒီတစ်ခါသာ မျက်မြင်ကိုယ်တွေ့ ကြုံဘူးခြင်းဖြစ်သည့်တိုင် ယိမ့်၏ မျက်ရည်များက မဆီမဆိုင် သူ့နှလုံးသားလာရောက်ပူလောင်စေသည့်အဖြစ်ကိုလည်း နားမလည်နိုင်ချေ။

နာခါး ရှင်းလင်းပြောပြသည့်အတိုင်းဆိုလျှင် ယိမ့်ဘဝမှာ ကူကယ်ရာမဲ့လျက် လူရုပ်လူမွေ လဖိုင်လလို လူတစ်ယောက်လက်က ပြေးလွှတ်နိုင်ဖွယ်ရာမရှိမှန်း သူ နားလည်သဘောပေါက်သလို ယိမ့်တို့ သူငယ်ချင်းနှစ်ယောက်လည်း နားလည်လက်ခံထားပေသည်။

ထို့ကြောင့်လည်း အရိုင်းအရိုင်း လဖိုင်လလက်ထဲက လွတ်မြောက်ခွင့်ရရန် သူငယ်ချင်းနှစ်ယောက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြမှန်း သိလိုက်၏။

အဖြစ်က ဒေါက်တာမင်းထင်မှ မကယ်လျှင် မဖြစ်တော့သည့် အနေအထားမို့ ယိမ့်တို့မသိအောင် သက်ပြင်းကြိတ်ရှိုက်လိုက်သည်။

သူ့ဘဝမှာ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ၁ ပထမဆုံးအကြိမ် လေးနက်စွာ စဉ်းစားပေးနေရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ဆိုတာ ဒီလိုကိစ္စတွေကို စိတ်ဝင်စားသူမဟုတ်။ အထူးသဖြင့် သူ့ဘဝထဲကို ဘယ်လိုမိန်းကလေးမျိုးကိုမှ ဝင်ရောက်ခွင့်မပြုဘဲ တစ်ကိုယ်တည်းဘဝဖြင့် သူဝါသနာပါရာ အလုပ်များကို လုပ်ကိုင်ရင်း ဘဝကို စိတ်ကြိုက်ရင်ဆိုင်ဖြတ်သန်းနေသူဖြစ်သည်။

ထိုအတွက် သူ့တွင် မိဘများက ထားရစ်ခဲ့သော အမွေအနှစ်များစွာက သူ့အတွက် သုံးမကုန်အောင် ချမ်းသာပြည့်စုံသူ။

အသက်သုံးဆယ်ကျော်အရွယ် တစ်ဦးတည်းသောသား ဒေါက်တာဘွဲ့ရ လူပျိုလူ့ချမ်းသာတစ်ယောက်။ ဥပဓိရုပ်ကလည်း တည်ကြည်ခန့်ညားမှုအပြည့်ရှိသလို အမှန်တရားဘက်က အမြဲတမ်းရပ်တည်သော စိတ်ရင်းစေတနာကောင်းမွန်သူ ဖြစ်သည့်အတိုင်း ယိမ့်ဆိုသည့် မိန်းမလှလေး၏ ဒုက္ခကို ဘယ်ပုံဘယ်နည်း ကယ်တင်ကူညီရမည်ကို အပြေးစဉ်းစားလျက်ရှိသည်။

ထိုအတွင်း ခပ်ဝေးဝေးမှ မော်တော်ဘုတ်သံ သဲ့သဲ့ပေါ်လာ၏။ အသံကြားရာသို့ ဒေါက်တာမင်းထင် လှမ်းကြည့်လိုက်သောအခါ သောင်စွယ်ကို ကွေ့ပတ်ဝင်လာသော မော်တော်ကို တွေ့လိုက်ရသည်။

မော်တော်ပေါ်တွင် ဒေါက်တာမင်းထင်တပည့် နာဂလူငယ်လေးတစ်ယောက် မော်တော်သမားနှင့်အတူပါလာ၏။ မကြာမီ ရွက်ဖျင်တဲ ယာယီစခန်းကို သိမ်းဆည်း၍ ပြန်ကြရတော့





မည့်ခရီးမှာ ယိမ့်နှင့်သူမအဖော်ကို မည်သို့မည်ပုံ စီစဉ်နေရာချထားရမှန်းမသိဘဲ ရှိလေသည်။

ဒေါက်တာမင်းထင် ယိမ့်တို့ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ မည်သူ့ကိုမှမကြည့်ဘဲ ငေးငေးလေး တွေဝေငြိမ်သက်နေသော ယိမ့် အမူအရာကို တွေ့မြင်လိုက်ရသဖြင့် ရင်မှာ နင့်ခနဲဖြစ်သွား၏။

ကူကယ်ရာမဲ့လှစွာသော ဤမိန်းမသား နုနုငယ်ငယ်လေးတွင် အန္တရာယ်တွေ ပတ်ချာလည်ဝိုင်းနေအောင် ထင်းလင်းတောက်ပလွန်းသော သူမအလှအပများက လက်ယပ်ခေါ်နေဘိသကဲ့သို့တည်း။

"ကျုပ်လည်း ...မကြာခင် ဒီနေရာက ခွဲခွာရတော့မယ်၊ ကျုပ်ကိုခေါ်နေတဲ့ မော်တော်လည်း လာနေပြီ၊ မင်းကို ကျုပ် ဘယ်လိုအကူအညီပေးရမလဲဆိုတာ ပြောပါယိမ့်"

တိကျပြတ်သားစွာ သူမေးလိုက်တော့ ကျောက်ဆစ်ရုပ်နှင့် အလှသဏ္ဍာန်တူလှသော ယိမ့်ကိုယ်လေးမှာ မျက်တောင်တစ်ဖျပ်ဖျပ်နှင့် သက်ဝင်လှုပ်ရှားလာလျက် ဒေါက်တာမင်းထင်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်၏။

"ကျွန်မကို ဒီနေရာနဲ့ အဝေးဆုံးကို ခေါ်သွားပေးနိုင်မလား ဒေါက်တာ၊ ယိမ့်အတွက် ကုန်ကျစရိတ်တွေကို ဒေါက်တာ ပတ်ထားပေးပါ၊ ယိမ့် အလုပ်အဆင်ပြေတဲ့အချိန် ဒေါက်တာကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆပ်ပါမယ်''

ယိမ့်စကားအဆုံး ဒေါက်တာမင်းထင် ငြိမ်ခနဲဖြစ်သွား ကာ လှပသော ယိမ့်မျက်နှာလေးကို အချိန်ကြာမြင့်စွာ စူးစိုက်ကြည့် လိုက်ပြီး နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်သည်။

မည်သည့်အရောင်မျှ စွန်းထင်းမနေသော ယိမ့် မျက်ဝန်း အစုံက ပကတိ ဖြူစင်တောက်ပလင်းလျက်နေ၏။

''ကောင်းပြီလေ ...မင်းကို ကျုပ်ကူညီမယ်၊ မင်းသွား ချင်တဲ့နေရာကို ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးမယ်၊ ဘယ်ကိုသွားချင် တာလဲဆိုတာကိုသာ ပြောပါ''

ရုတ်တရက် ယိမ့် မဖြေနိုင်ဘဲဖြစ်သွားသည်။ ရန်ကုန်ကို လည်း မပြန်ချင်။ တခြားထွက်သွားစရာနေရာကလည်း မရှိ။

နောက်ဆုံးတော့ ယိမ့်သည် မောင့်ရှေ့မှောက်ကိုပင် ပြန် လည်ဝပ်ဆင်းရောက်ရှိရပေဦးတော့မည်ဟု တွေးရင်း ရင်မှာ လှိုက် စို့လာ၏။

''ကျွန်မ ရန်ကုန်ကိုပဲပြန်မှာပါ ဒေါက်တာ၊ ယိမ့်မှာ တခြားသွားစရာနေရာလည်း မရှိပါဘူး''

''ယိမ့်ရယ်''

နာခါးက ယိမ့်၏ ဖြူနုသော လက်ကလေးကို ညင်သာ စွာ ဆုပ်ကိုင်ရင်း စိတ်ထိခိုက်စွာ သူငယ်ချင်း၏အမည်ကို ခေါ်ညည်း လိုက်မိရှာပါသည်။





လှပသော ယိမ့်၏ဘဝကို နာခါးကိုယ်တိုင်ပင် အတူယှဉ် ...ားကျခဲ့ရသော နေ့ရက်များကို သူမ ဘယ်တော့မှ မေ့ဖျောက်လို့ ...ရမည်မဟုတ်ချေ။

မော်တော်သည် သောင်စပ်မှာ ညင်သာစွာ စက်သတ် ...လျက် ရပ်တန့်သွား၏။ ဒေါက်တာမင်းထင်၏ တပည့်လူငယ်လေး ...သည် သွက်လက်ဖျတ်လတ်စွာပင် မော်တော်ပေါ်မှဆင်းကာ သူ့ ...ရာရှိရာ ရွက်ဖျင်တဲသို့ လျှောက်လာသည်။

''ဆရာ ...ပစ္စည်းတွေ သိမ်းလိုက်ရတော့မလားခင်ဗျာ''

ပြောရင်း လူငယ်၏ မျက်လုံးအစုံမှာ ယိမ့်နှင့် နာခါးဆီ ...သို့ ရောက်ရှိလာကာ လှမ်းလက်စ ခြေလှမ်းတို့ ရပ်တန့်လျက် ...ပူဆရာနှင့် မိန်းကလေးနှစ်ယောက်ကို အကဲခတ်သလို တစ်လှည့် ...ကြည့်နေရာ ဒေါက်တာမင်းထင်က လူငယ်လေးဘက်သို့ လှည့်၍ ...ပစ္စည်းများသိမ်းဆည်းရန် အမိန့်ပေးလိုက်သည်။

''ပစ္စည်းတွေသိမ်းလိုက်တော့ မောင်ဇော်ဂျာ''

''ဟုတ်ကဲ့ ဆရာ''

''မင်းရော သူငယ်ချင်းနဲ့အတူ မြို့ကိုလိုက်မှာလား ...ခါး''

ဒေါက်တာမင်းထင်စကားကြောင့် ယိမ့်တို့သူငယ်ချင်း ...ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ပြိုင်တူလှမ်း ...ကြည့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမလိုတော့ဘူးနော် ...နှင့်ကို ဒီကဆရာကြီးက ကူညီမှာပဲလေ၊ ဒီလောက်ဆို ငါ နှင့်ကို စိတ်ချလို့ရပြီမဟုတ်လား ယိမ့်ရယ်"

"အေးပါ ...နာခါးရယ်၊ နင် ယိမ့်ကို အခုလိုကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ယိမ့်ရယ်"

နာခါးသည် ယိမ့်ကိုယ်လေးကို သူမ၏လက်တုတ်တုတ်လေးများဖြင့် တင်းကျပ်စွာ ပွေ့ဖက်လိုက်၏။ ယိမ့်အတွက် နာခါးရင်မှာ ထိခိုက်ကြေကွဲရသလို နာခါး၏ ဘဝအတွက်လည်း ယိမ့်ရင်မှာ မကောင်းလှပါ။

တစ်ယောက်၏ဘဝကို တစ်ယောက်က မကယ်တင်နိုင်သည့်ဘဝ။

"နင့်စိတ်ထဲ ဘယ်လိုမှသဘောမထားနဲ့နော် ယိမ့်၊ငါတတ်နိုင်တဲ့ဘက်က နင့်ကို ကူညီပါရစေ၊ ရော့ ...နင့်အတွက် ငါစုထားတဲ့ငွေ၊ နည်းပေမယ့် ယူသွားပါ၊ ဒါမှ ငါ စိတ်ချမ်းသာနိုင်မယ်လေ"

"နာခါး"

"နင် ဘာမှမပြောပါနဲ့ ယိမ့်ရေ၊ ငါပြောတဲ့စကားကိုသာ နားထောင်ပါ၊ လာ ...နင့်ကို မော်တော်ပေါ် ငါလိုက်ပို့မယ်"

နာခါးသည် ယိမ့်လက်ထဲသို့ သူမစုဆောင်းထားသည့်





ငွေစလေးများကို ထည့်ပေးပြီးနောက် ယိမ့်အဝတ်အိတ်ကို ကိုယ်တိုင်ဆွဲကိုင်လျက် မော်တော်ရှိရာသို့ လိုက်ပို့သည်။

ဒေါက်တာမင်းထင်၏ ရွက်ဖျင်တဲနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး မော်တော်ပေါ် လျင်မြန်စွာ ရောက်လာ၏။

မကြာမီ မော်တော်စက်သံမြည်လာပြီး သောင်စပ်မှ ခွာစပြုလေပြီ။

"နာခါး"

"ယိမ့်"

"သွားတော့သူငယ်ချင်းရေ ...သွားတော့၊ မြို့ကြီးပြကြီးမှာပဲ နင့်ဘဝလေး ပျော်အောင်ကြိုးစားပါ ယိမ့်ရေ"

"နင့်ကို ငါအမြဲသတိရနေမှာပါ"

"နာခါး"

"သူငယ်ချင်းရယ်"

နှစ်ယောက်စလုံး၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးတွေ အဆက်မပြတ် စီးကျလျက် ရှိုက်ငင်ငိုကြွေးရင်း တစ်ဖြည်းဖြည်းနှင့် သောင်စပ်ကမ်းခြေမှာ ဝေးသထက် ဝေးလာ၏။

နောက်ဆုံး ကျောက်တောင်အကွေ့လေးအတွင်းသို့ ယိမ့်ကိုမော်တော်လေး ချိုးဝင်လိုက်သောအခါ ယိမ့်သည် မျက်နှာကို လက်ဖဝါးဖြင့် အုပ်လျက် ချုံးပွဲချ ငိုလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"အင်း ...ဟင်း ...ဟင်း"

"ယိမ့်"

"ယိမ့်"

ဒေါက်တာမင်းထင်သည် အဖျားရှိန်ဖြင့် ခြစ်ခြစ်တောက်ပူနေသော ယိမ့်ကိုယ်လေးကို အိပ်ရာထက်မှာ နွေးထွေးလုံခြုံစွာ သိပ်ထားရာမှ သူမထံမှ ညည်းညူသံသဲ့သဲ့ကြောင့် ယိမ့်အမည်လေးကို နှုတ်မှ အလိုလိုခေါ်လိုက်မိခြင်းဖြစ်သည်။

သို့သော် ယိမ့်က မနိုးချေ။

ညင်သာစွာ လူးလွန့်ရင်း အဖျားရှိန်ဖြင့် နှမ်းခြောက်စွာ အိပ်ပျော်သွားတာကို မီးရောင်အောက်မှာ ငေးငေးကြီးကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။





လှပလွန်းသော ရုပ်ရည်နှင့် မလိုက်ဖက်အောင် ကြမ်းတမ်းသော ဘဝပိုင်ရှင် မိန်းခလေးလေးကို ဒေါက်တာမင်းထင်ရင်မှာ သနားဂရုဏာဖြစ်လျက် ကြင်နာသောစိတ်နှလုံးဖြင့် စာနာစွာ ငေးကြည့်နေမိခြင်းပါ။

ဘယ်ကိုသွား၍ ဘယ်ကိုလာရမှန်းမသိသောဘဝ။ လမ်းပျောက်နေရှာသူ။ အားကိုးစရာ ဆွေမျိုးရင်းချာမရှိ။ ရှိသည့်မိဘတွေကပြန်တော့လည်း သမီးဖြစ်သူ၏ လူနေမှုဘဝနှင့် ပတ်သက်ပြီး စိတ်သန်းကြီးပြင်းလာရသော ထူးခြားလှသော ရှေးကျသည့် အတွေးအခေါ်ယောင်းများဖြင့် သမီးဖြစ်သူကို ငွေရှိ၍ အကျင့်စာရိတ္တ ကောင်းသော လယ်ပိုင်လယ်လိုလူလက်ထဲ ရက်စက်စွာ ထိုးထည့်ဖို့ ကြံစည်စိတ်ကူးကြသဖြင့် လက်လွှတ်ထွက်ပြေးလာရသည့် မိန်းကလေး။

ဒေါက်တာမင်းထင် ယိမ့်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး နေရာက ထွက်ခဲ့သည်။ အပြင်မှာ လမင်းက ခပ်ဖျော့ဖျော့ အလင်းရောင်ဖြင့် ကမ္ဘာမြေပြင်ကို ငုံ့ကြည့်နေ၏။

အေးစက်သော ခြောက်ပြန့်လေက ဒေါက်တာမင်းထင်တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ယူသွားသည်။ စီးကရက်မီးခိုးငွေ့ကို မှုတ်ထုတ်ရင်း ဒေါက်တာမင်းထင်သည် သူ့ဘဝတစ်စိတ်တစ်ပိုင်းကို မြင်ယောင်နေမိသည်။

အတူးသဖြင့် သူနှင့်ခင်ထားနွယ်တို့၏ အချစ်ရေး၊ လူမှု



www.burmeseclassic.com

www.burmeseclassic.com



ရေး၊ နှလုံးသားရေးရာကိစ္စ ဖြစ်သည်။ သူ့ဘဝတွင် မိန်းကလေး တစ်ယောက်နှင့်သာ ထူးခြားစွာ ပတ်သက်ဖူးပါသည်။

ထိုသူက ခင်ထားနွယ်…။

သူနှင့် သက်တူရွယ်တူ၊ ငယ်သူငယ်ချင်း၊ ဝါသနာတူ၊ လှပသော ခင်ထားနွယ်နှင့် တည်ကြည်ခန့်ညားချောမောသော ဒေါက်တာမင်းထင်တို့က ဂုဏ်ရည်တူ၊ ချမ်းသာကြွယ်ဝသူများဖြစ် ကြပါလျက်နှင့် မဆုံစည်းနိုင်ကြသူများဖြစ်သည်။

ခင်ထားနွယ်ကို သူချစ်ပါသည်။

သူငယ်ချင်းကောင်းတစ်ယောက်လို၊ မိတ်ဆွေတစ်ယောက် ညီမတစ်ယောက်လိုလည်း ချစ်ခင်ခဲ့တာကိုလည်း သူမငြင်းပါ၊

အရာရာကို ရဲဝံ့ပိုင်စိုးလွန်းချင်သော ခင်ထားနွယ်၏ အနိုင် လိုချင်သောစိတ်ကို သူ သဘောမကျနိုင်ခဲ့သဖြင့် သူ့အပေါ်မှာ တစ်ဖက်သတ်မေတ္တာသက်ဝင် ချစ်ခင်နေသော ခင်ထားနွယ်၏ ချစ်မေတ္တာကိုလည်း မတုံ့ပြန်နိုင်ခဲ့ပါ။

ချစ်ခြင်းမေတ္တာဟူသည် လုပ်ကြံဖန်တီး၍ ရသောအရာ မျိုးလည်း မဟုတ်သဖြင့် ခင်ထားနွယ်၏ သဘောထားကို သိလျက် နှင့် မတုံ့ပြန်နိုင်ခဲ့သမျှ ယိမ့်ကဲ့သို့သော ခိုကိုးရာမဲ့ မိန်းမလှလေးနှင့် ကြတော့ ဒေါက်တာမင်းထင် စိတ်နှလုံးတွေက အထူးပင် နူးညံ့ ပျော့ပျောင်းသိမ်မွေ့လို့နေပြန်သည်။

ဘာကြောင့်များပါနည်း …။





ဟဘား …။

သက်ပြင်းခေါတစ်ချက်ကို ညင်သာစွာ မှုတ်ထုတ်လိုက် သည်။ ယိမ့်သည် သူ့လက်ထဲမှာ ဖျားပြီး သောင်တင်လျက်ရှိသည်။

သူမသွားလိုသည့်နေရာကို ပို့ပေးနိုင်ဖို့ဝေး၍၊ အဖျားကြီး ပြီး ကယောင်ကတမ်းနှင့် ယိမ့် ပြောဆိုညည်းညူနေသမျှကို နား ထောင်ရင်း သူမမှာ ချစ်သူ မောင်ဆိုသူ ရှိနေတာကိုပါ သိခွင့်ရ လိုက်သည်။

လှပသည့် မိန်းကလေးတစ်ယောက်မှာ ချစ်သူရည်းစား ရှိနေသည်မှာ သိပ်တော့ထူးဆန်းပြားသော အကြောင်းအရာဖြင့် မဟုတ်ပါ။

အချိန်တန် အရွယ်ရောက်လျှင် လူတိုင်း သီးကြပွင့်ကြ သဘာဝကို မလွန်ဆန် မကျော်လွန်နိုင်ခဲ့ကြ၊ ယိမ့်ကဲ့သို့ လှပသော မိန်းမလှလေးတစ်ယောက်အတွက် ပို၍ပင် ချစ်သူဝိုင်းဝိုင်းလည် နေပေလိမ့်မည်။

တစ်ခုပဲ သူနားမလည်နိုင် …။

ယိမ့်ကဲ့သို့ လှပနုငယ်လွန်းသော ချစ်သူလေးကို ယိမ့်၏ ချစ်သူမောင်က အန္တရာယ်တွေ ရောပြွန်းနေသည့် ဤလိုနေရာမျိုး ကို ဘာကြောင့်များ တစ်ယောက်တည်း ရက်စက်စွာ လွှတ်ရက် ရပါသနည်း။

သူနှင့်သာ ယိမ့်တို့ မဆုံဖြစ်ပါက လှပသော ယိမ့်၏



www.burmeseclassic.com

www.burmeseclassic.com

ကံကြွာဟာ ရင်လေးကြောက်ရွံ့ဖွယ်ရာဖြစ်သည်။

သူငယ်ချင်းဖြစ်သူ နှာခါးနှင့် ခွဲခွာပြီးနောက် တစ်ချိန်လုံး ငေးငိုင်စွာ လိုက်ပါလာသော ယိမ့်ကိုယ်တိုင် မည်သူ့ကိုမှ စကား မဆိုနိုင်ခဲ့သလို ဒေါက်တာခင်းထင်ကလည်း အလိုက်သိစွာ စကား မဆိုခဲ့ပါ။

မော်တော်ကမ်းစပ်ကို အရောက်မှာ ယိမ့်ကစ်ပယောင် ဖျားနေပြီဖြစ်သော်လည်း သူနှင့်အတူ လာကြိုသည့်ကားပေါ် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

ဒေါက်တာမင်းထင်ပိုင် ငယ်ယူထားသော ခြံကျယ်ကြီး နှင့် နှစ်ထပ်အိမ်မည်းကြီးမှာ သင်းရှူးပင်၊ ယူကလစ်ပင်များ စိမ်းစို ဝေဆာလျက် မှိုင်းမှိုင်းညို့ညို့ မြင်ရသူဘဝင်ကို ဆွတ်ပျံ့လွမ်းမောဖွယ်။ ကြည်နူးချမ်းမြေ့ဖွယ်ရာ ဖြစ်သည်။

ယိမ့်အတွက် ဦးရီခေါင်းကို အခန်းတစ်ခန်း ပြင်ဆင်ပေး ခိုင်းလိုက်ပြီး ယိမ့်ကို ကောင်းစွာအနားယူဖို့ သူကိုယ်တိုင် ပြောကြား ခဲ့သည်။

ကျေးရွာတင်ကြောင်း ပြောလျက် သူမအတွက် ရရှိသည့် အိပ်ခန်းလေးထဲ ဝင်သွားသော ယိမ့်ကို ညစာစားချိန်မှာ သွားခေါ် သော်လည်း မလိုက်နိုင်တော့ပါ။

သဲ့သဲ့ညည်းညူသံနှင့်အတူ ယိမ့်တစ်ကိုယ်လုံး ပူလောင် ဖျားနာလျက် တွေ့လိုက်ရခြင်းက အတော်ကို ထိတ်လန့်သွားစေခဲ့





သည်။

လိုအပ်သည့် ဆေးကုသမှုတွေပေးပြီး ယိမ့်အနားမှာ သူကိုယ်တိုင် အိပ်ဖန်စောင့်လုပ်နေမိသည်။ ယိမ့်အတွက် စိတ်မှာ ပူပင်နေရခြင်းကြောင့် ညစာကိုပင် ကောင်းစွာမစားနိုင်ခဲ့။

တစ်ခါမှ မခံစားဘူးသော ခံစားချက်ကြောင့် ကိုယ့်အဖြစ် ကိုယ် ဒေါက်တာမင်းထင် ပြုံးချင်လာမိသည်။

သူ ဘာတွေဖြစ်နေပြီလဲ…။

ပြတင်းပေါက်ကို ဟောင်းခိုင်းပြီး သူ စုဆောင်းထားသည့် လိပ်ပြာများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ခါတ်ပုံများကို တစ်ခုချင်း လိုက်ကြည့်နေမိသည်။

တည်ငြိမ်အေးချမ်းသော သူ့ဘဝထဲကို ယိမ့်ဆိုသည့် ရေပြင်လေးက အမှတ်မထင် ဝင်ရောက်လှုပ်ရှားစေခဲ့ပြီလား။

ဦးခေါင်းကို ညင်သာစွာ ခါယမ်းလျက် သူ နှုတ်ခမ်း တွန့်သည်ဆိုရုံလေး တစ်ချက်ပြုံးလိုက်သည်။ ပိုင်ဆိုင်သူရှိနှင့်ပြီး သား ပန်းတစ်ပွင့်ကို ခူးယူပိုင်ဆိုင်ရန်အခွင့် သူ့တွင်မရှိပါ။

ရှိခဲ့သည်တိုင်လည်း တည်ငြိမ်သော သူ့ဘဝကို ပူလောင် မွန်းကျပ်မှုတွေနှင့် မလှုပ်ခတ်စေလိုတော့ပြီ။

အိပ်ရာမဝင်မီ ယိမ့်ကို သူတစ်ခေါက်လာကြည့်လိုက် သည်။ သူ့ဘဝထဲသို့ ခဏတ္တခဏ အလည်ရောက်လာသော မိန်းက လေးကိုယ်တိုင် သူပိုင်ဆိုင်ရာဘဝကို ပြန်သွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရာရာသည် ဘာတစ်ခုမှ မပြောင်းမလဲ ကျန်ရစ်ခဲ့ရမည့်သူက ဒေါက်တာမင်းထင်ကိုယ်တိုင်ဖြစ်သည်။

အိပ်ရာထက်မှာ ညင်သာစွာ လဲလျောင်းလိုက်သည်နှင့် မဆုံးနိုင်သော အတွေးတို့ ပွင့်လွင့်ချင်တိုင်း ပျံ့လွင့်နေရာမှ နောက်ဆုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ ယိမ့်မျက်နှာလှလှလေး အတူလိုက်ပါလာသည်။

သေချာပြန်ကြည့်လိုက်တော့ ထိုလှပသော မျက်နှာလေး ပိုင်ရှင်မှာ ယိမ့်မဟုတ်။

ခင်ထားနွယ်ကိုယ်တိုင် ဖြစ်နေသည်။

"ယိမ့်"

"ယိမ့်"

"အင်း …ဟင်း ဒေါက်တာ"

အဖျားရှိန်ဖြင့် မှိန်းနေရာမှ ဒေါက်တာမင်းထင်၏ အသံကြောင့် ယိမ့်၏ မှေးမှိတ်ထားသော မျက်ဝန်းအစုံမှာ ဖျတ်ခနဲ ပွင့်လာရလျက် ဒေါက်တာမင်းထင်ကို မြင်သည်နှင့် လဲလျောင်း နေရာမှ လူးလဲထရန် ကြိုးစားလိုက်သည်၊

"နေ …နေ မထပါနဲ့၊ နေသာသလိုသာနေပါ ယိမ့်၊ ယိမ့်က အဖျားကောင်းကောင်းမပျောက်သေးဘူးလေ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ယိမ့် နေသာပါတယ်"

ဒေါက်တာမင်းထင် တားနေသည့်ကြားမှ ယိမ့် ထလိုက်





ရာ ခေါင်းအုံးကို ကျောမှီလျက် သက်တောင့်သက်သာဖြစ်အောင် သူကိုယ်တိုင်ပြုပြင်ပေးပါသည်။ အဖျားအရှိန်ကြောင့် လှပသော မျက်နှာလေး အနည်းငယ်သွယ်လျသွားသော်လည်း ဝိုင်းစက်မည်း နက်သော မျက်ဝန်းအစုံမှာမူ နူးညံ့သိမ်မွေ့စွာ ရွန်းလက်တောက်ပ ဆဲဖြစ်သည်။

"ယိမ့်ကို ကိုယ် ဆေးရုံလိုက်ပို့ချင်တယ် အခုလို အဖျား ရှည်ကြာနေတာ ကိုယ်သဘောမကျဘူး"

"ရှင်"

"ဟို …ယိမ့် ဆေးရုံမသွားလို့ မရဘူးလား ဒေါက်တာ"

"ဘာဖြစ်လို့လဲ ယိမ့်"

"ယိမ့်…သွားချင်လို့ပါ ဒေါက်တာ၊ ယိမ့် ဒီမှာပဲ ဒေါက်တာဆေးကုသမှုကိုပဲ ခံယူပါရစေ"

ယိမ့်မျက်နှာကို ရှုးစိုက်ကြည့်လိုက်တော့ မျက်လုံးချင်း အဆုံမခံဘဲ ယိမ့်က ချက်ချင်း အကြည့်လွှဲခေါင်းငုံ့သွားရာ ဒေါက်တာမင်းထင် ဘာပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

ဆေးရုံကို ယိမ့် မသွားချင်ဘူးဆိုပါလား။ ယိမ့်မှာ သူမသိ နိုင်သေးသော အကြောင်းတရားများစွာရှိမှန်း သူရိပ်မိသည့်အတွက် တိုက် တွန်းရခက်သွားသည်။ စိတ်ထဲကလည်း ယိမ့် အခုလို အဖျားကြာရှည် နေတာကိုလည်း သဘောမတွေ့။

ဖြစ်နိုင်ရင် ဆေးရုံကိုသွားပြီး ယိမ့်အဖျားရောဂါကို စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြည့်ချင်မိသည်။ ယိမ့်ကလည်း သူ့အကြောင်းနှင့်သူ့ဆေးရုံကို ပေသွားချင်ဘဲဖြစ်နေသည်။

"ဆရာကြီး …အပြင်မှာ ဧည့်သည်တွေရောက်နေတယ်၊ ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့"

"ဘယ်သူတွေလဲ ဗုန်ဟုန်"

"ကျွန်တော်မသိဘူး ဆရာကြီး၊ တောင်ပေါ်ရွာက ယိမ့်အစ်ကိုလို့ပြောပါတယ်"

"ဟင်"

"အို"

ယိမ့်အစ်ကိုဆိုသည့် စကားကြောင့် ဒေါက်တာမင်းထင်နှင့် ယိမ့်တို့ အကြည့်ချင်းဆုံသွားကြသည်။ ယိမ့်၏ ထိတ်လန့်အံ့သြသောအကြည့်နှင့် ဒေါက်တာမင်းထင်၏ စာနာကြင်နာသောအကြည့်တို့ ဖြစ်သည်။

"ဒေါက်တာ"

"မစိုးရိမ်ပါနဲ့ ယိမ့်၊ ယိမ့်ဘက်က ကျုပ် ကူညီစောင့်ရှောက်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဒေါက်တာမင်းထင်ထံမှ ဖေးကူလာသောစကားကြောင့် ယိမ့်ရင်မှာ အနည်းငယ် သက်သာရာရသွားသော်လည်း အစ်ကိုဖြစ်သူကိုယ်တိုင် ဒေါက်တာမင်းထင်အိမ်အထိ စုံစမ်းမေးမြန်းပြီး





လိုက်လာခြင်းအပေါ်မှာလည်း ရွံ့ကြောက်လန့်ထိတ်နေမိရပါပြီ။

ဘာကြောင့်လဲ …။

ယိမ့်နောက်ကို ဘာအတွက် အခုလိုလိုက်လာကြရတာလဲ။

ပြီးတော့ …ယိမ့်အစ်ကိုနဲ့အတူ ဘယ်သူတွေပါလာသလဲ ဆိုသည့်အတွေးက ယိမ့်ရင်ကို တဒုတ်ဒုတ် လှုပ်ခုန်လာစေသည်။

"ဆရာတို့ အခုပဲဆင်းလာခဲ့မယ်၊ မင်းသွားပြီး ဧည့်ခံထားနှင့် ဗုန်ဟုန်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သိပ်ကြောက်နေလား ယိမ့်"

"ရှင် …ဟုတ် …ဟုတ်ကဲ့"

တုန်ရီထစ်ငေါ့စွာ ယိမ့် ဆိုလိုက်မိသည်။

လာခေါ်သူတွေနှင့်အတူ ယိမ့် ပြန်လိုက်သွားရမှာကို စိတ်မှာတွေးပြီး ကြောက်ရွံ့နေမိသည်ကလည်း အမှန်ဖြစ်သည်။

တကယ်ပြဿနာဖြစ်လာလျှင် ယိမ့်ဘက်က မည်သူမှ မ်ားမားမတ်မတ် ရပ်တည်ပေးမည့်သူမရှိ။ ယိမ့်၏အစ်ကိုဖြစ်သူ ဒေါင်လွမ်းက ယိမ့်ကို သူများနှင့် အတင်းအကျပ်လုပ်လာလျှင် ယိမ့်ဘက်က ကူညီရပ်တန့်ပေးမည့် ဒေါက်တာမင်းထင်ကိုယ်တိုင်လည်း ဘာတစ်ခုမှ တတ်နိုင်မည်မထင်။

ယိမ့်ကို မည်သို့ပင် ကူညီပေးချင်သည်ပဲ ထားဦးတော့ သူနှင့်ယိမ့်က မည်သို့မှ သက်ဆိုင်ပတ်သက်ကြသူတွေ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မောင်နှမနှစ်ယောက်ကြား ခင်ရုပ်၍ မဖြစ်နိုင်သည့်အတူ လက်ပိုက်ကြည့်နေရုံသာ တတ်နိုင်ပေလိမ့်မည်။

"ဒေါက်တာ"

"ကျုပ် အတတ်နိုင်ဆုံး ယိမ့်ကိုကူညီမှာပါ"

ဒေါက်တာရယ် ' …။

ယိမ့်ရင်ထဲကပဲ တိုးတိတ်စွာ ဆိုညည်းလိုက်မိခြင်းပါ၊ ဒေါက်တာမင်းထင်၏ စေတနာမေတ္တာကို ယိမ့်ရင်ထဲက အလိုလို အသိအမှတ်ပြုလိုက်မိရပါပြီ။

"ကျုပ်တို့ သွားကြစို့လား ယိမ့်"

"ဟုတ်ကဲ့ ဒေါက်တာ"

အဖျားသွေးတို့ဖြင့် နီမြန်းနေသော ယိမ့် မျက်နှာလေးကို တစ်ချက်မျှ ရှုးစိုက်ကြည့်ပြီးနောက် ဒေါက်တာမင်းထင်ရှေ့မှ ဦးဆောင်ဆင်းသွားရာ ယိမ့်လည်း သူ့နောက်မှ ယျောတော့ွမ်းနယ်စွာ လိုက်ပါလာခဲ့သည်။

"ညီမလေး ယိမ့်"

"အစ်ကိုဒေါင်လွှမ်း"

နှစ်ပေါင်းများစွာ ဝေးကွာပြီးမှ ပြန်တွေ့ရသော အစ်ကိုဖြစ်သူနှင့် ညီမဖြစ်သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဝမ်းနည်းကြေကွဲစွာ မျက်ရည်ဖြိုင်ဖြိုင်တို့ကျစီးမိကြသည်။

မတွေ့ရသည့်နှစ်များအတွင်း ယိမ့်၏အစ်ကိုဖြစ်သူမှာ





ရှားစွာ အိုမင်းရင့်ရော်သွားသလို လောကဓံ၏ ထောင်းရိုက်ပုတ်မှုကြောင့် အဆင်မပြေမှု ပြည့်လျှမ်းနေသည့် မျက်နှာကိုကြည့်လျက် ယိမ့်ရင်မှာ ဆို့နင့်သွားသည်။

"အပါးနဲ့အမေက သိပ်စိတ်ပူနေကြတယ် ညီမလေး၊ အိမ်ကိုပြန်လိုက်ခဲ့ပါ၊ လဖိုင်လရဲ့ ခင်္ဂလာကြေးတွေကိုလည်း ယူထားပြီးကြပြီ"

"ဟင်"

"ညီမလေးလိုက်မလာရင် အမေတို့မှာ လျော်ကြေးပေးစရာမရှိဘူးလေ"

"လျော်ကြေး"

"အေး …လဖိုင်လပေးတဲ့ငွေတွေကို ငါတို့သုံးလိုက်ကြပြီ၊ ညီမပြန်လိုက်လာအောင် ခေါ်ခဲ့ဖို့ အပါးတို့က မှာလိုက်တယ်"

"အို …ဟင့်အင်း …ဟင့်အင်း၊ ယိမ့် အဲဒီကို လုံးဝပြန်မလိုက်နိုင်ဘူး၊ လဖိုင်လနဲ့လည်း လက်မထပ်နိုင်ဘူး"

ယိမ့်အသံလေးက ခါးခါးသီးသီးနိုင်လှသလို ထိတ်လန့်ချောက်ချားမှုကိုလည်း လှပသော မျက်နှာလေးဆက်မှ မြင်တွေ့နေရသည်။ ဒေါင်လွှမ်းနှင့် ပါလာသော အဖော်နှစ်ယောက်နှင့် ဒေါက်တာမင်းထင်က ယိမ့်တို့ မောင်နှမနှစ်ယောက်၏ အခြေအနေကို ခပြတ်အကဲခတ်လျက် ကြည့်နေကြ၏။

"နင်မလိုက်လို့မရဘူး ယိမ့်၊ လဖိုင်လအကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



နင်သိသားနဲ့၊ သူ ငါတို့ကို ပြဿနာရှာလိမ့်မယ်၊ အခုတောင် နင် တားနဲ့လိုးခဲ့တဲ့ ဒဏ်ရာအတွက် အမှုမဖြစ်အောင် ငါတို့အားလုံး ဝိုင်းတောင်းပန်ထားရတာ နင်သိလား"

"ဟင်"

ယိမ့်မျက်နှာလေး ထိန်းမရအောင်ပျက်သွားပြီး ဦးခေါင်းလည်း အလိုလိုငုံ့သွားရပါပြီ။ ဒေါင်လွှမ်းပုံစံက ယိမ့်ကို မဖြင်မနေ ဇွတ်ခေါ်သွားမည့်ဟန်အပြည့်။

"ယိမ့် မလိုက်နိုင်ဘူး အစ်ကိုဒေါင်လွှမ်း"

"ဘာ"

"ယိမ့်ကို ခွင့်လွှတ်ပါ၊ လဖိုင်လကို ယိမ့် လက်ထေပ် နိုင်ပါဘူး"

"နင်က ဘယ်သူ့အားကိုးနဲ့ ဒီစကားပြောနေတာလဲ ယိမ့်၊ ဒီလူက နင့်ကို လဖိုင်လလို မင်္ဂလာကြေး အများကြီးပေးနိုင်မယ် ထင်နေလို့လား"

"အိုး"

"မဆိုင်တာတွေ လျှောက်မပြောပါနဲ့ အစ်ကိုဒေါင်လွှမ်း၊ ဒေါက်တာနဲ့ယိမ့် ဘာမှမဆိုင်ဘူး"

"အေး …ငါကလည်း ကိုယ့်ညီမကို ဘာမှမဆိုင်တဲ့ လူစိမ်းယောကျ်ားတစ်ယောက် လက်ထဲမှာ ဒီအတိုင်း မထားခဲ့နိုင်ဘူး၊ ငါတို့နဲ့ အခုပဲ ရွာကိုပြန်လိုက်ခဲ့"





"အို …မလိုက်ဘူး၊ မလိုက်ဘူး၊ အစ်ကိုဒေါင်လွှမ်း လွှတ်နော်"

တစ်ခဏအတွင်း ရှုန်းရင်းဆန်ခတ်ပွဲလေးတစ်ခု ဒေါက်တာခင်းထင် အိမ်ထဲမှာ ဖြစ်ပွားသွားသည်။

"နင် …လိုက်ခဲ့ရမယ် ယိမ့်၊ နင်မပါဘဲ ရွာကို ငါမပြန်ဘူး၊ မင်္ဂလာကြေး တစ်ပြားမှမပေးနိုင်တဲ့လူရဲ့ လက်ထဲမှာလည်း နင့်ကို အလကားမထားခဲ့နိုင်ဘူး"

"လာ …လိုက်ခဲ့"

"မလိုက်ဘူး …မလိုက်ဘူး၊ လွှတ်နော်"

အလုပ်ကြမ်းသမား တောင်ပေါ်သား ယောကျ်ားသား တစ်ယောက်၏ သန်မာလှသော လက်များ၏ ဆွဲခေါ်ရာကို မည်မျှပင် ရုန်းကန်ငြင်းဆန်နေပါသော်လည်း ယိမ့်တစ်ယောက် ဒရွတ်တိုက်ပင် ဆွဲရာနောက် လိုက်ပါနေရပါပြီ။

အပျားရောဂါဖြင့် အားနည်းနေသလို အားနွဲ့သည့် မိန်းမသားလည်းဖြစ်ခြင်းကြောင့် ရှိသမျှအားအလေးဖြင့် ရုန်းကန်အော်ဟစ်နေသော်လည်း ထင်သလောက် ခရီးမပေါက်ခဲ့ပါချေ။

"ယိမ့်ကို လွှတ်လိုက်ပါ ကိုဒေါင်လွှမ်း"

"ဒေါက်တာ"

တည်ကြည်ခန့်ညားသော ဥပဓိရုပ်၊ အောင်မြင်ပြတ်သားသောအသံတို့ဖြင့် ဟန့်တားစကားဆိုလာသော ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကို ယိမ့်မှ အားကိုးတကြီး ကြည့်လိုက်မိသလို ယိမ့်အစ်ကိုဖြစ်သူ ဒေါင်လွှမ်းမှာလည်း ရန်လိုခနစ်မြို့စွာ ကြည့်လာသည်။

"ခင်ဗျားက ဘာဆိုင်လို့ ကျုပ်တို့မောင်နှမကိစ္စထဲကို ဝင်ပါရတာလဲဗျာ၊ ကျုပ်တို့ကိစ္စကို ကျုပ်တို့ဘာသာရှင်းမယ်၊ ခင်ဗျား ဝင်မပါပါနဲ့"

"ယိမ့်ကိုကယ်ပါ ဒေါက်တာ၊ လဖိုင်လံတို့ ယိမ့် လုံးဝ လက်မထပ်နိုင်ဘူး၊ သူတို့နောက်ကို ယိမ့် မလိုက်ပါရစေနဲ့"

"ယိမ့် ...နင်က အစ်ကိုမိဘတွေစကားကို နားမထောင်ဘဲ ဘာမဟုတ်တဲ့ သူစိမ်းယောက်ျားတစ်ယောက်ကို အားကိုးချင်နေရတာလဲ၊ သူက နင့်ဘဝကို ငါတို့ထက်ပိုကောင်းအောင် ဘာများကူညီနိုင်မယ်ထင်လို့လဲ"

"လာ ...လိုက်ခဲ့"

"အို ...မလိုက်ဘူး ...မလိုက်ဘူး"

"ကိုဒေါင်လွှမ်း"

ရန်းရင်းဆန်ခတ်ဖြစ်နေကြသူ နှစ်ယောက်ကိုကြည့်ပြီး ဒေါက်တာမင်းထင်မှ ယိမ့်အစ်ကို၏ အမည်ကို ခေါ်လိုက်ခြင်းဖြစ်သည်။

"ယိမ့်ဆန္ဒမပါဘဲ သူ့ကို ကျွန်တော့်ရှေ့က ဖွတ်တရွတ် ခေါ်မသွားဖို့ ယိမ့်ကိုယ်စား ကျွန်တော် တောင်းဆိုပါရစေ"

"ယိမ့်က ကျုပ်ညီမပါ၊ ကျုပ်ညီမကို ကျုပ်ပိုင်တယ်"





မာကျောကျွတ်ဆတ်စွာ တုံ့ပြန်လာသော်လည်း ယိမ့်ကို ဖွတ်တရွတ်ခေါ်ယူဖို့ ကြိုးစားနေသော အရှိန်ရပ်တန့်သွားရာ ယိမ့်က သူမလက်ကို ဆွဲယူထားသော အစ်ကိုဖြစ်သူ၏ လက်တွင်းမှ သူမလက်ကိုဆွဲယူကာ ဒေါက်တာမင်းထင်နောက်နားမှာ ပြေးဝင်ရပ်တန့် ပုန်းကွယ်လိုက်ပါသည်။

"ယိမ့်ဟာ ခင်ဗျားညီမဆိုတာ ကျုပ်မငြင်းပါဘူး ကိုဒေါင်လွှမ်း၊ ဒါပေမယ့် သူ့ဆန္ဒမပါဘဲ ဖွတ်တရွတ်လုပ်တာမျိုးတော့ ကျွန်တော် ခွင့်မပြုနိုင်ပါဘူး"

"အဲဒီတော့ ခင်ဗျားက ကျုပ်ကို ဘာလုပ်ချင်လို့လဲ"

"ဘာမှမလုပ်ချင်ပါဘူး၊ ယိမ့်သဘောမပါဘဲ ဖွတ်မလုပ်ကြဖို့ ပြောချင်တာပါ"

ယောက်ျားနှစ်ယောက်၏ စူးရှသောအကြည့်နှစ်ခု လမ်းခုလတ်မှာ ဆုံစည်းသွားကြသည်။

"ကျုပ်လုပ်ချင်တာ လုပ်မယ်ဗျာ၊ ခင်ဗျားဘာပြောပြော ကျုပ် ဂရုမစိုက်ဘူး"

"ယိမ့် ...လာခဲ့"

"မလာဘူး ...မလာဘူး"

"အမလေး"

"ဟာ ...ယိမ့်"

"ဟင်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

ဒေါက်တာမင်းထင်ကို အရေးမစိုက်ဟန်ဖြင့် ခွတ်အတင်းရှေ့တိုးလာကာ ယိမ့်ကို ဆွဲထုတ်ဖို့ ကြိုးစားလာသူ အစ်ကိုကြောင့် ယိမ့်တစ်ယောက် အပေါ်ကို တက်ပြေးရာ ခြေချော်ကျပြီး လဲကျသွားသဖြင့် ဒေါက်တာမင်းထင် အပြေးလိုက်ဆွဲသော်လည်း အချိန်မမှီတော့ဘဲ လှေကားမှ ပြုတ်ကျလာရာ ဒေါက်တာမင်းထင် လက်ထဲအရောက်မှာ ပျော့ခွေပြီး သတိလစ်မေ့မြောလျက် ရှိနေပြီဖြစ်ပါတော့သတည်း။



BURMESE CLASSIC .com



## အခန်း (၁၁)

ဒေါက်တာခင်းထင်သည် ဆေးရုံတွင်းသို့ လှမ်းအဝင် မထင်မှတ်ဘဲ ခင်ထားနွယ်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားသလို ခင်ထားနွယ်၏ မျက်နှာကိုလည်း မယုံကြည်နိုင်သလို ကြည့်လိုက်မိသည်။

"နွယ် …ဒီကို ဘယ်လိုလုပ်ရောက်နေတာလဲ၊ အလည်လာတာလား"

"အဟင်း …ဟင်း …ဟင်း"

"အခုချိန်ထိ နွယ့်ကို အထင်သေးနေတုန်းပဲလား ကိုမင်းရယ်၊ နွယ် ဒီကိုအလည်လာတာမဟုတ်ပါဘူး၊ အလုပ်ကာဝန်နဲ့ ပြောင်းလာတာပါရှင်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းအခံရခက်သလို ရယ်မောလိုက်သော နွယ့်အသံကို နားထောင်ပြီး ဒေါက်တာမင်းထင်စိတ်မှာ မယုံကြည်နိုင်မှုတွေသာ ထပ်တိုးဖြစ်ပေါ်နေမိသည်။

ခင်ထားနွယ်လို မြို့ကြီးပြကြီးပေါ်မှာ အခမ်းနားအထည်ဝါဆုံး အောင်မြင်မှုတွေနှင့် ချမ်းသာပြည့်စုံစွာ နေသူတစ်ဦးက အခုလို အစွန်အဖျား ပျော်ရွှင်စရာ ဘာတစ်ခုမှမရှိသော ဒီလိုနေရာမျိုးကို အလုပ်တာဝန်နှင့် ရောက်လာရပါသည်ဆိုတာကို သူကိုယ်တိုင်နားမလည်နိုင်ခဲ့ပါ။

သို့ပါသော်လည်း ခင်ထားနွယ်၏ အပြောင်းအလဲတိုင်းက သူနှင့် ဘာတစ်ခုမှ မသက်ဆိုင်၊ မပတ်သက်တာမို့ ထူးထွေစွာ စဉ်းစားမနေတော့ပါ။

"ကိုမင်းရော …ဒီကို ဘာလာလုပ်တာလဲ"

"ဒီမှာ ကိုယ့်လူနာရှိတယ်လေ"

"လူနာရှိတယ် ဟုတ်လား၊ ဘယ်သူများလဲ၊ နွယ်သိတဲ့ လူထဲကများလား"

"မိန်းကလေးတစ်ယောက်ပါ"

"ဘယ်လို"

"မိန်းကလေးတစ်ယောက် ဟုတ်လား"

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ချောမောသည့် မျက်နှာကို ခင်ထားနွယ် ထိတ်လန့်တကြားလေး မော့ကြည့်လိုက်မိသည်။





"ဟုတ်တယ် နွယ်၊ သူ့နာမည်က ယိမ့်တဲ့၊ နွယ်သိမလားမသိဘူး"

"ယိမ့်"

ထိုအမည်ကို ခင်ထားနွယ် ယောင်ရမ်းစွာ ရွတ်ဆိုကြည့်နေမိသည်။ ဒေါက်တာမင်းထင်လို လူတစ်ယောက်ရဲ့ နှုတ်ဖျားကမိန်းကလေးတစ်ယောက်ရဲ့အမည်ကို ပထမဆုံး ကြားလိုက်ရခြင်းမဟုတ်လား။

သူလိုလူတစ်ယောက်မှာ ချစ်တတ်တဲ့ နှလုံးသားမှရှိခဲ့ပါရဲ့လားလို့တောင် ထင်ခဲ့ရသူရဲ့ နှုတ်ခမ်းဖျားမှာ တခြားမိန်းကလေးတစ်ယောက်၏အမည်ကို ဖွင့်ဆိုလာပုံကို ခင်ထားနွယ် စိတ်ထဲမှာ အိပ်မက်တစ်ခုလို ဖြစ်နေသည်။

"ဟုတ်တယ် …နွယ်၊ မနေ့ကပဲ ယိမ့်ကို ဆေးရုံလိုက်ပို့ရတာဆိုတော့ နွယ် သိချင်မှလည်း သိမယ်"

"ယိမ့်ဆိုတာ ကိုမင်းရဲ့ ပေးရှင့်တစ်ယောက်လား"

"အင်း …ဆိုပါတော့လေ၊ ကလေးမလေးက တော်တော်ဒုက္ခရောက်နေရှာတဲ့သူပါ"

ဒေါက်တာမင်းထင်၏ မျက်နှာက ပကတိတည်ငြိမ်လှသော်လည်း ယိမ့်ဆိုသူလေးပေါ်မှာ သနားကရုဏာဖြစ်နေသံကို နားထောင်ပြီး ခင်ထားနွယ်ရင်မှာ အောင့်မျက်သွားသည်။

မကောင်းတတ်၍ ဒေါက်တာမင်းထင်ရဲ့ ပေးရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လားလို့ မေးလိုက်ရပေမယ့် သူ့ခေါင်းထဲကယ်မေးချင်တာက အဲဒီမိန်းကလေးနဲ့ ဒေါက်တာမင်းထင်တို့ ဘယ်လိုသက်ဆိုင်ပတ်သက်နေကြသလဲဆိုတာကိုပါ။

ရင်ထဲကဆန္ဒကို မျိုသိပ်ချုပ်တည်းထားလိုက်ပြီး ခင်ထားနွယ်၏ မျက်နှာကို အလှဆုံးပြုံးလိုက်သည်။

အခုချိန်ဟာ ခင်ထားနွယ်နဲ့ ဒေါက်တာမင်းထင်တို့ အချိန်များစွာ ဝေးကွာခဲ့ရသော အခြေအနေတစ်ခုအတွက် ပြန်လည်ဆွေးနွေးမှုရရှိအောင် ပြန်လည်တည်ဆောက်ဖို့က အဓိကကျနေတာကို သူမ မမေ့ပါ။

"နွယ် …ဒီကိုရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး …ကိုမင်း၊ သုံးလေးလပဲ ရှိသေးတယ်"

"အန်ကယ်တို့တော့ သဘောတူပုံမှာမဟုတ်ဘူးထင်တယ်"

"အဟင်း…ဟင်း …ဟင်း"

"ကိုမင်းပြောတဲ့အတိုင်းပါပဲလေ၊ ဒါပေမယ့် နွယ်ကိုယ်တိုင်ကိုက ဆန္ဒပြင်းထန်နေလို့ ဒက်ဒီလည်း ခွင့်ပြုလိုက်ရတယ်ဆိုပါတော့"

ခင်ထားနွယ် စကားကို နားထောင်ပြီး သူပြုံးလိုက်သည်။

"ကိုမင်းက နွယ်ကို ဘာပြုံးတာလဲ"





"ပြော် …နွယ့်စကားကို ကြားရတာ ကိုယ့်အတွက် ထူးဆန်းနေလို့ပါ"

"ထူးဆန်းတယ် ဟုတ်လား"

သူမခြေဘဲ ပြုံးနေတာကိုကြည့်ပြီး အားမလိုအားမရဖြစ်နေမိသူက ခင်ထားနွယ်။ ဒီလိုပါပဲလေ …ကိုမင်းဆိုတဲ့ ဒေါက်တာမင်းထင်ဆိုတဲ့ လူတစ်ယောက်ဟာ ခင်ထားနွယ်လို မိန်းမလှလေးတစ်ယောက်ကို သူမ ဘယ်လိုမှ နားမလည်နိုင်တဲ့ အတွေးအခေါ်တွေနဲ့ပဲ အခုလို အဝေးဆုံးတစ်နေရာမှာ ကျန်ရစ်စေခဲ့တာပဲ မဟုတ်လား …။

"ဟိုခုတင်ပေါ်မှာရှိနေတာ ကိုယ်ပြောတဲ့ ယိမ့်ဆိုတာပဲ နွယ်"

"ပြော်"

ခင်ထားနွယ်၏ စူးရှထက်မြက်သော မျက်လုံးအစုံက လှပသော ယိမ့်မျက်နှာလေးပေါ် စူးစိုက်ကျရောက်သွားသည်။ အဖျားရောဂါကြောင့် ပင်ပန်းနွမ်းဖျော့နေသည့်တိုင် ယိမ့်တွင်ရှိနေသောကိုယ်ပိုင် အလှအပများက ဖုံးကွယ်ခွင့်မရ။

နှုနယ်ပျိုမြစ်ခြင်းနှင့် ယှဉ်တွဲလျက် လှပပြည့်စုံခြင်းက မည်သည့်အစိတ်အပိုင်းကိုသော်မှ အပြစ်ဆိုစရာမရှိ။

"ယိမ့်"

"ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်စွာ လှဲလျောင်းနေရာမှ ဒေါက်တာမင်းထင်၏ အသံကြောင့် အိပ်ရာမှ လူးလဲထလိုက်သော ယိမ့်ကို ဒေါက်တာမင်းထင် ညင်သာစွာ ဖေးကူမယူလိုက်တာကို ခင်ထားနွယ်၏ အရောင်တစ်ဖျတ်ဖျတ်လက်နေသော မျက်လုံးအစုံဖြင့် ငြိမ်သက်စွာ ရှုးစိုက်ကြည့်နေ၏။

"နေသာရဲ့လား ယိမ့်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ယိမ့်အပေါ်မှာ ဒေါက်တာ့ကျေးဇူးတွေ သိပ်များနေပါပြီရှင်၊ ဒေါက်တာကျေးဇူးကို ယိမ့်တစ်သက်ဘယ်တော့မှ မေ့မှာ့မဟုတ်ဘူးဆိုတာ ယုံပါ"

"အခုချိန်မှာ အဲဒါတွေ ပြောမနေပါနဲ့လေ၊ အရေးအကြီးဆုံးက ယိမ့် ကျန်းမာရေး အမြန်ဆုံး ပြန်ကောင်းလာဖို့ပဲ ဂရုစိုက်ပါ"

"ယိမ့်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ဒေါက်တာခင်ထားနွယ်၊ ကိုယ်နဲ့ ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်၊ နွယ်... ယိမ့်ဆိုတာ သူပဲ"

"တွေ့ရတာဝမ်းသာပါတယ် မမ"

"နွယ်ကလည်း ဝမ်းသာပါတယ်ကွယ်၊ ကိုမင်းနဲ့ ယိမ့်တို့ ခင်မင်ရင်းနှီးကြတာ ကြာပြီလား"

"မကြာသေးပါဘူး မမ၊ ဒါပေမယ့် ဒေါက်တာကျေးဇူးတွေက ယိမ့်အပေါ်မှာ ဆပ်လို့မကုန်နိုင်အောင်ပါပဲရှင်၊ ဒေါက်တာနဲ့သာ မတွေ့ခဲ့ရင် ယိမ့်ဘဝ အခုလို ရှင်သန်ရပ်တည်ခွင့်ရချင်မှ





ရတော့မှာပါ"

ပြောရင်း ယိမ့်အသံလေးက ငိုသံစွက်၍ တုန်ရီလာသဖြင့် မျက်ဝန်းအစုံမှာလည်း မျက်ရည်ကြည်တွေ ပြည့်အိုင်လာပုံက မြင်ရသူရင်ကို ဆွဲငြိချင်စရာ ကရုဏာသက်ချင်စရာ ဖြစ်သည်။

"ဘာလို့ အားငယ်စကားတွေ ပြောနေရတာလဲ ယိမ့်၊ အဲဒါတွေဟာ ပြီးခဲ့ပြီပဲ၊ ယိမ့်ဘဝအတွက် ရှေ့ဆက်ရမယ့် အနာဂါတ်ခရီးကိုသာ စဉ်းစားစမ်းပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ယိမ့်ကြောင့် ဒေါက်တာ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ယိမ့်ကို ခွင့်လွှတ်ပါ"

ခင်ထားနွယ်၏ လှပသောမျက်နှာလေးမှာ ပြုံးနေသော်လည်း စိတ်ထဲမှာတော့ အတွေးအမျိုးမျိုး၊ ခံစားချက်အစုံစုံဖြင့် ယိမ့်နှင့် ဒေါက်တာမင်းထင်တို့ကို တစ်ချိန်လုံး အကဲခတ်နေမိသည်။

အထူးသဖြင့် ဒေါက်တာမင်းထင်ဆိုသည့် သူမအသက်နှင့် ထပ်တူထားပြီး ချစ်ခင်မြတ်နိုးတွယ်တာလွန်းရသော ငယ်သူငယ်ချင်း ဒေါက်တာမင်းထင်ဆိုသည့် လူချောကြီးကို ဖြစ်သည်။

ခင်ထားနွယ်ဆိုတာ တခြားသူတွေနဲ့ ပတ်သက်လာရင် အင်မတန်မာနကြီးသူတစ်ယောက်ဆိုပေမယ့် ဒေါက်တာမင်းထင်လို ကိုယ်ချစ်ရတဲ့သူနှင့်ကြတော့ ဖယောင်းလို ပျော့ပျောင်းမှုတွေနဲ့ ချစ်သူအလိုကျ ဒူးထောက်အရှုံးပေးချင်မိသူမျှသာ ...။

ဒါကိုသိရက်နှင့် ကိုမင်းက သူမအချစ်တွေကို ဥပက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြုရက်နိုင်လွန်းသူ။ ရက်စက်လွန်းသူဖြစ်တာကို သူမ မေ့မရနိုင်ခဲ့ပါ။

ဒေါက်တာမင်းထင်ဆိုသည့် လူတစ်ယောက်မှာ ချစ်တတ်သော နှလုံးသားမှ ရှိပါလေစရယ်လို့ မှတ်ထင်ထားခဲ့သူရှေ့မှာ ခင်ထားနွယ်မဟုတ်သော သူစိမ်းမိန်းကလေးတစ်ယောက်အပေါ်မှာ ကြင်နာဖေးမမှု စာနာစကားတွေ ဆိုနေခဲ့ပါပြီကောလားလေ။

"ဘာစားပြီးပြီလဲ ...ကိုယ် ကော်ဖီဖျော်ပေးရမလား"

"နေပါစေ ဒေါက်တာ၊ ယိမ့်ဘာသာပဲ ဖျော်သောက်ပါ့မယ်၊ ယိမ့် နေသာပါတယ်"

"ယိမ့် ...ဆေးရုံမှာ ဘယ်နှစ်ရက်လောက်နေရဦးမလဲ နွယ်"

"ကိုမင်းက ယိမ့်ကို ဆေးရုံက ဆင်းစေချင်နေပြီထင်ဘယ် ဟုတ်လား"

"အဟင်း ...ဟင်း ...ဟင်း"

အဓိပ္ပာယ်ပါပါမေးလျက် မရယ်ချင်ရယ်ချင်း တစ်ချက်ရယ်လိုက်သော ခင်ထားနွယ်ကို ဒေါက်တာမင်းထင် လှမ်းကြည့်လိုက်သည်။

သူနဲ့ပတ်သက်ပြီး ခင်ထားနွယ်ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိနေသလဲဆိုတာ သိနေသူဆိုတော့ ယိမ့်နှင့်သူ့အပေါ်ထားသည့် သဘောထားစိတ်ကို လှမ်းမြင်တွေ့လိုက်နိုင်ပါသည်။





အခုချိန်မှာ ခင်ထားနွယ်နှင့်အပြိုင် သူ့ဘက်က ဘာကိုမှ လိုက်ခံစားနေစရာအကြောင်းမရှိသလို ဒေါသဖြင့် ရန်လိုတုံ့ပြန်ချင်စရာလည်း မရှိပါ။ ခင်ထားနွယ်နှင့် ပတ်သက်သော ဒေါက်တာမင်းထင် ခံစားချက်များက ဟိုတုန်းကလိုပင် ဘာတစ်ခုမှ မပြောင်းလဲ။

သူငယ်ချင်းမလှလှလေး အပြစ်သာ မြင်သည်။ မိတ်ဆွေတစ်ယောက်ထက်လည်း ပိုမမြင်နိုင်ခဲ့ခြင်းကလည်း သူမအတွက် ဝမ်းနည်းစရာပင်။

"ယိမ့်မှာ လုပ်ရမယ့်အလုပ်တွေ အများကြီးရှိတယ် နွယ်၊ ဆေးရုံက စောစောဆင်းနိုင်ရင် သူ့အတွက် ပိုကောင်းတာပေါ့လေ"

အေးဆေးညင်သာစွာ သူဆိုလိုက်သည်။

ခင်ထားနွယ်က လူနာ ဆေးရုံမှတ်တမ်းကို ကြည့်နေ၏။ ဒေါက်တာမင်းထင်ကိုယ်တိုင် ဆရာဝန်တစ်ယောက်မို့ လူနာအခြေအနေကို နားလည်သော်လည်း သူကဝန်ထမ်းမဟုတ်သဖြင့် လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ပြောဆိုခြင်းမပြုလိုပါ။

"ဆေးရုံကဆင်းမယ်ဆိုရင် ရပါပြီ၊ ယိမ့်က ဘယ်ကိုပြန်ရမှာလဲ"

"ကိုယ့်အိမ်ကိုပေါ့"

"ရှင်"

"ကိုမင်း ဘယ်လိုပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားနွယ် မျက်နှာပေါ်မှာ အံ့သြမယုံကြည်နိုင်ခြင်းတွေက ဖုံးဖိပယ်ဆောင်နိုင်စွမ်း မရှိခဲ့ပါ။ မိန်းကလေးကိစ္စနဲ့ ပတ်သက်ပြီး အင်မတန် ကင်းရှင်းပြီး သူဝါသနာပါရာ အလုပ်ကလွဲပြီး ဘာတစ်ခုမှ စိတ်မဝင်စားတဲ့လူတစ်ယောက်က သူ့အိမ်မှာ ယိမ့်လို မိန်းမလှလေးတစ်ယောက်ကို ခေါ်ထားသည်ဆိုတာ ဘာအဓိပ္ပာယ်နည်း။

"ယိမ့်မှာ သွားစရာ ဆွေမျိုးသားချင်းအိမ် မရှိဘူးလေ၊ လောလောဆယ် ကိုယ်ကပဲ သူ့ကို တာဝန်ယူလက်ခံစောင့်ရှောက်ထားရဦးမယ်"

မျက်လွှာချခေါင်းငုံ့ ငြိမ်သက်နေသော ယိမ့်အသွင်လေးကို ကြည့်ပြီး ဒေါက်တာမင်းထင် တည်ငြိမ်စွာဆိုလိုက်သည်နှင့် ခင်ထားနွယ်၏ မျက်နှာပေါ်က အလိုမကျခြင်း၊ မနှစ်မြို့နိုင်ခြင်းတို့ကို ထင်းခနဲ မြင်လိုက်ရသော်လည်း ချက်ချင်းလိုပင် ဘာမှမဖြစ်သလို ညင်သာစွာ ရယ်မောလိုက်သံလေးကို ကြားလိုက်ရသည်။

"အဟင်း ...ဟင်း ...ကိုမင်းမှာလည်း ဒီလိုပဲစိတ်နဲ့ ကြည့်ရှုစောင့်ရှောက်ထားရတဲ့ မိဘမဲ့ ဒုက္ခသည်တွေ ဘယ်နှစ်ယောက် ရှိနေပြီလဲရှင်"

"အင်းပေါ့လေ ...ကိုမင်းက သနားတတ်တော့ သူတို့ကံကောင်းတာပေါ့"

ယိမ့်ကို တမင်နှိမ့်ချပြောဆိုလိုက်သော စကားမှန်း





သိသော်လည်း ယိမ့် မနာကျင်နိုင်ပါ။ အခုချိန်မှာ ယိမ့်ဆိုတာ ပိုကိုးရာမဲ့ အားကိုးရာမဲ့ မိဘနှစ်ပါးနှင့်အစ်ကို ရှိပါလျက် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်နေရသူ။

မြင်တာနှင့်ပင် ဂုဏ်ကြီးရှင်အသိုင်းအဝိုင်းထဲကမှန်း သိသာထင်ရှားနေစေသော ဒေါက်တာခင်ထားနွယ်နှင့် ယိမ့်တို့ဘဝက ပိုနှင့်မြေလို နှိုင်းယှဉ်လို့မရအောင် ကွာခြားလွန်းတာကို ယိမ့် သိပါသည်။

ထိုအသိုင်းအဝိုင်းထဲက မောင့်လိုလူတစ်ယောက်ကို ချစ်မိရုံနှင့် ယိမ့်ဘဝ တစ်သက်တာ မေ့မရနိုင်သော သင်ခန်းစာအခြေအနေများ ရရှိခဲ့သည် မဟုတ်ပါလား။

လူကြီးလူကောင်း မျက်နှာကြီးလူချမ်းသာတို့၏ စိတ်နေသဘောထား၊ စရိုက်သဘာဝကို ယိမ့် ကောင်းစွာနားလည်သဘောပေါက်ခဲ့ရပါပြီ။

နှုတ်ခမ်းတွေချည်း ပြုံးရယ်နေပြီး အေးစက်မျက်လုံးတွေနှင့် လူတစ်ဖက်သားကို စကားလုံးတွေ၊ အမူအရာတွေနှင့် ထိုးနှက်တိုက်ခိုက်ကြသူတွေ။

လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး အပြောင်းအလဲမြန်လှသူတွေရဲ့ စိတ်ကလည်း ရှုပ်ထွေးကြောက်လန့်စရာ။

မောင့်လိုအသိုင်းအဝိုင်းမှာ ရှင်သန်ကြီးပြင်းလာခဲ့ရသော ဒေါက်တာခင်ထားနွယ်၏ စိတ်ဓါတ်၊ အပြုအမူ စကားလုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာ သိသာထင်ရှား လွန်းစွာ ဖော်ပြနေသည့်အဖြစ်။

"ကိုယ်တို့ ဒီနေ့ပဲ ဆေးရုံကဆင်းမယ် နွယ်၊ အားလပ် တဲ့အချိန် ကိုယ့်အိမ်ကို လာလည်ဖို့ နွယ့်ကို ဖိတ်ခေါ်ပါတယ်"

"မအားလည်း လာရမှာပေါ့ ကိုမင်းရယ်၊ နွယ်တို့က သူစိမ်းတွေမှမဟုတ်ဘဲ"

နူးညံ့ပိုင်းစက်သော ယိမ့်မျက်ဝန်းအကြည့်တွေက လှပ သော ခင်ထားနွယ်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဒေါက်တာမင်းထင်နှင့် ဒေါက်တာခင်ထားနွယ်တို့၏ အခြေအနေကို နားလည်သလိုလိုရှိလိုက်တာမို့ သူ့မကြောင့် သူတို့ ချစ်သူနှစ်ဦး အနောင့်အယှက်ဖြစ်မည်လားဟူသော အတွေးဖြင့် ချက်ချင်းပင် အကြည့်လွှဲ မျက်လွှာချလိုက်ပါသည်။

အချစ်ဝေဒနာကို ကိုယ်တွေ့ရင်ဆိုင်ခံစားဘူးခဲ့ပြီဖြစ်သော ..ပြီးပြွက် သူ့မကြောင့် မည်သူ့ကိုမှ မထိခိုက်စေလိုသည်မှာ ယိမ့်၏ ရင်ထဲက စစ်မှန်သော စေတနာမေတ္တာသာ ဖြစ်ပါတော့ သည်။





## အခန်း (၁၂)

ယိမ့်သည် သူ့မလက်ထဲက သတင်းစာကိုကိုင်ကာ ငူငူ ကြီး ငိုင်ငေးလျက် တွေဝေငြိမ်သက်နေ၏။ နောက်ဆုံးတော့ ယိမ့် ကြိုတင်မျှော်လင့်ထားသည့်အတိုင်း မောင်တစ်ယောက် သူနှင့် ဂုဏ်ရည်တူမိန်းကလေးနှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်သွားခဲ့ ပေပြီ။

ယိမ့်ကို ချစ်လှပါသည်ဆိုသော မောင့်အချစ်စကား၊ မောင့် သစ္စာများအားလုံး ရေပေါ်အရုပ်ရေးသည့်နှယ် ဖမ်းဆုပ်၍ မရအောင် ပျောက်ကွယ်သွားခဲ့သည်။

မောင့်ထံမှ အလိမ်အညာ ပလီပလာစကားများကို ပြန်လည် ကြားယောင်မိသော်လည်း ယိမ့်နှလုံးသားတို့မှာ နာကျင် ရှရာ မကျန်အောင် ခံစားနာကျင်ခဲ့ရပြီးသူ ဖြစ်သည့်အတိုင်း ထပ်မံ၍



www.burmeseclassic.com

www.burmeseclassic.com



မနာကျင်မိတော့ပါ။

မောင်သည် သူ့ဘဝသူ ဘယ်လိုတည်ဆောက်ရမည်ဆိုသည့်အချက်ကို ကောင်းစွာ သိမြင်တည်ဆောက်နိုင်သူဖြစ်သော်လည်း ယိမ့်ကိုယ်တိုင်သည်က လမ်းလျှောက်ရင်း လမ်းပျောက်နေရသူဖြစ်၏။

ရေးရေးမျှသော မျှော်လင့်ချက် ရွှေတောင်လေး အဆုံးတိုင် ပြိုပျက်ခဲ့ရပြီးနောက် ယိမ့်၏ အတွေးအမြင်စိတ်ကူးတို့သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

ယိမ့်သည် ဒေါက်တာသက်ခိုင်၏ လက်ထပ်မင်္ဂလာသတင်းကို မသိခင်အချိန်ထိ မောင်ရှိရာကို ပြန်လည်သွားရောက်ဖို့ စိတ်ကူးရှိခဲ့မိခြင်းကိုပင် ကြေကွဲရှက်ရွံ့လျက် ထိခိုက်သွားသည်။

ယိမ့် အကူအညီတောင်းသဖြင့် ဒေါက်တာမင်းထင်က ယိမ့်ကို သူနှင့်အတူ ရန်ကုန်သို့ ခေါ်ဆောင်သွားရန် သဘောတူခဲ့ပြီးနောက် ယိမ့်ကိုယ်တိုင် မောင်နှင့်တွေ့လျှင် ပြောရမည့်စကားများကို စီစဉ်တကျဖြစ်အောင် ကြိုးစားစီစဉ်နေခဲ့မိ၏။

ယိမ့်သည် ဦးခေါင်းကို ညင်သာစွာ ယမ်းလိုက်သည်။ စိတ်ကူးယဉ်ကမ္ဘာထဲက ရုန်းထွက်လွတ်မြောက်ရန် ဒေါက်တာသက်ခိုင်၏ လက်ထပ်မင်္ဂလာသတင်းက ယိမ့်ကို လှုပ်နှိုးလိုက်လေပြီ။

ရှုံးနိမ့်ကြေကွဲမှုများရှိရာ အရပ်ဒေသသို့ ပြန်သွားရန် ယိမ့်တွင် စိတ်ဆန္ဒမရှိတော့ပါ။ယိမ့်သည် နေရာမှ ဖြန်းခနဲ ထရပ်လိုက်





ပြီးနောက် ဒေါက်တာမင်းထင်ရှိရာသို့ လျှောက်ခဲ့သည်။

"ဒေါက်တာ"

"ဪ ...ယိမ့် လာလေ"

"ထိုင်"

ဒေါက်တာမင်းထင်သည် လိပ်ပြာတစ်ကောင်၏ ဓာတ်ပုံကို စိတ်ဝင်စားစွာ ကြည့်နေရာမှ ချထားလိုက်ပြီး ယိမ့်ကို နေရာပေးထိုင်ခိုင်းလိုက်ခြင်း ဖြစ်သည်။

ယိမ့်သည် ဒေါက်တာပေးသည့်ခုံမှာ အသာဝင်ထိုင်လိုက်ရင်း မျက်လွှာချလိုက်၏။

"ကျွန်မ ...ဒေါက်တာကို ပြောစရာရှိလို့ပါ"

"ပြောပါ ယိမ့်၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"ဒေါက်တာ ဘာမှလုပ်ပေးစရာ မလိုတော့ပါဘူး၊ ကျွန်မ ဒေါက်တာနဲ့အတူ ရန်ကုန်ကို မလိုက်တော့ဘူးဆိုတာ ပြောချင်လို့ပါ"

ယိမ့်စကားအဆုံး ဒေါက်တာမင်းထင် ငြိမ်ကျသွားပြီး ယိမ့်မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်သည်။ ထူးခြားသည့် ပြောင်းလဲမှုတစ်ခု လှပသော ယိမ့်မျက်နှာလေးတွင် ရှိနေသည်။

လောကကြီးကို ယိမ့် နာကြည်းနေသည်လား၊ သို့တည်းမဟုတ် သူမဘဝကိုပဲ သူမဘာသာ ခံပြင်းကြေကွဲနေခြင်းလား။

ရေရာသေချာသည်းကွဲစွာ မသိရသော်လည်း ယိမ့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



လေးက ပျော်လင့်ချက်တွေ ပျောက်ဆုံးသွားသော ကလေးငယ်တစ်ယောက်နှင့် တူသလို လောကကြီးကို ဖြင်ချင်ရာဖြစ်စေမ်းရည်လို့ ကြံကြံခံ တိုက်ပွဲဆင်တော့မည့် သူတစ်ယောက်ပမာ တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်ကို ချထားနှင့်ပြီး ဖြစ်ကြောင်း သူ့ကောင်းစွာ နားလည်သဘောပေါက်လိုက်ရပါပြီ၊

"ဒါ ယိမ့်ရဲ့ ဆုံးဖြတ်ချက်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ရန်ကုန်ကိုမလိုက်တော့ဘူးဆိုတော့ ယိမ့်ရဲ့ ဇာတိရွာကို ပြန်မယ်လား"

ယိမ့် မဖြေပါ။

သူမမျက်နှာလေးကို ကြည့်ခြင်းအားဖြင့်လည်း ရွာကို ပြန်မည့် အရိပ်အခြေ တစ်ခုမှမတွေ့ရ။

"ယိမ့် ဘာလုပ်ချင်သလဲဆိုတာ ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ ဒါမှ ယိမ့် ဘာလုပ်သင့်တယ်ဆိုတာ ကျုပ်ဘက်က အကောင်းဆုံးအကြံဉာဏ် ပေးနိုင်ပါလိမ့်မယ်"

"ကျုပ်ကို ယိမ့် ယုံကြည်ရဲ့လား"

"ယုံပါတယ် ဒေါက်တာ၊ ကျွန်မ ရန်ကုန်ကိုလည်း မသွားချင်ဘူး၊ ရွာကိုလည်း မပြန်နိုင်ဘူး"

ပြောရင်း ယိမ့်အသံတွေ တုန်ရီလာသည်။

မငိုတော့ဘူးလို့ အားတင်းထားပေမယ့် ယိမ့်ဆိုတာက





အားကိုးရာမဲ့ မိန်းမသားနုနုငယ်ငယ်လေး၊ ဘယ်လိုပင် မာန်တင်းဟန်ဆောင်နေစေဦးတော့ ယိမ့်ရင်ထဲမှာ ဒဏ်ရာတွေနဲ့ပါ။

"ငိုနဲ့လေ ...ယိမ့် ...ယိမ့်ဆန္ဒကို ကျုပ်သိရပြီပဲ၊ တိတ်ပါ"

"ယိမ့်အတွက် အကောင်းဆုံးဖြစ်အောင် ကျုပ် စဉ်းစားပေးမှာပေါ့"

"ကိုမင်းရေ"

အိမ်ရှေ့ဆီမှ ကားရပ်သံနှင့်အတူ စီလွင်သာယာသော ခင်ထားနွယ်၏အသံကြောင့် ပါးပြင်ပေါ် စီးကျလာသော မျက်ရည်စီးကြောင်းကြီးကို လျှင်မြန်စွာ ဖယ်ရှားရင်း ယိမ့် နေရာမှ ထရပ်လိုက်ပါသည်။

"ယိမ့်ကို ခွင့်ပြုပါ ဒေါက်တာ"

"ကျုပ်မသိဘဲ ဘာတစ်ခုမှမလုပ်ပါဘူးဆိုတာ ကတိပေးနိုင်မလား"

"ရှင်"

"ကျုပ်မသိဘဲ ဘာမှမလုပ်ပါဘူးဆိုတဲ့ကတိ မင်းဆီက ကျုပ်လိုချင်တယ် မိန်းကလေး"

ယိမ့်သည် မျက်ရည်ဝဲသော မျက်လုံးများဖြင့် ဒေါက်တာမင်းထင် မျက်နှာကို ငေးငေးကြီးကြည့်ရင်း မောင့်ကို သတိရလာရခြင်းကြောင့် နှလုံးသားတွေ မခံမရပ်နိုင်စွာ နာကျင်စို့နင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ပြောသလို ယိမ့်ကို မောင် ဘာလို့များ မပြောခဲ့ရသနည်း။ အဖြေက ရှင်းပါသည်။ မောင်သည် ယိမ့်ကို အမှန်တကယ် ချစ်မြတ်နိုးခြင်း မရှိခဲ့သဖြင့် ယိမ့်ဘာပဲလုပ်လုပ် စိတ်ဝင်စားခဲ့ခြင်း မရှိသလို တားမြစ်ချုပ်ချယ် ကန့်ကွက်ခြင်းလည်း မပြုခဲ့သည်မှာ မောင်က ယိမ့်မဟုတ်သော တခြားတစ်ယောက်ကို လက်ထပ်သွားခြင်းက သက်သေဖြစ်သည်။

"ကျုပ်တောင်းဆိုတဲ့ ကတိစကားကို ပေးဖို့ခက်နေသလား ယိမ့်"

ဒေါက်တာမင်းထင်၏ စကားကြောင့် ယိမ့်ကိုယ်လေး ဆတ်ခနဲဖြစ်သွားသည်။ ယိမ့်ဘဝတွင် ဒေါက်တာမင်းထင်လို လူမျိုးကိုမှ မယုံကြည်လျှင် တခြားဘယ်လိုလူမျိုးကိုများ ယုံကြည်စိတ်ချရမည်နည်း။

သူနှင့်စတွေ့ထဲက ယိမ့်ရင်ထဲမှာ တစ်ခါမှ မရရှိခဲ့ဘူးသော အေးချမ်းငြိမ်သက်မှုကို နှလုံးစိတ်ဝမ်းတွင်းမှ ခံစားခဲ့ရသလို သူ့အရိပ်မှာ ခိုလှုံခွင့်ရခြင်းကလည်း ကြည်သာချမ်းမြေ့ရှိလှသည်။

ဒါ…ဘာကြောင့်ဟု ယိမ့်ကိုယ်တိုင်လည်း မသိပါ။

"ယိမ့် ကတိပေးပါတယ် ဒေါက်တာ၊ ဒေါက်တာ မသိဘဲ ယိမ့် ဘာတစ်ခုမှမလုပ်ပါဘူး"

"ယိမ့် သွားတော့မယ်"

"ကောင်းပြီ"





ဒေါက်တာ ခင်ထားနွယ် ရောက်မလာခင်မှာပင် ယိမ့် ပိုနေရာလေးက ထွက်လာခဲ့လိုက်သည်။ ချစ်သူနှစ်ဦးကြားမှာ ယိမ့်က ဆေးရိုးသည်မဖြစ်လိုပါ။

"ယိမ့်ကိုလည်း မတွေ့ပါလား ကိုမင်း၊ ဘယ်သွားလဲ"

ခင်ထားနွယ်သည် ဒေါက်တာမင်းထင် ညွှန်ပြသည့်ခုံမှာ ဝင်ထိုင်ရင်း သူမမြင်တွေ့လိုသူကို အရင်ဦးဆုံး မေးလိုက်ခြင်းဖြစ်သည်။

"ဘယ်မှမသွားပါဘူး ….အိမ်မှာရှိသားပဲ"

"ဟုတ်လား …သူ့အခန်းထဲမှာလား၊ နွယ်ရောက်လာတာ သူမသိဘူးထင်တယ်၊ ခေါ်ခိုင်းလိုက်ပါဦး"

ဒေါက်တာမင်းထင် ခင်ထားနွယ်မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ ယိမ့်အပေါ်မှာ ခင်ထားနွယ် ဘယ်လိုသဘောထားနေသလဲဆိုတာ သူတွေးနေမိသည်။

နွယ်က ယိမ့်ကိုတွေ့ချင်သည်။

ယိမ့်ကတော့ သူမနှင့်ဆန့်ကျင်ဘက် ခင်ထားနွယ်ကို မတွေ့လို၍ ရှောင်ထွက်သွားသည်။

ယိမ့်စိတ်ထဲမှာ ခင်ထားနွယ်နှင့် သူ့ကို တစ်မျိုးထင်နေတာ ဒေါက်တာမင်းထင် သိသော်လည်း ရှင်းပြနေစရာမလိုသဖြင့် ငြိမ်နေလိုက်သည်။

"ယိမ့်ကိစ္စကရော ဘယ်လိုလဲကိုမင်း၊ အဆင်ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလား၊ ရန်ကုန်ကို ဘယ်တော့သွားကြမှာလဲ''

ရန်ကုန်ကိုပို့ပေးမည့် အစီအစဉ်ကို သိထားသဖြင့် ခင်ထားနွယ် မေးလိုက်မှန်း သူသိပါသည်။

''သူက ရန်ကုန်ကိုမလိုက်တော့ဘူးတဲ့ နွယ်''

''ဟုတ်လား ....သူ့ရွာကိုပဲ ပြန်တော့မယ်ထင်တယ်''

ရှင်လန်းတက်ကြွစွာ ခင်ထားနွယ်ဆိုလိုက်သည်။ ဒေါက်တာမင်းထင်ဆိုသည့် ချစ်ရသူအပါးမှာ သူမမဟုတ်တဲ့ တခြားဘယ်မိန်းကလေးကိုမှ မမြင်မတွေ့လိုသည်မှာ ခင်ထားနွယ်၏ လှိုက်လှဲသော ဆန္ဒတစ်ရပ်သာ။

''ရွာကိုလည်း မပြန်ဘူးလို့ ပြောနေတယ်၊ ကြည့်ရတာ သူ့မှာ နာကြည်းစရာတစ်ခုခု ရှိနေပုံပဲ၊ သတင်းစာဖတ်ပြီး ငိုနေတာ ကိုယ်တွေ့တယ်''

''သူ့ချစ်သူ လက်ထပ်သွားတာလားမှ မသိတာ၊ ဒါကြောင့် ရန်ကုန်ကို မလိုက်တော့ဘူးလို့ ပြောတာနေမှာပေါ့''

''ဖြစ်နိုင်စရာတော့ ရှိသားပဲ၊ ဒါပေမယ့် ...''

''ဘာမှမဟုတ်တဲ့ ကိစ္စတွေနဲ့ ကိုမင်းလည်း ခေါင်းရှုပ်သိပ်ခံမနေပါနဲ့၊ သတ္တဝါတစ်ခု ကံတစ်ခုပဲလေ၊ ကိုယ်က အကောင်းဆုံးလုပ်ပေးထားပြီးပြီပဲ၊ လက်မခံတာတော့ မတတ်နိုင်ဘူးပေါ့''

''သူ့မှာ တခြားအားကိုးရာ ရှိချင်လည်းရှိမှာပေါ့''

ခင်ထားနွယ်၏ ထင်မြင်ယူဆချက်ကို သူ ဘာမှမတုံ့ပြန်





ချင်ပါ။ ဇုန်ဟုန်ကိုလွှတ်ပြီး ယိမ့်ကို ခေါ်ခိုင်းလိုက်သည်။

ညင်သာသိမ်မွေ့သော ခြေလှမ်းများဖြင့် ဝင်ရောက်လာသော ယိမ့်ကို စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်နေသူက ခင်ထားနွယ်။

ဖြူနုဝင်းဝါသော အသားက ရွှေရောင်ဝင်းနေသလို စိမ်းမြသော အကြောစိမ်းလေးများကို မြင်နေရသည်။ ငါးပေနှစ်လက္ခန့် အရပ်အမောင်း၊ သွယ်မယောင်နှင့် ဝိုင်းသော မျက်နှာ၊ ဖင်ရော်တောင် မျက်ခုံးအောက်မှာ ကော့ရှန်းသည့် မျက်တောင်များဖြင့် လှပဝိုင်းစက်သော မျက်ဝန်းအစုံက ညှို့စိုက်နေ၏။

နှာတံစင်းစင်းလေးအောက်မှာ ဆေးမကျူဘဲ နီရဲထူအမ်းနေသည့် နှုတ်ခမ်းလွှာတို့က တင်းတင်းစေ့နေ၏။ အနက်ခံပေါ်မှာ မြစိမ်းရောင် ဖောက်ထားသော လုံချည်၊ ကျောက်စိမ်းရောင် ဘလောက်နှင့် ဆံပင်ရှည်များကို ဖြစ်သလို ထုံးဖွဲ့ထားရာ လည်ပင်းနှင့် ပါးပြင်တစ်ဝိုက်မှာ ကပိုကရို ဆံနွယ်လေးတွေ ဖြာကျနေပုံက အလှတွင် အယဉ်ဆင့်နေဘိသကဲ့သို့တည်း။

ပြည့်တင်းသွယ်လျသော ခန္ဓာကိုယ်က ကျန်းမာသန်စွမ်းသည့်အလှကို ပိုင်ဆိုင်သူအဖြစ် မိန်းမသားချင်းပင် နာလိုစရာမရှိသော အလှပိုင်ရှင်ယိမ့်ကို ဘယ်ယောကျ်ားကများ မချစ်ဘဲနေနိုင်ပါမည်နည်း။

''နေကောင်းရဲ့လား ယိမ့်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

"ထိုင်လေ"

"ဟုတ်ကဲ့"

ခင်ထားနွယ်နှင့် မလှမ်းမကမ်းက ခုံတစ်ခုမှာ ယိမ့်ဝင်ထိုင်လိုက်သည်နှင့် ကော်ဖီပူပူတစ်ခွက်ကို ယိမ့်ရှေ့ကို ဒေါက်တာမင်းထင်ကိုယ်တိုင် ချပေးလိုက်တာကို ခင်ထားနွယ် တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကိုမင်းပြောပြလို့ ယိမ့်အကြောင်း တချို့တစ်ဝက်ကို မမသိပြီးပါပြီ၊ ယိမ့်မှာ ဘယ်လိုအစီအစဉ်တွေရှိလို့လဲ"

"မရှိပါဘူး"

"ဟင်"

"ယိမ့် ..သဘောထားကို မမ သိခွင့်ရမလား"

ယိမ့် ဦးခေါင်းလေးငုံ့သွားသည်။

ပြီးတော့ ဒေါက်တာမင်းထင်ကို ပြောသည့်အတိုင်း ခင်ထားနွယ်ကို ဒေါက်တာမင်းထင်၏ ချစ်သူအဖြစ် ပြောပြလိုက်သည်။

ယိမ့်က ကိုယ့်ခံစားချက်နှင့်ကိုယ် ပြောနေသလို ခင်ထားနွယ်ကလည်း သူမခံစားချက်နှင့် နားထောင်နေပါသည်။

ဤမျှဝေးလံခက်ခဲ ကြမ်းတမ်းသော နေရာသို့ ခင်ထားနွယ် ရောက်ရှိလာရခြင်းမှာ ဒေါက်တာမင်းထင်ဆိုသည့် ချစ်ရသူ





ကို တွေ့ချင်လို့၊ အဆင်မပြေမှုများ၊ အထင်အမြင်လွဲမှုများကို ညှိနှိုင်းတိုင်ပင်ဖြတ်ကျော်ဖို့ဖြစ်သည်။

အထူးသဖြင့် 'အချစ်'အတွက် ခင်ထားနွယ်တွင်ရှိနေသော မာန်မာန ဂုဏ်သိက္ခာများကို မေ့ထားပြီး ဒေါက်တာမင်းထင်၏ အချစ်ကို ရယူပိုင်ဆိုင်ခွင့်အဖြစ် နောက်ဆုံးအကြိမ် ရှိသမျှအင်အားလေးဖြင့် အစွမ်းကုန် ကြိုးစားလာခဲ့ရသူဖြစ်ကြောင်း ကိုမင်းကတော့ဖြင့် သိမည်မဟုတ်ပါ။

ခင်ထားနွယ် ဒီတောင်ပေါ်မြို့လေးကို ရောက်လာသည့်အချိန်မှာ ဒေါက်တာမင်းထင် ရှိမနေခဲ့ပါ။ တောထဲတောင်ထဲ ခရီးလွန်နေသည့် သတင်းကို နားထောင်ပြီး ကြေကွဲစွာ ပြုံးနေခဲ့သည်။

မြင်ချင်၊ တွေ့ချင်လွန်း၍ လိုက်လာခဲ့ရသည့်ခရီးက မနီးချေ။ ကြားရသည့်သတင်းနှင့် စုံစမ်း၍ရသမျှကလည်း ခင်ထားနွယ်အတွက် မျှော်လင့်ချက်များစွာဖြင့် အားရကျေနပ်စရာ ကောင်းလှသဖြင့် သူမ လာရကျိုးနပ်သည်ဟု ထင်မြင်ယူဆခဲ့သည်။

ဒေါက်တာမင်းထင်သည် ဟိုတုန်းက သူမနှင့် ခွဲခွာခဲ့ရစဉ်တုန်းကအတိုင်း မိန်းမကိစ္စနှင့် လုံးဝကင်းရှင်းပြတ်သားစွာ သူဝါသနာပါသည့် အလုပ်တွေနှင့်သာ လုံးထွေးအချိန်ကုန်နေဆဲဖြစ်သည်။

သူ့ကိုစောင့်ရင်း အချိန်တွေကုန်ခဲ့သည်။ ပေဘာ ...အခုလို



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရသည့်အချိန်ကြတော့ သူမမျှော်လင့်ထားသလို ဒေါက်တာမင်းထင်တစ်ယောက်တည်း မဟုတ်။

သူ့အနားမှာ နတ်သမီးတချို့ ချောမောလှပသော တောင်ပေါ်သူမိန်းမလှလေးတစ်ယောက် အတူရှိနှင့်နေရုံမက ဒေါက်တာမင်းထင်ကိုယ်တိုင် ထိုမိန်းကလေးကို အရေးတယူရှိနေပုံက ခင်ထားနွယ် အသည်းနှလုံးကို နာကျင်ပူလောင်လွန်းလှပါဘိ။

ခင်ထားနွယ် ရင်ထဲအသည်းထဲက ခံစားချက်ကို မည်သူမှ နားလည်ပေးနိုင်မည်မထင်ပါ။ ဒီလိုအခြေအနေမှာ ယိမ့်ဆိုသည့် မိန်းမလှလေးက ဒေါက်တာမင်းထင်လက်ထဲမှာ သောင်တင်နေဦးမည်ဆိုလျှင် …။

ထိုနေရာအရောက်မှာပဲ သူမအတွေးအားလုံးကို ခင်ထားနွယ် ရပ်တန့်ပစ်လိုက်သည်။

"ဆိုလိုတာက …ရန်ကုန်ကိုလည်း မလိုက်တော့ဘူး၊ ဇာတိရွာကိုလည်း မပြန်ချင်ဘူးဆိုတော့ မင်းမှာ တခြားသွားစရာ နေရာရှိလို့လား"

အခုရှုပ်မှနောင်ရှင်းမှာဖို့ သူမသိချင်တာကို ခင်ထားနွယ် အပြတ်မေးပစ်လိုက်သည်။

"မရှိပါဘူးမမ"

ဒေါက်တာမင်းထင်၏ မျက်နှာကို ခင်ထားနွယ် တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒေါက်တာမင်းထင်က မည်သူ့ကိုမှမကြည့်





ဘဲ ငြိမ်သက်စွာ တစ်စုံတစ်ခုကို စဉ်းစားနေ၏။

သူစဉ်းစားနေသည့် အကြောင်းအရာမှာ ယိမ့်အတွက်သာ ဖြစ်မှန်း ခင်ထားနွယ် သူ့အလိုလိုသိနေ၏။

ဤအရုပ်တော်ပုံကို ရှင်းလင်းရမည့်သူမှာ ခင်ထားနွယ် ကိုယ်တိုင်ကလွဲပြီး တခြားသူမရှိဟု သိလိုက်သည်။ မီးဆိုတာမျိုးက မလောင်ခင်သာ တားဆီးနိုင်မည်မဟုတ်လား။

"ကိုမင်း မနက်ဖြန် ရန်ကုန်ကိုသွားဖို့ အားလုံးစီစဉ်ပြီးပြီမဟုတ်လား"

"ဟုတ်တယ် နွယ်"

"ယိမ့်ကလည်း ဟိုကိုမလိုက်ချင်တော့ဘူးဆိုတော့ ဒီလိုလုပ်ကြတာပေါ့ နွယ့်အတွက်လည်း ဒီမှာ အဖော်မရှိတော့ ယိမ့်ကို နွယ်ပဲ ခေါ်ထားလိုက်မယ်"

"ဒါဆို …ယိမ့်ဆန္ဒလည်းပြည့် နွယ့်အတွက်လည်း အဆင်ပြေသွားတာပေါ့၊ မဟုတ်ဘူးလား"

"ကိုမင်းသဘောကရော"

"ကိုယ်က အရေးမကြီးပါဘူးလေ၊ ယိမ့် စိတ်ချမ်းသာဖို့ကသာ အဓိကပါ"

"ယိမ့်သဘောကရော မမနဲ့အတူနေချင်ရဲ့လား"

"နေချင်ပါတယ် မမ"

မဆိုင်းမတွပင် ယိမ့် အဖြေပေးလိုက်သည်။ အခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်က ရေနစ်သူလို ကောက်ရိုးတစ်မျှင်ကိုပင် အားကိုးရာဟု ထင်မှတ်နေသူ။

အားလုံး၏ သဘောတူညီမှုဖြင့် ခင်ထားနွယ်ထံမှာ ယိမ့် နေရစ်ခဲ့သည်။ ဒေါက်တာမင်းထင် ပြန်သွားသည်။ လိုအပ်သည့် အကူအညီတောင်းရန် ယိမ့်လက်ထဲကို ငွေတစ်ထပ်နှင့် ဆက်သွယ်ရန် လိပ်စာလေးတစ်ခု ပေးသွားသည်။

ခင်ထားနွယ်ကတော့ ယိမ့်ကို ခေါ်ထားလိုက်နိုင်ခြင်း အပေါ်မှာ အကျေနပ်ကြီး ကျေနပ်မဆုံးတော့ချေ။





## အခန်း (၁၃)

ယိမ့်သည် ပြောင်လက်တောက်ပနေသော ကြမ်းကို သေချာကြည့်ပြီး စိတ်ကိုင်းကျမှ ပစ္စည်းများကို သိမ်းဆည်းကာ နေရာမှထလိုက်သည်။

ဒေါက်တာခင်ထားနွယ်၏ အိမ်တစ်ခုလုံး ယိမ့်၏လက်ရာများဖြင့်သာ ပြည့်လျှမ်းလျက်ရှိသည်။ ဖုန်တစ်စက်မရှိသလို သန့်ရှင်းတောက်ပြောင်နေအောင် အထူးဂရုစိုက်ခြင်းဖြင့် ခင်ထားနွယ်ရင် ပူပန်မောပန်းလာသမျှ ပြေလျော့စိတ်ချမ်းမြေ့အောင် သူမ၏အာရုံများကို ရှိသမျှ အလုပ်တာဝန်ဝတ္တရားထဲမှာ နစ်မြုပ်ထားလိုက်ခြင်းက ယိမ့်ရင်ကို များစွာ သက်သာရာရစေခြင်း၏ အကြောင်းတရားဖြစ်၏။

ယိမ့်၏အစ်ကိုသည် ဒေါက်တာမင်းထင်နှင့် ပြဿနာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ထပ်မလာတော့ချေ။ လဖိုင်လနှင့် မိဘနှစ်ပါး၏ သတင်းစကားကိုလည်း မကြားရ။ နောက်ပိုင်းမှာ ဘယ်လိုပြဿနာတွေဖြစ်ကျန်ရစ်သည် မသိရသော်လည်း ယိမ့်က သူမဘဝလေးကိုကျေနပ်ရာနေရာမှာ အကောင်းဆုံးဖြစ်အောင် အထူးကြိုးစားနေထိုင်လျက်ရှိသည်။

ဒေါက်တာခင်ထားနွယ်သည် စိတ်ရင်းစေတနာ ကောင်းသူတစ်ယောက် ဖြစ်သော်လည်း ယိမ့်တို့လို လူတန်းစားတွေနှင့် ခွေးရောရှက်တင်မနေဘဲ သူမဘာသာ သီးသန့်ဆန်စွာ နေတတ်သူအဖြစ် သိလာခဲ့၏။

ထို့အတွက် ယိမ့်ရင်မှာ ထူးပြီးမခံစားမိချေ။ အချိန်တိုင်း စက္ကန့်တိုင်း ပြောင်းလဲနေတတ်သော လူ့လောကကြီး၏ ရိုက်ပုတ်ထုထောင်းနှိပ်စက်သမျှကို ယိမ့်ကိုယ်တိုင် ခါးစည်းခံခဲ့ရသောကြောင့် ဒေါက်တာခင်ထားနွယ်၏ သီးခြားဆန်မှုမှာ သူမအတွက် ပြောပလောက်သော အရာမဟုတ်တော့။

လုပ်စရာရှိတာ သိမ်းကျုံးလုပ်။ ပေးတာယူ၊ ကျွေးတာစား၊ စကားနည်းသော ယိမ့်ကို ခင်ထားနွယ် ကိုယ်တိုင်ကလည်း သဘောကျနှစ်ခြိုက်ပုံရပါသည်။

သူမသိချင်သည့် ယိမ့်အကြောင်းတွေ မေးပြီးထဲက တခြား ဘာကိုမှ ထပ်မမေးတော့။

ဒေါက်တာခင်ထားနွယ်နှင့် နေရသည့် စာစ်လဆိုသည့်





အချိန်အတွင်းမှာ ယိမ့်ဘဝသည် ပုံမှန်အေးဆေးငြိမ်သက်လှသည်။

"ယိမ့်ရေ"

"လာပါပြီ မမ"

ရေချိုးပြီးစအသွင်ဖြင့် လန်းဆန်းတက်ကြွစွာ လှနေသော ဒေါက်တာခင်ထားနွယ်ပုံစံက ဆေးရုံကိုသွားရန် ဝတ်စုံပြည့် အသင့်ဖြစ်နေပြီဖြစ်သည်။

"ဒီကို ဧည့်သည်တွေလာလိမ့်မယ်၊ ပိုနေတဲ့ အိပ်ခန်းနှစ်ခန်းကို အသင့်ပြင်ဆင်ထားပေးပါ၊ ဟုတ်လား"

"ဟုတ်ကဲ့ မမ"

"ဧည့်သည် အနည်းဆုံး လေးယောက်ပဲ၊ ဒီထက်လည်း ပိုချင်ပိုမယ်၊ ဒေါ်ဆိုင်လီလည်း ယိမ့်နဲ့အတူ လာနေပြီး ကူလိမ့်မယ် သိလား"

"ဟုတ်ကဲ့ပါ"

"အေး ...အေး ဒါပါပဲ၊ တစ်ရက်နှစ်ရက်အတွင်း သူတို့ရောက်လာကြလိမ့်မယ်၊ ယိမ့်ဘက်က အသင့်ဖြစ်နေရင်ရပြီ"

"မမလည်း ဂျူတီချိန်နီးလို့ သွားတော့မယ်"

ဒေါက်တာခင်ထားနွယ်တစ်ယောက် မြင်ကွင်းမှ ပျောက်သွားသည်အထိ ငေးငေးကြီး ကြည့်နေပြီးမှ အိမ်ထဲကို ပြန်ဝင်ခဲ့သည်။

ဧည့်သည်တွေ လာကြမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဧည့်သည်တွေလည်းဆိုတာ ယိမ့် မသိပေ။ သူမဘက်က တာဝန်ကျေပြွန်အောင် ထမ်းဆောင်ရပေမည်။

ချက်ချင်းပင် အိပ်ခန်းတွေကို သန့်ရှင်းရေးလုပ်ပစ်လိုက်သည်။ စိတ်ပါလက်ပါ မခိုမကပ် စေတနာအပြည့်ဖြင့် အခန်းနှစ်ခုလုံး သန့်ရှင်းအပြီးမှာ ယိမ့်တစ်ကိုယ်လုံး ချွေးများ စို့နင့်လျက်ရှိ၏။

ဒေါက်တာခင်ထားနွယ် လွှတ်လိုက်သော ဒေါ်ဆိုင်လီ ရောက်လာချိန်မှာ ယိမ့်ဘက်က လုပ်ဆောင်ရမည့် တာဝန်များအားလုံး ပြီးစီးသွားနှင့်လေပြီ။

ထိုနေ့ညစာကို ဒေါ်ဆိုင်လီကပဲ တာဝန်ယူချက်ပြုတ်သဖြင့် ယိမ့် ဘာမှလုပ်စရာမလိုတော့ပါ။ လက်ရာကောင်းလှသော ဒေါ်ဆိုင်လီမှာ ဧည့်သည်များ မပြန်မချင်း ဒေါက်တာခင်လေးနွယ် အိမ်မှာ ယိမ့်ကို အဖော်လုပ်ပြီး ဒေသစာ တိုင်းရင်းသား အစားအသောက်များကို လက်စွမ်းပြ ချက်ပြုတ်ပေးမည်ဖြစ်သည်။

"ဟော..လာကြပြီ၊ လာကြပြီ၊ အန်တီညိုနဲ့ဖြူလေးလာ...လာ၊ အန်ကယ်ရော နေကောင်းရဲ့လား"

"ကောင်းပါ့ကွယ်၊ ဟိုမှာ သူ့အလုပ်ကိစ္စတွေ မအားတာနဲ့ ဘယ်မှကို ခရီးမထွက်နိုင်လို့ ထားခဲ့ရတယ်၊ အန်တီကတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဇွတ်နှစ်ထွက်လာခဲ့တော့တာပဲ နွယ်ရေ"

"မမနွယ်ကြီးက အခုမှ ပိုလှနေပါလား၊ တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလား မမရဲ့ ကိုဝင့်ထည်ကြီး သနားပါတယ်"





"တော်စမ်းပါ ဖြူလေးရယ်၊ မင်္ဂလာယူနေချိန်မှာ တခြားသူအကြောင်း မပြောစမ်းပါနဲ့၊ ကိုယ့်အကြောင်းကိုယ်ပဲ စဉ်းစားစမ်းပါ"

"ဟုတ်တယ် ...ဟုတ်တယ်"

"အဟင်း ...ဟင်း...ဟင်း"

"ခစ် ...ခစ်"

ရယ်သံလေးတွေ ဆူညံဝေဆာသွားသလို မိတ်ဆက်စကားပြောသံ၊ ခင်မင်ရင်းနှီးစွာ စနောက်သံလေးတွေ ညံစီနေချိန်မှာ ယိမ့်တစ်ယောက် နောက်ဖေးမီးဖိုခန်းမှာ မောပန်းလာသမျှ အပန်းဖြေနိုင်ကြရန် ဧည့်သည်များအတွက် အထူးပြင်ဆင်ချက်ပြုတ်မှုလေးတွေနှင့် အဆုံးမသတ်နိုင်ဘဲ လုံးချာလည်နေ၍ ဧည့်သည်အစုကို စိတ်မဝင်စားနိုင်သလို အာရုံလည်း မစိုက်ခဲ့မိပါ။

ဒေါ်ဆိုင်လီကသာလျှင် သိုးသိုးသွက်သွက်ဖြင့် အိမ်ရှေ့ခန်း ရောက်သွားပြီး ဧည့်သည်များနှင့် ပါလာသော မိတ္တူဆိုသော အိမ်ဖော်ကလေးမလေး၏ အကူအညီဖြင့် ဒေါက်တာခင်ထားနွယ် စီစဉ်ညွှန်ကြားထားသည့်အတိုင်း ပါလာသည့် အဝတ်သေတ္တာနှင့် ပစ္စည်းများကို နေရာချပေးလျက်ရှိသည်။

ဧည့်သည်နှင့် ဒေါက်တာခင်ထားနွယ်တို့ စကားပြောနေချိန် ယိမ့်က အသင့်ပြင်ပေးထားသော စားသောက်စရာ လင်ဗန်းနှင့် ဖျော်ရည်အေးအေးများကို ဒေါ်ဆိုင်လီ လာယူသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်မှာ အသက်ရှူရှောင်သွားသည်။

ဖြစ်နိုင်လျှင် မည်သည့်လူစုလူဝေးနှင့်မှ နေလိုစိတ်မရှိပါ။ မည်သူနှင့်မှလည်း စကားမပြောချင်သဖြင့် ငြိမ်သက်နေစဉ်မှာပင်…

“ကိုသက်…လာလေ ရေချိုးခန်းသွားချင်တယ်ဆို”

“လာပြီ ဖြူ”

အသံလေးနှစ်ခု ယိမ့်နားထဲ တိုးဝင်ရောက်ရှိလာသဖြင့် ယိမ့်ရင်ထဲ ဒုတ်ခနဲ ဖြစ်သွားသည်။ ကိုသက်နဲ့ ဖြူ။

နာမည်နှစ်ခုစလုံး ယိမ့်နှင့် ရင်းနှီးနေသလိုရှိတာမို့ အသံလာရာသို့ ဖျတ်ခနဲ ဇာမ်းအကြည့်လိုက်မှာ လုံးဝမျှော်လင့်ထားခြင်းမရှိသော လူတစ်ယောက်ကို တွေ့လိုက်ရခြင်းက ယိမ့် ဦးခေါင်းကို မိုက်ခနဲ မူးနောက်ပြာဝေသွားစေပါသည်။

ယိမ့် တွေ့လိုက်ရသူက တခြားသူမဟုတ်။

ဒေါက်တာ သက်ခိုင် (သို့မဟုတ်) ယိမ့်ရဲ့ချစ်သူ မောင်ဆိုသူ။ ယိမ့်ကို ချစ်လှကြိုက်လှပါချည်ရဲ့ဟု ဆိုခဲ့ပြီးမှ ယိမ့် မဟုတ်သည့် တခြားသူတစ်ယောက်နှင့် မြတ်နိုးကြည်ဖြူစွာ လက်ထပ်သွားသူက တိုက်တိုက်ဆိုင်ဆိုင် ယိမ့်ရှိရာသို့ ရောက်ရှိလာခြင်းကတော့ နာကြည်းစရာ အကောင်းဆုံး ကံကြမ္မာ၏ ကျီစယ်နောက်ပြောင်မှုပဲဖြစ်သည်။

ပြေးစရာမြေမရှိသော ယိမ့်သည် နေရာမှာ ငူငူကြီးရပ်





လျက် တွေဝေနေရာမှ သူမလုပ်စရာရှိတာတွေကို ဆက်လုပ်နေမိသည်။

မောင်က ယိမ့်ကိုမမြင်။

အသစ်စက်စက် ဇနီးသည်လေးနှင့်အတူ ခြံအနှံ့လှည့်ပတ်ကြည့်ရင်း ကြည်နူးပျော်ရွှင်လျက်ရှိသည်။

ချိုလွင်သာယာသော ရယ်မောသံများက ယိမ့်နားတွင်းသို့ သံရည်ပူနှင့် လောင်းချလိုက်သလို ဝင်ရောက်လာခြင်းကို တားဆီးရန် အခွင့် ယိမ့်တွင်မရှိချေ။

ကိုယ့်ကိုယ်ကို သတိမထားနိုင်ခင်မှာပင် ယိမ့် ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များကြောင့် ထိတ်လန့်တုန်လှုပ်သွားရသူက ယိမ့်ဖြစ်သည်။

အခုချိန်မှာ ယိမ့်ဘက်က ဘယ်လိုနည်းနှင့်မှ ဣန္ဒြေပျက်၍ မဖြစ်မှန်း သိလိုက်သည့်အတွက် ဝမ်းနည်းစိတ်ကို ဖွတ်အတင်းချုပ်တည်းမျိုသိပ်ကာ ဘယ်သူမှ မမြင်မတွေ့နိုင်ခင်မှာ မျက်ရည်များကိုဖယ်ရှားပစ်လိုက်သည်။

ကိုယ့်ကို တကယ်မချစ်လို့ ကိုယ့်ကို ပစ်ပယ်ပြီး တခြားသူတစ်ယောက်ကို လက်ထပ်သွားသူအတွက် ယိမ့် ဘာကြောင့် ဝမ်းနည်းကြေကွဲထိခိုက်နေရမည်နည်း။

လွှမ်းစရာများကို နာကြည်းစရာအကြောင်းအရာများဖြင့် ချက်ချင်းဖုံးလွှမ်းဖြေသိမ့်နိုင်အောင် ကြိုးစားလျက် မျက်ရည်များကို



www.burmeseclassic.com

www.burmeseclassic.com



ခမ်းခြောက်စေလိုက်သည်။

"ယိမ့်ရေ ...လာပါဦး"

ဒေါက်တာ ခင်ထားနွယ်၏ အသံက ယိမ့်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားစေသော်လည်း မတတ်နိုင်ပါ။ သူ့ဆန်စားရဲရမည်က ယိမ့်တာဝန်။

"လာပါပြီ ...မမ"

ရိုကျိုးစွာပင် ညွှတ်သည်များရှေ့မှောက်သို့ ယိမ့် ရောက်လာခဲ့ရသော်လည်း ဘယ်သူ့ကိုမှ မကြည့်မိအောင် မျက်လွှာချထားမိသည်။

"ဟင်"

ယိမ့်ကိုမြင်သည်နှင့် မျက်စိမျက်နှာပျက်သွားသူက ဒေါက်တာသက်ခိုင် ...။

"အန်တီညို ...သူနာမည်က ယိမ့်တဲ့၊ နွယ်ရဲ့ ညီမလေးတစ်ယောက်ဆိုပါတော့၊ ဒီမှာ ယိမ့်နဲ့ အဖော်လာနေပေးတာလေ"

"ယိမ့် ...ဒါ မမရဲ့အဒေါ် ဒေါ်မေညို၊ အန်တီညိုပေါ့၊ ဟောဒါက အန်တီညိုသမီးလေ၊ ဖြူလေးနဲ့ သူ့အမျိုးသား ဒေါက်တာသက်ခိုင်"

"ဟုတ်ကဲ့ ...တွေ့ရတာဝမ်းသာပါတယ်ရှင့်"

"အေး ...အေး အန်တီတို့လည်း ဝမ်းသာပါတယ်ကွယ်၊ နွယ်လည်း ရန်ကုန်ပြန်ရင် ကလေးမလေးကို ရောက်ဖူးအောင်





အလည်လေးဘာလေး ခေါ်ခဲ့ဦးပေါ့ကွယ်"

"အဟင်း ...ဟင်း ...ဟင်း"

"ခေါ်ခဲ့မှာပေါ့ အန်တီညို၊ သူလည်း နွယ်တို့ဆေးရုံက ဆရာမတစ်ယောက်ပဲလေ"

"ဟုတ်လား ...အေးကွယ်၊ အလုပ်အကိုင် အတည်တကျလေးနဲ့ဆိုတော့ ကောင်းတာပေါ့"

"ညစာပြင်လိုက်တော့နော် ယိမ့်"

"ဟုတ်ကဲ့ မမနွယ်"

သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ နေရာက ထွက်သွားသော ယိမ့်ကိုကြည့်ပြီး ဘာဆက်လုပ်ရမှန်းမသိဘဲ ဖြစ်ကျန်ရစ်ခဲ့ရသူက ဒေါက်တာသက်ခိုင်။

ယိမ့်နှင့် အခုလိုပုံစံမျိုးဖြင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု ထင်မထားခဲ့ပါ။

လှပသော ယိမ့်ကို ဒေါက်တာသက်ခိုင် ချစ်ခဲ့တာ ဝန်ခံပါသည်။ သူမ အကြိမ်ကြိမ်ငြင်းဆန်နေသည့်ကြားမှ ယိမ့်၏အချစ်ကို ပိုင်ဆိုင်ခွင့်ရအောင် နည်းမျိုးစုံသုံးပြီး ရယူခဲ့သည်။

လှတာလေးတစ်ခုကလွဲပြီး ယိမ့်က ဆင်းရဲသည်။ ဆွေမျိုးဂုဏ် ဘာအသိုင်းအဝိုင်းမှလည်းမရှိ။ တစ်ကောင်ကြွက် တစ်မျက်နှာ ယိမ့်နှင့် ဒေါက်တာသက်ခိုင်ကို မာမီနှင့် မမကြီးက လုံးဝ သဘောမတူ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကို ကြိုတင်အသိမပေးဘဲ ယိမ့်ကို ခေါ်လာတုန်းက သားကိုချစ်သည့်စိတ်နှင့် မာမီက ဘာတစ်ခုမှမပြောဘဲ အလိုက်အထိုက် ဆက်ဆံပေးခဲ့သော်လည်း ယိမ့်ကွယ်ရာမှာ မာမီနှင့် မမကြီးက ယိမ့်နှင့် လုံးဝသဘောမတူနိုင်ကြောင်း တင်းမာပြတ်သားစွာ ငြင်းဆိုကန့်ကွက်ပြီး သက်ခိုင်ကို သူတို့သဘောတူသည့် တစ်ဦးတည်းသောသမီး ဖြူလေးနှင့် ဇွတ်အဓတင်း လက်ထပ်ပေးခဲ့ကြသည်။

တကယ်တမ်းကြတော့ ဒေါက်တာသက်ခိုင်ဆိုသည့် သူကိုယ်တိုင်ကိုက ဆင်းရဲပင်ပန်းသည့်ဒုက္ခ ဝေဒနာဆိုးကို ခံစားနိုင်သူမဟုတ်။

ဒီကြားထဲက ယိမ့်က ရုတ်တရက် သူ့မအဆောင်က ပျောက်သွားသည်နှင့် ဖြူလေးကို လက်ထပ်ဖို့ကိစ္စမှာလည်း ဘယ်လို အနှောင့်အယှက်မှမရှိဘဲ သူ့အလိုလို အဆင်ပြေဖြောင့်ဖြူးသွားရတာပဲဖြစ်သည်။

အခု မမျှော်လင့်ဘဲ အချစ်ဟောင်းနှင့် ပြန်တွေ့နေရပြီဆိုတော့ ဒေါက်တာသက်ခိုင်စိတ်တွေကလည်း လှုပ်ရှားရုန်းကြွလာရပြန်သည်။

ယိမ့်ထံမှ ထူးခြားသော ဖွဲ့ဆောင်မှုတစ်ရပ်ကို ပြန်လည်တသ အောက်မေ့သတိရလာသည်။ လိုချင်မက်မောလာ၏။

ထိုစိတ်ဖြင့် ယိမ့်ကို မကြာခဏ ခိုးကြည့်မိသည်။ နွဲ့နှောင်း





ကျော့ရှင်းသော ခန္ဓာကိုယ်အလှ ကောက်ကြောင်းမှာ ဘာတစ်ခုမှ မပြောင်းလဲ။ ခါးသေးရင်ချီ ပဒုမ္မာနီ ရင်ခုန်လှိုက်မောဖွယ်ရာ သိပ်သိပ်သည်းသည်း လှပနေဆဲ။

ယိမ့်က သူ့ကို လုံးဝမကြည့်။

ရှိသည်လို့ပင် သဘောမထား။ မျက်နှာထားတည်တည်လေးနှင့် စိမ်းကားအေးစက်စွာ နေနိုင်ရက်တာကို ဒေါက်တာသက်ခိုင် ရင်ထဲမှာ ကျိတ်ပြီး အခံရခက်နေသည်။

နောက်ဆုံးတော့ ယိမ့်နှင့် တစ်နည်းနည်းဆုံတွေ့ပြီး သူ့အဖြစ်တွေကို ရှင်းပြရန် ဆုံးဖြတ်ချက်ချလိုက်မှ ဘဝင်ကျ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ ယိမ့်၏ သက်ပြင်းရှိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကံဆိုးမသွားရာမိုးလိုက်လို့ရွာ ဆိုသည်မှာ ယိမ့်လို မိန်းကလေးတစ်ယောက်ကိုများ ရည်ညွှန်းရော့ထင်။ ကမ္ဘာကြီးက ကျဉ်းတယ်ဆိုသည့်စကားကို ယိမ့် မယုံလို့မရ။

ချစ်သူနဲ့မဆုံလို၍ ဝေးရာကို ထွက်ပြေးလာခဲ့သူ ယိမ့်မျက်စိရှေ့သို့ ဒေါက်တာသက်ခိုင်ဆိုသည့် ယိမ့်ချစ်သူနှင့် ဇနီးချော ကို သူမရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးရက်သော ကံတရားကို ယိမ့် နားမလည်နိုင်။

ရှောင်ပြေး၍မလွတ် …။

အဒေါ် ဒေါ်မေညိုမှာ ဒေါက်တာခင်ထားနွယ်၏ အဒေါ်





ရင်းဖြစ်သလို ဒေါက်တာသက်ခိုင် လက်ထပ်လိုက်သူမှာလည်း မမနွယ်၏ ညီမဖြစ်နေသည်။

ချစ်သူ၏ ဟန်းနီးမွန်းခရီးစဉ်မှာ ယိမ့်က ကြံဖန်ဝင်ရောက်ပတ်သက်နေရသလို သူတို့ဇနီးမောင်နှံအတွက် လိုအပ်သမျှ ဖြည့်ဆည်းပေးရသူဖြစ်နေရခြင်းက နှလုံးသားကို အခံရအခက်စေဆုံးသော ဝေဒနာတစ်ရပ်ကို ဖြစ်ပေါ်စေသည့်အဖြစ်။

အခုမှ ဒေါက်တာမင်းထင်နှင့် အတူလိုက်ပါမသွားမိတာကို နောင်တတွေ တစ်သီကြီးရနေမိသည်။

ယိမ့်သာ ဒေါက်တာမင်းထင်နှင့်အတူ လိုက်ပါသွားခဲ့မိလျှင် အခုလို သည်းအူပြတ်မတတ် နာကျင်ငိုရှိုက်နေရမည်မထင်။

မငိုတော့ပါဟု ကိုယ့်ကိုယ်ကို အားတင်းဆုံးဖြတ်ထားသည့်ကြားမှပင် ယိမ့် မျက်ရည်တွေက မခမ်းခြောက်နိုင်တော့သလို ထင်ရသည်။

"ယိမ့်"

"ဟင် …ရှင် …ရှင်"

"ဟုတ်ပါတယ် ယိမ့်၊ မောင်ပါ"

"အို"

တသိမ့်သိမ့်ရှိုက်ငိုနေသော ယိမ့်ခုတင်နားသို့ ရောက်လာသော လူရိပ်နှင့် သူမအမည်ကို ခေါ်သံကြောင့် အငိုမျက်နှာဖြင့်မော့ကြည့်လိုက်ရာ မမနွယ်တို့နှင့်အတူ အိမ်မှကားဖြင့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော ဒေါက်တာသက်ခိုင်ကို နီးကပ်စွာ တွေ့လိုက်ရသဖြင့် နေရာမှ ဝုန်းခနဲ ထလိုက်မိသူက ယိမ့်ဖြစ်သည်။

"ရှင် …ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မအခန်းထဲက အခုထွက်သွားပါ"

"မောင်ရှင်းပြပါရစေဦး ယိမ့်ရယ်"

"အို …မလိုဘူး အခုချိန်ကျမှ ရှင့်ဆီက ဘာစကားမှလည်း ကျွန်မ မကြားချင်ဘူး၊ ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး"

"ယိမ့်"

"အို …ရှင် ဒါဘာလုပ်တာလဲ"

"လွှတ်"

ဒေါက်တာသက်ခိုင်သည် ယိမ့်၏ ခါးခါးသီးသီး အမူအရာလေးကို စေ့စေ့စူးစိုက်ကြည့်နေရာမှ ဘယ်လိုမှ မျိုသိပ်ချုပ်တည်းလို့မရတော့ဘဲ ယိမ့်ကိုယ်လေးကို သန်မာသောလက်အစုံဖြင့် သူ့ရင်ခွင်ထဲကို တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ပစ်လိုက်ရာ အလစ်အငိုက်မိသွားသော ယိမ့်မှာ သူ့ရင်ခွင်ထဲသို့ ထွေးခနဲရောက်ရှိသွားသည်။

ရှိသမျှအင်အားဖြင့် ရုန်းကန်နေသော ယိမ့်ကို သူက လုံးဝလွှတ်မပေးဘဲ ပိုတိုး၍ တင်းကျပ်စွာ ချုပ်နှောင်လိုက်သည်။

"ဘာလို့ ဒီလောက်တောင် ရုန်းနေရတာလဲ ယိမ့်၊ မောင်ရှင်းပြတဲ့စကားကို ဆုံးအောင်နားထောင်ပေးပါဦးလားဗျာ"





"ဘာမှနားထောင်စရာမလိုဘူးရှင့် သိလား၊ ရှင့်နှုတ်ဖျားက ထွက်လာတဲ့ အလိမ်အညာစကားတွေကိုလည်း ကျွန်မ မကြားချင်ဘူး"

"ယိမ့်"

"ရှင် …ကျွန်မနာမည်ကို မခေါ်ပါနဲ့ ဒေါက်တာ၊ ရှင့်နှုတ်ဖျားက ခေါ်ရမယ့်နာမည်က တခြားတစ်ယောက်ပါ"

နာကျင်စွာ ယိမ့် ဆိုမြည်လိုက်သည်နှင့် ဒေါက်တာသက်ခိုင် မျက်နှာက ထိန်းမရအောင် ပျက်သွားသည်။

"မောင်တကယ်ချစ်တာ ယိမ့်တစ်ယောက်တည်းဆိုတာ မင်း မသိဘူးလားဟင်"

"အဟင်း …ဟင်း အပြောကတော့ ကောင်းပါရဲ့ရှင်၊ လက်တွေ့မှာ ရှင်လက်ထပ်ခဲ့တဲ့ မိန်းကလေးဟာ ရှင်သိပ်ချစ်ပါတယ်ဆိုတဲ့ ကျွန်မ ဖြစ်ခဲ့လို့လား"

"ယိမ့်ရယ်"

"အိုး"

"ဖယ် …လွှတ်"

"ဟင့်အင်း …ယိမ့်ကို မောင်ချစ်တယ်၊ သိပ်ချစ်တယ်"

"ရှင်နော်"

"အို …အမေ့"

တင်းကျပ်သော အနှောင်အဖွဲ့ကြားမှာ ယိမ့်တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



နစ်မြုပ်ကွယ်ပျောက်သွားကာ ခါးလေးကော့ ခေါင်းကလေးမော့သွားရပါသည်။ သိပ်သည်းလှိုက်လှဲသော ချစ်အနမ်းတွေက အငြိုးကြီးသလို အရှိန်းလည်းဆန်လှသည်။

သူက ယိမ့်ကို စကားဆိုခွင့်မပြု ...။

အင်အားရှိသမျှ ထုရိုက်လာသော ယိမ့်လက်ကလေးများကိုပါ ဖမ်းယူဆုပ်ကိုင်ကာ ရင်ခွင်မှာ အတင်းကျပ်ဆုံး ပိုက်ထွေးထားခြင်းဖြင့် ယိမ့်ကို မလှုပ်နိုင်အောင် တုပ်နှောင်ထား၏။

ယိမ့် ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးကျလာသည်။ ကိုယ့်မှာ တရားဝင်လက်ထပ်ထားသော ဇနီးမယားရှိပါလျက် အကြံသမားပီသစွာ မမနွယ်အပါအဝင် အန်တီဒေါ်မေညိုနှင့် ဇနီးဖြစ်သူ ဖြူလေးကို ဘယ်နေရာမှာ ဘယ်လိုလိမ်ညာထားခဲ့သည်မသိပါ။

ဒေါ်ဆိုင်လီကလည်း မရှိသဖြင့် ယိမ့်ကို အခုလို တစ်ဖက်သတ် အနိုင်ကျင့်စော်ကားရန် ကြိုးစားအားထုတ်ခဲ့ခြင်းတည်း။

ယိမ့်ချစ်သောမောင့်ကို ဤမျှဆိုးရွားရိုင်းစိုင်းသော အကြံသမားတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့ပါ။ သူမကြည်ညိုလေးစားချစ်ခင်ရသော ချစ်သူ၏ ပုံရိပ်သည် စိတ်ကူးရှိသည့်အတိုင်း တွေးတောထင်မြင်ထားသလိုမဟုတ်ဘဲ လက်တွေ့ဘဝမှာ ရက်စက်နာကြည်းကြေကွဲဖွယ် အဆုံးသတ်ဖြင့် ယိမ့်နှလုံးသားမှာ နာကျင်စွာ ပျောက်ဆုံးသွားခဲ့ရပေပြီ။





"ယိမ့်ရေ"

"ဟင်"

"ဟာ ...မမနွယ်"

"အို"

အလိုရှိရာကို ရယူပိုင်ဆိုင်ခွင့်ရရန် ကြိုးစားအားထုတ်နေသော ဒေါက်တာသက်ခိုင်မှာ အခန်းဝတွင် ရုတ်တရက်ပေါ်လာသော ဒေါက်တာခင်ထားနွယ်ကြောင့် အံ့ဩထိတ်လန့်သွားပြီး ယိမ့်ကို မြန်းခနဲ လွှတ်လိုက်ချိန်မှာပင် မျက်နှာလှလှလေးကို လက်ဖဝါးပေါ်မှောက်အပ်ကာ ရှက်ရွံ့ကြေကွဲစွာ ရှိုက်ငိုလိုက်မိသူက ယိမ့်ဖြစ်သည်။

"ဒါ ...ဒါက ဘယ်လိုဖြစ်နေကြတာလဲဟင်၊ မင်း...မင်းတို့ လူတွေမှဟုတ်ကြသေးရဲ့လားဟင်"

"မဟုတ်ဘူး မမနွယ်၊ ဟို ...ကျွန်တော်"

"မင်း ပါးစပ်ပိတ်ထားလိုက်၊ ငါ ဘာမှမကြားချင်ဘူး၊ ဘယ်လိုဖြစ်ကြတာလဲဆိုတာ မမကိုပြောစမ်း ယိမ့်"

စူးရှဝင်းလက်တောက်ပသော အကြည့်စူးစူးများက ယိမ့်ရှိရာသို့ အရှိန်ပြင်းစွာ ကျရောက်လာသည်။

"ယိမ့်ဟာ ...ကျွန်တော့်ချစ်သူပါ မမနွယ်"

"ဘာ"

"အို ...မဟုတ်ဘူး၊ ယိမ့်နဲ့သူ ဘာမှမပတ်သက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမနွယ်"

"ကျွန်တော်ပြောနေတာတွေအားလုံး အမှန်တွေပါ မမနွယ်၊ ဖြူနဲ့လက်ထပ်လိုက်ရတဲ့ကိစ္စကို ရှင်းပြရင်း အခုလို မိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲမိတာ ကျွန်တော့်အပြစ်ပါဗျာ"

"မောင့်မှာ အပြစ်မရှိပါဘူး မောင်"

"ဟင်"

"အို"

"ဖြူလေး"

အသံထွက်ပေါ်လာရာသို့ တစ်ပြိုင်တည်း လှမ်းကြည့်လိုက် မိရာ ဒေါက်တာသက်ခိုင်၏ဇနီး ဖြူလေးကို တွေ့လိုက်ရသဖြင့် အားလုံးမျက်နှာပျက်သွားကြသည်။

ရဲရင့်ပြတ်သားသောအသွင်ဖြင့် ဖြူလေးက ယိမ့်တို့ရှိရာကို ရောက်လာ၏။ ထို့နောက် ယိမ့်မျက်နှာကို စေ့စေ့ကြည့်ကာ

"အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ကို မြူဆွယ် ဖြားယောင်းတဲ့လူမှာသာ အပြစ်ရှိတာပါ၊ မောင့်ကို ဒီမိန်းမကိုယ်တိုင် အခုလိုဖြစ်အောင် တမင်ဖန်တီးခဲ့တာမဟုတ်လားမောင်"

"ဖြူလေး"

"ဟင်"

"အို"

ဖြူလေးထံမှ မိန်းမသားချင်း မညှာမတာ ရက်စက်စွာ





ပြောလိုက်သောစကားကြောင့် ဒေါက်တာခင်ထားနွယ်အပါအဝင် အခန်းထဲရှိလူအားလုံး မင်သက်အံ့သြတုန်လှုပ်နေစဉ်မှာပင် ဖြူလေး၏ ခင်ပွန်းသည်လက်ကို ပိုင်နိုင်စွာ ဆွဲယူလိုက်ပါသည်။

"သွားကြစို့မောင် ...ဖြူလေးတို့ ဒီနေ့ပဲပြန်ကြမယ်"

ဒေါက်တာသက်ခိုင်က နောက်ကိုတစ်ချက် လှည့်မကြည့်ဘဲ ဇနီးသည်ခေါ်ဆောင်ရာကို အတူလိုက်ပါသွားသည်နှင့် ယိမ့်မှာ အရုပ်ကြိုးပြတ်သလိုပင် အိပ်ရာထက်မှာ ကိုယ်လေးကို မှောက်အပ်ပြီး သိမ့်သိမ့်တုန်အောင် ငိုချလိုက်သည်။

ဒေါက်တာခင်ထားနွယ်မှာ ယိမ့်ကို ဘာဆက်ပြောရမှန်းမသိ။ တစ်ဖက်သတ် စီရင်ချက်ချသွားသော ညီမဖြစ်သူနောက်ကိုသာ ယိမ့်အဖြစ်ကို တစ်ချက်လှမ်းကြည့်ပြီး အခန်းထဲကထွက်ခွာခဲ့သည်။

ကံဆိုးမသွားရာ မိုးလိုက်ရွာ၊ မြေနိမ့်ရာလှံစိုက် လိုကြသည်မှာ ကိုယ့်ထက် ဂုဏ်ရည်မြင့်သော အဆင့်အတန်းမြင့်သော လူ့အထက်တန်း အသိုင်းအဝိုင်း၏ ကျင့်သုံးပြုမူနေကြ လူမဆန်မှုတစ်ရပ်ဟု ဆိုလျှင်လည်း မမှားချေ။

ယိမ့်အတွက် အားပေးနှစ်သိမ့်မည့်အဖော်မှာ မျက်ရည်များသာဖြစ်သည်။ အပြင်မှာ အန်တီဒေါ်ညိုမြနှင့် ဒေါက်တာခင်ထားနွယ်တို့ တိုးတိုးကျိတ်ကျိတ်နှင့် ပြောဆိုနေကြသံများ ယိမ့်ရှိရာသို့ တစ်ချက်တစ်ချက် ပျံ့လွင့်လာသည့်တိုင် ဘာတစ်ခုမှ ရေရာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကွဲခြင်းမရှိ၍ ဖြေသာပါသေးသည်။

သူတို့ပြောဆိုနေကြသမျှအားလုံး ယိမ့် မကောင်းသတင်း များသာ ဖြစ်မည်မှန်း ကြိုတင်သိနေသည့်အတွက် ယိမ့်ရင်မှာ ပူလောင်နေသည့်တိုင် သူမဘက်က တစ်စုံတစ်ရာ တုံ့ပြန်ဖြေရှင်း ရန်မှာလည်း အခွင့်မရှိပေ။

အထူးသဖြင့် ဒေါက်တာသက်ခိုင်အပေါ်မှာ နာကျင်မှုတွေ ထပ်ကာထပ်ကာ တိုး၍ ရွံရှာစက်ဆုပ်နေမိသည်။

ယိမ့်ချစ်သော၊ ယိမ့်မြတ်နိုးလေးစားတန်ဖိုးထားသော ယိမ့် ချစ်သူမောင်မှာ မင်းသားခေါင်းဆောင်းထားသော ဘီလူး တစ်ယောက်အဖြစ် သိရှိခွင့်ရပြီးနောက် ယိမ့်နှလုံးသားမှာ လက် ကျန်ကြွင်းကျန်လျက်ရှိနေသေးသော သံယောဇဉ် မျှခြည်တန်းမှ ရှာဖွေ၍မရအောင် ပျောက်ဆုံးခဲ့ပြီဖြစ်သည်။

ဒေါက်တာခင်ထားနွယ်နှင့် ပတ်သက်နေမိသမျှ ယိမ့် သည်လည်း မမြင်လိုမတွေ့လိုသူတွေနှင့် ဆက်စပ်ပတ်သက်နေရ မည့်အရေးကို တွေးမိလာပြီးနောက် အိပ်ရာထက်မှ ဝုန်းခနဲ ခုန်ဆင်း ကာ သူမ၏ များပြားခြင်းမရှိလှသော ပစ္စည်းလေးများကို လျင်မြန် စွာ သိမ်းဆည်းလိုက်သည်။

ဤသူများနှင့် အဝေးဆုံးကို ယိမ့် ထွက်သွားရန် စဉ်းစား ဆုံးဖြတ်ပြီးချိန်မှာပင် သူမဘဝမှာ မှီခိုရာကင်းမဲ့လှသည့်အဖြစ်ကို တွေးမိကာ အကြာကြီး တွေဝေငေးငိုင်သွားသည်။





စိတ်ကူးထဲမှာ သူမသွားရောက်ခိုနားရမည့်နေရာကို အမျိုး မျိုး ပုံဖော်စိတ်ကူးကြည့်နေမိသည့်တိုင် ဘယ်အရာကိုမှ စိတ်တိုင်း ကျရှာမတွေ့ချေ။

ရုတ်တရက် ဒေါက်တာမင်းထင်၏ တည်ကြည်ခန့်ညား သော မျက်နှာကို မြင်ယောင်လာမိသောအခါ ပူလောင်နေသော ယိမ့်ရင်မှာ အတန်အသင့် အေးငြိမ်းသက်သာရာရသွား၏။

ယိမ့်ဘဝကို စစ်မှန်ခွေးထွေးသော စေတနာမေတ္တာဖြင့် ကူညီပေးမည့်သူမှာ ဒေါက်တာမင်းထင်မှတစ်ပါး တခြားမရှိနိုင်ဟု တွေးမိသောအခါ ညစ်နွမ်းနေသော စိတ်အစဉ်မှာ တစ်ဖန်သက်သာ ရာရလျက် ရွှင်လန်းတက်ကြွလာရပြန်သည်။

ထို့နောက် တစ်ဖန်ဝမ်းနည်းအားငယ်လာရသည်ကား ဒေါက်တာမင်းထင်နှင့် ဒေါက်တာခင်ထားနွယ်တို့ကို ချစ်သူများ အဖြစ် နားလည်သိရှိထားသည့်အတိုင်း သူမအတွက်ဖြင့် ဘယ်သူ မှ ဒုက္ခမရောက်ပါစေနှင့်တော့ဟု စိတ်ပိုင်းဖြတ်လိုက်ကာ မိမိကိုယ် သာ ကိုးကွယ်ရာအဖြစ် အားမာန်တင်းလျက် မပြီးဆုံးနိုင်သော ဘဝတိုက်ပွဲကို အံခဲ၍ ရှေ့ဆက်လျှောက်ရန်သာ ဆုံးဖြတ်လိုက်ရ ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

နှစ်ရက်ဆိုသော အချိန်သည် ယိမ့်အတွက် နှစ်ကမ္ဘာမက ရှည်ကြာလွန်းလှသလို မမြင်မတွေ့လိုသူများဖြင့် တစ်မိုးအောက်ထဲ အတူရှိနေရခြင်းမှာလည်း ငရဲကို အရှင်လတ်လတ်ကျရောက်ရသဘိ ကဲ့သို့ ကြီးစွာသော ဝဋ်ကြွေးကို ခံစားရခြင်းတည်း။

ယိမ့်သည် ဒေါက်တာခင်ထားနွယ် အိမ်မှ အမြန်ဆုံး ထွက်သွားပါရစေဟု တောင်းဆိုသနားခွင့်ပန်ခဲ့ခြင်းကို ခင်ထားနွယ် က ချက်ချင်းခွင့်မပြုနိုင်ခဲ့သလို ကားပျက်၍ ပြုပြင်နေရဆဲ ဖြူလေး နှင့် ဒေါက်တာသက်ခိုင်၊ အန်တီဒေါ်ညိုမေတို့ကိုလည်း သူမအိမ် မှာပင် လက်ခံတည်းခိုနေရမြဲမို့ ရူးလုလုဖြစ်ရသူမှာ ယိမ့်။

ဒေါက်တာမင်းထင်ထံမှ ခွင့်ပြုချက်ရယူမှ ဖြစ်မည်ဆို သော မမနွယ်၏အဆိုကို ယိမ့် မလွန်ဆန်နိုင်ပါ။





ခင်ထားနွယ်ဘက်မှလည်း သူမလက်သို့ ယုံကြည်စွာ အပ်နှံသွားသော ယိမ့်ကို ချစ်သူကွယ်ရာမှာ သွားလိုရာသွားပါဟု ဖွင့်ပြုလိုက်လျှင် ယိမ့်ကို မည်သို့မျှမထင်၊ ခင်ထားနွယ်အပေါ်မှာသာ ဒေါက်တာမင်းထင် အထင်အမြင်လွဲသွားမှာကို သိနေသည့်အတွက် ကိုမင်းရှိရာကို အကြောင်းကြားအသိပေးရခြင်း ဖြစ်သည်။

ဒါကို....ယိမ့်အနေနှင့် သိမည်မဟုတ်သော်လည်း သူမ ကတော့ တာဝန်ဝတ္တရားအတိုင်း လုပ်ဆောင်ရမည့်အလုပ်ကို လုပ် နေရခြင်းဖြစ်သည်။

"ဂျိ"

"ဟော ...ကိုမင်း လာပြီထင်တယ်"

အိမ်ရှေ့မှ ကားရပ်သံကြောင့် ခင်ထားနွယ် လှမ်းကြည့် လိုက်ရာ သူမထင်သည့်အတိုင်း ဒေါက်တာမင်းထင်ကို တည်ကြည် ခန့်ညားသောအသွင်ဖြင့် ကားပေါ်မှဆင်းလာတာကို တွေ့လိုက်ရ၏။

ဒေါ်ညိုမေ အပါအဝင် ဖြူလေးတို့ဇနီးမောင်နှံ အိမ်မှာ မရှိသဖြင့် ယိမ့်နှင့် ဒေါက်တာမင်းထင်တို့ကိစ္စ ပြောရဆိုရတာ ပိုအဆင်ပြေသွားသည်။ နွယ့်စိတ်မှာ တိတ်တခိုးကျိတ်၍ သက်ပြင်း ချလိုက်မိသည်။

"ထိုင် ...ကိုမင်း ဖုန်းထဲမှာ နွယ်ပြောထားသလိုပဲ၊ ယိမ့်က နွယ့်အိမ်က ထွက်သွားတော့မယ်ဆိုတဲ့အကြောင်း ကိုမင်း ကို လှမ်းအသိပေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ထွက်သွားချင်တယ်၊ ဘယ်ကိုသွားမယ်ဆိုတာ ဖုန်းနဲ့ပြောမလို့လုပ်တုန်း ကိုမင်းလည်း ဒီကိုလာမှာဆိုတော့ နွယ်လည်း ကြိုပြောမနေချင်တာနဲ့ ငြိမ်နေလိုက်တာ"

"ပြောပါဦး ...ကိစ္စက ဘယ်လိုဖြစ်တာတုန်း၊ အခု ယိမ့်ရော အိမ်မှာရှိသေးရဲ့လား"

"ရှိပါတယ်ရှင်၊ နွယ့်အပေါ်မှာ ကိုမင်း အထင်အမြင်လွဲမှာစိုးလို့ အခုချိန်ထိ ယိမ့်ကို တမင်ပေးမသွားခိုင်းဘဲ ကိုမင်းကို စောင့်နေခဲ့တာပါ"

"ယိမ့်ရေ ...ကိုမင်းအတွက် ကော်ဖီပူပူလေး ယူခဲ့ပါဦးကွယ်"

"ဟုတ်ကဲ့ မမနွယ်"

လိုက်ကာနောက်ကွယ်မှာရပ်လျက် ဒေါက်တာမင်းထင်၏မျက်နှာကို ခိုးကြောင်ခိုးဝှက် ကြည့်နေမိသော ယိမ့်သည် သူမဘဝကို အဆုံးအဖြတ်ပေးမည့် လူသားတစ်ယောက်အဖြစ် ထိုသူမျက်နှာကိုကြည့်ရင်း စိတ်လှုပ်ရှားလျက်ရှိရာ ကော်ဖီခွက်ကိုပင် ဖြောင့်စွာမဖျော်နိုင်ဘဲ ဖြစ်နေ၏။

ယိမ့်အကြောင်းအလုံးစုံကို ဒေါက်တာမင်းထင်သိအောင် မမနွယ်ကိုယ်တိုင် ဖွင့်ပြောမည်ဖြစ်ရာ သူမနှင့် ဒေါက်တာသက်ခိုင်အကြောင်းမှာ ရှက်ကြောက်ဖွယ်ရာအတိဖြစ်၍ မျက်နှာမှာ ဘယ်လိုထားရမှန်းလည်း မသိချေ။





တိုးတိုးကျိတ်ကျိတ် ဆိုနေသော မမနွယ်စကားသံမှာ ယိမ့်ထံသို့ သဲ့သဲ့မျှ ပျံ့လွင့်လာရာ ယိမ့်သည် နေရာမှာ ကြောင်ကြောင်လေးရပ်လျက် ထိုသူနှစ်ဦးရှိရာသို့ သွားဖို့ခက်နေ၏။

ထို့ကြောင့်ပင် မီးဖိုချောင်မှာ သူမတတ်နိုင်သမျှ အချိန်ဆွဲနေပြီးမှ အိမ်ရှေ့ခန်းသို့ တွန့်ဆုတ်လေးကန်လှသော ခြေလှမ်းများဖြင့် ပြည်သူ့မျက်နှာကိုမှ မကြည့်ဘဲ ကော်ဖီပန်းကန်လေးကို ဒေါက်တာမင်းထင်ရှေ့သို့ ချပေးလိုက်သည်။

"ထိုင်ပါဦး ယိမ့်၊ အခု ယိမ့်အစီအစဉ်ကို ကျုပ်ကိုအသိပေးပြောပြနိုင်မလား"

နီးရာခုံတစ်လုံးမှာ ငြိမ်သက်စွာဝင်ထိုင်ရင်း ယိမ့်သည် နီရဲသောမျက်နှာလေးနှင့် အတန်ကြာတွေဝေနေရင်းမှ မျက်လုံးအစုံတွင် မျက်ရည်များပြည့်လာ၏။

"ကျွန်မမှာ ဘာမှပြောစရာမရှိပါဘူး ဒေါက်တာ၊ ဒီနေရာကသာ ထွက်သွားဖို့ခွင့်ပြုပါ"

"ဟုတ်ပြီလေ ...ယိမ့် ဘယ်ကိုသွားမှာလဲဆိုတာတော့ ကျုပ်တို့ သိသင့်တယ်မဟုတ်လား"

ဒေါက်တာမင်းထင်၏ အသံက တည်ငြိမ်စွာ ထွက်ပေါ်လာခြင်းဖြစ်သည်။ ခင်ထားနွယ်ပြောပြ၍ ယိမ့်အကြောင်း အားလုံးသိခဲ့ရပြီဖြစ်သည့်အတိုင်း ယိမ့်တွင် ဖြူလေး ပြောဆိုစွပ်စွဲသလို စိတ်ဓာတ်မျိုး လုံးဝမရှိကြောင်း သူ့စိတ်ထဲမှာ စိတ်ချယုံကြည်နေရုံ



www.burmeseclassic.com

www.burmeseclassic.com



မက ဒေါက်တာသက်ခိုင်ဆိုသည့် လူကိုရော ထိုသူ၏ဇနီးကိုပါ စိတ်မှာ များဖွာအထင်သေးစက်ဆုပ်နေမိသူလည်း ဖြစ်သည်။

မြေနိမ့်ရာလှံစိုက်၊ တမင်သက်သက် ယိမ့်အပေါ် တစ်ဖက်သတ် အပြစ်ပုံချခြင်းဖြစ်ကြောင်း ညှိုးငယ်လှသော ယိမ့်၏မျက်နှာလေးကို ကြည့်ခြင်းဖြင့် သိနိုင်သလို မျက်ရည်ပြည့်နေသော မျက်လုံးအစုံကလည်း သူ့နှလုံးသားကို ထိခိုက်နာကျင်သွားစေပြန်သည်။

"ယိမ့်ကို ခွင့်လွှတ်ပါ ဒေါက်တာ၊ ယိမ့်ကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်တော့ပါဘူး၊ ယိမ့်ကိုသနားရင် ဒီနေရာကသာ အမြန်ဆုံးသွားခွင့်ပြုပါတော့ရှင်"

ပြောရင်း ဝမ်းနည်းလာကာ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည့်အဖြစ်ကို ယိမ့်ကိုယ်တိုင်လည်း မတားဆီးနိုင်ခဲ့ပါ။

"ကဲပါ ...ကိုမင်းရယ်၊ ယိမ့်ဆန္ဒအတိုင်းသာ ခွင့်ပြုလိုက်ပါ၊ အကျိုးအကြောင်းအားလုံးကို နွယ်ပြောပြထားလို့ ကိုမင်းလည်း သိနေပြီပဲ"

"ဒီလောက်ရက်ကြာနေရတာတောင် နွယ်က ခွတ်အတင်းတားထားလို့ ကိုမင်းတွေ့ရတာလေ"

"သွားခွင့်ပြုလိုက်ပါတော့ ကိုမင်းရယ်"

ခင်ထားနွယ်၏ တောင်းပန်သံစကားနှင့်အတူ တိုးတိုးကျိတ်ကျိတ် ရှိုက်ငင်ငိုကြွေးနေသည့် ယိမ့်အသံက ဒေါက်တာမင်းထင် နှလုံးသားကို့ ဘာကြောင့် နာကျင်စေမှန်း သူလည်းမသိပါ။

"ကောင်းပြီလေ ...ကျုပ်ကိုဘာမှမပြောနိုင်လို့ စိတ်မကောင်းဖြစ်မိပေမယ့် မတတ်နိုင်ပါဘူး၊ ယိမ့်သဘောအတိုင်းပဲလုပ်ပါ၊ လိုအပ်တဲ့အကူအညီရှိရင်သာ ကျုပ်ကို အချိန်အရွေးပြောပါ၊ ဒီနေရာက ယိမ့်သွားမယ်ဆို သွားနိုင်ပါပြီ"

"ယိမ့် ...မမနွယ်နဲ့ ဒေါက်တာကို ကန်တော့ပါတယ်"

ယိမ့်သည် မည်သူ့ကိုမှမကြည့်ဘဲ ကျေးဇူးရှင်နှစ်ယောက်ကို ကန်တော့လိုက်သည်။ထို့နောက် နေရာမှ ချာခနဲလှည့်ကာ အခန်းထဲမှာ အသင့်ရှိသော အဝတ်အိတ်လေးကို ဆွဲယူလိုက်ပြီး အိမ်ရှေ့သို့အထွက် ...

"ကျွီး"

"ဟင်"

ဒေါက်တာမင်းထင်၏ ကားနောက်တွင် ရပ်တန့်လာသော ကားတစ်စီးနှင့်အတူ ကားပေါ်မှဆင်းလာသော ဒေါက်တာသက်ခိုင်နှင့် ဖြူလေး၊ အန်တီညိုမေတို့ကြောင့် ယိမ့်သည် ဘာလုပ်ရမှန်းမသိဘဲ ကြောင်တွေနေမိပြီးမှ မျက်လွှာချ ခေါင်းငုံ့လျက် ခြေလှမ်းကို စတင်လိုက်သည်။

"မမနွယ် ...သြော် ညည်းသည်လည်း ရောက်နေတာကိုး"

ဖြူလေးသည် ယိမ့်ကို ရန်လိုသောမျက်နှာထားဖြင့် စူးစိုက်





www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးနောက် ဒေါက်တာခင်ထားနွယ်ရှိရာသို့ အပြေးရောက်လာရာ ဧည့်ခန်းထဲရှိ ဒေါက်တာမင်းထင်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်တန့်သွားကာ ဆိုလိုက်ခြင်းဖြစ်သည်။

"မမနွယ် ...ခဏလေး မမကို ဖြူ ပြောစရာရှိလို့"

"ခဏနော် ကိုမင်း"

"သွားပါနွယ် ...ကိုယ်လည်း ယိမ့်ကိုလိုက်ပို့ရင်း အခုပဲ ပြန်တော့မှာပါ"

"ကိုယ်သွားမယ် နွယ်"

"ဟုတ်ကဲ့"

ဒေါက်တာမင်းထင်နောက်ကျောပြင်ကို ငေးကြည့်ရင်း ခင်ထားနွယ်ရင်မှာ ပင့်သက်ဖြာသွားသည်။ ယိမ့်သွားရာနောက်ကို သူလိုက်သွားပြီမဟုတ်လား။ ရင်ထဲမှာ ပူလောင်သွားပေမယ့် ဘာမှမတတ်နိုင်။

"မမကို ဘာပြောချင်လို့လဲ ဖြူလေး"

သူမနားသို့ ရောက်လာသော ဖြူလေးကို နွယ် မေးလိုက်ခြင်းဖြစ်သည်။

"ဟိုမိန်းမကို ဒီလိုပဲ လွှတ်လိုက်တာပဲလား မမနွယ်၊ သူ ယူသွားတဲ့အိတ်ထဲမှာ ဘာတွေပါသွားသလဲဆိုတာ မစစ်ဆေးတော့ဘူးလား"

"စစ်ဆေးစရာမလိုပါဘူးကွယ်၊ ယိမ့်က အင်မတန်ရိုးသား





အေးဆေးတဲ့ မိန်းကလေးပါ"

"အို ...မမနွယ်ကလည်း လူတွေကို ကိုယ့်စိတ်နဲ့နှိုင်းပြီး ယုံပစ်လိုက်တာပဲ၊ လွယ်ရင် သူကြွယ်တောင် သူခိုးဖြစ်သွားသေးတာပဲ မမရဲ့၊ ယိမ့်က ဘာမို့လဲ"

"စားစရာမရှိ သွားစရာမရှိနဲ့ မမမှာရှိနေတဲ့ ပစ္စည်းတွေထဲက တစ်ခုခုယူသွားရင် ဘယ်နှယ့်လုပ်မလဲ"

"မဖြစ်နိုင်တာကွယ် ...ယိမ့်ကို မမယုံတယ်"

"အို ...မမယုံပေမယ့် ဖြူမယုံဘူး၊ ယိမ့်ကိုပြန်ခေါ်ပြီး သူ့အိတ်ကိုရှာမယ်"

"ဖြူလေး"

ခင်ထားနွယ် တားမြစ်လိုက်သော်လည်း မမှီတော့ပါ။ ဖြူလေးမှာ သူမအပါးမှ လေဓာ်လျှင်မြန်ခြင်းဖြင့် ပြေးထွက်သွားပြီဖြစ်ရာ နွယ်လည်း ဖြူလေးနောက်က အပြေးလိုက်ခဲ့သည်။

သို့သော် ခင်ထားနွယ်အချိန်မမီလိုက်တော့ပါ။ ဒေါက်တာမင်းထင်ကားပေါ် ရောက်နေပြီဖြစ်သော ယိမ့်လက်တွင်းမှ အဝတ်အိတ်လေးကို ဖြူလေးကိုယ်တိုင် ခက်ထန်တင်းမာသော မျက်နှာဖြင့် ပိုင်စိုးပိုင်နင်း ဆွဲယူလိုက်ပြီဖြစ်သည်။

"ဒီမယ် ...မင်းအိတ်ကို မမရှေ့မှာ အစစ်ခံပါ"

"ကျွန်မ ဘာမှမယူဘူး မဖြူလေး၊ ကြိုက်သလိုစစ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း ...ဟင်း၊ အပြောကတော့ ကောင်းပါရဲ့၊ လက်တွေ့မှာတော့ ရုပ်ရည်နဲ့မလိုက်အောင် ကြောက်စရာကောင်းတာ တို့ကိုယ်တွေ့ပဲလေ"

ဖြူလေးစကားအဆုံးမှာ ယိမ့်မျက်နှာလေး ထိန်းမရအောင် ပျက်သွားသော်လည်း ဒေါက်တာမင်းထင်ရှေ့မှာ ဘာတစ်ခုမှ အပိုမပြောချင်၍ နှုတ်ဆိတ်ငြိမ်သက်နေလိုက်ရပေမယ့် ရင်ထဲမှာတော့ မုန်တိုင်းထန်နေသည်။

"ဒီမယ်ကလေးမ ...မင်းစိတ်ကြိုက်ရှာပြီးရင် အိတ်ကို ပြန်ပေးလိုက်ပါ"

"ပေးမှာပါရှင် ...စိတ်ချပါ"

"ဖြူလေး ဘာတွေလုပ်နေတာလဲ၊ ယိမ့်ကို မမနွယ် တောင်းပန်ပါတယ်ကွယ်"

"ယိမ့်အိတ်ကို ပြန်ပေးလိုက်ပါ ဖြူလေး"

ဒေါက်တာခင်ထားနွယ် ရောက်လာပြီး ဖြူလေးလက်ထဲက ယိမ့်အိတ်ကို ယူလိုက်ပေမယ့် အကြံသမားဖြူလေးက မလွှတ်ဘဲ ယိမ့်အိတ်ကိုဖွင့်ပြီး အထဲမှ ပစ္စည်းများကို သွန်ချလိုက်ရာ...

"ဘုတ်"

"ဟင်"

"အို"

"ကြည့်စမ်း ...ဒါ မမပစ္စည်းတွေမဟုတ်လား"





"အို ...မဟုတ်ဘူး ...မဟုတ်ဘူး၊ ကျွန်မမယူဘူး၊ မမနွယ်ပစ္စည်းတွေ ကျွန်မယူတာမဟုတ်ဘူး"

ယိမ့် ရှက်ရွံ့ထိတ်လန့်ခြင်းများဖြင့် အလန့်တကြား ငြင်းလိုက်ပေမယ့် ခင်ထားနွယ်၏ စိန်လက်ကောက်တစ်ရံမှာ ယိမ့်အဝတ်များကြားမှာ ဖရိုဖရဲ အရောင်တလက်လက် တောက်ပလျက် ယိမ့်ကို လှောင်ပြောင်နေကြသည်။

အပြုံးအဝေးကြီးစွာ ဖြူလေးက ယိမ့်ကို တမင်အကောက်ကြံလိုက်ပြီဟု သိလိုက်သော်လည်း ယိမ့် ပြောသည့်စကားကို မည်သူမှ ယုံကြည်ကြမည်မဟုတ်မှန်း သိလိုက်ရပါပြီ။

"အပေါင်း ...ဟင်း ပစ္စည်းနဲ့အတူ လက်ကျူးလက်ကြပ်မိနေတာတောင်မှ မဟုတ်ဘူးငြင်းနေသေးတာ အံ့သြစရာပဲ၊ ဘာလဲ ဒီပစ္စည်းတွေက မင်းအိတ်ထဲကို သူ့အလိုလို ခြေထောက်ပေါက်ပြီး ရောက်နေတာလား ပြောစမ်းပါဦး"

"ရှင်ကမှ ရုပ်ရည်နဲ့မလိုက်အောင် ပြောင်လိမ်ပြောင်စား လုပ်ရဲတဲ့ အရှက်မရှိတဲ့မိန်းမပဲ"

"ရှင် ...ရှင် ကျွန်မကို မကျေနပ်လို့ တမင်အကွက်ဆင် ကျောက်ချတာမဟုတ်လား၊ ရှင်ဘာပြောပြော ကျွန်မ ဂရုမစိုက်ဘူး၊ ဒီပစ္စည်းတွေကိုလည်း ကျွန်မယူတာမဟုတ်ဘူး"

"ကျွန်မကို ဒီနေရာက အမြန်ဆုံးသွားခွင့်ပြုပါတော့ ဒေါက်တာနဲ့ မမနွယ်"



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်မှာ အခြေအနေကို နားလည်သဘောပေါက်လိုက်ပြီ မို့ သူမအဝတ်လေးများကို ကောက်ယူပြီးဖြစ်သလို အိတ်ထဲထည့် ရင်း မျက်ရည်ပေါက်ပေါက်ကျလျက်ရှိရာ ယိမ့်နှင့်ဖြူလေး အဖြစ်ကို ကြည့်နေကြသူအားလုံးမှာ ဘာတစ်ခုမှ မပြောနိုင်ဘဲရှိနေစဉ်မှာပင်

"ရှင် သွားချင်တိုင်းသွားလို့ရမလား၊ ရှင်ဟာ သူခိုးပဲ၊ ရှင့်ကို နောင်ဒီလိုမလုပ်ရဲအောင် ရဲလက်ကို အပ်မယ်သိလား"

"ဖြူ"

"မောင် ဘာတစ်ခုမှဝင်မပါပါနဲ့"

ဒေါက်တာသက်ခိုင်မှာ ဇနီးသည်စကားကြောင့် မျက်ခုံး မျက်နှာပျက်စွာ နှုတ်ဆိတ်ငြိမ်သက်သွားစဉ်မှာပင် ခင်ထားနွယ်နှင့် ဒေါက်တာမင်းထင်တို့နှစ်ယောက်မှာ အကြည့်ချင်းဆုံသွားကြပါ သည်။

"နွယ် …ဘယ်လိုဖြစ်စေချင်လဲ"

"နွယ်မပြောတတ်ဘူး ကိုမင်း၊ အခြေအနေတွေအားလုံး ရှုပ်ထွေးနေတာ ကိုမင်းအမြင်ပဲ"

"မမနွယ်ပစ္စည်းတွေကို ကျွန်မ လုံးဝမယူဘူးဆိုတာ ယုံပါမမနွယ်၊ ကျွန်မဘက်က ဒါပဲပြောနိုင်ပါတယ်၊ ကျွန်မပြောတာ မယုံရင် မမကြိုက်သလို ဆုံးဖြတ်ပါ"

ယိမ့်က ပြတ်သားစွာ တုံ့ပြန်လိုက်သည်။ ခင်ထားနွယ် မှာ ယိမ့်၏ ရဲရင့်ထက်မြက်နေသော မျက်လုံးများကိုကြည့်က





ဝေခွဲမရသလို ငြိမ်သက်နေစဉ်မှာပင် …

"လောလောဆယ် ယိမ့်ကို ကိုယ့်အိမ်ခေါ်သွားမယ် နွယ်၊ နောက်မှ နွယ် ကြိုက်သလိုဆုံးဖြတ်ပြီး ကိုယ့်ကိုလာတွေ့ပါ"

"ကားပေါ်တက် ယိမ့်၊ ကိုယ်တို့သွားမယ် နွယ်"

ဒေါက်တာမင်းထင်သည် မည်သူ့အဆုံးဖြတ်ကိုမှ မစောင့်ဘဲ ယိမ့်ကိုသူ့ကားပေါ်တက်စေပြီး နေရာမှ မောင်းထွက် သွားရာ ဖြူလေးမှာ သူမဆင်ထားသည့်အကွက်ထဲ မဝင်လိုက်ရ သဖြင့် ဆတ်ဆတ်ခါ နာကျင်ခံပြင်းစွာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ယိမ့်သည် မမျှော်မှန်းနိုင်သော အရပ်သို့ ရီဝေစိုစွတ်သော မျက်ဝန်းများဖြင့် မျှော်ငေးကြည့်ရင်း ရင်နင့်ကြေကွဲစွာ နှုတ်ဆိတ်ငြိမ်သက်နေ၏။

"ဘာမှအားမငယ်နဲ့ ယိမ့်၊ မင်း လုပ်ကြံခံလိုက်ရတယ်ဆိုတာ ကိုယ်သိတယ်၊ ဟိုမိန်းကလေးက သူ့ခင်ပွန်းနဲ့ ပတ်သက်ပြီး မင်းကို သတ်ပစ်ချင်လောက်အောင် မုန်းနေတာ ကိုယ်မြင်ခဲ့ပြီးသားပါ"

ဒေါက်တာရယ် ...။

ယိမ့်အနားမှာ ဒေါက်တာမင်းထင်ဆိုသည့် လူတစ်ယောက်သာမရှိရင် ယိမ့်ဆိုတဲ့ သူမဘဝဟာ ဘယ်လောက်အထိများ ခါးသီးဆိုးရွားရက်စက်လွန်းတဲ့ ကံကြမ္မာတွေနဲ့ ရင်ဆိုင်ရမှာပါလိမ့်မလဲ





ကွယ်။

အတွေးစိတ်ကူးဖြင့်ပင် စဉ်းစားမကြည့်ဝံ့သည့်ဘဝ။ ယိမ့်ကို ကူညီလိုက်ရသည့်အတွက် မမခင်ထားနွယ်၏ အထင်အမြင်လွဲမှားမှုကို ခံရဦးမည်။ ဒေါက်တာမင်းထင်ကို ယိမ့်ရင်ထဲမှာ ကရုဏာစိတ်ဖြင့် သနားနေမိသည်။

"ဒီမှာပဲနေပါ ...နွယ့်ကိစ္စကို ကိုယ်တို့ဘာသာ ဖြေရှင်းမယ် ဟုတ်လား"

ပုတ်သင်ညိုမလေးလို ယိမ့် ခေါင်းလေးကို ညိတ်ပြခဲ့တာကို မမေ့သေးပါ။

ဖြစ်ချင်ရာဖြစ် ဇာတိရွာလေးကိုပဲ ပြန်သွားရမည်လားဟု စဉ်းစားဘူးသည်။ လဖိုင်လ၏ မျက်နှာကို ပြေးမြင်ယောင်မိသောအခါ ယိမ့်တွင်ရှိနေသော အားမာန်များ မှေးမှိန်ပျောက်ဆုံးသွားရပြန်သည်။

အစိတ်စိတ်အမွှာမွှာ ဖရိုဖရဲပြိုကွဲနေသော သူမဘဝကို ပြန်လည်တည်ဆောက်ရန် အားမာန်သတ္တိများကို မွေးမြူလျက် သူမ လုပ်ငန်းခွင်ရှိရာ ရန်ကုန်မြေကို ပြန်ရန်မှလွဲ၍ တခြားမျှော်လင့်ရာလည်း မရှိချေ။

"ယိမ့်"

"ဒေါက်တာ"

အတွေးနယ်ထဲ လွင့်ချင်ရာလွင့်နေသောယိမ့်မှာ သူမ



www.burmeseclassic.com

www.burmeseclassic.com



အမည်ခေါ်သံနှင့်အတူ အနားကိုရောက်လာသော သူ၏မျက်နှာကို မော့ကြည့်လိုက်မိသည်။

"အောက်မှာ ကိုသက်ခိုင် ရောက်နေတယ်၊ ယိမ့်ကိုတွေ့ချင်လို့တဲ့"

အရှက်မရှိ မျက်နှာပြောင်တိုက်ရဲသော ဒေါက်တာသက်ခိုင်ကို ယိမ့်စိတ်ထဲမှာ ရွံမုန်းအထင်သေးလျက်ရှိရာ ထိုအမည်ကို ကြားရုံနှင့်ပင် လူတစ်ကိုယ်လုံး စပ်ဖျင်းတုန်ခါသွား၏။

"ယိမ့် ...အဲဒီလူမျက်နှာကိုလည်း မမြင်ချင်ဘူး၊ သူ့အသံကိုလည်း မကြားချင်ဘူး ဒေါက်တာ၊ ဖြစ်နိုင်ရင် ယိမ့်ဘဝထဲမှာ ဒီလူနဲ့ပတ်သက်ခဲ့ဘူးတာကို ဖယ်ထုတ်ထားလိုက်ချင်ပါတယ်ရှင်"

"ယိမ့် သူ့ကိုမတွေ့ပါရစေနဲ့"

ပြတ်သားစွာ ယိမ့် ဆိုလိုက်သည်။

"ဒါပေမယ့် ...အဲဒီလူကိုကြည့်ရတာ ယိမ့် ဆင်းမတွေ့ရင် ပြန်မယ့်ပုံမပေါ်ဘူး"

ဒေါက်တာမင်းထင်မျက်နှာကို ယိမ့် ကြည့်လိုက်သည်။ နူးညံ့သိမ်မွေ့သော မျက်ဝန်းအစုံနှင့် ဆုံစည်းလိုက်ရသောအခါ ယိမ့်ရင်မှာ နွေးထွေးသွားသည်။

ယိမ့်ကြောင့် တစ်ပါးသူ အခက်တွေ့အနေရခက်နေမှာကို အလိုမရှိသူဖြစ်သည့်အတိုင်း သူမ၏ အသက်သခင် ကျေးဇူးရှင်၏ မျက်နှာကို ထောက်ထားညှာတာသောအားဖြင့် သူမ မုန်းတီးလှ





သောသူကို နောက်ဆုံး ရင်ဆိုင်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

"ယိမ့် ...အခုပဲ သူ့ကိုသွားတွေ့ပါမယ်၊ဒါပေမယ့် ယိမ့်အနားမှာ ဒေါက်တာပါရှိနေပေးပါ"

"ကောင်းပါပြီ ယိမ့်"

ယိမ့်သည် ဒေါက်တာမင်းထင်နှင့်အတူ ဒေါက်တာသက်ခိုင်ရောက်နေသည့် ဧည့်ခန်းကို ဆင်းလာခဲ့သည်။ ယိမ့်ကိုမြင်သည်နှင့် ထိုင်နေရာမှ ဖြုန်းခနဲရပ်လိုက်သော သူ့ကို မတွေ့ချင်ဘဲ မြင်နေရ၏။

"ယိမ့်"

"ကျွန်မကိုတွေ့ချင်တာ ဘာကိစ္စရှိလို့ပါလဲ ဦးသက်ခိုင်၊ ရှင့်ကြောင့် ကျွန်မမှာ ဘာဂုဏ်သိက္ခာမှ မရှိတော့တဲ့အထိ ဖြစ်ခဲ့ပြီးတာတောင် မကျေနပ်နိုင်သေးလို့ ဒီအထိအောင် လိုက်လာတာလား"

"ကိုယ် ရှင်းပြပါရစေဦး ယိမ့်ရယ်"

"ရှင့်အသံကိုရော၊ ရှင့်ရုပ်ကိုရော ကျွန်မ မကြားချင် မမြင်ချင်ဘူး၊ နောက်ထပ် ကျွန်မ့်ကို ထပ်တွေ့ဖို့ လုံးဝမကြိုးစားပါနဲ့"

"ကျွန်မကို ခွင့်ပြုပါ"

"ယိမ့် ...ယိမ့်"

နောက်ပါးဆီမှ ခေါ်သံကြားသော်လည်း ယိမ့် လုံးဝလှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ နေရာက မပြေးရုံတမယ် ခြေလှမ်းများဖြင့် ထွက်လာခဲ့လိုက်ပြီဖြစ်သည်။

ယောကျ်ားတစ်ယောက်၏ အချစ်ကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဟု ယိမ့် မတွေးတတ်နိုင်သော်လည်း ရွံ့ရှာစက်ဆုပ်စွာ ကြောက်ရွံ့ထိတ်လန့်သွားခဲ့ရသည်ကတော့ အမှန်ဖြစ်သည်။

လောကမှာ ဒီလိုယောကျ်ားမျိုးတွေလည်း ရှိနေပါသေးလားဆိုသည့် အသိဖြင့် သူမခံစားရသမျှကို သင်ခန်းစာရယူလျက် ကြိုးစားဖြေသိမ့်နေမိသည်။

ထိုညတစ်ညလုံး ယိမ့် အိပ်မပျော်နိုင်သလို ဒေါက်တာမင်းထင်လည်း အိပ်၍မပျော်။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ဒါ ပထမဆုံး အိပ်မပျော်သော ညတစ်ညလည်းဖြစ်သည်။

ထိုမိန်းကလေးမှာ ယိမ့်မှာ သူ၏ချစ်သူလည်းမဟုတ်ခဲ့သလို သူငယ်ချင်းအသိမိတ်ဆွေလည်း မဟုတ်ခဲ့။

သူမနှင့် စတင်ဆုံစည်းခွင့်ရခဲ့သည့်နေ့မှာပင် အင်မတန်သနားစရာကောင်းအောင် ကြောက်ရွံ့ထိတ်လန့်နေသော မျက်နှာလှလှလေးကို သူ အခုချိန်ထိမမေ့ချေ။

နောက်တော့ ယိမ့်ဘဝ၊ ယိမ့်မိသားစု၊ ယိမ့် အခက်အခဲအားလုံးကို သိခွင့်ရခဲ့ရုံမက ယိမ့်ကို တမင်ချောက်ချပြီး အကွက်ဆင်၍ ဒုက္ခရောက်အောင်လုပ်ခဲ့သူကိုပါ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့်အဖြစ်။

ယိမ့်အပါးမှာ သူသာ မားမားမတ်မတ်မရှိခဲ့လျှင် ယိမ့်လိုရိုးသားအေးဆေးလှသော မိန်းကလေးတစ်ယောက်၏အဖြစ်မှာ လူ့အထက်တန်းစား လူချမ်းသာ၊ လူကြီးလူကောင်းများ အလယ်တွင် အဘယ်မျှ ဆိုးရွားခါးသီးသော ကောက်ကျစ်စဉ်းလဲသော မုသားမာယာများဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်မသိပါ။

ဒေါက်တာမင်းထင်ကိုယ်တိုင် အရာရာတိုင်းကို ငွေကြေးအရှိန်အဝါ၊ စည်းစိမ်ချမ်းသာ အာဏာများဖြင့် တိုင်းတာဆုံးဖြတ်သော အသိုင်းအဝိုင်းကို ကြောက်လန့်ရွံ့ရှာခဲ့သူဖြစ်သည်။

အစစ်အမှန်ဆိုသောအရာကို ထိုအရပ်ဒေသတွင် ရှာဖွေတွေ့ရှိရန် အင်မတန် ခဲယဉ်းလှပေသည်။ တစ်ယောက်အကြိုက်တစ်ယောက်လိုက်ပြီး ဟန်ဆောင်ပြုံးရယ်နေကြသူများမှာ အခွင့်သာလျှင် မညှာမတာ တွန်းချကြဖို့ ဝန်မလေးသလို မြှောက်ပင့်ရန်လည်း လက်မနှေးကြချေ။

နှုတ်ခမ်းတွေချည်း ရယ်နေကြပြီး အေးစက်သောမျက်လုံးတွေမှာ ရက်စက်စဉ်းလဲမှုများ ရှိနေတတ်ကြောင်း သူကောင်းစွာသိမြင်ပြီးဖြစ်သည်။

ဒေါက်တာခင်ထားနွယ်နှင့် သူတို့ ဝေးကွာခဲ့ရသောအကြောင်းအရင်းတွင် ထိုကိစ္စများ အဓိကပါဝင်ခဲ့သည်။

ဟန်ဆောင်ရခြင်းကို မနှစ်သက်သော ဒေါက်တာမင်းထင်







www.burmeseclassic.com

www.burmeseclassic.com



နှင့် ယိုလောကထဲမှာသာ ကျင်လည်မွေ့ပျော်နေသော ခင်ထားနွယ်တို့၏ အယူအဆ၊ အကျင့်စရိုက်များက အရှေ့နှင့်အနောက်လို ဆန့်ကျင်ဖက်ဖြစ်သည့်အတိုင်း ခင်ထားနွယ် သူ့အပေါ်တွင် ထား၍ခဲ့သော ချစ်မေတ္တာများကိုလည်း ဂရုမစိုက်၊ ဥပေက္ခာပြု လစ်လျူရှုခဲ့သည်။

ညနေကပင် သူနှင့်ခင်ထားနွယ်တို့ ဆုံတွေ့ရခိုက် ပြောကြားလာသည့် စကားလုံးတွေက သူမခံစားချက်နှင့် သူမဆိုပေမယ့် ဒေါက်တာမင်းထင်နှလုံးသားမှာ အနှောင့်အယှက်ဖြစ်စရာတွေ အများကြီး တွေ့ခဲ့ရသည်။

စကားနာထိုးပြီး ခနိုးခနဲ့နှင့် ယိမ့်ဘက်က ရပ်တည်ပေးခြင်းအပေါ်မှာ တစ်မျိုးကောက်ချက်ဆွဲလျက် သူ့ဂုဏ်သိက္ခာကို ရယ်ပွဲဖွဲ့ပစ်ခဲ့၏။

ငယ်သူငယ်ချင်းလည်းဖြစ်၊ သူ့အပေါ်မှာ တစ်ဖက်သတ်ချစ်နေသူတစ်ယောက်လည်းဖြစ်သော နွယ့်နှလုံးသားခံစားချက်အတိုင်း သူမ မဟုတ်သော တခြားတစ်ပါး မိန်းကလေးအပေါ် ဂရုစိုက်ရပါမည်လားဟု မနာလိုဝန်တိုခြင်းဟု စာနာနားလည်စိတ်ဖြင့် သူငယ်ချင်းမအပေါ်မှာ ရေငုံနှုတ်ပိတ်ခဲ့သည်။

ယိမ့်နှင့်ပတ်သက်ပြီး သူ့ကိုယ်သူ အဖြေမရှာလိုပါ။ သက်ပြင်းတစ်ချက်ကို လေးလံစွာ ရှိုက်ရင်း အိပ်ပျော်အောင် သူ ကြိုးစားလိုက်သည်။





ချစ်ခြင်းမေတ္တာဆိုတာ လုပ်ကြံဖန်တီးလို့ မရသလို ကြံရွယ်တိုင်းလည်း ဖြစ်လာတတ်တာမျိုး မဟုတ်။ အမျိုးအမည်ခွဲခြားရခက်သော နှလုံးသားခံစားမှုသက်သက်မှ နူးညံ့သိမ်မွေ့စွာ သူ့အလိုလို ရှင်သန်ပွင့်ဖူးလာသည့် အရာမျှသာ။

ဒီလူ့ကိုချစ်ရမည်။

ဟိုလူ့ကို မချစ်ရဟု လက်ညှိုးညွှန်၍ အမိန့်ပေးစေခိုင်းလို့ရတာမျိုးမဟုတ်။ ခင်ထားနွယ် စွပ်စွဲသလို ယိမ့်အပေါ်တွင် ချစ်ကောင်းချစ်နေမိလိမ့်မည်မှန်သော်လည်း ထိုအချစ်မှာ ရယူပိုင်ဆိုင်ခြင်း အချစ်ထက် ပေးဆပ်စွန့်လွှတ်လိုသော ချစ်ခြင်းမျိုးဖြစ်ကြောင်း သူမကို သိစေချင်မိသည်။

ညဦးနက်မှ အိပ်ပျော်သွားရခြင်းကြောင့် သူ အိပ်ရာက နိုးလာချိန်မှာ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ ကြီးစိုးမင်းမူနေချိန်ဖြစ်သည်။

အိပ်ရာမှ ရုတ်တရက် မထသေးဘဲ ဟိုးအဝေးမှာ ပျံ့လွင့်လာသော ကျေးငှက်တို့ အော်မြည်သံကို ငြိမ်သက်စွာ နားစွင့်နေမိသည်။

ကမ္ဘာမြေလောကကြီးသည် အခုလိုပဲ အမြဲငြိမ်းချမ်းသာယာနေမည်ဆိုလျှင် လူသားတိုင်း အဘယ်မျှ ပျော်ရွှင်ကြည်နူးကြမည်နည်း။

ချစ်ခြင်း၊ မုန်းခြင်း၊ အထင်ကြီးခြင်း၊ အထင်သေးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲချမ်းသာ မခွဲခြား အားလုံး တစ်တန်းတစ်စားထဲသာရှိလျှင် ကမ္ဘာမြေပေါ်ရှိ စစ်မက်ရေးရာဆိုသည် ဖြစ်ပေါ်လာစရာ အကြောင်းမရှိ။

နားထဲတွင် ဟိုးအဝေးမှ ပျံ့လွင့်လာသော အော်ဟစ်သံလိုလို ကြားလိုက်ရပြီးနောက် ကားစက်သံခပ်သဲ့သဲ့ကို ကြားလိုက်မိသလိုထင်ရသော်လည်း မထူးဆန်းသည့်ကိစ္စ ဖြစ်သည့်အတိုင်း ဘာကိုမှ အာရုံမထားဘဲ အိပ်ရာမှ ညင်သာစွာ ထလိုက်သည်။

ထို့နောက် တစ်ကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ပြီး ရေနွေးနှင့်ရေအေး ရောစပ်ကာ ရေချိုးလိုက်သည်။ ဇုန်ဟုန်က ဒီနေရာမှာ အားကိုးရသည်။ ဆရာ့အကြိုက်ကိုသိ၍ ဆရာဘာအလိုရှိသည်ကို ကောင်းစွာ ရိပ်မိသိရှိအကဲခတ်နိုင်ကာ လိုအပ်သမျှ ဖြည့်ဆည်းပေးတတ်သဖြင့်လည်း ဒေါက်တာမင်းထင်မှာ ထိုကလေးကို ချစ်ခင်တွယ်တာနေမိခြင်းဖြစ်သည်။

အခုချိန်ဆိုလျှင် ဇုန်ဟုန်နှင့် ယိမ့်တို့ နောက်ဖေးမီးဖိုချောင်တွင် ဦးပွေးလျှန်နှင့် အလုပ်ရှုပ်နေကြမည်လား၊ သို့တည်းမဟုတ် တခြားတစ်နေရာ ရောက်နေကြမည်လား မပြောတတ်ချေ။

ဘာရယ်မဟုတ်ဘဲ မှန်ရှေ့မှာ ဒေါက်တာမင်းထင် ရပ်တန့်ပြီး မှန်တွင်းမှ သူ့ပုံရိပ်ကို စေ့စေ့စပ်စပ် ကြည့်လိုက်မိသည်။

အသက်သုံးဆယ်ကျော်အရွယ် တည်ကြည်ခန့်ညားသော ရုပ်သွင်နှင့် လူတစ်ယောက်က စူးရှတောက်ပသော မျက်လုံးအစုံ





ဖြင့် သူ့ကို ပြန်လည်စူးစိုက်ကြည့်နေ၏။

တည်ငြိမ်အေးချမ်းသော သူ့ဘဝမှာ ပူပင်ကြောင့်ကြစရာ ဘာတစ်ခုမှမရှိတော့ဟု ထင်ခဲ့သည်။ ထို့အတူ အေးစက်တည်ငြိမ်သော သူ့နှလုံးသားမှာ အချစ်ဆိုသည့်အရာဖြစ်ရှိလာလိမ့်ဦးမည်ရယ်လို့လည်း မမျှော်လင့်ခဲ့။

အခုတော့ ထာဝရတည်ငြိမ်အေးစက်နေသည့် သူ့ဘဝအတွင်းသို့ ယိမ့်ဆိုသည့် ပန်းလေးတစ်ပွင့် ထင်မှတ်မထားသော အသွင်ဖြင့် ဝင်ရောက်လာခဲ့ပုံက မယုံကြည်နိုင်စရာ။

နွယ် ပြောဆိုစွပ်စွဲသလို ယိမ့်ကို သူ ချစ်မိနေခြင်းများလား။

အတွေးကို ထိုနေရာမှာ ရပ်တန့်ပစ်လိုက်သည်။ ဖြူသော မျက်နှာ အနည်းငယ်နီမြန်းသွားတာကို ချက်ချင်းအကြည့်လွှဲလိုက်သည်။

အောက်ထပ်ထမင်းစားခန်းနားမှာ ဇုန်ဟုန်ကို အသင့်တွေ့ရသည်။ သူ့အတွက် နံနက်စာကို သွက်လက်စွာ ပြင်ဆင်နေချိန်မှာ ယိမ့်ကိုရှာဖွေကြည့်ပေမယ့် မြင်တွေ့လိုသော မျက်နှာကမရှိ။

"ယိမ့် ဘယ်သွားလဲ"

"မမ လမ်းလျှောက်သွားဦးမယ်ဆိုပြီး ထွက်သွားပါတယ် ဆရာကြီး"

"ဘယ်တုန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နာရီဝက်လောက်တော့ ရှိပြီထင်ပါတယ်၊ မကြာဘူး ဒီနားလေးတင်လို့ ပြောသွားပါတယ်ခင်ဗျာ"

ဒေါက်တာမင်းထင် ဘာကိုမှန်းမသိ ထင့်ခနဲဖြစ်သွားပါ သော်လည်း ဘာမှဆက်ပြောမနေတော့ဘဲ အသင့်ပြင်ပေးထားသော နံနက်စာကို စားလိုက်သည်။

သူစားပြီးသည့်အချိန်အထိ ယိမ့် ပြန်ရောက်မလာသေး။ အချိန်တို့ တရွေ့ရွေ့ကုန်လာသလို သူ့ရင်မှာ ပူလောင်လာ၏။

"ယိမ့် ဘယ်ဘက်ကိုသွားလဲ ဇုန်ဟုန်"

"တောင်ပတ်လမ်းဘက်ကို သွားမယ်လို့ ပြောသွားပါ တယ်ဆရာ"

"ငါ လိုက်သွားဦးမယ်"

"ဟုတ်ကဲ့"

ကားပေါ်ကိုတက်ပြီး တောင်ပတ်လမ်းဘက်ကို သူထွက် ခဲ့သည်။ ဒီပတ်ဝန်းကျင်က အစွန့်အဖျားကျ၍ လူပြတ်သဖြင့် မိန်းက လေးတစ်ယောက်တည်း ဝေးဝေးလံလံ သွားရန်မသင့်ကြောင်း သူ သိသည်။

ဇုန်ဟုန်က ချာတိတ်ပေါက်စမို့ ယိမ့်အတွက် ဘာတစ်ခု မှ အပိုတွေးမိမှာမဟုတ်။ သူ့အလုပ်ကို တာဝန်ကျေအောင်လုပ်ဖို့ နှင့် ဆရာဖြစ်သူကို ဂရုစိုက်ဖို့လောက်သာ စိတ်ဝင်စားသူ။

ကားလေးက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသလို





ဒေါက်တာမင်းထင် မျက်ဝန်းအစုံကလည်း လှပသော ယိမ့်ပုံရိပ် လေးကို မပြတ်ရှာဖွေ ကြည့်ရှုလာခဲ့သည်။

ဟိုနားတွေ့နိုး ဒီနားတွေ့နိုးနှင့် ရှာဖွေကြည့်လာခဲ့သော် လည်း အတော်ဝေးဝေးရောက်သည့်အထိ ယိမ့်ပုံရိပ်လေးကို မတွေ့ရ သဖြင့် မျက်ခုံးထူထူတွေ တွန့်ကုတ်လာစဉ်မှာပင် သစ်ပင်ချုံနွယ် တစ်ခုပေါ်တွင် တွယ်ငြိကျန်ရစ်လျက်ရှိသော အဖြူရောင်ပဝါလေး ကြောင့် မျက်လုံးအစုံ ပြာခနဲဖြစ်သွားသည်။

ထိုပဝါလေးကို သူ မှတ်မိနေသည်။ ထိုပဝါပိုင်ရှင်က တခြားသူမဟုတ်။ ယိမ့်ကိုယ်တိုင်ဖြစ်သည့်အတွက် သူ့ရင်တွေ ပူလောင်သွားသည်။

"ကျိုး"

ကားကိုနေရာမှာ ထိုးရပ်ပြီး ပဝါလေးကို ကောက်ယူ လိုက်စဉ်မှာပင်

"ဟင်"

ယိမ့် ဖိနပ်လေးတစ်ဖက်ပါလား။ ဖိနပ်အဖြူရောင်တစ်ဖက် က လမ်းပေါ်မှာ။ ရှေ့နောက်ဝဲယာကို သူလှမ်းမျှော်ကြည့်လိုက်ရင်း ယိမ့်အမည်ကို ကျယ်လောင်စွာ ဟစ်အော်ခေါ်လိုက်သည်။

"ယိမ့်"

တိတ်ဆိတ်သော ဝန်းကျင်မှာ သူ့အသံ ပဲ့တင်ထပ်သွား သော်လည်း ယိမ့်ထံမှ တုံ့ပြန်သံကို မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



ယိမ့်တစ်ယောက် တစ်စုံတစ်ခုသော သားဒုက္ခနှင့် ရင်ဆိုင်နေရပြီဆိုသောအသိက ဒေါက်တာမင်းထင် နှလုံးသားကို ပြင်းထန်သော အရှိန်အဟုန်ဖြင့် ရိုက်ခတ်လာ၏။

ကားပေါ်တက်ပြီး အရှိန်ပြင်းစွာ မောင်းထွက်ခဲ့သည်။

သူ့အတွေးအာရုံထဲကို တစ်စုံတစ်ယောက်၏ အော်ဟစ်သံလိုလို ကြားရပြီးနောက် အရှိန်ပြင်းစွာ မောင်းထွက်သွားသောကားစက်သံတစ်ခုကို ပြန်လည်အမှတ်ရလာပြီးနောက် ယိမ့်ကံကြမ္မာကို လှမ်းမြင်တွေ့လိုက်ရသလို ဖြစ်လာသည်။

ယိမ့် …။

မင်းလေး ဘာမှမဖြစ်ပါစေနဲ့လို့ ကိုယ်ဆုတောင်းနေပါတယ် ကလေးရယ်၊

မင်းလေးရှိရာကို ကိုယ် အခုပဲအရောက်လာခဲ့ပါမယ်။

မင်းကို ကိုယ်ချစ်တယ်။





## အခန်း (၁၇)

"ယိမ့်"

"ကဲဟယ်"

"ဖြန်း"

"ဟာ"

အသားချင်းထိခတ်သံ ပြင်းထန်စွာထွက်ပေါ်လာပြီးနောက် လဖိုင်လ၏ မျက်နှာ လည်ထွက်သွားတာကို ကြည့်ပြီး အားလုံး၏ မျက်နှာပေါ်မှာ ခံပြင်းဒေါသများ ဖြစ်လာတာကို မြင်လိုက်ရသည်။

"ဆရာအသားကို ထိတဲ့မိန်းမကို ကောင်းကောင်းပညာပေးလိုက်စမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ...သွားကြ၊ သွားကြ၊ ငါက ဒီလိုမျိုးမှ သဘောကျတာ မင်းတို့မသိဘူးလား"

"အဟား ...ဟား ...ဟား"

"ထွီ"

ကျယ်လောင်သောရယ်သံက အောင်ပွဲရစစ်သူကြီး တစ်ယောက်လို ဝံ့ကြွားလှသလို ဆန္ဒရမ္မက်ဖြင့် ထက်သန်နေသော မျက်လုံးအစုံက မီးတောက်မတတ် အရောင်တွေ ဖြာထွက်နေပုံကို မသတီစွာ ယိမ့်က တံတွေးဖြင့် လှမ်းထွေးလိုက်ခြင်းဖြစ်သည်။

"ဒီလောက်လည်း ဒေါသဖြစ်မနေပါနဲ့ ယိမ့်ရယ်၊ မင်းကို ကျုပ်က တကယ်ချစ်တာပါဗျာ၊ မင်းအတွက် မင်္ဂလာကြေးကို လည်း မင်းမိဘတွေအိမ်မှာ ပေးထားပြီးပါပြီ၊ ဒါဟာ ကျုပ်ဘဝ မှာ အများဆုံးကြေးနဲ့ အမြင့်ဆုံးပေးခဲ့ရတဲ့ မင်္ဂလာကြေးဖြစ်လို့ မင်းကို ကျုပ်ဘယ်လောက် တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ သိလိုက်စမ်းပါ အချစ်ရယ်"

"မကြားချင်ဘူး ...ဘာမှလာမပြောနဲ့၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်သိလား"

"အဲဒီအတွက် မပူပါနဲ့လေ၊ နောက်တော့ ယိမ့်က ကျုပ် ကို ချစ်လာအောင် ကျုပ်ကိုယ်တိုင် သင်ပေးမှာပါ၊ ဟဲ...ဟဲ"

ယိမ့်သည် လဖိုင်လ၏မျက်နှာကို မကြည့်လိုသဖြင့်





ဆတ်ခနဲ အကြည့်လွှဲပစ်လိုက်ရင်း ဒီလူ့ဘီလူး တဇွာရှူးလက်ထဲ က ဘယ်လိုလွတ်မြောက်အောင် လုပ်ရပါမလဲဟု အပြေးအလွှား အကြံထုတ်စိတ်ကူးနေမိသည်။

တစ်ပြိုင်နက်တည်းမှာလည်း ကိုယ့်ကိုယ်ကို နောင်တရ ၍ မဆုံးချေ။ ခါတိုင်းလို ယိမ့်ဘာသာ အိမ်ကြီးထဲမှာ နေခဲ့မိလျှင် အခုလို လဖိုင်လနှင့် သူ့တပည့်များ၏ အဖမ်းအဆီးကို ခံခဲ့ရမည် မဟုတ်သလို အခုလို ဝဋ်ဒုက္ခဘေးဆိုးကြီးနှင့်လည်း ကြုံတွေ့ရ မည်မဟုတ်ပါ။

အခုချိန်ဆိုလျှင် ယိမ့်တစ်ယောက် ပြန်ရောက်မလာလို့ ဒေါက်တာ ဘယ်လောက်များ စိတ်ပူပင်သောက ရောက်နေမည် နည်းဟု တွေးပြီး စိတ်ထိခိုက်သွားသည်။

ရောက်လေရာအရပ်မှာ ယိမ့်က ပြဿနာမကင်းသူဖြစ်နေ ရပြီး လက်ခံထားမိသူတိုင်းကို ရင်ပူအသည်းပူအောင် ဒုက္ခပေး နေသူဖြစ်နေရခြင်းကိုလည်း စိတ်မကောင်းပါ။

ယိမ့်ကို လဖိုင်လတို့လူစုကလည်း ဘယ်အချိန်ထဲက အလစ်ချောင်းနေကြသည်မသိ။ အခွင့်သာသည်နှင့် ယိမ့်မှာ သူတို့ လက်က ပြေးမလွတ်နိုင်အောင် ဝိုင်းဝန်းချုပ်ကိုင်ဖမ်းဆီးပြီး ကားတင် ပြေးလာခဲ့ကြခြင်းဖြစ်သည်။

အော်ဟစ်အကူအညီတောင်းခံပါသော်လည်း လူသူကင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သော နေရာမို့ ယိမ့်အသံကို မည်သူမှ ကြားကြမည်မထင်။

ယိမ့်ဘ၀ကို လဖိုင်လလို လူရမ်းကားတစ်ယောက်၏ လက်ထဲမှာ ရက်စက်စွာ အဆုံးသတ်ပေးရက်သော ကံကြမ္မာကို ယိမ့်စိတ်ထဲမှာ ခံပြင်းနာကျင်စွာ အပြစ်တင်နေမိသည်မှလွဲ၍ ယိမ့်မှာ ထိုထက်ပို၍ မတတ်နိုင်ပါ။

ကျဉ်းမြောင်းသော အခန်းလေးထဲမှာ ယိမ့် ရောက်နေရသလို အနီးအနားမှာ လဖိုင်လကိုရင်ဆိုင်ရန် ဆွဲကိုင်စရာ ဘာလက်နက်မှ မရှိခြင်းကလည်း ယိမ့်အတွက် ကံဆိုးစေဖို့ဖြစ်သည်။

လဖိုင်လသည် ယိမ့်၏ ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းအစုံကို သေးကျဉ်းသော မျက်လုံးအစုံဖြင့် စေ့စေ့စူးစူးစိုက်ကြည့်ရင်း ပယင်းရောင်ယစ်ရွှေရည်ကို တစိမ့်စိမ့်အရသာခံ သောက်နေ၏။

သူ့အတွေးထဲတွင် ဘာတွေရှိနေမည်မသိရသော်လည်း ယိမ့်အတွေးထဲမှာတော့ ဤလူရိုင်း၏လက်ထဲမှ အမြန်ဆုံးထွက်ပြေးလွတ်မြောက်ရန်မှလွဲ၍ တခြားမရှိချေ။

"ကျုပ်ကို သိပ်ကြောက်နေသလား ယိမ့်၊ ကျုပ်ဟာ ယိမ့်အတွက် ကြောက်လန့်ရမယ့်လူ မဟုတ်ပါဘူးဗျာ၊ ယိမ့်လိုမိန်းမလှလေးကိုလည်း ကျုပ်က အခုလိုကြောက်လန့်သွားအောင် မလုပ်ချင်ပါဘူးလေ"

"ဒါပေမယ့် ယိမ့်က ကျုပ်ကို နည်းနည်းမှဂရုမစိုက်ဘဲ





ရက်ရက်စက်စက် ထွက်ပြေးသွားတော့ ကျုပ်လည်း ယိမ့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ပြန်ခေါ်လာခဲ့ရတာကို ခွင့်လွှတ်ပါဗျာ"

"သိပ်လှတဲ့ယိမ့်ကို ကျုပ်က အဆုံးရှုံးမခံနိုင်အောင် သိပ်ချစ်လို့ပါ၊ ဟဲ ...ဟဲ"

ဘယ်က အလွတ်ကျက်လာမှန်းမသိသော စကားလုံးတွေသုံးပြီး ယိမ့်ကို ပြီတီတီမျက်နှာထားဖြင့် ပြောလာသူ၏ စကားသံကို နားထောင်ရခြင်းကိုပင် ယိမ့်မှာ အော့နလုံးနာလှပါပြီ။

ဘီလူးရုပ်ပြပြီးမှ မင်းသားခေါင်းဆောင်းပြချင်နေတာကိုလည်း အံ့ဩမိသည်။ အေးလေ ...ဒီလိုလူမျိုးတွေဟာ အရှက်အကြောက်မဲ့တတ်ကြသူတွေပဲ။

"ယိမ့်"

"ရှင် ...ကျွန်မအသားကို ထိဖို့မကြိုးစားနဲ့ လဖိုင်လ၊ ကျွန်မ ရှင်တွေ့ဘူးတဲ့ မိန်းမစားမျိုးမဟုတ်ဘူးသိလား"

"ကျုပ်သိတယ် ...ဒါကြောင့်လည်း ကျုပ်က သိပ်သဘောကျတာပေါ့"

ယိမ့် စကားမဆုံးမီမှာ သူက ကြားဝင်ဖြတ်ပြောလိုက်ကာမို့ လဖိုင်လ မျက်နှာကို မုန်းတီးစက်ဆုပ်စွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

ယိမ့်သာ နဂါးမလေးဖြစ်ခဲ့မည်ဆိုလျှင် သူ့မအကြည့်က



www.burmeseclassic.com

www.burmeseclassic.com



လဖိုင်လကို နေရာမှာတင် အရည်ပျော်သွားစေနိုင်သော အကြည့်မျိုးဖြစ်ပါသည်။

"အခုချိန်မှာ ကျွန်မဘဝ တကယ့်ကို သေမထူးနေမထူး ဘဝပဲ လဖိုင်လ၊ ရှင်လက်ထဲမှာ ကျွန်မဘဝကို စတေးပစ်ရမယ်ဆိုရင် အရှက်နဲ့အသက်ကို လဲပစ်လိုက်မယ်"

"မင်းကို ကျုပ်က အဆောင်အယောင် အခန်းအနားတွေနဲ့ အပြည့်အစုံထားမှာပါလေ၊ အားလုံး မင်းစိတ်တိုင်းကျ ဖြစ်ရစေမှာပေါ့"

လဖိုင်လက ယိမ့်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်ရင်း သူ့ဆန္ဒကို တင်ပြနေသော်လည်း သူ့စကားများက ယိမ့်အတွက် ဘာတစ်ခုမှ မက်မောအားကျချင်စရာမရှိဘဲ ရင်တစ်ခုလုံး ခါးရှသွား၏။

ငွေကြေးချမ်းသာမှု အဆောင်အယောင်တွေနဲ့ စိတ်ချမ်းသာမှုကို ရှုးမိုက်စွာ လဲလှယ်ကြသူတွေထဲမှာ ယိမ့်ဆိုသည့် မိန်းမသားမှ မပါဝင်ခဲ့ပဲလေ။ ကိုယ့်ရဲ့ စိတ်ချမ်းသာပျော်ရွှင်မှုတွေကို ဘာအတွက် ရောင်းစားရမည်နည်း။

"ကျွန်မ ဒါတွေကို မမက်ဘူး"

"ဒါဖြင့် မင်းလိုချင်တာက ဘာလဲ"

ကျားရဲ့မလေးတစ်ကောင်လို မာန်ဖီနေသော မျက်နှာထား၊





ဖြင့် လဖိုင်လမျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။

လဖိုင်လက ယိမ့်ကို ရှုးရှုးနင့်နင့် ပြန်လည်ကြည့်ရှုနေတာမို့ အကြည့်ချင်း ဖြန်းခနဲ ဆုံစည်းသွားကြ၏။

"ကျွန်မလိုချင်တာကို ရှင်က ပေးနိုင်မှာမို့လား"

"ပြောကြည့်ပါဦးလေ ...မင်းက ကျုပ်တွေ့ဖူးတဲ့ မိန်းကလေးတွေနဲ့ လုံးဝမတူတာ ဝန်ခံပါတယ်၊ အဲဒါကိုပဲ ကျုပ် သဘောကျတယ်"

"ရှင်ခွင့်ပြုမယ်ဆိုရင် ဒီနေရာက ကျွန်မကို အမြန်ဆုံးသွားခွင့်ပြုပါ လဖိုင်လ၊ ရှင်ပေးနိုင်တဲ့ အဆောင်အယောင်တွေနဲ့နေနိုင်မယ့် မိန်းမတစ်ယောက်ကို ရှင်ရှာတွေ့နိုင်ပါလိမ့်မယ်၊ ကျွန်မလိုချင်တာက အဲဒီအရာတွေတစ်ခုမှမပါဘူး၊ စိတ်ချမ်းသာကိုယ်ချမ်းသာ နေနိုင်မယ့် လွတ်လပ်ပျော်ရွှင်မှုကိုပဲ လိုချင်တာပါ"

"အဲဒါတွေ နောက်တော့ဖြစ်လာမှာပေါ့၊ အခုတော့ ကျုပ်နဲ့ အတူတူနေပါ၊ မင်းကိုစိတ်ချယုံကြည်ရမယ့်နေ့ကြရင် အခုမင်းပြောတာတွေအားလုံး ကျုပ် လိုက်လျောမယ်"

"ဘာရှင့်"

"မင်းကို ကျုပ် ပြန်လွှတ်ရအောင် မမိုက်မဲသေးပါဘူးလေ၊ မင်းက သိပ်လှတယ်မဟုတ်လား အားပါးတရချစ်စမ်းပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် …ရှင် ရှေ့တိုးမလာနဲ့နော်"

သူက ယိမ့်စကားကို မကြားသလိုပင် ယိမ့်ရှိရာသို့ ခြေတစ်လှမ်းချင်း တိုးလာနေပြီဖြစ်ရာ အကာအကွယ်မဲ့နေသော ယိမ့်မှာ ဘေးလွတ်ရာကိုရှာကြံရင်း နောက်ဆုတ်လာခဲ့ရာ နောက်ကျောနှင့် အခန်းနံရံကို ထိကပ်ချိန်မှာ သူမခြေလှမ်းလေးများ အဆုံးသတ်သွားလိုက်ရပါပြီ။

"မင်း …ကျုပ်လက်က ဘယ်လိုနည်းနဲ့မှ ပြေးမလွတ်နိုင်ပါဘူး ယိမ့်ရယ်၊ အပင်ပန်းခံပြီး ကြိုးစားမနေစမ်းပါနဲ့"

"လာခဲ့စမ်း"

"အမေ့"

"အဟား …ဟား …ဟား"

"အိုး …ရှင်နော်၊ ကဲဟယ်"

"လူယုတ်မာ"

"ခွေး …ခွေး …လွှတ်စမ်း"

ရုန်းရင်းဆန်ခတ်အသံများ အခန်းထဲမှာ ဆူညံသွားသလို ယိမ့်ဆိုသည့် သမင်ပျိုမလေးသည်လည်း ကျားရှေ့မှာ မှောက်ရက်မလဲရအောင် အင်အားရှိသမျှ ကြိုးစားရုန်းကန် ထုရိုက်ကုတ်ဖဲ့ရင်း လွတ်မြောက်ရန် အခွင့်ကို ရှာဖွေနေသည်။

ပင်ကိုယ်ကပင် ကျန်းမာသန်စွမ်းသူလေးဖြစ်သော ယိမ့်





ကို လဖိုင်လမှာ ရုတ်တရက် အနိုင်ယူချင်တိုင်း ယူလို့မရ။

သူတစ်ပြန်ကိုယ်တစ်ပြန် ထွေးလုံးသတ်ပုတ်ရင်း အလိုရှိရာကို ရယူဖို့ ကြိုးစားနေစဉ်မှာပင် …

"ဝုန်း"

"ဒုန်း"

"ဟိတ်ကောင် လဖိုင်လ၊ ယိမ့်ကို အခုလွှတ်လိုက်စမ်း"

"ဟင်"

"ဒေါက်တာ"

အရှိန်ပြင်းစွာ ပွင့်ထွက်သွားသော အခန်းတံခါးဝမှာ မောကြီးပန်းကြီး အမူအရာဖြင့် မီးထွက်မတတ် အကြည့်များဖြင့် မားမားကြီးပေါ်လာသော ဒေါက်တာမင်းထင်အသံက ဟိန်းထွက်သွားသလို အံ့သြနေသော လဖိုင်လလက်တွင်းမှ လျင်မြန်စွာ ရုန်းထွက်လိုက်သူက ယိမ့်ဖြစ်သည်။

"ဒေါက်တာ …ယိမ့်ကိုကယ်ပါရှင်၊ ယိမ့်ကိုကယ်ပါ"

ယိမ့်သည် သွေးရူးသွေးတန်းနှင့်ပင် ဒေါက်တာမင်းထင်ရှိရာကို အပြေးရောက်သွားလျက် သူမကိုယ်လေးကို ဒေါက်တာမင်းထင်၏ ကိုယ်လေးနှင့် ကွယ်ကာ လျင်မြန်စွာ အကူအညီတောင်းခံလိုက်သံနှင့်အတူ ပါးပြင်ပေါ် မျက်ရည်တွေ အဆက်မပြတ်စီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူနဲ့ ကျုပ်ရှိနေသ၍ မင်းကို ဘယ်သူမှ လက်ဖျား နဲ့ ထိလို့မရဘူး"

"မင်း ဘယ်သူလဲ၊ ကျုပ်က သူ့မိဘတွေကို မင်္ဂလာ ကြေးအပြည့်အဝပေးပြီးသား၊ ယိမ့်ကို ကျုပ်ပိုင်တယ်"

"မဟုတ်ဘူး …ဒေါက်တာ၊ လုံးဝမဟုတ်ဘူး၊ သူပြော တာ မယုံပါနဲ့နော်"

"မင်းပါးစပ်ပိတ်ထားစမ်း ယိမ့်၊ ဒီကိစ္စကို ကျုပ်တို့ ယောကျ်ားချင်း ရှင်းမယ်"

ဒေါက်တာမင်းထင်က ယိမ့်ကိုယ်လေးကို သူနှင့်ဝေးရာ သို့ တွန်းပို့လိုက်ရင်း လဖိုင်လကို စိုက်ကြည့်ပစ်လိုက်သည်။

မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး သူ့ဘဝမှာ ဒါ ပထမဆုံးသော စိတ်လှုပ်ရှားမှုနှင့် ခံစားချက်အပြင်းထန်ဆုံးဖြစ် ကြောင်း မည်သူမှ သိကြမည်မဟုတ်သော်လည်း သူကိုယ်သူ သိနေပါသည်။

"မင်းပြောတာတွေ ကျုပ် တစ်ခုမှလက်မခံဘူး လဖိုင်လ"

"ဒါပေမယ့် ယိမ့်မိဘတွေကိုယ်တိုင်က ကျုပ်နဲ့ သူ့သမီး ကို အမြန်ဆုံးပေးစားဖို့ သူတို့ကိုယ်တိုင် လာကမ်းလှမ်းထားပြီးသား ဖြစ်လို့ ကျုပ်လက်ခံလိုက်တယ်"





"အဲဒီအတွက် ယိမ့်ကို ကျုပ်ပိုင်တယ်ဆိုတာ ခင်ဗျားသိ ရဲ့လား၊ ယိမ့်ဟာ ကျုပ်မိန်းမ"

"အို …မဟုတ်ဘူး"

လဖိုင်လ စကားများမှာ မှန်သင့်သလောက် မှန်နေသော် လည်း ပိုင်စိုးပိုင်စားသော သူ့အပြောများကို မုန်းတီးစွာ ဒေါသထန် သွားရသည်။

"ကာယကံရှင် သဘောမတူဘဲနဲ့ ခင်ဗျားစိတ်ကြိုက် ဘာတစ်ခုမှလုပ်ခွင့်မရှိဘူး လဖိုင်လ"

"ကျုပ်ကိုလာပြီး အမိန့်ပေးနေရအောင် ခင်ဗျားက ဘာမို့ လဲ၊ လဖိုင်လကို ဘယ်သူမှ လာအမိန့်ပေးလို့မရဘူးကွ၊ နားလည် လား"

"ကဲကွာ"

"ခွပ်"

"အမလေး"

"ဝုန်း"

"ဒုန်း"

တစ်ခဏအတွင်း ယောကျ်ားနှစ်ယောက် လုံးထွေးသတ် ပုတ်မှုကြောင့် အခန်းတွင်းရှိ ပစ္စည်းများ ဝုန်းဒိုင်းကျဲသွားသလို တစ်အိမ်လုံး သိမ့်သိမ့်တုန်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပြန်ကိုယ်တစ်ပြန် ထွေးလုံးလျက် သတ်ပုတ်နေရာ ယိမ့်မှာ သူတို့နှစ်ယောက်ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိဘဲ ကြောက်ရွံ့တုန်လှုပ်နေစဉ်မှာပင် ....

"ဒီလောက်တောင်ဖြစ်လှတဲ့လူ ကဲကွာ ...ကဲ"

"ခွပ် ...ခွပ်"

"အား"

"အမလေး ...ဒေါက်တာသေပါပြီ"

စိတ်ကြမ်းလူကြမ်းသမား လဖိုင်လလို လူတစ်ယောက်နှင့် ကျန်းမာရေးလိုက်စား၍ ကျန်းမာသန်စွမ်းသော လူတစ်ယောက်ဖြစ်သော်လည်း လဖိုင်လလို အသတ်အပုတ် မကျွမ်းလှသော ဒေါက်တာမင်းထင်တို့ပွဲမှာ အများဆုံးခံရသူက ဒေါက်တာမင်းထင်ဖြစ်သည်။

"ဟင် ...သွေးတွေနဲ့ပါလား"

ဒေါက်တာမင်းထင်၏ နှာရိုးမှ ထွက်ပေါ်လာသော သွေးစများက မြင်လိုက်ရသည်နှင့် ယိမ့်မျက်ဝန်းအစုံမှာ ပြာဝေသွားကာ လဖိုင်လကို လက်တုံ့ပြန်ရန် လက်နက်တစ်ခုကို အပြေးအလွှား ရှာဖွေလိုက်ရာ ခပ်လှမ်းလှမ်းတစ်နေရာရှိ အရက်ပုလင်းကို ကောက်ယူကာ ဒေါက်တာမင်းထင်ကို အပေါ်စီးမှ အနိုင်ယူသတ်ပုတ်နေသော လဖိုင်လခေါင်းကို ရိုက်ချလိုက်သည်။





"ကဲဟယ်"

"ဒုတ်"

"အား"

"ခွပ်"

"ဝုန်း"

ယိမ့်ရိုက်ချက်ကြောင့် ဒေါက်တာမင်းထင်ကို လွှတ်လိုက်ရသော လဖိုင်လမှာ ဒေါသမျက်လုံးများဖြင့် ယိမ့်ဘက်ကို လှည့်ကြည့်လာစဉ်မှာပင် ဒေါက်တာမင်းထင်က လဖိုင်လ၏မျက်နှာကို ပိုင်နိုင်စွာ လက်သီးဖြင့် ထိုးချလိုက်ရာ လဖိုင်လမှာ ယိမ့်တို့နှစ်ယောက်လက်ချက်ဖြင့် နေရာမှာ အရုပ်ကြိုးပြတ် လဲကျသွား၏။

"ယိမ့် ...လာ ...လာ သူတို့လူတွေ ထပ်ရောက်မလာခင် ကိုယ်တို့သွားကြစို့"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဒေါက်တာမင်းထင်က ယိမ့်လက်ကလေးကိုဆွဲပြီး သူကားရပ်ထားရာသို့ အမှောင်ထုကြီးစိုးနေသော လမ်းအတိုင်း အပြေးခေါ်ယူသွားရာ ယိမ့်မှာ ဒရွတ်တိုက်လေး အတူလိုက်ပါသွားရတော့သည်။

သို့ပါသော်လည်း ယိမ့်တွင် ဖိနပ်မပါ၊ ခြေဗလာဖြစ်လေရာ တစ်နေရာအရောက်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"

"ယိမ့်"

"ဘာဖြစ်တာလဲ ယိမ့်၊ ဘာဖြစ်တာလဲ"

"ယိမ့် …ခြေထောက်၊ ခြေထောက် ငုတ်ရှုးသွားပြီ"

"ဟင်"

ယိမ့်မှာ အမှောင်ထုအတွင်း သူမခြေထောက်ဒဏ်ရာလေးကို ဖိကိုင်လျက် နေရာမှထဖို့ ကြိုးစားသော်လည်း ယိုင်နဲ့သွားရာ ဒေါက်တာမင်းထင်မှာ ဘာကိုမှစဉ်းစားမနေတော့ဘဲ ယိမ့်ကိုယ်လေးကို ဖျတ်ခနဲ ပွေ့ယူချီမလိုက်တော့သည်။

"အို …ဒေါက်တာ"

"ငြိမ်ငြိမ်လိုက်ခဲ့ ယိမ့်၊ နောက်ပိုင်းက စိတ်အေးရတာ မဟုတ်ဘူး၊ သူ့လူတွေမလာခင် ဒီနေရာက လွတ်မှဖြစ်မယ်"

သန်မာခွေးထွေးကျယ်ပြန့်သော ရင်ခွင်ထဲကို ယိမ့်တစ်ကိုယ်လုံး နစ်ဝင်ရောက်ရှိသွားစဉ်မှာပင် မျက်ဝန်းအစုံကို မှေးမှိတ်ပစ်လိုက်မိသူက ယိမ့်။

ယိမ့်ကိုယ်လေးကို ကားပေါ်သို့ ညင်သာစွာ ချလိုက်စဉ်မှာပင် စီခနဲအော်ဟစ်လိုက်သံကို ကြားလိုက်ရပြီးနောက် လဖိုင်လတို့လူစုကို မသည်းကွဲသော မီးရောင်အောက်မှာ မြင်တွေ့လိုက်ရ





သည်။

ဒေါက်တာမင်းထင်က သူ့ကားလေးကို နေရာမှာ မောင်းထွက်လိုက်ရာ အားလုံးကိုယ်စီ ယိမ့်တို့နေရာသို့ ပြိုင်တူလှမ်းကြည့်လိုက်တာကို အသည်းခွေးစရာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ခင်ထားနွယ်သည် ယိမ့်၏ခြေထောက်အနာကို ကိုယ်တိုင်ဆေးထည့်ပတ်တီးစီးပေးနေသော ဒေါက်တာမင်းထင်ကို ကြည့်ကာ အသည်းနှလုံးတွေ မခံမရပ်နိုင်အောင် ဆတ်ဆတ်ခါနာကျင်သွားသည်။

ယိမ့်လို ဘာအဆင့်အတန်းမှ မရှိသော မိန်းကလေးတစ်ယောက်ကို သူ့မအသက်လို တန်ဖိုးထားပြီး ချစ်ခင်မြတ်နိုးရသော ချစ်သူက ဤမျှအောက်ကျနောက်ကျခံပြီး အသေးစိတ်လိုက်ပြီး ပြုစုယုယနေခြင်းကိုလည်း မနာလိုဝန်တိုခြင်းကတစ်ဖက်၊ ဒေါသဖြစ်ခြင်းက တစ်ဝက်နှင့် တစ်ကိုယ်လုံး ပူလောင်သလိုဖြစ်လာ၏။

ယိမ့်နေရာမှာ ခင်ထားနွယ်ဖြစ်နေလျှင်တောင် ဒေါက်တာမင်းထင်ဆိုသူက အခုလောက် ဂရုစိုက်မည်မထင်။ နွယ်ကိုသာ





အခုလို ဂရုစိုက်မည်ဆိုလျှင် ဝမ်းသာလွန်းလို့ ကြည်နူးပီတိတွေနှင့် ငိုချလိုက်မိမည်လားမသိပါ။

တကယ်တော့ ခင်ထားနွယ်ဆိုတာ ကိုယ်ပိုင်အရည်အချင်းတွေနဲ့ လိုတရပြီး ပြည့်စုံနေသော ချမ်းသာပြည့်စုံကြွယ်ဝသော မိန်းကလေးတစ်ယောက်ဖြစ်ပါလျက် သူမကို ဘာကြောင့်များ မချစ်နိုင်ရပါသနည်း။

ရုပ်ရည်၊ ပညာ၊ ဂုဏ်အဆင့်အတန်း ဘာဆိုဘာမှငြင်းဆိုစရာမရှိသလို ဒေါက်တာမင်းထင်၏ မရနိုင်သော အချစ်ကိုမှ လိုချင်တမ်းမက်စွာ စောင့်မျှော်နေသူတစ်ယောက်မှန်း သိလျက်နှင့် သူ့မအချစ်ကို နည်းနည်းလေးမှပင် ဂရုမစိုက်၊ ဥပေက္ခာပြုရက်လွန်းသူတစ်ယောက်က ဘာမဟုတ်တဲ့ အရိုင်းအစိုင်း တစ်ကောင်ကြွက်မိန်းကလေးအပေါ်မှာ စေတနာ၊ မေတ္တာတွေ ရွာသွန်းဖြိုးနေပုံကမြင်ရသူအတွက် ရင်မချိစရာ. . .။

"ဒီကိစ္စတွေကို ကိုမင်းကိုယ်တိုင် အသေးစိတ်လိုက်လုပ်နေစရာ မလိုဘူးထင်တယ်၊ မနက်ဖြန် နွယ်လာရင် ဆရာမတစ်ယောက်ခေါ်လာခဲ့မယ်"

"မလိုပါဘူး နွယ်၊ ကိုယ်လည်း ဆရာဝန်တစ်ယောက်ပါ၊ လူနာတစ်ယောက်ကို ပြုစုတတ်ပါသေးတယ်"

"ဪ"

ရင်မချိစွာ အော်လိုက်ခြင်းကို ချစ်သူသိမည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဖျားရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ယိမ့်မျက်နှာကိုစိမ်းကားအေးစက်သော မျက်ဝန်းအစုံဖြင့် မှုန်းတီးစွာ စူးစိုက်ကြည့်နေရာမှ ချာခနဲ ကျောခိုင်းပစ်လိုက်သည်။

ခင်ထားနွယ်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ဘာမဟုတ်တဲ့ ယိမ့်ဆိုတဲ့ မိန်းကလေးတစ်ယောက်လောက်တောင်မှ ကံမကောင်းပါလား။

ကြည့်ပါဦး ...။

ယိမ့်ဆိုသည့် မိန်းကလေးမှာတော့ ချစ်ခင်မြတ်နိုးမည့် ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေ၏။ အိမ်ထောင်ရှိသူရော၊ အိမ်ထောင်မရှိသူရော၊ ပြီးတော့ ခင်ထားနွယ် ချစ်မြတ်နိုးသူအပါအဝင် အားလုံးက ယိမ့်မှယိမ့် ...။

"နွယ့်မှာ ကိုယ်နဲ့ဆွေးနွေးစရာရှိတယ်ဆိုတာ ဘာလဲနွယ်"

"ဒီနေရာမှာ နွယ် မပြောချင်ဘူး ကိုမင်း၊ ခြံထဲမှာ လမ်းလျှောက်ရင်း နွယ်တို့ အေးအေးဆေးဆေး ပြောကြရအောင်လား"

"ကောင်းပြီလေ ...နွယ်အရင်သွားနှင့်လိုက်ပါ၊ ကိုယ်အခုပဲ လိုက်ခဲ့မယ်"

သူဘာလုပ်ဖို့ ကျန်ရစ်နေမှာလဲဆိုတာကို နွယ် မစဉ်းစားလိုတော့ပါ။ ရင်ထဲမှာ ပြည့်လျှံနေသော စကားလုံးများကို မျိုသိပ်





ချုပ်တည်းရင်း သူ့အနားက နွယ် ထွက်ခဲ့သည်။

တခြားသူတွေနဲ့ဆိုရင် အင်မတန်မာနကြီးတဲ့ မိန်းမတစ်ယောက်အဖြစ် တွေ့ဖူးသူတိုင်းက အသိအမှတ်ပြု အလေးထားခံခဲ့ရသော ဒေါက်တာခင်ထားနွယ်တစ်ယောက် ကိုယ့်ချစ်သူရဲ့ ရှေ့မှောက်မှာ မာန်မာနတွေ အရည်ပျော် ပျောက်ဆုံးနေရပါသည်ဆိုရင် ကြားရသူအပေါင်း ယုံကြည်ပေးနိုင်ကြပါမည်လား။

လူတိုင်းက ခင်ထားနွယ်ကို ကံကောင်းသည့် မိန်းကလေးတစ်ယောက်အဖြစ် အားကျဂုဏ်ယူနေကြပေမယ့် အချစ်ရေးမှာတော့ ခင်ထားနွယ်ဆိုတာ ကံဆိုးမလေးမျှသာ။

အမြင်အားဖြင့် ခင်ထားနွယ်သည် မည်သည့်ယောကျ်ားမျိုးကိုမဆို အလွယ်တကူ တွဲနိုင်သည်။ သို့သော် သူမ ငယ်စဉ်ကတည်းက ချစ်မြတ်နိုးခဲ့ရသော ကျောင်းနေဘက်သူငယ်ချင်း ဒေါက်တာမင်းထင်၏ အရေးတယူ အလေးမူခြင်းကို လုံးဝမခံခဲ့ရ။

သူနှင့်ပတ်သက်လျှင် ခင်ထားနွယ်မှာ တစ်ဖက်သတ်မိန်းမနောက်ပိုးဖြစ်ခဲ့ရသည်။ အရှက်အကြောက် ကင်းသူဖြစ်ခဲ့ရသည်။

သူမအဖြစ်က လိုချင်မှန်းသိလေ မရနိုင်လေ။ လိုက်လေဝေးလေဘဝ။ ဒါကို မနာကျင်နိုင်ဘဲ အချစ်၏နှောင်ဖွဲ့မှုကို ခံနေရသော မိန်းကလေးအဖြစ် မိုက်မဲစွာပင် သူ့ထံမှအချစ်ကို မျှော်လင့်စောင့်စားခဲ့မိသည့်အဖြစ်က သေချာပြန်တွေးလျှင် နာကြည်းရှက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် ကြေကွဲစက်ဆုပ်ဖွယ်ရာ ဖြစ်လေသည်။

နောက်ဆုံး ဒေါက်တာမင်းထင်၏ ကျောက်သားကဲ့သို့ မာကျောအေးစက်သော နှလုံးသားကို ကျောခိုင်းပြီး သူမဘဝကို တခြားသူများဖြင့် ဖြည့်ဆီးအစားထိုးကြည့်ခဲ့သည်။

သူမ၏အလှ၊ ငွေကြေးအရှိန်အဝါ ဂုဏ်ပကာသနမှာ အရူးအမူး ပျော်ဝင်စွဲလမ်းလာသော ယောကျ်ားများကို စိတ်ကြိုက်ဆော့ကစားပြီး အသည်းခွဲပစ်လိုက်သည်။

ဒေါက်တာမင်းထင်ဆိုသည့် လူတစ်ယောက်အပေါ်မှာ အရှုံးပေးခဲ့ရသမျှ အနိုင်ယူလက်စားချေတုံ့ပြန်ပစ်သည်။ သူမကြောင့် ဆတ်ဆတ်ခါနာကျင်သွားကြသူတွေကိုကြည့်ပြီး အားပါးတရ လှောင်ပြောင်ရယ်မောပစ်ခဲ့သည်။

ထိုအခါ သူမနှလုံးသားမှာ ဒေါက်တာမင်းထင်ကြောင့် ခံစားနေရသော ဝေဒနာမှာ သက်သာလျော့ပါးသွားသယောင် ထင်မှတ်ရသော်လည်း ချစ်ရသူကို ဘယ်လိုမှ မေ့မရနိုင်သောအခါ ချစ်သူမျက်နှာကို မြင်တွေ့လိုဇောဖြင့် ချစ်သူရှေ့မှောက်သို့ ရောက်လာခဲ့ရသည့်အဖြစ်။

ဒါကို သိရက်နှင့် သူမကို ဂရုမပြု ပြစ်ပယ်ထားရက်သူက ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အနားမှာတော့ ပြာယာခတ်မတတ်။

“အဟုတ် ...အဟင်း ...ဟင်း”





မရယ်ချင်ဘဲနှင့် လှောင်ပြောင်ရယ်မောလိုက်သည်။

‘အချစ်’ဆိုတာ ဘယ်လိုဝေဒနာဆိုးကြီးပါလိမ့်။ ဒါကို သူမဘဝထဲက ထွက်သွားအောင် အပြင်းအထန်ဆုံး စကားလုံးတွေနှင့် မောင်းထုတ်လိုက်စမ်းချင်သည်။

နောက်မလာနဲ့ ...။

ခင်လေးနွယ်ရဲ့ ဘဝထဲမှာ အဲဒီဝေဒနာဆိုးကြီးသာ မရှိခဲ့ရင် သူမ အခုလိုခံစားနေရမှာမဟုတ်ဘဲ ဘဝကို ပျော်ရွှင်ချမ်းမြေ့ အေးငြိမ်းခြင်းတွေနှင့် ဖြတ်သန်းနိုင်မှာ သေချာပါသည်။

အခုတော့ ပူလောင်ခါးသီးလှသော အချစ်ဝေဒနာဆိုးကြီး ကို ရင်မှာပိုက်လို့ပါလား။ ခင်ထားနွယ်၏ စိတ်ထဲမှာ ယိမ့်ကို အမုန်းကြီး မုန်းလာ၏။

သူမအချစ်ကို အသိအမှတ်မပြုသော ဒေါက်တာမင်းထင်၏ နှလုံးသားကို သူမမဟုတ်သော တခြားမည်သည့်မိန်းကလေးကိုမှ ချစ်ရန်ခွင့်မပြုနိုင်။

ချစ်ခွင့်လည်းမရှိ။

“နွယ်”

ဒေါက်တာမင်းထင်၏ နှုတ်ဖျားမှ သူမအမည်ကို ခေါ်လိုက်သံကြောင့် ခင်ထားနွယ်ရင်ထဲမှာ နွေးထွေးသွားသည်။ ထိုအတူ ချစ်သူမျက်နှာလေးကို မြင်ရသည့် အခိုက်အတန့်လေး ပျောက်ဆုံးသွားမှာ မလိုလားသလို ချစ်သူ၏လှုပ်ရှားမှု အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်၊ စကားတစ်ခွန်း၊ ရယ်မောသံအားလုံးကို မြတ်နိုးချစ်မဝနိုင်သော နှလုံးသားခံစားချက်ဖြင့် ထာဝရ မြင်လိုတွေ့လိုသူမှာ အင်မတန် ကြီးလေးသော အပြစ်ဟု ဆိုနိုင်ပါမည်လား။

"ကိုမင်း"

"ပြောပါ နွယ်"

နွယ်သည် ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ဒေါက်တာမင်းထင် မျက်နှာကို ငေးကြည့်နေမိ၏။ ရင်ထဲရှိတာတွေအားလုံး ချစ်သူကို ဖွင့်ပြောပြချင်ပေမယ့် သူ ယုံနိုင်ပါမည်လား။

ယုံကြည်သည်ပဲထားဦး လက်ခံချင်မှ လက်ခံပေလိမ့်မည်။ ခင်ထားနွယ်၏အချစ်က ဒေါက်တာမင်းထင်၏ ကျောက်သားလို နှလုံးသားကို ပျော့ပျောင်းအောင် မစွမ်းဆောင်နိုင်မှန်းသိရက်နှင့် လက်လျှော့လိုက်ရမှာကိုလည်း မလိုလား။

"နေကောင်းရဲ့လားနွယ် ...နွယ့်ကိုကြည့်ရတာ သိပ်မလန်းသလိုပဲ"

နွယ် ပြုံးလိုက်သည်။

သူမကို ဂရုစိုက်မေးဖော်ရတဲ့အတွက်ပါ။

ဒါပေမယ့် ဒေါက်တာမင်းထင်ရဲ့ နှလုံးသားက နွယ်ဆိုသည့် မိန်းမတစ်ယောက်အတွက်မဟုတ်။

အတွေးဖြင့် ရင်တစ်ခုလုံး စို့နင့်သွားကာ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ ချက်ချင်းပြည့်တက်လာ၏။





"ဘာဖြစ်လို့လဲ နွယ်၊ ဘာဖြစ်တာလဲ"

"ကိုမင်းရယ်"

ခင်ထားနွယ်သည် သူမအဖြစ်ကို ဝမ်းနည်းကြေကွဲ ရှက်ရွံ့လျက် ဒေါက်တာမင်းထင်၏ ရင်ခွင်ထဲ တိုးဝင်ကာ တသိမ့်သိမ့် ရှိုက်ငိုလိုက်မိသည်။

ဒါ ...နွယ့်အတွက် နောက်ဆုံးအခွင့်အရေးလေးတစ်ခု ဆိုတာ ဘယ်သူသိနိုင်မှာလဲကွယ်။ ချစ်သူရဲ့ ရင်ခွင်နွေးနွေးမှာ သူမ ဘဝအမောတွေကို မှေးစက်ခိုခွင့်ရဖို့အရေး စိတ်ကူးဖြင့် အကြိမ်ကြိမ် တောင်းတခဲ့ဘူးတာကို သူမ မမေ့ပါ။

ချစ်သူ၏ရင်ခွင်သည် ခင်ထားနွယ်ဆိုသည့် မိန်းကလေးအတွက် မဟုတ်ခဲ့။

"ဘာဖြစ်တာလဲ နွယ်ရယ်၊ ကိုယ်နားလည်အောင်လည်း ပြောပြဦးမှပေါ့၊ ကိုယ် ဘာကူညီပေးရမလဲဟင်"

"ဟင့်အင်း ...နွယ့်ကို ကူညီချင်တယ်ဆိုရင် ကျေးဇူးပြုပြီး ဒီအတိုင်းပဲ ခဏလောက်နေပါရစေလား ကိုမင်းရယ်၊ နွယ်လေ"

"မငိုပါနဲ့ နွယ်ရယ်၊ နွယ့်ကို ကိုယ်နားလည်ပါတယ်"

"နွယ့်ကို နားလည်တယ်ဟုတ်လား"

ထိုစကားကို ခင်ထားနွယ် ချစ်ရသူရင်ခွင်ထဲမှာ အားတက်သရောလေး မော့ကြည့်ရင်း မျက်ရည်များဖြင့် မျှော်လင့်ခြင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



စွာ မေးလိုက်ခြင်းဖြစ်သည်။

"တစ်သက်လုံး နုနုနယ်နယ်လေး နေလာခဲ့တဲ့ နွယ့်အတွက် အခုလို ကြမ်းတမ်းခက်ခဲတဲ့ နေရာကို ရောက်လာတာ နွယ့်အတွက် ဘယ်လောက်ပင်ပန်းဆင်းရဲ အခက်တွေ့မယ်ဆိုတာ ကိုယ်နားလည်နေလို့ပါ နွယ်"

"အို"

နွယ် ထင်မြင်မျှော်လင့်ထားသော အဖြေလည်းမဟုတ်ပါလား။

ကိုမင်း စိတ်ထဲမှာ နွယ် အခုလို ကြေကွဲဝမ်းနည်းစိတ်နဲ့ မျက်ရည်ကျနေတာ ပင်ပန်းဆင်းရဲလွတဲ့ဒဏ်ကို မခံနိုင်လို့ ငိုနေတယ်လို့ ထင်နေသလားရှင်ရယ်။

တကယ်အဖြစ်မှန်က ရှင်ထင့်နေသလို တစ်ခုမှမဟုတ်ပါဘူး။

နွယ့်ဘဝမှာ ကိုမင်းရဲ့အချစ်ကိုသာ ရမယ်ဆိုရင်လေ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းပဲဖြစ်ပါစေ ချစ်ရသူရဲ့လက်ကို မြဲမြဲတွဲဆက်ဆုပ်ကိုင်လို့ ချစ်သူခေါ်ရာကို မမောတမ်း မပင်ပန်းဘဲ အပြုံးမပျက် မခွဲအတူ လိုက်ချင်နေသူပါဆိုရင် နွယ်ချစ်တဲ့ ကိုမင်း ယုံကြည်မှာလားကွယ်။

"မငိုပါနဲ့ နွယ်၊ နွယ် သိပ်ပြီး ပင်ပန်းဆင်းရဲနေရင် ကိုယ် အန်ကယ်တို့ဆီကို ဖုန်းဆက်"





"ကိုမင်း"

ခင်ထားနွယ် ဘယ်လိုမှ ဆက်လက်သည်းမခံနိုင်တော့ဘဲ သူ့အမည်ကို အော်လိုက်သည်။ တစ်ပြိုက်နက်ထဲမှာပင် ဒေါက်တာမင်းထင် ရင်ခွင်ထဲမှာ ရုန်းထွက်ကာ သူ့မျက်နှာကို စေ့စေ့စူးစိုက်ကြည့်လိုက်၏။

"နွယ်နဲ့ပတ်သက်ပြီး ရှင့်ရင်ထဲက အတွေးက ဒီလောက်ပဲလားရှင်ရယ်၊ ခင်ထားနွယ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက နှလုံးသားခံစားချက်၊ စိတ်ဒဏ်ရာတွေကို ရှင် မမြင်နိုင်မတွေ့နိုင်ဘဲဘူးမဟုတ်လား"

"နွယ်"

"ရှင် ...နွယ့်ကို ဘာမှမပြောပါနဲ့၊ ကျွန်မပြောတာကိုပဲ ရှင်နားထောင်ပါ"

"ဒီမယ် ...ကိုမင်း ခင်ထားနွယ်ဆိုတဲ့ မိန်းကလေးဟာ စိတ်ကူးယဉ်တတ်တဲ့သူမဟုတ်ဘူးဆိုတာ ရှင်သိသလို ဘယ်လိုယောက်ျားမျိုးကိုမှ အထင်မကြီးတတ်တဲ့ မိန်းမတစ်ယောက်ဆိုတာလည်း ရှင်အသိပါ"

ပြောရင်း မျက်ရည်တို့ ခြောက်ကပ်သွားပြီး အသည်းနှလုံးတွေ ဆတ်ဆတ်ခါနာကျင်လာရခြင်းကြောင့် ခင်ထားနွယ် မျက်နှာမှာ နာကြည်းခြင်းတို့ဖြင့် ပြည့်လျှမ်းလာ၏။

"ဒါပေမယ့် နွယ့်ဘဝမှာ ဒေါက်တာမင်းထင်ဆိုတဲ့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားမဲ့လှတဲ့ လူတစ်ယောက်ကို ချစ်ခဲ့မိရာကစလို့ မိန်းမ တစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ မာန်မာနတွေကို ရှင့်ခြေဖဝါးအောက် မှာ ချနင်းစေခဲ့တဲ့သူဖြစ်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ရသူပါလေ''

ဒေါက်တာမင်းထင်သည် ခင်ထားနွယ်၏ မျက်နှာလေး ကို စိတ်မကောင်းခြင်းများစွာဖြင့် ငေးနေမိသည်။ ခင်ထားနွယ်၏ မာန်မာနကို သူသိသလို နားလည်းလည်ပါသည်။

သူ့ထံမှ ချစ်ခြင်းမေတ္တာကို စောင့်မျှော်နေသူတစ်ယောက် အဖြစ် အသိအမှတ်ပြုခဲ့သော်လည်း သူမနှင့်ပတ်သက်သော ခံစား ချက်ရယ်လို့ ဘာတစ်ခုမှမရှိခဲ့။

မဖြစ်နိုင်မှန်းသိ၍ ကိုယ်နေတတ်သလို နေလာရင်း ခင်ထားနွယ်ဘက်က ဇွတ်တိုးကြိုးစားရမှာ အခု သူမပြောသလို ဖြစ်လာခဲ့ရခြင်းဖြစ်သည်။

''နွယ် ကိုမင်းကို သိပ်ချစ်တယ်၊ အချစ်ဆိုတဲ့ အရာဟာ နွယ်ကို ဒီလောက်ခံစားနာကျင်စေမှန်း မသိခဲ့ဘူး၊ အဲဒီလိုမှန်းသိ မယ်ဆိုရင် မချစ်ခဲ့ပါဘူး၊ အခုတော့ အဲဒီအချစ်ကြောင့်ပဲ နွယ်ဘက် က ရူးရူးမိုက်မိုက် အတွေးတွေ ဖြစ်ပေါ်လာခဲ့ရပြီ၊ နွယ် ကိုမင်းကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး၊ ပြီးတော့ နွယ်မရတဲ့အချစ်ကိုလည်း တခြားသူတစ်ယောက်ကို ကြည်ကြည်ဖြူဖြူမပေးနိုင်ဘူး''

''နွယ်''

''ယိမ့်ဟာ နွယ့်အိမ်မှာနေပြီး နွယ့်ပစ္စည်းတွေခိုးသွားတာ





ရှင်လည်းအမြင်ပဲလေ၊ ဒီတော့ ယိမ့် ဂုဏ်သိက္ခာပျက် အရှက်ရ စရာအကြောင်းတွေကို လူသိရှင်ကြား ရဲကို အကြောင်းမကြားစေ ချင်ရင် နွယ့်ကို ရှင် လက်ထပ်ပါမယ်လို့ ကတိပေးပါ''

ဒေါက်တာမင်းထင်သည် သူ့မျက်စိရှေ့မှ ခင်ထားနွယ်ကို တစ်ခါမှ မမြင်တွေ့ဘူးသော လူတစ်ယောက်ကို တွေ့ရသကဲ့သို့ စိမ်းစိမ်းကြီး စူးစိုက်ကြည့်နေပါသည်။

ခင်ထားနွယ်ကဲ့သို့သော မိန်းကလေးတစ်ယောက်ထံမှ အခု လိုစကားမျိုး ထွက်လာလိမ့်မည်ဟု သူ ထင်မထားခဲ့ဘူးပါ။

''ကိုယ့်ကို နွယ် ခွေးနွေးစရာရှိတယ်ဆိုတာ ဒါပဲလား''

ခင်ထားနွယ် မဖြေပါ။

ဒေါက်တာမင်းထင် မျက်နှာပေါ်က အပြောင်းအလွဲကို သာ မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေပုံက သနားစရာ ကောင်းသလို စိတ်ပျက်ဝမ်းနည်းဖွယ်အဖြစ် သူတွေးလိုက်သည်။

ထို့နောက် သက်ပြင်းတစ်ချက်ရှိုက်ရင်း နေရာမှ လှည့် ထွက်လိုက်သည်နှင့် ...

''ကိုမင်း''

ခင်ထားနွယ်၏အသံကြောင့် သူ့ခြေလှမ်းများရပ်တန့်သွား သည်။

''ရှင့်မှာ နွယ်နဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ပြောစရာမရှိ တော့ဘူးပေါ့ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်သည် ခင်ထားနွယ်၏မျက်နှာကို အေးစက်စက်အပြုံးဖြင့် တစ်ချက်စူးစိုက်ကြည့်လိုက်သည်။

"ရှင့်ရဲ့ ယိမ့်ကို ဘာဖြစ်ဖြစ် ဒီအတိုင်းလက်ပိုက်ကြည့်နေတော့မယ်ပေါ့"

"နွယ့်သဘောပါ"

"အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မရဘူး နွယ်၊ အချစ်ဆိုတာ အခွင့်အရေးတစ်ခုလည်း မဟုတ်ဘူး၊ နှလုံးသားက သူ့အလိုလို ရှင်သန်ပေါက်ဖွားလာတဲ့အရာပါ၊ ဟိုလူ့ကိုချစ်ပါ ဒီလူကိုမချစ်ပါနဲ့လို့ အမိန့်ပေးလို့မရဘူးဆိုတာ အချစ်ဝေဒနာကို ကိုယ်တိုင်ခံစားနေရတဲ့ နွယ်လည်း နားလည်သဘောပေါက်မယ်ထင်ပါတယ်"

ဒေါက်တာမင်းထင်စကားက နွယ့်နှလုံးသားကို တိုက်ရိုက်ထိမှန်သွားစေသဖြင့် နွယ် ဆွံ့အစွာ သူ့မျက်နှာကို ငေးကြည့်နေမိသည်။

"ယိမ့်ကို ကိုယ်ချစ်တာ ဝန်ခံပါတယ်၊ ဘာကြောင့်ချစ်တာလဲ၊ ဘာအတွက်ချစ်တာလဲဆိုတာ ကိုယ်မသိဘူး၊ ဒါပေမယ့် ယိမ့်ဘဝလေး အေးချမ်းတာမြင်ချင်တယ်၊ ယိမ့်ဒုက္ခဖြစ်မှာ ကိုယ်မလိုလားဘူး နွယ်"

"နွယ့်ကို အဲဒီအကြောင်းတွေ မပြောပါနဲ့၊ နွယ် မကြားချင်ဘူး"





လက်နှစ်ဖက်ဖြင့် နားကိုပိတ်ပြီး ခါးသီးနာကျင်စွာ အော်ဟစ်ပစ်လိုက်ပုံကို ကြည့်ပြီး သူ့ထံမှ သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။

"ကောင်းပြီလေ … နွယ် ကြားချင်တဲ့စကားကိုပဲ ကိုယ်ပြောပါ့မယ်၊ ယိမ့်ကို ရန်မရှာပါနဲ့၊ အဲဒီအတွက် နွယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရစေ့မယ်"

"ကိုမင်း"

"ကိုယ့်ကိုခွင့်ပြုပါ"

နွယ်သည် တုန်လှုပ်ချောက်ချားသော စိတ်ခံစားချက်များဖြင့် ဒေါက်တာမင်းထင်၏ နောက်ကျောပြင်ကိုကြည့်လျက် မျက်နှာလှလှလေးကို လက်ဖဝါးပေါ် မှောက်အပ်ကာ ချုံးပွဲချ ငိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ယိမ့်သည် မနားတမ်းပြေးလွှားနေရခြင်းကြောင့် မောပန်းလာ၍ ယိမ့်ကို ကယ်တင်စောင့်ရှောက်မည့်သူကို အရိပ်အယောင်မျှပင် မမြင်ရ။

ရုတ်တရက် ယိမ့်မြင်ကွင်းထဲသို့ လူတစ်ယောက် ရောက်လာသဖြင့် ယိမ့် အားတက်သွားသည်။ ထိုသူက တခြားသူမဟုတ်။ ယိမ့်ဘဝ၏ ကယ်တင်ရှင် ဒေါက်တာမင်းထင်ကိုယ်တိုင် ဖြစ်နေသဖြင့် ဝမ်းသာမှုမှာ ဖော်ပြရန် မစွမ်းနိုင်ဘဲရှိ၏။

"ဒေါက်တာ"

ယိမ့်သည် ဒေါက်တာမင်းထင်၏အမည်ကို အားပါးတရခေါ်ရင်း သူ့ရှေ့ကို ရောက်သွားသည်။ ရုတ်တရက် သူမမြင်တွေ့လိုက်ရသော မျက်နှာတစ်ခုကြောင့် ယိမ့်မှာ သည်းခြေပြတ်မတတ်





အသံကုန်ဟစ်အော်လိုက်သံက ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

သူမ မြင်တွေ့လိုက်ရသည့်လူက သူမမျှော်လင့်ထားသလို ဒေါက်တာမင်းထင်မဟုတ်။ သူမ အင်မတန်ရွံမုန်းကြောက်လန့်လှသော လဖိုင်လ၏ မျက်နှာ။

"အား"

"ကြောက်တယ် ...ကြောက်တယ်"

"ယိမ့် ...ယိမ့်"

"သတိထားလေ ...ကိုယ်ပါ၊ မျက်စိဖွင့်ကြည့်ပါဦး"

ဒေါက်တာမင်းထင်သည် အိပ်ရာမှ ကယောင်ကတန်းအော်ဟစ်နေသူလေးကို လျှင်မြန်စွာ လှုပ်နှိုးရင်း တဆတ်ဆတ်တုန်ရီနေသော ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။

အိပ်မက်ဆိုးများ ခြောက်လှန့်ခံနေရသော ယိမ့်ခန္ဓာကိုယ်လေးမှာ အဖျားသွေးဖြင့် ပူနွေးလျက်ရှိသည်။ သူ့ထံမှ သတိပေးစကားသံကြောင့် လှပသော ယိမ့်မျက်လုံးအစုံမှာ ဖျတ်ခနဲပွင့်လာသည်။

"ဒေါက်တာ"

"ယိမ့်"

"ဟိုလူ ...လဖိုင်လလေ ယိမ့်ကိုပြန်ပြီး ဖမ်းခေါ်သွားဦးမှာလားဟင်၊ ယိမ့် ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ် ဒေါက်တာရယ်၊ ယိမ့်ကို ကယ်ပါနော်"

ကလေးငယ်တစ်ယောက်လို ဟန်ဆောင်မှုကင်းစွာ ယိမ့် ဆိုလိုက်သည်။

"ယိမ့်ရယ် …ကိုယ်ရှိနေသ၍ မင်းလေးကို ဘယ်သူမှ အနိုင်ကျင့်လို့ မရတော့ပါဘူး ကလေးရယ်"

"မကြောက်ပါနဲ့၊ ယိမ့်နားမှာ ကိုယ်ရှိနေမှာပါဗျာ"

လှိုက်လှဲသောရင်ဖြင့် ဒေါက်တာမင်းထင် ဆိုလိုက်ခြင်း ဖြစ်သည်။ ယိမ့်၏ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။ အားကိုးရာမဲ့လှသော ယိမ့်အဖြစ်လောက် ကြေကွဲဝမ်းနည်းဖွယ်မရှိဟု တွေးမိလာခြင်းက ယိမ့်အသည်းနှလုံးကို ထုချေနေသကဲ့သို့ ရှိသည်။

"မငိုပါနဲ့ကလေးရယ် …မင်းမျက်ရည်တွေကို ကိုယ်ရင်မဆိုင်ရဲလို့ပါကွယ်"

"ယိမ့်ကို ကိုယ်ချစ်တယ်"

"ရှင်"

"ယိမ့်ကို …ကိုယ်ချစ်တယ်လို့ပြောတာပါ၊ အခုချိန်ကစပြီး ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတွေနဲ့ ယိမ့်ဘဝလေးကို နွေးထွေးလုံခြုံရစေမယ့်လို့ ကိုယ်ကတိပေးပါတယ်ဗျာ"

"အို"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ ဒေါက်တာရယ်၊ ယိမ့်က





ဒေါက်တာလို လူတစ်ယောက်အတွက် ဘယ်လိုမှ မသင့်တော်ပါဘူးရှင်၊ ယိမ့်ဆိုတာ အရိုင်းအစိုင်း၊ ဘာအဆင့်အတန်းမှမရှိတဲ့ မိန်းကလေးပါ၊ ပြီးတော့ တစ်ကောင်ကြွက်"

"တော်တော့ ယိမ့်၊ အဲဒီစကားတွေကို ကိုယ်မကြားချင်ဘူး၊ ယိမ့် နေကောင်းအောင်သာ အမြန်ဆုံးကြိုးစား၊ ယိမ့်ဘဝလေးကို အကောင်းဆုံးဖြစ်အောင် ကိုယ်ဖန်တီးမယ်"

ယိမ့်သည် ဒေါက်တာမင်းထင်မျက်နှာကို ရိုဝေမှုံမှိုင်းသော မျက်ဝန်းအစုံဖြင့် ငူငူလေးငေးကြည့်နေမိသည်။ ယိမ့်ရင်ထဲမှာ ပြောစရာစကားလုံးပေါင်း မြောက်မြားစွာ ရှိနေပါသော်လည်း ဒေါက်တာမင်းထင် ကြိုက်မည်မထင်၍ နှုတ်ဆိတ်နေရပေမယ့် ရင်ထဲမှာတော့ တစ်ခါမှ ဖြစ်ပေါ်ခံစားဖူးခြင်းမရှိသော စိတ်ခံစားချက်တစ်မျိုးဖြင့် လှိုင်းထန်လျက်ရှိ၏။

"ယိမ့်"

"ဒေါက်တာ"

"ယိမ့်ရယ်"

တသွင်သွင်စီးကျလာသော မျက်ရည်များက ဒေါက်တာမင်းထင် ရင်ခွင်မှာ ရွဲစိုသွား၏။ အမြဲတမ်း နူးညံ့သိမ်မွေ့သော အနမ်းတစ်ခုက လှပပြေပြစ်သော ယိမ့်နဖူးပြင်လေးထက်မှ ညင်သာဖွဖွ ဖြစ်ထွန်းဖူးပွင့်လာ၏။

ဆန္ဒဇောတစ်ခုအတွက် အလိုပြင်းပြသော ပူလောင်သော



www.burmeseclassic.com

www.burmeseclassic.com



ရမ္မက်ကြောင့် ဖြစ်ပေါ်လာသော ချစ်ခြင်းများကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသော ယိမ့်မှာ ငြိမ်းချမ်းအေးမြသော ချစ်ခြင်းမေတ္တာ အစစ်အမှန်ကြောင့် အသည်းနှလုံးအစုံမှာ ပူလောင်ခြင်းကင်းလျက် ကြည်သာချမ်းမြေ့မှုရသကို ခံစားလိုက်ရသည်။

"နေကောင်းအောင်နေနော် ကလေး၊ ယိမ့်အနားမှာ ကိုယ်ရှိနေမယ်"

ယိမ့်သည် မည်သည့်စကားမှမဆိုဘဲ ဒေါက်တာမင်းထင်မျက်နှာကို ငေးကြည့်နေသည်။ တစ်ပြိုင်နက်ထဲမှာပင် ဒေါက်တာခင်ထားနွယ်၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။

ခိုးကိုးရာမဲ့လှသော ယိမ့်လို မိန်းကလေးတစ်ယောက်အတွက် စစ်မှန်နွေးထွေးသော ချစ်မေတ္တာရင်ခွင်အေးရိပ်မှာ မှေးမှိတ်နားခိုချင်သည့်တိုင် ထိုအေးရိပ်သည် ယိမ့်အတွက် မဟုတ်ချေ။

ပိုင်ဆိုင်သူ ရှိနှင့်နေပြီးသားဆိုတာကို ယိမ့်မမေ့။ သူတစ်ပါး၏ ချစ်ခြင်းကို ဖြိုခွင်းပြီးမှ ကိုယ်ပျော်ရွှင်ရမည့်အရေးကို စိတ်ကူးပင် ယဉ်မကြည့်ခဲ့ဘူးသူတစ်ယောက်ဖြစ်သော်လည်း သူမအပေါ်မှာ ရက်စက်သော စွပ်စွဲလုပ်ကြံမှုကို ခံခဲ့ရသူ။

ဒေါက်တာသက်ခိုင်လို ယောကျ်ားမျိုးကို ယိမ့်တစ်သက်ရွံရှာထိတ်လန့်ရသလို ဖြူလေးလို မိန်းမသားချင်း မစာမနာ ရက်စက်ယုတ်မာရဲသော မိန်းမကိုလည်း ယိမ့် ကြောက်လှပါသည်။

မိန်းမတစ်ယောက်ရဲ့ အချစ်ကို အခွင့်အရေးတစ်ခုလို





မြင်သော လူတစ်ယောက်ရဲ့ စိတ်ဓါတ်နှလုံးသားကို ယိမ့် တွေးမကြည့်ချင်။

ဒေါက်တာသက်ခိုင်တို့ ဇနီးမောင်နှံ ပြန်သွားကြပြီဖြစ်သော်လည်း မမခင်ထားနွယ်က ယိမ့်ကို လာမကြည့်တော့ပါ။ ထို့အတွက်လည်း အပြစ်မတင်မိ။ ဖြူလေး၏ အကောက်ကြံမှုကြောင့် ယိမ့်မှာ မမနွယ်၏ ပစ္စည်းများကို ခိုးယူသူဖြစ်ခဲ့ရသည်။

အခုတစ်ဖန် မမနွယ်၏နှလုံးသားကို ခိုးယူဦးမည်ဆိုလျှင် တရားမျှတပါဦးမည်လား။ ဒေါက်တာမင်းထင်တိုက်သည့် ကော်ဖီနှင့်ဆေးကို သောက်ပြီး အိပ်ရာထက်မှာ မျက်စိမှိတ်၍ ငြိမ်သက်နေပေမယ့် အတွေးတွေက အဆုံးအစမရှိ ပြန့်လွင့်နေသည်။

စစ်မှန်သော ချစ်ခြင်းမေတ္တာသည် ကိုယ်ချစ်မြတ်နိုးရသူ၏ စိတ်ချမ်းသာပျော်ရွှင်မှုကို အလေးပေး ဂရုပြုရခြင်းဆိုလျှင် မမှားချေ။

ကိုယ့်ကြောင့် ကိုယ့်ချစ်သူ တစ်စုံတစ်ရာ ထိခိုက်နစ်နာဆုံးရှုံးသွားရမှာကို စိုးရိမ်ကြောက်လန့်နေမိသလို ကိုယ့်ချစ်သူဘဝတိုးတက်မြင့်မားတာကိုသာ မြင်လိုတွေ့လိုခြင်းတည်း။

ယိမ့်လို အညတရမိန်းကလေးမှာ ဂုဏ်ပညာအသိုင်းအဝိုင်းဖြင့် ပြီးပြည့်စုံသော အထက်တန်းလွှာအစုအဝေးထဲမှာ တိုးဝင်ရန် မထိုက်တန်သလို သူမကြောင့် ချစ်ရသူမှာလည်း ဂုဏ်ကြီးမြင့်ဖို့ထက် အများ၏ လက်ညှိုးထိုးဝေဖန်ကဲ့ရဲ့ခြင်းကိုသာ ခံရမည့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးမြင်ယောင်မိပြီးဖြစ်သည့်အတိုင်း ဖြူစင်မြင့်မြတ်လှသော ချစ်မေတ္တာကို ရရှိခြင်းကပင် ကံကောင်းလှပြီဟု မှတ်ထင်ရခြင်းဖြင့် စိတ်မှာချမ်းမြေ့ရလေသည်။

ဤက ရိုးစင်းလှသော ယိမ့်၏ သဘောမနောဆန်လှသော အတွေးမျှဖြစ်သည်။ သူမတို့ အကြောင်းပြု၍ ဖြစ်ပေါ်နေသော ဒေါက်တာမင်းထင်နှင့် ခင်ထားနွယ်တို့ ကိစ္စအရေးကို ဘာတစ်ခုမှ မသိချေ။

ထို့ကြောင့်ပင် သူမကျန်းမာရေးကို အထူးဂရုစိုက်ပြီး အမြန်ဆုံး ကျန်းမာလာအောင် ကြိုးစားနေမိသည်။

ဒါမှသာလျှင် သူမရင်ထဲက တိတ်တခိုးဆုံးဖြတ်ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

"ယိမ့်"

"ရှင် …ဒေါက်တာ"

"ဒေါက်တာဘဲ့လား"

"အို"

ယိမ့်သည် ဒေါက်တာမင်းထင်၏ မျက်နှာကို မကြည့်ဘဲ နီမြန်းထူအမ်းသော ပါးကလေးများဖြင့် ချက်လွှာချ ခေါင်းငုံ့လိုက်သည်။

ဒေါက်တာမင်းထင်သည် ယိမ့်၏ရှက်သွေးဖြာနေသော မျက်နှာလေးကို မြတ်နိုးချစ်မဝနိုင်သော ချစ်ခြင်းဖြင့် ရှုန်းလှဲတောက်





ကြွာ ငေးကြည့်ရင်း နှုတ်ခမ်းကိုစေ့လျက် ပြုံးလိုက်မိသည်။

ချစ်လိုက်ရတာ ယိမ့်လေးရယ် …။

သူ့ဘဝမှာ တစ်ခါမှ မခံစားဘူးသော ပီတိဝေဒနာကို မြတ်နိုးစွာ ခံယူမိသည့်အဖြစ်။

မိန်းကလေးတစ်ယောက်အပေါ်မှာ ဤမျှ စူးနစ်လှိုက်လှဲသောအချစ်ဖြင့် မြတ်နိုးချစ်ခင်စွာ တွယ်တာမိလိမ့်မည်ဟု သူကိုယ်တိုင် မျှော်လင့်မထားခဲ့မိဘူးတာလည်း သေချာပါသည်။

အခုတော့ သူကိုယ်တိုင် မချစ်ဘဲတော့ပြီဟု ထင်ထားသော နှလုံးသားမှာ ယိမ့်ဆိုသည့် ချစ်ရသူကို ချစ်မိသော ချစ်ခြင်းတို့ဖြင့် ပြည့်လျှံတုံဖွဲ့လျက် ရှိနေရပါသည်။

ဖြူစင်ရိုးသားသော ချစ်သူလေးအတွက် သူ့ဘက်က ယိမ့်အပေါ်မှာ အကောင်းဆုံး ဖြည့်ဆည်းပေးချင်နေမိသည်။ ထို့အတွက်ကြောင့်ပင် ခင်ထားနွယ်၏ အကျပ်ကိုင်မှုကို သူ မငြင်းပယ်နိုင်ဘဲ လက်ခံခဲ့ရခြင်းတည်း။

ယိမ့်ကို သူချစ်သည်။

ထို့အတွက် ချစ်ရသူ၏ ဘဝလေး အခွင့်အတန်းမြင့်မား ကောင်းစားစေချင်သည်။ ဘာအတွက်နဲ့မှ ယိမ့်ဘဝကို အမည်းစက် ထင်စေချင်သလို ယိမ့်နှလုံးသားလေးကို မနာကျင်စေလိုတာ ည်း ပါဝင်သည်။

"ကိုယ်တို့ ခြံထဲမှာ လမ်းလျှောက်ရင်း စကားပြောကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လား ယိမ့်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"ကိုယ့်ကို ဒေါက်တာလို့ မခေါ်ဘဲ တခြားနာမ်စားတစ်ခု ပြောင်းခေါ်ကြည့်ပါလား"

ယိမ့်ထံမှ ဘာသံမှထွက်မလာဘဲ ခေါင်းလေးငုံ့သွားသည်။ ယိမ့်နှင့်သူ ထင်းရှူးတောဘက်ကို မတိုင်ပင်ဘဲ လျှောက်ခဲ့ကြသည်။

"ယိမ့်"

"ရှင်"

"ကိုယ့်ကို ကိုကိုလို့ခေါ်ပါလား"

ကိုကို…။

ယိမ့်ရင်ထဲမှာ ထိုအသံက ပဲ့တင်ထပ်သွားသည်။

ကိုကိုတဲ့လား …။

ယိမ့်ဘဝအတွက် နွေးထွေးလုံခြုံမှုတွေကို ပေးအပ်ခဲ့သော အစ်ကိုတစ်ယောက်အဖြစ် ယိမ့်ရင်မှာ ယုံကြည်အားကိုးထားခဲ့သည်မှာ ကြာခဲ့ပါပြီရှင်ရယ်။

"ကိုကို"

"ယိမ့်"

"ဝမ်းသာလိုက်တာ ကလေးရယ်၊ ကိုကို့ဘဝမှာ ယိမ့်ရှိရင် ကျေနပ်ပါပြီ"





"ယိမ့်ကလည်း ကိုကို့လိုပါပဲရှင်"

"ယိမ့် …ကိုကို့အသက်ရယ်"

နူးညံ့သော ပါးပြင်ထက်သို့ လှပသိပ်သည်းသော အနမ်းပွင့်တို့ ကြွေဆင်းလာတာကို မတားမြစ်မိပါ။ နွေးထွေးကျယ်ပြန့်သော ချစ်သူကိုကို့ရင်ခွင်မှာ နားခိုမိရပါပြီ။

ခင်ထားနွယ်၏ ရင်မှာ အသည်းနှလုံးတွေ တစ်စစီ ပဲ့ကြွေသွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ပြုံးပျော်နေကြသော ချစ်သူနှစ်ဦးကဖြင့် ခင်ထားနွယ်အပါအဝင် အရာအားလုံးကို မေ့နေကြပုံကိုကြည့်ပြီး မရယ်ချင်ရယ်ချင် တစ်ချက်ရယ်မောလိုက်သည်။

လောကကြီးက ရယ်စရာကောင်းလှချည်လား။ ရယ်စရာကောင်းလှချည်လားဟု ဆိုညည်းလိုက်သူရဲ့ မျက်ဝန်းအစုံမှာ မျက်ရည်တွေ ပြည့်လာသဖြင့် မျက်တောင်တစ်ဖျပ်ဖျပ် ခတ်၍ မျက်ထုတ်ပစ်လိုက်သည်။

အချစ်ဆိုတာ ပိုင်ဆိုင်ချင်တိုင်းလည်း ရယူခွင့်ရှိတာမှ မဟုတ်ပဲကွယ်။

ခင်ထားနွယ်ဟာ အရာရာတိုင်းကို လိုတရ ပြည့်စုံရရှိနိုင်ပေမယ့် အချစ်ရေးမှာတော့ သောကသူဌေးမလေး၊ ကံဆိုးမလေးဖြစ်ပါသည်ဆိုရင် ကြားရသူအပေါင်းက ယုံကြည်လက်ခံနိုင်ကြပါမည်လား။



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားနွယ် မောင့်ကိုချစ်တယ်…။

မောင်က နွယ့်ကို မချစ်လည်းရတယ်။ မောင်နဲ့အတူ ရှိနေခွင့်ရရင်ကို ကျေနပ်နေမယ့် ချစ်သူလေးပါရှင်ရယ်။

ရှင့်ကို သိပ်ချစ်လွန်းလို့ စွန့်လွှတ်အရှုံးမပေးနိုင်တာကို မောင်နားလည်ရင် နွယ့်ကို မောင် နားလည်ခွင့်လွှတ်လာနိုင်မှာပါ ကွယ်။

"တီ"

ခင်ထားနွယ် ကားဟွန်းတစ်ချက် တီးလိုက်သဖြင့် လောကကြီးကို မေ့နေသော ချစ်သူနှစ်ယောက် လက်ရှိကမ္ဘာ ထဲကို ပြန်လည်သက်ဆင်းရောက်ရှိလာပါသည်။

"မမနွယ်"

"နွယ်"

မတိုင်ပင်ဘဲ ခင်ထားနွယ်၏အမည်ကို ပြိုင်တူရေရွတ် လိုက်မိကြသလို တစ်ယောက်မျက်နှာကို တစ်ယောက်မော့ကြည့် လိုက်မိကြသည်။

အားလုံး၏ရင်ထဲမှာတော့ ကိုယ်စီခံစားချက်တွေ ရှိသော် မတူညီနိုင်ကြပါ။

"ဘယ်လိုလည်း …ယိမ့် နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ မမနွယ်"

ရှက်ရွံ့အနေခက်စွာ ယိမ့်ခေါင်းလေး ငုံ့သွားသည်။ ဆာ…





က ယိမ့်တို့နှစ်ယောက်ကို မမနွယ် တွေ့မြင်ပြီးသားဖြစ်ကြောင်း သူမမျက်နှာအနေအထားကိုကြည့်ပြီး သိလိုက်ပါသည်။

"ဘယ့်နှယ်လဲ ကိုမင်း၊ နွယ့်ကိုပေးထားတဲ့ကတိကိုတော့ မမေ့ပါဘူးနော်"

"အဲဒီကိစ္စကို ကိုယ်တို့နှစ်ယောက်ထဲတွေ့ပြီးမှ အေးအေး ဆေးဆေး ပြောကြရင် မကောင်းဘူးလားနွယ်"

ယိမ့်ရှေ့မှာ မပြောချင်၍ ဒေါက်တာမင်းထင်က ခင်ထား နွယ်ကို တစ်ခါထဲ လှမ်းပိတ်ပြောလိုက်ရာ အမျိုးသမီးနှစ်ယောက် စလုံး၏ စူးစမ်းသောအကြည့်များက သူ့မျက်နှာပေါ်ကို ပြိုင်တူလို ရောက်ရှိလာကြပါသည်။

"အဟင်း …ဟင်း …ဟင်း"

ပထမခေါ်း အသံထွက်၍ လှပစွာရယ်မောလိုက်သူက ခင်ထားနွယ်။ တင်းမာခက်ထန်သော အသွင်ကိုဆောင်နေသော ခင်ထားနွယ်၏ ပုံစံကိုကြည့်ပြီး တည်ငြိမ်လေးနက်သောအသွင် ဖြင့် မတုန်မလှုပ်ရှိနေသူက ဒေါက်တာမင်းထင်ဖြစ်သည်။

"ကိုမင်းစကားကို နွယ် နားထောင်ချင်ပါတယ်လေ၊ ဒါပေမယ့် နွယ်တို့အခုပြောမယ့်စကားကို ယိမ့်ရှေ့မှာပဲ ပြောကြရင် ပိုမကောင်းဘူးလား"

"နွယ်"

ဟန့်တားသလို ဆိုလာသော ဒေါက်တာမင်းထင် အသံထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်ထားနွယ်အပေါ် စိတ်ပျက်ခြင်းများ ပါဝင်နေ၏။

ခင်ထားနွယ်၏ စိတ်သဘောထားကို ဤမျှသေးသိမ် ကျဉ်းမြောင်းနိမ့်ကျလိမ့်မည်ဟု သူထင်မထားခဲ့ဘူးသော်လည်း အဆင့်အတန်း ဂုဏ်သိက္ခာအကြောင်း တွင်တွင်ပြောဆိုနေသော အသိုင်းအဝိုင်းမှာ ကိုယ်တိုင်အဆင့်မရှိ နိမ့်ကျသူများဖြစ်နေကြခြင်း ကိုက မည်သူမှ တွေးမိကြလိမ့်မည်မထင်။

သူများအပြစ်ကိုသာ ခြင်တတ်ကြပြီး ကိုယ့်အပြစ်ကို မမြင် တွေ့တတ်ကြသည်မှာ လူ့သဘာဝပင်။

ငွေရေးကြေးရေးမှာ ဘနုဖူးသိုက်တူးရတူးရ၊ လည်သလို အမြတ်ကြီးစား ခေါင်းပုံဖြတ်ရခြင်းကို ဂုဏ်ယူစရာကြီးတစ်ခုလို ခေါင်းမော့ရင်ကော့ရယ်မောနေကြသူတွေ ပီသစွာ နှလုံးသားဖြင့် ရင်းနှီးရသော အချစ်ရေးကိုပင် မြေနိမ့်ရာလှံစိုက်လိုသောစိတ်ဖြင့် အခွင့်အရေးတစ်ခုကို အသုံးချအကျပ်ကိုင်ပြီး အနိုင်လိုသိမ်းပိုက် ချင်နေသည့် အဖြစ်ကို ဒေါက်တာမင်းထင်ရင်မှာ စက်ဆုပ်အထင် သေးရွံရှာနေကြောင်း ခင်ထားနွယ် သိချင်မှလည်း သိပါလိမ့်မည်။

သိသည့်တိုင် အရေးစိုက်နေခည့်သူမျိုး မဟုတ်ဘဲ ကိုယ် သာ အနိုင်ရဖို့ဆိုသည့် တစ်ကိုယ်ကောင်းစိတ်ဖြင့် ရှေ့တိုးနေသည့် သူမျိုးလည်း ဖြစ်နိုင်တာမို့ ခင်ထားနွယ်မျက်နှာပေါ်က အပြောင်းအ လွဲကိုသာ စောင့်ကြည့်နေမိသည်။

“ကောင်းပြီလေ …ကိုမင်း မပြောချင်ရင် မပြောတော့





ပါဘူး၊ နွယ့်အကြောင်းကိုလည်း ကိုမင်း သိသားပဲ၊ နွယ် ပြန်မယ်”

သူမကို မည်သူမှမတားမြစ်ကြပါ။

သူမကားလေး ခြံဝင်းမှ ပျောက်ကွယ်သွားသည့်အထိ ငေးကြည့်နေပြီးမှ ဟင်းခနဲ သက်ပြင်းချမိသူက ဒေါက်တာမင်းထင်။

“ကိုကို”

“ယိမ်း”

“မခနွယ်နဲ့ ကိုကိုတို့ကြားမှာ တစ်ခုခုဖြစ်နေသလားဟင်၊ ပြီးတော့ အဲဒီကိစ္စကို ကိုကိုက ယိမ်းကို ပေးမသိချင်ဘူးမဟုတ်လား”

“အဲဒီအကြောင်းတွေ ယိမ်းနဲ့မဆိုင်ပါဘူးဗျာ၊ လာ…ကိုကို တို့ ပိုးအကဲက လျှောက်ကြရအောင်”

ယိမ်းသည် ချစ်သူနှင့်အတူ လိုက်လာခဲ့ရသော်လည်း လုံးဝမပျော်တော့ဘဲ ရင်တစ်ခုလုံး မွန်းကျပ်လေးလံသွားရပြီ ဖြစ်ပါ တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

တသွင်သွင် စီးဆင်းနေသော ရေပြင်ကျယ်ကို လှုပ်ခတ်ရွေ့လျားခြင်းမရှိသော မျက်ဝန်းအစုံဖြင့် ယိမ့်သည် တွေတွေလေးငေးကြည့်လျက်ရှိသည်။

ယိမ့်တွင် ပြောစရာစကားလုံးပေါင်း မြောက်မြားစွာရှိသော်လည်း နှလုံးသား၏ ထောင့်တစ်နေရာတွင် လျှို့ဝှက်တိတ်ဆိတ်စွာ ထာဝရသိမ်းဆည်းထားရတော့မည်ဖြစ်သည်။

"ကိုယ့်စကားကို ယိမ့် နားလည်ပါတယ်နော်၊ ကိုကို့ကို တကယ်ချစ်တယ်ဆိုရင် ကိုကို့စကားကို ယိမ့်နားထောင်ပါ"

"နားထောင်မယ် မဟုတ်လား ယိမ့်"

ယိမ့်သည် ဖြည်းလေးညင်သာစွာပင် ချစ်သူမျက်နှာကို မော့ကြည့်လိုက်သည်။ ချစ်သောကိုကို၏ စကားများမှာ ယိမ့်၏





ထဲတွင် မဝင်တစ်ချက် ဝင်တစ်ချက် ရှိနေရုံမက ပျံ့လွင့်နေသော စိတ်တို့ကို ဘယ်လိုမှ ထိန်းချုပ်လို့မရဘဲရှိနေ၏။

လူတစ်ယောက်ရဲ့ဘဝ ကောင်းစားဖို့ ပျော်ရွှင်ရေးအတွက် တခြားသူတစ်ယောက်၏ ဘဝနှင့် ပျော်ရွှင်မှုနှင့် လဲလှယ်ပေးဆပ်ရမည့်အဖြစ်ကို ယိမ့် လက်မခံနိုင်သလို ရဲဝံ့စွာတောင်းဆိုရဲသူကိုလည်း အံ့ဩနာကြည်းနေမိသည်။

ကိုကို၏အစီအစဉ်ဖြင့် ယိမ့် ရန်ကုန်ကိုပြန်ရတော့မည်။ နေထိုင်ရန် အိမ်အသင့်၊ စားဝတ်နေရေး ဘာတစ်ခုမှ ပူပင်စရာမရှိဘဲ ငန်းခင်းလမ်းတစ်ခုကို လှပစွာ ဖန်တီးပေးအပ်ခဲ့သောချစ်သူ။

ထိုအစီအစဉ်ကို ယိမ့် လုံးဝလက်ခံနိုင်ပါဟု ငြင်းလိုက်သည့်နေ့က ပျက်ပြင်းအိုစာသွားသည့် ကိုကို့မျက်နှာက ယိမ့်နှလုံးသားကို မီးနွယ် ပူပြင်းတောက်လောင်လွန်းလှချည်ရဲ့ကွယ်။

နောက်ဆုံးတော့ ကိုကို့စီမံရာကို ယိမ့်ဘက်က နာခံခေါင်းညိတ်လက်ခံခဲ့ရသည်။ အကြောင်းက ကိုကို့ကို ယိမ့်က တကယ်ချစ်တာမှမဟုတ်ဘဲဆိုသည့် စကားတစ်ခွန်းအောက်မှာ ယိမ့်ဒူးထောက်အညံ့ခံ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။

"ယိမ့်"

"ရှင်"

"ကိုကို့ကို ချစ်တယ်နော်"

"ဟုတ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပုတ်သင်ညိုမလေးလို ခေါင်းလေးညိတ်ပြမိသည်။ ရင်ထဲမှာ ငိုနေတာ ကိုကိုမှ မမြင်ပဲကွယ်။

"ကိုကို့ကိုချစ်ရင် ကိုကို့စကားကို နားထောင်နော်ကလေး"

"ဟုတ်ကဲ့ပါ ကိုကိုရယ်၊ ယိမ့်လေ ကိုကို့စကားတွေ မြေဝယ်မကျ နားထောင်မှာပါရှင်ရယ်"

"ဘာကြောင့်လဲဆိုတာ ကိုကိုသိပါတယ်နော်"

"သိပါတယ် ယိမ့်၊ ကိုကို့ကို ယိမ့် သိပ်ချစ်လို့မဟုတ်လား"

"ကိုကိုလည်း ယိမ့်ကို သိပ်ချစ်လို့ဆိုတာ ယိမ့်လည်း သိမှာပါပဲလေ"

ဒေါက်တာမင်းထင်နှင့် ယိမ့်တို့နှစ်ဦးကြားမှာ ပြောစရာစကား မရှိတော့သလို ပြတ်တောက်ငြိမ်သက်သွားကြသည်။

ပိုးအဝေးဆီမှ ငှက်တစ်အုပ် လွတ်လပ်စွာပျံသန်းသွားကြတာကို အတူငေးကြည့်နေမိသည်။

"ကိုကို"

"အင်း"

"ယိမ့်လည်း ငှက်ကလေးဖြစ်သွားရင် ကောင်းမယ်နော်၊ ဒါဆို ယိမ့်ချစ်တဲ့သူတွေအားလုံး ယိမ့်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်ကြရတော့ဘူး"





"ယိမ့်ကြောင့် ကိုကို ဒုက္ခရောက်နေတယ်လို့ ယိမ့်က ထင်နေတယ်လား"

"ယိမ့် နားလည်သဘောပေါက်ထားတာ အဲဒီအတိုင်းပါပဲလေ၊ ကိုကိုနဲ့ယိမ့် မပတ်သက်ခဲ့မိရင် ကောင်းမယ်၊ ဒါဆို ကိုကိုလည်း အခုလို ..."

"တော်တော့ ယိမ့်၊ အဓိပ္ပာယ်မရှိတဲ့စကားတွေ ကိုကို မကြားချင်ဘူး၊ ကိုကို့ဘဝဟာ ယိမ့်ကြောင့် ပိုပြီးသက်ဝင်လှုပ်ရှားခဲ့ရတာပါ၊ယိမ့်ကို ချစ်မိလို့ ကိုကို နောင်တမရဘူး"

"ဒါပေမယ့်"

"ကိုကို့ကို ချစ်တယ်လို့ပြောပါ ယိမ့်"

"ကိုကိုရယ်"

မျက်ဝန်းမှာ ပြည့်အိုင်လာသော မျက်ရည်တွေကို ဇွတ်အတင်း တားမြစ်ထိန်းချုပ်နေမိသည်။

"ယိမ့်ဘဝမှာ ကိုသက်ခိုင်ကို ချစ်ခဲ့တုန်းက သိပ်ပြီး ပူပူလောင်လောင် ချစ်ခဲ့မိတာပါ၊ သူဟာ ယိမ့်ရဲ့ ပထမဆုံးချစ်သူပဲ၊ ဒါပေမယ့် သူ့အပြုအမူတွေဟာ ယိမ့်ရင်ထဲက အချစ်မီးတွေကို ငြိမ်းပစ်လိုက်ရုံမက အမုန်းတွေကိုပါ ထည့်သွားပေးခဲ့တယ်"

"အဲဒါတွေက ပြီးခဲ့ပြီမဟုတ်လား"

"ဟုတ်ပါတယ်၊ ယိမ့်ပြောချင်တာက အခု ယိမ့် ကိုကို့ကိုချစ်တာ ရင်ထဲအသည်းထဲမှာ အေးပြီး ရင်တဖိုဖိုနဲ့ တစိမ့်စိမ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာ''

''အေး …ကိုကိုလည်း လောကမှာ မိန်းမဆိုလို့ ယိမ့် တစ်ယောက်တည်းပဲ စိတ်ဝင်စားခဲ့တာ၊ ချစ်ခဲ့ဖူးတာလေ''

''ကျေးဇူးတင်ပါတယ် ကိုကို၊ ကိုကို့ရဲ့အချစ်ကို ယိမ့် တစ်ဦးထဲ ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အတွက် ယိမ့် သိပ်ပျော်ပါတယ်၊ သိပ်ပြီးတော့လည်း ကျေနပ်ပါတယ်''

''ယိမ့်ရယ်''

ယိမ့် မျက်ရည်များကို အနမ်းဖြင့် ညင်သာစွာ ဖယ်ရှားပေးလိုက်သူ၏ရင်မှာ လှိုက်လှဲသော ဝေဒနာခံစားချက်များရှိကြောင်း ယိမ့် သိနိုင်မည်မဟုတ်ချေ။

လဖိုင်လပေးခဲ့သော ယိမ့်အတွက် မင်္ဂလာကြေးကို သူကိုယ်တိုင် အလျှော်ပြန်ပေးခဲ့သလို ခင်ထားနွယ်က ယိမ့်ကို ပစ္စည်းခိုးမှုဖြင့် တရားစွဲထောင်ချမည့်ဘေးရန်မှလည်း သူတတ်စွမ်းသောနည်းဖြင့် ကာကွယ်ဖြေရှင်းခြင်းမှာ ယိမ့်အပေါ် ထားရှိသော သူ၏ ချစ်မေတ္တာသာဖြစ်သည်။

ချစ်လျက်နှင့် မပေါင်းဆုံနိုင်ခြင်းက ကံတရားအလိုအတိုင်းဟု ကိုယ့်ဘာသာ ဖြေသိမ့်ခြင်းဖြင့်သာ အဆုံးသတ် ကျေနပ်ရခြင်းကို ယိမ့်ရော သူရော သိနေကြခြင်းက အဆိုးဆုံးထဲက အကောင်းဟု ဆိုရမည်ထင်၏။

ညအမှောင်ထုသည် ပတ်ဝန်းကျင်ကို တစ်စစ ဝါးမျိုလာ





၏။ချစ်သူနှစ်ဦးသည် နေရာက မရွေ့မိကြ။ မည်သူကမှ ပြန်ရန် မပြော။ စကားဆိုခြင်းထက် များစွာထိရောက်သော ငြိမ်သက်ခြင်းဖြင့် ဆိတ်ငြိမ်နေကြသည်။

မမြင်မတွေ့နိုင်သော မှုန်ဝါးလှသော အနာဂါတ်မှာ အစုမြင်တွေ့နေရသော ညအမှောင်ထုကြီးနှယ် ပိန်းပိတ်အောင် နက်မှောင်လျက်ရှိသည်။

ချစ်သူနှစ်ဦး၏ ဆုံတွေ့ကြည်နူးခွင့်ရခြင်းမှာ ဤတစ်ကြိမ်သာ ပထမဆုံးနှင့် နောက်ဆုံးဖြစ်ကြောင်း ဖွင့်ပြောစရာမလိုဘဲ သိနှင့်ထားကြပြီးဖြစ်သည်။

ယိမ့် ရန်ကုန်ကို ပြန်သည့်နေ့မှာပင် ဒေါက်တာမင်းထင်နှင့် ခင်ထားနွယ်တို့ နှစ်ဦးသဘောတူ လက်ထပ်ကြပေလိမ့်မည်။

ပတ်ဝန်းကျင်မှာ ရေလှိုင်းပုတ်သံသဲ့သဲ့မှတစ်ပါး တခြားမည်သည့်အသံမှ မရှိချေ။

''ပြန်ကြစို့လား ယိမ့်''

''ဟုတ်ကဲ့ပါ ကိုကို''

အမှောင်ထုထဲမှာ ယိမ့်လက်ကလေးကို ဒေါက်တာမင်းထင်ကိုယ်တိုင် ဆွဲယူမထူလိုက်၏။

''ကြည့်စမ်း …ယိမ့်လက်ကလေးတွေ အေးစက်နေတာပဲ''

''ရပါတယ်ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



တိုးတိတ်ညင်သာစွာ ဆိုရင်း မသည်းကွဲသော အလင်းမှိန်မှိန်ကြားမှာ ချစ်သူကို မော့ကြည့်လိုက်စဉ်မှာပင် မျက်ရည်တစ်ပွင့် ပါးပြင်နုပေါ် ကြွေဆင်း၏။

"ယိမ့်"

"ကိုကို"

"ယိမ့် ...ကိုကို့ရဲ့ယိမ့်လေးရယ်"

ထိန်းချုပ်နိုင်စွမ်းတို့ ပေါက်ကွဲခဲ့ရပါပြီ။

ယိမ့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဟင်းကျပ်စွာ ဆွဲယူပွေ့ဖက် ရင်ချင်းအပ်လိုက်မိသည်။ ထို့နောက် မျက်ရည်ဥတို့ စေသီနေသော ပါးပြင်နုထက်သို့ အနမ်းပွင့်တွေ ဟိုတစ်ပွင့် ဒီတစ်ပွင့် အဆင့်ဆင့်လွင့်ကြွေလို့။

"မငိုပါနဲ့တော့လား အချစ်ရယ်၊ ငိုရတာ မောလှရောပေါ့ကွယ်"

နားနားသို့ကပ်၍ ညင်သာတိုးတိတ်လွန်းသော လေသံဖြင့် ပြောကြားသည်။

"ယိမ့်ကို ကိုယ်ချစ်တယ်"

စကားသံနှင့်အတူ လေငွေ့နွေးက ယိမ့်၏ပါးပြင်နှင့် လည်တိုင်ကျော့ကျော့လေးများကို နုညက်သိပ်သည်းစွာ တိုးဝှေ့သွားသည်။

"ကိုကိုရယ် ...ယိမ့်လေ"





"ရှူး"

"ယိမ့် ...ကိုယ့်အသက်ရယ်၊ ကိုကို ဘယ်လိုမှဟန့်မဆောင်နိုင်တော့ဘူးကွယ်"

"ယိမ့်ကိုချစ်တယ်"

"သိပ်ချစ်တယ်ကလေးရယ်"

"အို"

"ကိုကို ...ကိုကိုရယ်"

နှစ်လရှည်ကြာစွာ ကွဲကွာနေရသော ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့ရသော အချစ်ညများနှယ် ချွတ်ပျံ့မိန်းမောခြင်းများစွာဖြင့် ရှင်ချုန်ရလွန်းပါဘိ။

အသည်းနှလုံးများ လွင့်စင်ကြွေကျမတတ် ချိုမြိန်ယစ်မူးဖွယ်ရာ လှိုက်လှိုက်ခုန်နေသောရင်၊ တုန်ရီလှုပ်ရှားသော အထိအတွေ့များဖြင့် တဆတ်ဆတ်ခုန်နေသော နှလုံးသားဖြင့် အတင်းကျပ်ဆုံးနှောင်ဖွဲ့မှုအောက်မှာ အရာရာကို မေ့လျော့သွားကြရပါပြီ။

ဆင့်ကဲစွာ ကျရောက်လာသည့် အချစ်ပင်လယ်တောမှာ မမောတမ်းကူးခတ်ရင်း မြတ်နိုးအပ်သည့်ရတနာတစ်ပါးကို စွန့်လွှတ်ဆုံးရှုံးခံရမှာ ကြောက်လန့်နေကြသည့်နှယ် တစ်ယောက်ကို တစ်ယောက် လွင့်ပျောက်သွားမှာစိုးသည့်အလား တင်းကျပ်စွာ ဖက်တွယ်မိကြသည်။

တိတ်ဆိတ်ငြိမ်သက်သော ညအမှောင်ထုက ချစ်သူနှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ညှို့ငင်ဖမ်းစားသွားခဲ့လေပြီ။

"ယိမ့်"

"ကိုကို"

"ကိုကို့ကို ခွင့်လွှတ်ပါကလေးရယ်"

"ဟင့်အင်း ...ယိမ့် ကိုကို့ကိုချစ်တယ်"

"ယိမ့်လေးရယ်"

"အိုကွယ်"

ချစ်သူနှစ်ယောက်တို့သည် တစ်ဦးမျက်နှာကို တစ်ဦး ပေါက်ထွက်သွားမတတ် စူးစိုက်ကြည့်မိကြသည်။ တင်းကျပ်လှုန်း သော ပိုက်ထွေးမှုအောက်မှာ စာစာကကဲ့သို့ပင် ပြင်းပြင်းထန် ထန် ရင်ခုန်လှုပ်ရှားလာကြရပြန်သည်။

တိတ်ဆိတ်ခြင်းသည် ချစ်သူနှစ်ဦး၏ ရင်ခုန်သံကို ပိုမို ပြင်းထန်ကျယ်လောင်စေသည်လား မပြောတတ်ပါ။

မိုးကောင်းကင်ကြီးသည် ယိမ့်ကိုယ်လေးပေါ်သို့ အညှိုး တကြီး ပြင်းထန်စွာ ပြိုကျလာ၏။ ယိမ့်သည် သဲ့သဲ့မျှသာ ညည်းနိုင်လေသည်။

ဖယောင်းနှင့်မီး တွေ့သလို ယိမ့်အသည်းနှလုံးမှာ နူးညံ့ ပျော့ပျောင်းစွာ အရည်ပျော်စီးဆင်းသွားဘိသကဲ့သို့ ဒေါက်တာ မင်းထင်၏ နှလုံးသားဖြင့် တစ်သွေးတစ်သားထဲ ပေါင်းစပ်ဆုံစည်း သွား၏။





သာယာသော ကျေးငှက်တို့ အော်မြည်သံနှင့်အတူ ကမ္ဘာ မြေပေါ်ရှိ လူသားတို့ သက်ဝင်လှုပ်ရှားနိုးထလာ၏။

နောက်ဆုံးတော့ ဒေါက်တာမင်းထင်သည်လည်းကောင်း၊ ယိမ့်သည်လည်းကောင်း၊ ဒေါက်တာခင်ထားနွယ်သည်လည်း ကောင်း တစ်နေ့ရာထဲမှာ တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း စုစည်း မိကြပြီဖြစ်သည်။

ချစ်သူနှစ်ဦးအတွက် ယနေ့သည် နောက်ဆုံးဖြစ်ကြောင်း ကိုမူကား ပြောစရာပင်မလိုချေ။ သုံးယောက်စလုံးမှာ ကိုယ့်အတွေး နှင့်ကိုယ် ငြိမ်သက်နေ၏။

ဒီနေ့ ဒေါက်တာမင်းထင်နှင့် ဒေါက်တာခင်ထားနွယ်တို့ လက်မှတ်ရေးထိုး လက်ထပ်ကြမည်ဖြစ်သည်။ ထိုသူနှစ်ယောက်မှာ ဘယ်လိုကာတိစကားတွေ ရှိသည်ကိုဖြင့် ယိမ့် မသိချေ။

ယိမ့်သိသည်က ချစ်သူနှစ်ယောက်၏ လက်ထပ်မင်္ဂလာပွဲ မှာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးရန်မျှသာ။

ပထမအစီအစဉ်တွင် ယိမ့် မပါဝင်ခဲ့ချေ။ ဒေါက်တာ ခင်ထားနွယ်ကိုယ်တိုင် ယိမ့်ကို သူမဘက်က အသိသက်သေအဖြစ် လက်မှတ်ထိုးပေးပါရန် နူးညံ့ယဉ်ကျေးစွာ အကူအညီတောင်းခံခဲ့ သည့်နေ့က ဒေါက်တာမင်းထင်၏ မျက်နှာမှာ တစ်စုံတစ်ခုကို အခုပင် ထပေါက်ကွဲတော့မည်ကဲ့သို့ ရှိသော်လည်း ဒေါက်တာ ခင်ထားနွယ်၏ စကားအောက်မှာ ငြိမ်သက်တိတ်ဆိတ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို ယိမ့် မမေ့။

သူတို့နှစ်ယောက်ကြားမှာ ရှိနေသော အပေးအယူမှာ မည်သို့ရှိသည်မသိရသော်လည်း ယိမ့်စိတ်ထဲမှာ နှစ်ယောက်စလုံး တစ်စုံတစ်ရာကို ဟန်ဆောင်အပြုံးတုတွေနှင့် ဖုံးကွယ်နေသည်ဟု သူ့အလိုလို ခံစားနေမိသည့်အဖြစ်ကို သူမကိုယ်တိုင်လည်း နားမလည်ချေ။

"ဘယ်လိုလဲ ကိုမင်းရဲ့၊ အတော်လေးမှ စိတ်ဆင်းရဲရဲ့ လား"

မထိတရီ အကြည့်အပြုံးဖြင့် ဒေါက်တာခင်းထင်ကို ကလိ လိုက်သော ခင်ထားနွယ်စကားကို မည်သို့မျှ မတုံ့ပြန်ဘဲ ငြိမ်သက် နေသော သူ့ကို ကြည့်ပြီး မခံမရပ်နိုင်စွာ ရယ်မောလိုက်မိသူမှာ ခင်ထားနွယ်ကိုယ်တိုင် ဖြစ်နေ၏။

ပါးစပ်က ဘာတစ်ခုမှ မပြောသော်လည်း သူမကိုကြည့် သော အကြည့်မှာ အမှန်းကမ္ဘာမကြေနိုင်ပါဟု ဆိုနေမည်လား မပြောတတ်ချေ။

တည်ငြိမ်ခန့်ညားသော ဒေါက်တာခင်းထင်၏ မျက်နှာကို တစ်သက်စာ ဘယ်လိုမှ မေ့လို့မရအောင် အလွတ်ကျက်မှတ်နေ သည့်နှယ် လှုပ်ရှားမှုမှန်သမျှတို့ကို မျက်တောင်မခတ် လိုက်ကြည့် နေမိသည်။

"နွယ်နဲ့ အပေးအယူလုပ်ထားတာကို မမေ့နိုင်ဘူးဆိုရင်





အခုချက်ချင်း ကိုမင်းဘက်က ပြန်ရုပ်သိမ်းနိုင်ပါတယ်နော်၊ နွယ့် ဘက်က ခွတ်အတင်းအကျပ် မတိုက်တွန်းပါဘူးလေ၊ စဉ်းစားချင် စဉ်းစားနိုင်ပါသေးတယ်"

"အပိုတွေ ဘာလို့ပြောနေတာလဲနွယ်၊ မင်းကို ကျုပ် အဲဒီလိုများ ပြောမိလို့လား"

"အဟင်း ...ဟင်း ..ဟင်း"

"ဒီလောက်လည်း ဒေါသမကြီးပါနဲ့ ကိုမင်းရယ်၊ နွယ်က စေတနာနဲ့ ပြောတာပါရှင်"

ခင်းစေတနာကို ကြောက်လွန်းလို့ပါဆိုသည့် စကားကို ဒေါက်တာခင်းထင် စိတ်ထဲကပဲ ဘယ်သူမှမကြားအောင် ပြောလိုက် သည်။

နွယ် စိတ်ဓါတ်ကို သူသိသည်။ လိုချင်တာကိုရမှ။ ဖြစ်ချင်တာကို မရရအောင် လုပ်ယူတတ်သော မိန်းကလေး။

တရားသူကြီးလည်း မလာသေး။

ခင်ထားနွယ်နှင့် သူ့ကို တစ်ချိန်လုံးလိုလို အကဲခတ်နေ သည့် မျက်ဝန်းလေးများဖြင့် မကြာခဏ လှမ်းကြည့်နေသော ယိမ့် မျက်လုံးလေးများအောက်မှာ ဒေါက်တာမင်းထင် အနေခက်နေမိ သည်။

သူနှလုံးသားတွေ ကွဲကြေနာကျင်သွားပါစေ။ ယိမ့်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်အပျက်များကို မသိစေချင်။ အထူးသဖြင့် ယိမ်နှင့် ပတ်သက်ပြီး သူနဲ့ ခင်ထားနွယ် အပေးအသူကိစ္စကို ယိမ်မသိစေချင်။

အခုပြောနေသည့် စကားတွေက ခင်ထားနွယ်ထံမှ နှစ်ယောက်ချင်း သိနိုင်ရုံ တိုးတိုးတိတ်တိတ် ပြောနေ၍သာ ယိမ် မကြားခြင်းဖြစ်သည်။

"တရားသူကြီးလည်း မရောက်သေးဘူးနွယ်၊ မင်းမှာ ပြောစရာရှိရင် ကိုယ်တို့ အပြင်မှာပြောကြရအောင်လား"

"ကောင်းပါပြီရှင် ...နွယ်တို့ပြောနေတဲ့စကားတွေကို ယိမ် မသိစေချင်ဘူးမဟုတ်လား"

သရော်တော်တော်အပြုံးဖြင့် ခင်ထားနွယ် မေးလိုက်သည့် စကားကို သူ မနာကျင်နိုင်ဘဲ အနိုင်လိုသူကို အရှုံးပေးထားပါလျက်နှင့် ထပ်ဆင့်အနိုင်ယူချင်နေသော သူမကိုသာ စိတ်ပျက်သလို တစ်ချက်လှမ်းကြည့်လိုက်မိသည်။

"ကိုယ် မငြင်းပါဘူး နွယ်၊ မင်းပြောတဲ့အတိုင်းပါပဲ၊ ကိုယ့်အတွက် ယိမ် အသည်းနှလုံးတွေကို နောက်ထပ် ဘာတစ်ခုမှ မထိခိုက်စေချင်တာ ကိုယ့်ရင်ထဲက ယိမ်အပေါ်ထားတဲ့ စေတနာ မေတ္တာတွေပါ"

"သြော် ...သြော်"

ခင်ထားနွယ်၏ သြော်က နာကျင်ခြင်း၊ ကြေကွဲရုက်၍





ခြင်းတွေ ပြည့်နေသည်ဆိုတာ မည်သူသိနိုင်ပါမည်လည်းလေ။

"ယိမ့်ရေ ...နွယ်တို့ ခဏအပြင်သွားမယ်၊ ဒီမှာ ခဏ နေခဲ့လို့ဖြစ်မလား"

"ရပါတယ် မမနွယ်"

"လာလေ ...ကိုမင်း"

ယိမ့်ရှေ့မှာ နွယ်က ခေါင်းမလေးသဖွယ် တမင်မြူးကြွပြလိုက်သည်။ ဒေါက်တာမင်းထင်က ယိမ့်ကို တစ်ချက်လှမ်းအကြည့်မှာ မျက်လွှာချအကြည့်လွှဲသွားတာကို အခံရခက်ပေမယ့် မသိဟန်ဆောင်လိုက်သည်။

ဒါတွေအားလုံးကို သိမြင်နေပါလျက်နှင့် တမင်မသိဟန်ဆောင်နေသူက ခင်ထားနွယ်။

ချစ်သူနှစ်ဦးရဲ့ အမြင်မှာတော့ ခင်ထားနွယ်ဆိုတာ သူတို့ချစ်ခြင်းကို ရက်စက်စွာ ခွဲရက်တဲ့ အသည်းစားဘီလူးမလို့ မြင်နေကြမည်ထင်သည်။

အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ ရှိမှမရှိပဲကွယ်။

ခင်ထားနွယ်လည်း အချစ်စစ်ပွဲကို အနိုင်တိုက်စမ်းပါရစေ၊ အဲဒီအတွက် သူကို ရက်စက်လွန်းသူရယ်လို့ မဆိုလိုက်ကြစမ်းပါနဲ့လားရှင်ရယ် ...။

"နွယ်က ကိုမင်းကို တကယ်ရင်ထဲအသည်းထဲက စစ်မှန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချစ်မေတ္တာနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်ဆိုတာ ကိုမင်း ယုံရဲ့လားဟင်''

''ကိုယ့်ကို ဒါတွေပြောနေဖို့မလိုပါဘူး နွယ်၊ နွယ် ဖြစ်ချင်တာကို ဖြစ်ခွင့်ရနေပြီပဲ၊ ကျေနပ်သင့်ပါပြီ''

''နွယ်ဖြစ်ချင်တာကို ဖြစ်ခွင့်ရနေပြီဟုတ်လား''

''အဟင်း ...ဟင်း ...ဟင်း၊ ကိုမင်းပုံစံကြည့်ရတာ နွယ့်ကို သိပ်မုန်းနေသလိုပဲ''

ခင်ထားနွယ်ကို ဒေါက်တာမင်းထင် မည်သို့မျှ မတုံ့ပြန်ပါ။

''အင်းလေ ...အစထဲကလည်း နွယ်ကို ချစ်ခဲ့တာမှ မဟုတ်ဘဲ ခင်ထားနွယ်ဆိုတဲ့ နွယ်ကသာ ကိုယ့်အချစ်ကို အယုံအကြည်ကင်းမဲ့ပြီး လုံးဝအရေးမစိုက် မချစ်ခဲ့တဲ့လူကိုမှ စွဲစွဲလန်းလန်း မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတာကိုး''

''နွယ့်ကို ခွင့်ပြုပါ၊ နွယ်ပြန်တော့မယ်''

''ဘယ်ကိုပြန်မှာလဲ နွယ်''

နှလုံးသားတွေ နာကျင်လွန်းလှပြီမို့ အသင့်ရပ်ထားသော ကားပေါ်ကို ခင်ထားနွယ် တက်လိုက်သည်။

''နွယ် အိမ်ကိုပြန်မှာပါ၊ ဒီနေ့အတွက် နွယ့်ကို ခွင့်လွှတ်ပါ''

''နွယ်''





ခင်ထားနွယ် ကားလေး နေရာက ထွက်သွားပေပြီ။ ဒေါက်တာမင်းထင် ခေါ်သော်လည်း လှည့်မကြည့်။ မြင်ကွင်းမှ ပျောက်ကွယ်သွားသော ကားလေးကိုကြည့်ပြီး လေးလံစွာ သက်ပြင်းရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ယိမ့်"

"ကိုကို"

"ချစ်လိုက်ရတာ ယိမ့်လေးရယ်"

"ယိမ့်လည်း ကိုကိုနဲ့ ထပ်တူပါပဲရှင်ရယ်"

"ယိမ့်ရယ်"

"ပျော်လွန်းလို့ ကိုကို့ရင်တွေ ဘယ်လောက်ခုန်နေသလဲ ဆိုတာ ယိမ့်လေး နားထောင်ကြည့်စမ်း"

"အင်း ...ကြားနေရတယ်"

ကိုကို့ရင်ဘတ်ကြီးနားကပ်ပြီး နားထောင်ကာ ပြုံးလျက် သူဆိုလိုက်တော့ ကိုကိုက ယိမ့်မျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ ငုံ့ကြည့်ပါသည်။





"ဘာတွေကြားရတာလဲ"

"ကိုကို ယိမ့်ကို ချစ်တယ်တဲ့"

"အဟွန်း ...ဟွန်း ...ဟွန်း"

"သိပ်စကားတတ်တဲ့ကောင်မလေး ...လာခဲ့"

"ကိုကိုရယ်"

နွေးထွေးသော ကိုကို့ရင်ခွင်မှာ ယိမ့် ထာဝရနွေးထွေး လုံခြုံစွာ ခိုလှုံခွင့်ရခဲ့ရပါပြီကောလေ။ ဒါတွေအားလုံးဟာ ဒေါက်တာခင်ထားနွယ်ဆိုတဲ့ မမနွယ်ရဲ့ ကျေးဇူးကြောင့်ဆိုရင်လည်း မမှားပါ။

ယိမ့်နှင့် ဒေါက်တာမင်းထင်တို့ လက်ထပ်ပြီးနောက် မြန်မာပြည်အနှံ့ ဟန်းနီးမွန်းခရီး ထွက်ခဲ့ကြခြင်းဖြစ်သည်။ ချစ်သူနှစ်ဦးအတွက် ပျော်ရွှင်ကြည်နူးမိကြသည်မှာ နှိုင်းယှဉ်ပြစရာပင်မရှိ။ စိတ်ထဲက မမနွယ်ကို အကြိမ်ကြိမ် ကျေးဇူးတင်နေမိသူက ကာယကံရှင်နှစ်ယောက်စလုံး ဖြစ်ပါသည်။

သို့သော် ကျေးဇူးတင်ပုံချင်းကတော့ဖြင့် မတူညီပါချေ။

အထူးသဖြင့် ဒေါက်တာမင်းထင်၏ အတွေးအာရုံထဲမှာ သူ့အထင်မြင်သေး မုန်းတီးစက်ဆုပ်ခဲ့သော ခင်ထားနွယ်၏ ချစ်ခြင်းမေတ္တာထုထည်အပေါ်မှာ သူ့အထင်မြင်လွဲမှားခဲ့ရသမျှ တိတ်တခိုးလေး တောင်းပန်နေမိသည်။

သူတို့နှစ်ယောက်ကို ကိုယ်တိုင်လက်ထပ်ပေးခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တခြားသူမဟုတ်။ ခင်ထားနွယ်ဆိုသည့် နွယ်ကိုယ်တိုင် ဖြစ်နေခြင်းက ဒေါက်တာမင်းထင် နှလုံးသားကို သေစ္ဆာပါ ဒဏ်ရာနက်နက် တစ်ခု ထည့်ပေးလိုက်ခြင်းတည်း။

"နွယ်"

"ဒီနေရာမှာ လက်မှတ်ထိုးလိုက်ပါ ယိမ့်"

"မမနွယ်"

"မမကို ခင်တယ်ဆိုရင် မမစကားကို နားထောင်ပါလား ကွယ်၊ မမက ကိုမင်း ယိမ့်ကို သိပ်ချစ်မှန်းသိလို့ တမင်ကျီစားလိုက်တာပါ၊ ကိုမင်းက ညီမကိုသိပ်ချစ်တာ နွယ်ကိုယ်တွေ့ပဲလေ၊ ဟုတ်တယ်မဟုတ်လား ကိုမင်း"

"နွယ်ရယ်"

လုံးဝထင်မှတ်မထားသည့် အပြောင်းအလဲတစ်ခုဖြစ်ရုံမက ပြုံးရွှင်ရယ်မောနေတဲ့ ခင်ထားနွယ်ရဲ့ မျက်နှာလေးမှာ ကြည်နူးဝမ်းသာမှုတွေ အပြည့်ရှိနေတာကို သူ မယုံကြည်နိုင်ပေမယ့် ယုံခဲ့ရပါသည်။

အိပ်မက်မှ မဟုတ်ပဲကွယ်။

နွယ် ဟန်ဆောင်နေတာလို့ သူမယုံပါရစေနဲ့။

"နွယ်အပေါ်မှာ ကိုယ်အထင်မှားခဲ့တာတွေကို ခွင့်လွှတ်ပါနွယ်၊ နွယ်ကို ကိုယ်တောင်းပန်ပါတယ်"

"သူငယ်ချင်းတွေပဲ ကိုမင်းရယ်၊ နွယ် စိတ်ထဲမှာ ဘယ်လို





မှ သဘောမထားပါဘူး၊ ကိုမင်းပျော်ရင် နွယ်လည်း ပျော်တာပဲပေါ့"

ဟန်းနီးမွန်းခရီးမှာ အပြုံးမျက်နှာလှလှလေးနဲ့ လက်ပြကျန်ရစ်ခဲ့သည့် နွယ်ဆိုတဲ့ သူငယ်ချင်းမလေးအတွက် သူ စိတ်မကောင်းနိုင်ခဲ့ပါ။

"ကိုကို"

"ဗျာ"

"ယိမ့်ကို သိပ်ချစ်တာပဲလားဟင်"

"ဟောဗျာ ...ဒါက ဘာဖြစ်ရပြန်တာလဲ၊ ကိုကို့အချစ်ကို ယိမ့်လေးက မယုံလို့လား"

ရင်ခွင်ထဲက ဇနီးသည်လှလှလေး၏ ပါးပြင်ကို ဖွဖွငုံ့နမ်းရင်း သူဆိုလိုက်တော့ လှပသော ယိမ့်က အပြုံးနုနုဖြင့် တုံ့ပြန်ပါသည်။

"ကိုကို့အချစ်ကို မယုံလို့မေးတာ မဟုတ်ပါဘူးရှင်၊ ယိမ့်ကိုယ်ယိမ့် အခုအဖြစ်တွေဟာ အမှန်တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များ မက်နေတာလားလို့ပါ"

"အဟွန်း ...ဟွန်း ...ဟွန်း"

"ယိမ့်လေးကတော့ဗျာ ကြံကြံဖန်ဖန်အတွေးနဲ့ ကိုယ့်ကိုယ်ကို နှိပ်စက်နေပြန်ပြီ၊ အိပ်မက်လား၊ တကယ်လား လက်တွေ့လား ဆိုတာ အခုပဲ သက်သေပြမှုဖြစ်မယ်၊ လာခဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ..ကိုကို"

အနမ်းပွင့်တွေဆင့်ကာ ဆင့်ကာ ကြွေကျလာတဲ့ ကိုကို့ ရင်ခွင်ထဲမှာ ယိမ့်တစ်ကိုယ်လုံး အသက်ရှူမှားသွားရပါပြီ။

တစ်ပွင့်၊ နှစ်ပွင့် ...နောက်တော့ အချစ်ပန်းတောကြီးထဲမှာ မမောတန်း လျှောက်လှမ်းမိကြသည်။ လိပ်ပြာကိုလူဆိုးက အချစ်ပန်းကလေးကို ဆိုးချင်တိုင်းဆိုးပစ်လိုက်ရာ လိပ်ပြာကိုကို၏ ရင်ဘတ်ကြီးကို လက်သီးဆုပ်ကလေးများဖြင့် မနာကျင်အောင် ထုရိုက်အပြစ်ပေးပစ်လိုက်သည်။

"သွား ...ကိုကို သိပ်ဆိုးတယ်သိလား"

"ချစ်တာကိုးဗျာ ...ပြောပါဦး၊ ယိမ့်ကရော ကိုကို့ကို မချစ်ဘူးလား"

"ချစ်ပါဘူး"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

ကိုကိုက ယိမ့်မျက်နှာလေးကို မရယ်မပြုံး ခပ်တည်တည် တစ်ချက်စူးစိုက်ကြည့်ပြီး ယိမ့်ကိုယ်လေးကို ဖြေလွှတ်လိုက်သည်။

"ကောင်းပြီလေ ...ကိုယ့်ကိုမချစ်တဲ့သူကို ကိုကိုက လည်း မနှောင့်ယှက်ချင်ပါဘူး၊ ယိမ့်ဘာသာ စိတ်ချမ်းသာအောင် နေပါ"

ယိမ့်ကို တစ်ချက်မှကြည့်ဘဲ **မျက်စိစုံမှိတ်ပြီး ပက်လက်**





ဆန့်ဆန့်ကြီး အိပ်နေတာကို ကြည့်ပြီး ယိမ့် ပြုံးလိုက်သည်။

ချစ်သူချင်းပဲ ဒီလောက်လေး ပြောတာ စိတ်ဆိုးစရာလား။ ယိမ့်က ကိုကို့ကို ဘယ်လောက်ချစ်သလဲဆိုတာ သိရက်နဲ့ ယိမ့် အပေါ်မှာ ကလေးဆိုးကြီးတစ်ယောက်လို စိတ်ကောက်နေပုံက ချစ်စရာ။

ယိမ့်ကသာ ကိုကို့ကို စိတ်ကောက်ဖူးပါသည်။ အခုလို ကိုကိုက တစ်ပြန်တစ်လှည့် စိတ်ကောက်တာ ဒါ ပထမဆုံးမို့ ယိမ့်မှာ ကိုကိုကျေနပ်စိတ်ပြေလာအောင် ရုတ်တရက် ဘာလုပ်ရ မှန်းမသိ။

"ကိုကို"

"ကိုကို"

ချစ်ရသူကို ယိမ့် ခေါ်လိုက်ပေမယ့် ကိုကိုကဖြင့် ယိမ့် အသံကို မကြားသလို တုတ်တုတ်မလှုပ်ဘဲ ငြိမ်နေသလို မျက်လုံး အစုံကိုလည်း မဖွင့်။

အခုမှခက်ပြီ။

ယိမ့်ကလည်း ချစ်သူကိုကို့ကို ချစ်ပဲချစ်တတ်သည်။ မချော့တတ်။

မချော့တတ်လို့ ဒီအတိုင်း ပစ်ထားပြန်ရင်လည်း ကိုကိုက ယိမ့်ကို ထပ်ဆင့်ပြီး စိတ်ဆိုးပေဦးတော့မည်။

ယိမ့် ဘာလုပ်ရမည်နည်း ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း တကယ်သမျှ မှတ်သမျှလေးနှင့် ချစ်ရသူအမှုတုံးကို ချော့ရသည်ပေါ့။

"ကိုကိုကလည်းနော် ...ယိမ့် ဒီလောက်လေးပြောတာ စိတ်ဆိုးစရာလားလို့၊ ယိမ့် ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခုချိန်ထိ ကိုကိုမသိဘူးလားလို့"

"ကိုကို့ကို ယိမ့် ချစ်တယ်၊ သိပ်ချစ်တယ်၊ ကျေနပ်ပါတော့ စိတ်ဆိုးပြေပါတော့သို့၊ နော် ကိုကိုနော်"

ကိုကို့လက်မောင်းကြီးကို ကိုင်လှုပ်ရင်း ချစ်ရသူကို ချော့ပေမယ့် ကိုကိုက ယိမ့်ထင်သလို စိတ်ကောက်နေတာလည်း မပြုံးပါလား။

ယိမ့် ဘာဆက်လုပ်ရမှန်းမသိဘဲ ကိုကို့မျက်နှာချောချောကို ကြည့်နေမိသည်။

ချစ်သောကိုကို သို့မဟုတ် ယိမ့်ဘဝရဲ့ ပိုင်သူအရှင်၊ ယိမ့်ဘဝရဲ့ ပိုင်သူသခင်။ ယိမ့်ချစ်သော ကိုကိုတစ်ယောက် ယိမ့်အပေါ်မှာ စိတ်ဆိုးစိတ်ကောက် အမြန်ဆုံးပြေအောင် ယိမ့် ချော့ရမည်ပေါ့။

ခေါက်တာခင်းထင်မှာ ယိမ့်ထံမှ ဘာသံမှမကြားရဘဲ ငြိမ်သက်တိတ်ဆိတ်သွားသဖြင့် မျက်လုံးတစ်ဖက်ကို အသာဖွင့်ချောင်းကြည့်လိုက်ရာ သူ့မျက်နှာကို ငေးငေးလေး ကြည့်လျက် အကြံအိုက်နေပုံရသော ဇနီးချောလေး၏ ဖြစ်ပုံကို မြတ်နိုးအသည်း





ယားစွာ စိတ်ထဲကကျိတ်ပြုံးရင်း မျက်လုံးအစုံကို ပြန်မှိတ်ထားလိုက်သည်။

ချစ်လိုက်ရတာ ယိမ့်လေးရယ် ...။ ကိုကို့ဘဝရဲ့ အရှင်သခင် အချစ်ဘုရင်မလေးဟာ ယိမ့်ကိုယ်တိုင်ပါပဲကွယ်။

ရုတ်တရက် သူ့ပါးလေးတစ်ဖက် နွေးသွားသည့်အတွက် စိတ်ထဲမှာ ကြည်နူးချမ်းမြေ့သွားသည်။ ယိမ့်လေးတစ်ယောက် မချော့တတ်ချော့တတ်နှင့် သူ့ကို ချော့နေပြီမဟုတ်လား။

အစထဲက စိတ်ဆိုးနေတာမဟုတ်သဖြင့် ပြေပြီးသားစိတ်ထဲမှာ ချစ်ခြင်းမြတ်နိုးခြင်းတွေသာ ထပ်ဆင့်နေတာမို့ ယိမ့်လေးဘာဆက်လုပ်ဦးမှာလိမ့်ဆိုသည့် အတွေးဖြင့် တမင် ငြိမ်နေစဉ်မှာပင် နူးညံ့အိထွေးပျော့ပျောင်းလှသော အထိအတွေ့လေးက သူ့ရင်ခွင်ထဲကို တိုးဝှေ့ရောက်ရှိလာရာ သူဘယ်လိုမှ ငြိမ်နေလို့မရတော့ဘဲ ယိမ့်ကိုယ်လေး ဖြန်းခနဲ ဆွဲပွေ့ပြီး ရင်ချင်းအပ်ပစ်လိုက်မိရပါပြီ။

"အို ...ကိုကို"

"ယိမ့်"

"ကိုကို့အသက်ရယ်"

"သိပ်ချစ်တာပဲကွယ်"

"စောစောတုန်းကတော့ မချစ်ဘူးဆို"

"ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပေါ့ …ယိမ့်ကို စိတ်ဆိုးနေပြီးတော့"

"ဟုတ်လား"

"အဟွန်း …ဟွန်း …ဟွန်း"

"အခုစိတ်မဆိုးတော့ဘူး၊ ချစ်ပဲချစ်တော့တယ်"

"ကိုကိုနော်"

"အို"

နူးညံ့ညင်သာသော အချစ်လေပြည်ညင်းက ချစ်သူနှစ်ဦးကို ကျီစယ်သွားသည်။

"ကိုကို့ကိုချစ်တယ်လို့ပြော"

"ချစ်ပါတယ် ကိုကိုဆိုတဲ့ မေ့ဘာဝပိုင်သူသခင်အရှင်ရှယ်"

"ဘယ်လို"

"ကိုကိုက ယိမ့်ဘာဝပိုင်သူသခင်လို့ ပြောတာလေ"

"အင်း …အဲဒါတော့ ဟုတ်တယ်၊ ယိမ့်ဘာဝကို ပိုင်တဲ့သူက ကိုကိုပဲ၊ ဒါကြောင့် မေ့ဘာဝပိုင်သူသခင်ကို စိတ်ဆိုးအောင် နောက်ဘယ်တော့မှ မလုပ်ရဘူးဗျာသိလား"

"ဟုတ်ကဲ့ပါတဲ့ရှင်၊ ကျေနပ်ပြီလား"

"ဟင့်အင်း …ဒီလိုနဲ့ မကျေနပ်နိုင်ဘူး။ ဒီနေရာကို အနမ်းပေးမှ"

"အာ …သွားပါ"





"မသွားပါရစေနဲ့ …ချစ်ပါရစေဦးဗျာ"

"အိုး"

"အဟောင်း …ဟောင်း …ဟောင်း"

"အဟွန်း …ဟွန်း …ဟွန်း"

ကြည်မွေ့စွာ အတူရယ်မောမိကြသည်။

အချစ်ကြောင့် လှပနေသော ကမ္ဘာမှာ အချစ်တွေသာမရှိခဲ့ရင် ဟောဒီကမ္ဘာမြေကြီးလည်း အခုလောက်လှပနေမည် မထင်။

အချစ်ကြောင့် ပြုံးရသည်။

အချစ်ကြောင့် မုန်းရသည်။

အချစ်ကြောင့်ပင် ငိုရသည်။

အခုတော့ ယိမ့်ဘာဝသည် အချစ်ကြောင့် ပျော်ခဲ့ရပါပြီ။

ထိုကဲ့သို့ ချစ်သူနှစ်ဦး ချစ်ရည်တူစွာ ကြည်ဖြူပြတ်နိုးစွာ လက်တွဲနေခဲ့သူ ဒေါက်တာခင်ထားနွယ်ဆိုသော နွယ်တစ်ယောက်မှာဖြင့် တိတ်ဆိတ်ငြိမ်သက်လွန်းသော အထီးကျန်ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ညကမ္ဘာမှာ ပြုံးပျော်နေကြမည့် ချစ်သူနှစ်ဦးကို စိတ်မှန်းဖြင့် မြင်ယောင်ကြည့်ရင်း တိတ်တဆိတ်ပြုံးရယ်လိုက်သည်။

သို့ပါသော်လည်း ပြုံးသူပါးပြင်ပေါ်မှာ မျက်ရည်စတွေနဲ့။

ကိုမင်းရယ် …။

အချစ်ဆိုတာ ကိုယ်က ရယူရတာမှ အချစ်မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရယ်။

ကိုယ့်ချစ်သူရဲ့ဘဝ၊ ထာဝရပျော်ရွှင်ချမ်းမြေ့နေစေဖို့ ကိုယ့်ရဲ့ အသည်းနှလုံးကို ချစ်သူအတွက် ပေးဆပ်အနစ်နာခံရတာလည်း အချစ်စစ်စစ်တစ်ခုပါပဲဆိုရင် ငြင်းပယ်မှာလား၊ လက်ခံမှာလား ကွယ်။

ကိုမင်းကို နွယ် ချစ်တယ်။

တိုးတိတ်စွာ တိုင်တည်သစ္စာဆိုမိသူရဲ့ ရင်တွင်းဖွဲ့ အချစ်စကားကို နွယ်ကိုယ်တိုင်ကလွဲ၍ တခြားမည်သူမှ မကြားနိုင် သဖြင့် သူမကို တစ်စုံတစ်ရာ ပြစ်တင်ဝေဖန်မည့်သူမရှိပါ။

ခင်ထားနွယ်၏ နုထွေးသောပါးပြင်ပေါ်မှ မျက်ရည်ဥများကို အေးမြသော လေနုအေးက ရှိုက်နမ်းဂုဏ်ပြုလိုက်ခြင်းအတွက် ရှက်ရွံ့ကြေကွဲစွာ ပြုံးမိရုံမှတစ်ပါး နွယ်ဘဝပိုင်သူ့သခင်အတွက် အလွမ်းမျက်ရည်တွေကို အချိန်ယူကာစားမြေ့သိမ်းရဦးတော့မည် ဖြစ်ပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာအားဖြင့်


မြှုလဲ့သွယ်

---

ရိုးပြီး ÷ တစေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com